ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏ ကြွေးကြော်သံ

အတွဲ(၃) အမှတ်(၃)

ဇွန်လ၊ ၂၀၂၀

## မာတိကာ

ကပ်ဆိုးကြီးကို စစ်ခင်းတိုက်ခိုက်ကြ(၂)
...ကွန်မြူနစ်ပါတီနှင့် အလုပ်သမားပါတီများ၏ ပူးတွဲကြေညာချက်(၄)
ဖရက်ဒရစ်-အိန်ဂယ် အနှစ် ၂၀၀ ပြည့်....(၈)
ဘုရားတည်ပြီးရင် မြေတွေတော့ ဖျက်ရတာပဲ(၁၁)
သမိုင်း အချိုးအကွေ့လေများလား(၁၅)
ကိုဗစ် ၁၉ အန္တရာယ်(၁၇)
AA နဲ့ ULA အဖွဲ့ကို.......(၂၀)
ရောဂါ ကာကွယ်ရေးမှာ ..... ....ဘာတွေ စဉ်းစားပြင်ဆင်မလဲ(၂၁)
တော်လှန်သော ပညာတတ်...ရိုးမကို ကျော်လျှင်(၂၃)
ဖေဖေနဲ့ မာရှယ်တီးတိုး(၂၆)
ကုပ်ခွစီးထားတဲ့ စစ်အုပ်စုကို.....(၂၈)
ပေးကားပေး၏ မရ.....(၃၁)
..... ..... ....ဘယ်လမ်းရွေးချယ်မှာလဲ(၃၄)
စစ်အုပ်စုနဲ့ ကိုဗစ် ၁၉ (၃၈)
ကိုရိုနာဗိုင်းရပ်စ်နဲ့ ဈေးကွက်စီးပွားရေး(၄၀)
တပ်မဟာအစား၊ ဆေးရုံများပြင်...... ....(၄၃)
ကပ်ရောဂါနဲ့နောက်ဆက်တွဲ...(၄၆)
သွေးစုပ်မှုနဲ့ သိမ်းပိုက်မှု (၄၉)
ICJ/ICC နှင့် တိုင်းပြည်ကံကြမ္မာ၊...(၅၁)
....လစ်ဘရယ်လက်သစ် မေဒေးသဝဏ်လွှာ(၅၇)
သူခိုးဓားရိုးကမ်းမိလျက်သား ဖြစ်သွားပြီ(၆၀)
ဘ၀တူများရဲ့ ကွင်းဆက်ကြိုးကွန်ရက်(၆၂)
ဖောင်ပိတ်ဆောင်းပါး(၆၆)

# ကပ်ဆိုးကြီးကို စစ်ခင်းတိုက်ခိုက်ကြ

စာတည်းအဖွဲ့

သမိုင်းတလျှောက် အစိုးရများက စီးပွားရေး စစ်ရေး စတဲ့အချက်အလက်များကို မိမိအကျိုးမထိခိုက်ရေး ရှုထောင့်ကပဲ ကြည့်ပြီးလိုသလို လုပ်ကြံထုတ်ပြန်ခဲ့တာတွေ ရှိနေခဲ့တာကြောင့် ဗမာပြည်မှာ ကိုရိုနာပိုးမတွေ့ဆိုတဲ့ အစိုးရရဲ့ကြေညာချက်တွေကို မယုံတဝက်၊ယုံတဝက် နားထောင်နေခဲ့ကြတဲ့ ပြည်သူလူထုကို ၂၄-၃-၂၀၂၀ မနက်မှာတော့ ရောဂါဖြစ်ပွားသူ၂ ဦး တွေ့ရှိပြီဆိုတဲ့သတင်းဆိုးက လှုပ်နှိုးလိုက်ပါတယ်။ ပြည်သူပြည်သားတွေအကြားမှာ ရုတ်ရုတ်ရက်ရက်တွေ ဖြစ်နေကြတယ်လို့ကြားရပါတယ်။ ဒီကနေ့မှာလည်း ရောဂါပိုးရှိသူတဦးကို ထပ်မံတွေ့ရှိရပြန်ပါပြီ။

ရောဂါဘေးရင်ဆိုင်နေရသူတွေ ရောဂါဖြစ်သူတွေ၊ ဖြစ်မဖြစ် မသိသေး မသေချာသေးသူတွေ၊ စောင့်ရှောက်ကုသပေးနေရသူတွေနဲ့ သက်ဆိုင်ရာမိသားစုများရဲ့ ရုပ်ပိုင်းစိတ်ပိုင်း ဖိအားနဲ့ဒုက္ခက ကြီးပါတယ်။ စာနာပါတယ်။ သူတို့ကို အပြစ်ရှိသူအဖြစ် သဘောထားပစ်ပယ်တာ မျိုးမဖြစ်သင့်ပါ။ ဒါပေမဲ့ ဒီရောဂါ ဘာလို့၊ ဘယ်လိုရောက်လာတယ်ဆိုတာကိုတော့ ပြောရပါလိမ့်မယ်။ ကမ္ဘာမှာ ဒီရောဂါ စပြန့်နေပြီဆိုကတည်းက ဗမာပြည်မှာ ဘာတွေ ပြင်ဆင်မှုလုပ်ခဲ့သလဲ။ ပြင်ဆင်မှုအတွက် ငွေဘယ်လောက်သုံးခဲ့သလဲ။ ရခိုင်ပြည်ဘက်မှာ စစ်ကိုတိုးချဲ့တိုက်ပြီး ရောဂါဘေးကိုတော့ ကျောပေးထားတယ်မဟုတ်လား။

အခု ရောဂါဖြစ်သူနှစ်ယောက်အထဲမှာ တယောက်က အမေရိကန်က ပြန်လာတာဖြစ်ပြီး၊ နောက်တယောက်က အင်္ဂလန်ကပြန်လာတာ ဖြစ်ပါသတဲ့။ သူတို့တတွေ နယ်စပ်ဖြတ် ခိုးဝင်လာတာမဟုတ်ပါဘူး။ လေယာဉ်ပျံစီးပြီးဝင်လာတာပါ။ လေဆိပ်တွေမှာ စစ်ဆေးမှုလုံလောက်ထိရောက်မှု ရှိခဲ့ရဲ့လား။ နယ်စပ်တွေမှာ ရေရေရာရာ၊ ထိထိရောက်ရောက် စစ်ဆေးတာ၊ ကန့်သတ်တာတွေမရှိဘဲ ဗမာပြည်ဘက်ကို ဒလဟောဝင်ခွင့်ပြုနေတယ်ဆိုတာ နယ်စပ်နေပြည်သူတွေ အားလုံး သိကြပါတယ်။ သူတို့ဆီကနေ ဒေသ အာဏာပိုင်တွေက ငွေယူစားသောက်နေကြတာလည်း အားလုံး အသိပါ။

ဒါကြောင့် ဗမာပြည်မှာ ရောဂါပိုး တွေ့ရှိသူ ၂ ယောက်သာ ရှိတယ်။ သူတို့လည်း ပြန်သက်သာလာနေတယ်ဆိုတာလောက်နဲ့ စိတ်ချနိုင်တဲ့အနေအထားမဟုတ်ပါဘူး။ နယ်စိတ်ဂိတ်အသီးသီးကနေ နည်းလမ်းပေါင်းစုံနဲ့ ဝင်လာနေသူတွေထဲက ရောဂါပိုးရှိသူတွေ ထပ်မံတွေ့ရှိလာနိုင်ပါသေးတယ်။ အခုရောဂါတွေ့ရှိထားသူ နှစ်ဦးကနေ ကူးစက်ခံရတဲ့ လူနာတွေလည်း ရှိနိုင်ပါသေးတယ်။ ရောဂါကပ်ဟာ ဗမာပြည်ကိုလည်း စတင်တိုက်ခိုက်လာပြီလို့ သဘောထားရမှာပါ။ အနည်းဆုံး နှစ်ပတ်ကြာမှ ရောဂါလက္ခဏာပြတာဖြစ်လို့ကူးစက်မှု ဘယ်လောက်အထိပျံ့နှံ့နေပြီဆိုတာ မသိသေးပါ။ သေချာတာက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး WHO က ကပ်ရောဂါကြီး Pandemic အဖြစ် ကြေညာထားတာဖြစ်လို့ အန္တရာယ်အလွန်ကြီးတယ်ဆိုတာပါပဲ။ ဗမာပြည်လူထုအတွင်း ရုတ်ရုတ်ရက်ရက်ဖြစ်တဲ့အနေအထားတွေ စိတ်ပူပန်မှုတွေ ယခုရှိနေသလို ထပ်မံလည်း ပေါ်ပေါက်လာနိုင်ပါသေးတယ်။ နာဂစ်တုန်းက ပြည်သူတွေ ၁ သိန်း ၄ သောင်းလောက် အကာအကွယ်မဲ့ သေခဲ့ဖူးပြီ။ အုပ်စိုးသူလူတန်းစားက နိုင်ငံရေးအမြတ်ထုတ်ပြီး ၂၀၀၈ နာဂစ်ခြေဥကို အဓမ္မအတည်ပြုခဲ့ဖူးပြီ။ ထိုစဉ်က အဖိနှိပ်ခံ ပြည်သူအချင်းချင်းသာ မရှိ ရှိတာ မျှဝေကူညီ ကယ်ဆယ်ရေးလုပ်ငန်းတွေ တပြည်လုံး အင်တိုက်အားတိုက် လုပ်ခဲ့ကြတာ ဖြစ်ပါတယ်။

စိတ်ပျက်စရာစစ်ပွဲကို ရပ်ပြီးတော့ ကျွန်တော်တို့ကမ္ဘာကို စစ်ပွဲဆင်နွှဲနေတဲ့ ရောဂါဆိုးကို တိုက်ခိုက်ကြပါဆိုတဲ့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ ပန်ကြားချက်ဟာ ဒီအချိန်မှာ လျော်ကန်သင့်မြတ်ပါတယ်။ တကမ္ဘာလုံးသို့ ရည်ရွယ်ပြောတဲ့ ဒီ ပန်ကြား

ချက်မှာ ဗမာပြည်အတွက်လည်း ပါပါတယ်။ ဗမာပြည်က ပြည်တွင်းစစ်ကို နှစ်ပေါင်းများစွာ တိုက်ခိုက်လာ တိုက်ခိုက်နေဆဲ နိုင်ငံဖြစ်တာမို့ ပိုပြီး အကျုံးဝင်ပါတယ်။ ဆူနာမီကပ်ဘေးတုန်းက အင်ဒိုနီးရှား အာချေးပြည်နယ် လက်နက်ကိုင်တိုက်ပွဲ ပြဿနာကို စေ့စပ်ညှိနှိုင်း ပြေလည်အောင်ဖြေရှင်းဖို့ လမ်းစပေါ်ခဲ့ဖူးပါတယ်။ ဗမာပြည်မှာက စစ်အုပ်စု Standard Army ဆိုတာက ရခိုင်မှာ ဖုံးမိုးရှာကောင်းနေဆဲပါ။ အခုလို တိုင်းပြည်အတွက် အရေးကြီးတဲ့အချိန်မှာ သေနတ်သံတွေ ရပ်စဲသင့်ပါပြီ။

WHO ကမ္ဘာ့ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကြီးက ကိုဗစ်၁၉ ရောဂါကပ်ဆိုးနဲ့ပတ်သက်လို့ အခြေအနေတွေကို တင်ပြပေးနေသလို လမ်းညွှန်ချက်တွေ၊ သတိပေးနှိုးဆော်ချက်တွေ အဆက်မပြတ် ဆောင်ရွက်နေပါတယ်။ ဒီအချက်တွေကို တခြားတခြား တိုင်းပြည်များနည်းတူ ဗမာနိုင်ငံကလည်း အလေးထားလိုက်နာဖို့လိုအပ်ပါတယ်။ ကျန်းမာရေးဆိုင်ရာ လိုက်နာသင့်တဲ့ ညွှန်ကြားချက်တွေကို ပြည်သူတွေအနေနဲ့လည်း လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒါတင်မကသေးပါဘူး။ ဒီရောဂါကပ်ကို ကိုယ့်အရင်ခံစားရပြီး တိုက်ပွဲဝင်နေတဲ့နိုင်ငံတွေရဲ့ အတွေ့အကြုံတွေကိုလေ့လာပြီး  သင်ခန်းစာ ယူတန်ယူသလို အတုယူစရာရှိလည်း အတုယူရမှာပါ။အတွေ့အကြုံတွေထဲမှာ ရောဂါ ပိုးရှိမရှိ စစ်တာကို လက်ဦးမှုရှိရှိ ထုလိုက်ထည်လိုက် လုပ်ဖို့လည်း ပါ ပါတယ်။

အတုယူစရာတွေက နိုင်ငံတကာမှာသာ မကပါဘူး။ ပြည်တွင်းမှာလည်း ရှိပါတယ်။ အခု လတ်တလောမှာကိုပဲ ဗိုင်းရပ်စ် တိုက်ဖျက်ရေးမှာ ပါဝင်ဖို့ ကိုယ့်ဆန္ဒအရ တင်ပြတောင်းဆိုလာတဲ့ ဆရာဝန်တွေ၊ နာခေါင်းစည်းတွေ သင်လိုအပ်ရင် ယူပါဆိုပြီး လှူဒါန်းတဲ့ နိုင်ငံသားတွေ နိုင်ငံခြားသားတွေ ပေါ်ပေါက်လာနေပါပြီ။ အသံချဲ့စက်တွေနဲ့ ပြည်သူကို ကျန်းမာရေးအသိ ဖြန့်ဝေပေးသူတွေလည်း ရှိနေပါပြီ။ ရိက္ခာအခက်အခဲမရှိအောင် စီစဉ်ဆောင်ရွက်ပေးဖို့ ကြိုးပမ်းမယ့်သူတွေလည်း စတင်ပေါ်လာနေပါပြီ။

အားကောင်းချက်တွေကို ပိုမိုဖွံ့ဖြိုးစေရပါမယ်။ ပြည်သူကို အားပေးရပါမယ်။ နှိုးဆော်ရပါမယ်။ ပြည်သူလူထုတရပ်လုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲရပါမယ်။

ကပ်ရောဂါ ကာကွယ်ရေးနဲ့ ကုသရေးအတွက် အုပ်စိုးသူများက အစစအရာရာ လက်တွေ့ တာဝန်ယူဖြေရှင်းပေးရမှာပါ။ ကာကွယ်ရေးနဲ့ကုသရေးတွေမှာ စရိတ်စကမတတ်နိုင်သူများအတွက် ဖြည့်ဆည်းပေးတာတွေလည်း လုပ်ပေးရမှာပါ။ ကျန်းမာရေးဆိုင်ရာ အသိပညာရှင်များကို ဖြစ်စဉ်များအတွင်း လွတ်လပ်စွာ တင်ပြခွင့် ထောက်ပြဝေဖန်ခွင့်ပေးကာ တလေးတစား သဘောထားဖို့ လိုပါတယ်။ အုပ်စိုးသူများက ပြည်သူ့အကျိုးအတွက် တကယ်တမ်း တာဝန်ယူဆောင်ရွက်ပေးမယ်ဆိုရင် ပြည်သူများဘက်က ပူးပေါင်းလက်တွဲ ဝန်းရံလာမှာ မုချဖြစ်ပါတယ်။ စက်ရုံတွေမှာ အလုပ်သမားများအတွက် ရောဂါအကာအကွယ် အစီအမံများ စီစဉ်ပေးရမယ်၊ ကူးစက်မှု အန္တရာယ်ကြီးတဲ့ စက်ရုံတွေဆိုရင် အလုပ်သမားများကို လုပ်ခလစာမပျက်ခွင့်ပေးပြီး စက်ရုံ ခေတ္တနားပေးရမယ်။ အလုပ်သမားတွေကို အလုပ်ဖြုတ်တာ လုပ်ခွင့်မပေးပါနဲ့။ လုပ်ငန်းတွေနားထားစဉ် သင့်တော်တဲ့ ကူညီကယ်ဆယ်ရေး အထောက်အပံ့များ ပေးဖို့လိုပါတယ်။ ထုတ်လုပ်ရေးနဲ့ ဝန်ဆောင်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများကို အန္တရာယ်ကင်းစွာ ထိန်းသိမ်းလည်ပတ်ဖို့ ဘယ်လိုစီမံခန့်ခွဲမလဲဆိုတာ အလေးအနက်ထားပြီး စီမံခန့်ခွဲသင့်ပါတယ်။  ပြည်သူအချင်းချင်း ပူးပေါင်းရိုင်းပင်းသလို တတိုင်းပြည်လုံး အဖွဲ့အစည်းအားလုံး ပါတီအားလုံးက တိုင်းပြည်အကျိုး ပြည်သူအကျိုးအတွက် ပူးပေါင်းရိုင်းပင်း လုပ်ဆောင်ဖို့သင့်တဲ့အချိန်ပါ။ မျက်မှောက်အချိန်ဟာ ရောဂါကပ်ဆိုးကြီးကို တကမ္ဘာလုံးက လူသားတွေ ခုခံယှဉ်ပြိုင် တိုက်ခိုက်နေရတဲ့အချိန်ပါ။

ဗမာပြည်စစ်မျက်နှာမှာလည်း ပြည်သူတရပ်လုံး အဖွဲ့အစည်းအားလုံး လူမျိုးဘာသာမရွေး ဒီကပ်ဆိုးကြီးကိုစည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲတိုက်ပွဲဝင်ဖို့ အချိန်ကျရောက်လာပါပြီ။

ကပ်ရောဂါဆိုးကြီးကို တည်တည်ငြိမ်ငြိမ်နဲ့ရင်ဆိုင်ပြီး စွမ်းအားကုန် ယှဉ်ပြိုင်တိုက်ခိုက်သွားကြရမှာပါ။  ကြိုးပမ်းအားထုတ်မှု ထိခိုက်အောင် အလွန်အကျွံစိုးရိမ်တာ မကောင်းပေမယ့် နည်းနည်းလေးမှ သတိပေါ့လျော့လို့ မရပါဘူး။ ဒီအချိန်မှာ တတိုင်းပြည်လုံး ဦးစားပေးလုပ်ငန်းက လူသားတိုင်း အသက်ရှင်သန် ရပ်တည်ရေးအတွက် တိုင်းပြည်ရဲ့ စွမ်းပကားကို အပြည့်အဝ အသုံးချဖို့ပါ။

စာတည်းအဖွဲ့
အရေးတော်ပုံဂျာနယ်
၂၅-၃-၂၀၂၀

# ဂရိကွန်မြူနစ်ပါတီ

# ပြည်သူများ၏ ကျန်းမာရေးနှင့် အခွင့်အရေးတို့ကို ကာကွယ်ရေးအတွက်

# အမြန်အရေးယူလုပ်ဆောင်ရန်

# ကွန်မြူနစ်ပါတီနှင့် အလုပ်သမားပါတီများ၏

# ပူးတွဲကြေညာချက်

# (၂၀၂၀ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့)




ကွန်မြူနစ်ပါတီနှင့်အလုပ်သမားပါတီများအနေဖြင့် ယနေ့အခါ မိမိတို့ပြည်သူများအတွက် တာဝန် တရပ်ကိုလုပ်ဆောင်ရမည့် အနေအထားတခုသို့ ရောက်ရှိနေသည်။ ဤနေရာတွင် ကျွန်ုပ်တို့ ရှိနေပါသည်။ ကျွန်ုပ်တို့သည် တိုက်ပွဲ၏ ရှေ့တန်းစစ်မျက်နှာတွင် လိုအပ်သည့်လုပ်ငန်းအားလုံးကိုဆောင်ရွက်ကာ အလုပ်သမားလူတန်းစားနှင့် လူထုလူ့အလွှာတို့၏ကျန်းမာရေးနှင့်အခွင့်အရေးများကို ကာကွယ်ရန် ရောက်ရှိနေကြပါသည်။

အခက်အခဲပေါင်းမြောက်မြားစွာအကြားတွင် ဤတိုက်ပွဲကို ရင်ဆိုင်တိုက်ပွဲဝင်နေကြသော ဆရာဝန်၊သူနာပြု၊ ဆေးရုံနှင့်ကျန်းမာရေးတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များကို ရင်မှ လှိုက်လှဲစွာ ကျေးဇူးတင် ကြောင်းဖော်ပြအပ်ပါ သည်။

ကျွန်တော်တို့သည် CoVID-19 ဗိုင်းရပ်စ်၏ဒဏ်ကိုခံနေရသော ရောဂါရှင်များနှင့် တထပ်တည်းတသားတည်း သူတို့တတွေ ရောဂါ အလျင်အမြန် ပျောက်ကင်းစေရန် ဆန္ဒပြုအပ်ပါသည်။ ရောဂါ၏ဒဏ်ကို အပြင်းဆုံး ခံကြရသည့်နိုင်ငံများနှင့် သွေးစည်းညီညွတ်ကာ အကာအကွယ်ပစ္စည်းများနှင့် ကျန်းမာရေးကျွမ်းကျင်သူများ ပို့ဆောင်စေလွှတ်ကြသောနိုင်ငံများ- ဥပမာ တရုတ်၊ ကျူးဘား၊ ရုရှား-တို့ကို အလေးပြုအပ်ပါသည်။ သူတို့၏လုပ်ရပ်မျိုးကို ဥရောပဘုံအဖွဲ့နိုင်ငံများထဲတွင် မတွေ့ရဘဲ လုံးဝ ခြားနားနေသည်ကိုသတိပြုမိပါသည်။

ကိုရိုနာဗိုင်းရပ်စ်ဘေး မပေါ်ပေါက်မီက သိရှိထားရသော အရင်းရှင်နိုင်ငံများ၏ကျန်းမာရေးစနစ်တွင် ချွတ်ယွင်းချက်ကြီးများ ဆိုးရွားစွာ ရှိနေခဲ့ကြောင်းကို ဤ CoVID-19 ကပ်ဘေးက ဝမ်းနည်းဖွယ်ရာ ဖော်ထုတ်ပြသလိုက်သည်။ ဤချွတ်ယွင်းချက်များမှာ မတော်တ

ဆ ပေါ်ထွက်လာခြင်းမဟုတ်ပါ။ ယင်းတို့မှာ အစိုးရများက ကိုင်စွဲလုပ်ဆောင်ခဲ့ကြသော ရောမရင်းနီးမြုပ်နှံမှုများကို အလုပ်အကျွေးပြုရေး၊ လက်ဝါးကြီးအုပ် အစုများကို အထောက်အကူပြုရေးအတွက် လူထုကျန်းမာရေးကို စီးပွားရေးဆန်စေခြင်းနှင့် ပုဂ္ဂလိကပိုင်ဖြစ်စေခြင်း ဆိုသည့် လူထုဆန့်ကျင်ရေးပေါ်လစီသဘောထားများကို ကိုင်စွဲလုပ်ဆောင်ခဲ့သောကြောင့် ဖြစ်ပါသည်။ ဤပေါ်လစီမှာ ပြည်သူလူထုများ လိုအပ်နေသော ကာကွယ်ရေးနှင့် ကျန်းမာရေးစောင့် ရှောက်မှုတို့အတွက် ယနေ့တည်ရှိနေသော ထက်မြက်လှသည့်သိပ္ပံနည်းပညာစွမ်းရည်များကို အစွမ်းပြယ်အောင်လုပ်ခြင်းလည်း ဖြစ်ပါသည်။

ယနေ့တွေ့ကြုံနေရသည့်အနေအထားက ကပ်ပါးသွေးစုပ်ကောင်ဆန်သောအရင်းရှင်းစနစ်၏လက္ခဏာကို ဖော်ထုတ်ပြသလိုက်ပြီး ဆိုရှယ်လစ်စနစ်နှင့် အများပြည်သူလိုအပ်ချက်အပေါ်တွင် အခြေပြုသည့် ဗဟိုမှ သိပ္ပံနည်းကျစီမံကိန်း ရေးဆွဲခြင်းစနစ်တို့၏ အားသာမှုနှင့် ယင်းစနစ်များဖော်ဆောင်ရန် အချိန်အခါတိုင်မှုတို့ကို အထင်အရှား ဖော်ပြ နေပါသည်။ ဤသို့သောစီမံကိန်းမှာ အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့် ကာကွယ်ရေးကို ဖြည့်ဆည်းပေးနိုင်ပေသည်။ တနည်းအားဖြင့် ဆေးရုံနှင့် ဆေးဝန်ထမ်းသူနာပြုများ၊ ဆေးဝါး၊ စမ်းသပ်ခန်း၊ ဆေးပညာစစ်ဆေးမှုများနှင့် ပြည်သူလူထု ကျန်းမာရေးအတွက် အစဉ်အမြဲနှင့် အရေးပေါ်လိုအပ်နေသော ကျန်းမာရေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ပေသည်။

ယခုကိုရိုနာဗိုင်းရပ်စ်ပျံ့ပွားမှုသည် နဂိုကတည်းကတည်ရှိနေသော ကမ္ဘာ့စီးပွားရေးကျဆင်းမှုကို ပိုဆိုးလာစေပြီး စီးပွားရေးကပ်ကြီး နောက်တကြိမ်ပေါ်ပေါက်မည့်အန္တရာယ်နှင့်ရင်ဆိုင်ရစေသည်။ ရောမ အရင်းအနီးကြီးများ၏အကျိုးစီးပွားကို အာရုံစိုက်ပြီး ဘဏ္ဍာရေးအစီအစဉ်များကို လက်ဝါးကြီးအုပ်အစုများအတွက် အထောက်အကူပြုရန် လုပ်နေကြသောအစိုးရများသည် "ညီညွတ်ရေး" ကြွေးကြော်နေကြသည့်အကြားမှပင် စီးပွားရေးအကျပ်အတည်း၏ ဝန်ထုပ်ဝန်ပိုးကို အလုပ်သမားများနှင့် အများပြည်သူလူထုပခုံးပေါ်သို့ တင်ပေးရန် နည်းလမ်းရှာနေကြပါသည်။ အလုပ်သမားနှင့်ပြည်သူတို့အနေဖြင့် ထပ်မံပေးဆပ်ခြင်း မပြုသင့်တော့ပါ။

နိုင်ငံတော်နှင့် အစိုးရတို့၏ တာဝန်ရှိမှုကို အကာအကွယ်ပေးရန်အတွက် "တဦးချင်းတာဝန်ရှိမှု" ဆို သည့်ဆင်ခြေကို အသုံးမပြုသင့်ပါ။ ယနေ့ပြုလုပ်ရန်လိုအပ်နေသော ခြေလှမ်းများတွင် လက်ဝါးကြီးအုပ်အစုများကို အထောက်အကူပြုသည့် ပေါ်လစီကို ဆန့်ကျင်တိုက်ပွဲဝင်ရန်လည်း ပါဝင်ပါသည်။ ယင်းပေါ်လစီသည် ပြည်သူလူထု၏လိုအပ်ချက်နှင့်ကျန်းမာရေးတို့ကို အရင်းရှင်အမြတ်အစွန်းအတွက် ယဇ်ပူဇော်သည့်ပေါ်လစီကို ပြည်သူများအနေဖြင့် တိုက်ပွဲဝင်ရန်လည်းပါဝင်ပါသည်။

ကွန်မြူနစ်ပါတီနှင့်အလုပ်သမားပါတီများအနေဖြင့် ယခုကပ်ဘေးကိုဖြေရှင်းရန်အတွက် အောက်ပါအချက်များအပါအဝင် လိုအပ်သောနည်းနာအားလုံးကို အသုံးပြုလုပ်ဆောင်ရန်တောင်းဆိုလိုက်သည်။

◎ ပြည်သူ့ကျန်းမာရေးစနစ်များကို နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ချက်ချင်းအားဖြည့်ရန်။ အလုပ်သမားအခွင့်အရေး အပြည့်အစုံဖြင့် ဆေးအဖွဲ့နှင့်သူနာပြုအဖွဲ့ဝင်များခန့်ထားရန်။ အများပြည်သူကျန်းမာရေးစောင့်ရှောက်မှု၊ အရေးပေါ်စောင့်ရှောက်မှု(ICUs)နှင့် သုတေနပြု အဖွဲ့များ အပြည့်အဝလည်ပတ်လုပ် ကိုင်နိုင်စေရန် အပေါ်ထပ်အဆောက်အအုံလိုအပ်ချက် အားလုံးကို ဖြည့်ဆည်းပေးရန်။

◎ နိုင်ငံတော်က အများပြည်သူလိုအပ်သော ရောဂါအကာအကွယ်ပစ္စည်းများ (နှာခေါင်းစည်း၊ လက်အိတ်၊ ပိုးသတ်ဆေးစသည်)ကို အခမဲ့ အမြန်ထုတ်ပေးရန်နှင့် ဤအပေါ်မှအမြတ်ထုတ်နေခြင်း တို့ကိုတိုက်ဖျက်ရန်။ ဆေးရုံများကို ပေးဆပ်ခြင်းကြီးစွာဖြင့် ကိုယ်ကျိုးစွန့်တိုက်ပွဲဝင်နေကြသည့် ကျန်းမာရေးဝန်ထမ်းအားလုံးအတွက် အကာအကွယ်ပစ္စည်းများပေးရန်။

◎ အများပြည်သူ လုပ်သားလူ့အလွှာ၏ ဝင်ငွေနှင့် အခွင့်အရေးများကို အကာအကွယ် ပေးရန်။ ကိုရိုနာရောဂါ ကပ်ဘေးအတွက် လုပ်ဆောင်လေဟန်ဆောင်ပြီး အမြတ်တွေထုတ်နေသော အရင်း၏ ဖုံးကွယ်ထားခြင်းများနှင့် လစာအခွင့်အရေး၊ အလုပ်ချိန်အခွင့်အရေး၊ ခွင့်ယူမှုအခွင့်အရေး၊ အခြားအလုပ်သမားအခွင့်အရေးများကို နင်းချေနေခြင်းတို့ကို ဖော်ထုတ်ရန်နှင့် အလုပ်သမားတို့၏လုပ်ငန်းခွင်ကို အကာအကွယ်ပေးရန်။

◎ ကိုရိုနာဗိုင်းရပ်စ်ဟူသော ကန့်လန့်ကာနောက်ကွယ်တွင် ပြည်သူများ၏ ဒီမိုကရေစီအခွင့်အရေးများကို ကန့်သတ်ခြင်းများ လုပ်ခွင့် မပြုရန်။

◎ ယနေ့အခြေအနေတွင် သက်ဆိုင်ရာနိုင်ငံများရှိပြည်သူများ၏ဘဝနေထိုင်မှုကို ပိုမိုခက်ခဲစေသော၊ ပိုမိုမတရားသည့်အပြင် ရာဇဝတ်မှုမြောက်သည့် စီးပွားရေးအရ ကန့်သတ်ပိတ်ပင်ခြင်းအားလုံးကို အဆုံးသတ်ရန်။ ပြည်သူအပေါင်း၏ ဘဝနှင့်ကျန်းမာရေးတို့ကို ကာကွယ်ရန် လိုအပ်သည်မှန် သမျှကိုလုပ်ဆောင်ပေးရန်။

◎ နေတိုးအဖွဲ့ကလုပ်နေသကဲ့သို့သော နယ်ချဲ့သမားစွက်ဖက်မှုနှင့်စစ်ရေးလေ့ကျင့်မှုအားလုံးကို မိမိတို့က ဆန့်ကျင်သည်။ ပြည်သူ့ အရင်းအမြစ်များကို ပြည်သူ့ကျန်းမာရေး၊ ပြည်သူ့လူမှု ဖူလုံရေးစသည့် ပြည်သူ့လိုအပ်ချက်များအတွက် အသုံးပြုရမည်။

## ဆောလစ်ဒ်နက်တွင်စာရင်းဝင်သောပါတီများ

၁။ အယ်လ်ဘေးနီးယားကွန်မြူနစ်ပါတီ
၂။ အာဂျင်တီးနားကွန်မြူနစ်ပါတီ
၃။ အာမေးနီးယားကွန်မြူနစ်ပါတီ
၄။ ဩစတြေးလျားကွန်မြူနစ်ပါတီ
၅။ ဩစတြီးယားလေဘာပါတီ
၆။ အဇာဘိုင်ဂျန်ကွန်မြူနစ်ပါတီ
၇။ ဘင်္ဂလားဒက်ရှ်ကွန်မြူနစ်ပါတီ
၈။ ဘယ်လ်ဂျီယမ်ကွန်မြူနစ်ပါတီ
၉။ ဘရာဇီးလ်ကွန်မြူနစ်ပါတီ
၁၀။ ဗြိတိန်ကွန်မြူနစ်ပါတီ
၁၁။ ဗြိတိန်ကွန်မြူနစ်ပါတီသစ်
၁၂။ ဘူလ်ဂေးရီးယားကွန်မြူနစ်ပါတီ
၁၃။ ကနေဒါကွန်မြူနစ်ပါတီ
၁၄။ ချီလီကွန်မြူနစ်ပါတီ
၁၅။ ခရိုအေးရှားဆိုရှယ်လစ်အလုပ်သမားပါတီ
၁၆။ ကျူးဘားကွန်မြူနစ်ပါတီ
၁၇ ဆိုက်ပရပ်စ် AKEL
၁၈။ ဘိုဟီးမီးယားနှင့်မိုရေးဗီးယားကွန်မြူနစ်ပါတီ
၁၉။ ဒိန်းမတ် ကွန်မြူနစ်ပါတီ
၂၀။ အီဂျစ်ကွန်မြူနစ်ပါတီ
၂၁။ ဖင်လန်ကွန်မြူနစ်ပါတီ
၂၂။ ညီညွတ်သောဂျော်ဂျီယာကွန်မြူနစ်ပါတီ
၂၃။ ဂျာမန်ကွန်မြူနစ်ပါတီ
၂၄။ ဂရိကွန်မြူနစ်ပါတီ
၂၅။ ဟန်ဂေရီကွန်မြူနစ်ပါတီ
၂၆။ အိန္ဒိယကွန်မြူနစ်ပါတီ
၂၇။ အိန္ဒိယကွန်မြူနစ်ပါတီ(မာ့က်စ်ဝါဒ)
၂၈။ အီရန်ကျူဒေးပါတီ
၂၉။ အိုင်ယာလန်အလုပ်သမားပါတီ
၃၀။ အိုင်ယာလန်ကွန်မြူနစ်ပါတီ
၃၁။ အစ္စရေးလ်ကွန်မြူနစ်ပါတီ
၃၂။ အီတလီကွန်မြူနစ်ပါတီ
၃၃။ ကွန်မြူနစ်ပါတီ(အီတလီ)
၃၄။ ဂျော်ဒန်ကွန်မြူနစ်ပါတီ
၃၅။ ကာဇက်စတန်ဆိုရှယ်လစ်လှုပ်ရှားမှု
၃၆။ ကိုရီးယားအလုပ်သမားပါတီ
၃၇။ လစ်သူယေးနီးယားဆိုရှယ်လစ်ပါတီ
၃၈။ မော်လ်တာကွန်မြူနစ်ပါတီ
၃၉။ မက္ကဆီကိုကွန်မြူနစ်ပါတီ
၄၀။ မက္ကဆီကိုပေါ်ပြူလာဆိုရှယ်လစ်ပါတီ၊ အမျိုးသားနိုင်ငံရေးအဖွဲ့အစည်း

၄၁။ နီပေါလ်ကွန်မြူနစ်ပါတီ
၄၂။ နော်ဝေးကွန်မြူနစ်ပါတီ
၄၃။ နယ်သာလန်ကွန်မြူနစ်ပါတီ
၄၄။ ပါကစ္စတန်ကွန်မြူနစ်ပါတီ
၄၅။ ပါလက်စတိုင်းပြည်သူ့ပါတီ
၄၆။ ပါလက်စတိုင်းကွန်မြူနစ်ပါတီ
၄၇။ ပါရာဂွေးကွန်မြူနစ်ပါတီ
၄၈။ ပိုလန်ကွန်မြူနစ်ပါတီ
၄၉။ ပေါ်တူဂီကွန်မြူနစ်ပါတီ
၅၀။ ဖိလိပိုင်ကွန်မြူနစ်ပါတီ[PKP 1930]
၅၁။ ရိုမေးနီးယားကွန်မြူနစ်ပါတီ
၅၂။ ရုရှားပြည်ထောင်စုကွန်မြူနစ်ပါတီ
၅၃။ ရုရှားအလုပ်သမားကွန်မြူနစ်ပါတီ
၅၄။ ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီ
၅၅။ ယူဂိုစလားဗီးယားကွန်မြူနစ်ပါတီသစ်
၅၆။ ဆားဘီးယားကွန်မြူနစ်ပါတီ
၅၇။ စလိုဗက်ကီးယားကွန်မြူနစ်ပါတီ
၅၈။ တောင်အာဖရိကကွန်မြူနစ်ပါတီ
၅၉။ စပိန်ကွန်မြူနစ်ပါတီ
၆၀။ စပိန်အလုပ်သမားများကွန်မြူနစ်ပါတီ
၆၁။ ကတာလိုနီးယားကွန်မြူနစ်ပါတီ
၆၂။ ဆွာဇီလန်ကွန်မြူနစ်ပါတီ
၆၃။ ဆွီဒင်ကွန်မြူနစ်ပါတီ
၆၄။ ဆူဒန်ကွန်မြူနစ်ပါတီ
၆၅။ ဆီးရီးယားကွန်မြူနစ်ပါတီ
၆၆။ ဆီးရီးယားကွန်မြူနစ်ပါတီ(ပူးပေါင်း)
၆၇။ တူရကီကွန်မြူနစ်ပါတီ
၆၈။ ယူကရိန်းကွန်မြူနစ်ပါတီ
၆၉။ ယူကရိန်းကွန်မြူနစ်များသမဂ္ဂ
၇၀။ အမေရိကန်ကွန်မြူနစ်ပါတီ
၇၁။ ဗဲနီဇွဲလားကွန်မြူနစ်ပါတီ
အခြားပါတီများ
၁။ ဘူလ်ဂေးရီးယားကွန်မြူနစ်သမဂ္ဂ
၂။ ပြင်သစ်ပြည်ကွန်မြူနစ်ဝါဒပြန်လည်နာလန်ထူရေးဝင်ရိုး
၃။ ပေါ်တိုရီကိုကွန်မြူနစ်ပါတီ
၄။ ဆွစ်ဇာလန်ကွန်မြူနစ်ပါတီ

Solidnet.org ဝက်ဘ်ဆိုက်မှရယူပါသည်။

# ဖရက်ဒရစ် အိန်ဂယ် အနှစ် ၂၀၀ ပြည့်မွေးနေ့ကို အထိမ်းအမှတ်ပြုခြင်း

## ခင်အေးကြည်မြ

ကမ္ဘာ့ပစ္စည်းမဲ့လူတန်းစား ခေါင်းဆောင်ကြီး ဖရက်ဒရစ်အိန်ဂယ်ဟာ ဂျာမနီပြည်၊ ရိုင်းပြည်နယ် ဘာမင်မြို့မှာ ၁၈၂၀ နိုဝင်ဘာ ၂၀ ရက်မှာ မွေးဖွားလာသူဖြစ်လို့ လာမယ့် ၂၀၂၀ နိုဝင်ဘာ ၂၂ ရက်နေ့ဟာ အိန်ဂယ်ရဲ့ အနှစ် ၂၀၀ ပြည့် မွေးနေ့ဖြစ်ပါတယ်။ အိန်ဂယ်ရဲ့အဲဒီ မွေးနေ့ကို အထိမ်းအမှတ်ပြုတဲ့အနေနဲ့ ဒီစာတမ်းကလေးကို ပြုစုလိုက်ပါတယ်။



အိန်ဂယ်ဟာ မာ့က်စ်ဝါဒကို စတင်ထူထောင်ခဲ့သူများအနက် တဦးဖြစ်သလို တကမ္ဘာလုံးရှိ ပစ္စည်းမဲ့လူတန်းစားနဲ့ လုပ်သားပြည်သူများရဲ့ တော်လှန်ရေး ရှေ့ဆောင်ဆရာကြီးလည်းဖြစ်ပြီး၊ မာ့က်စ်ရဲ့ ရင်းနှီးတဲ့ တိုက်ဖော်တိုက်ဖက်လည်း ဖြစ်တယ်။ ဂျာမနီပြည်၊ ရိုင်းပြည်နယ်၊ ဘာမင်မြို့(ယခုအခါ Uda မြို့) စက်ရုံပိုင်ရှင်မိသားစုတခုမှ မွေးဖွားလာသူဖြစ်တယ်။ ၁၈၃၄ ခုနှစ် ဆောင်းရာသီမှာ Aibeite အလယ်တန်းကျောင်းမှာ တက်ရောက်ပညာသင်ယူတယ်။ ၁၈၃၇ အလယ်တန်းကျောင်းမပြီးဆုံးမီမှာ ကူးသန်းရောင်း ဝယ်ရေးကို လက်တွေ့သွားရောက်လေ့လာသင်ယူရပြီး၊ ၁၈၃၈ - ၁၈၄၀ မှာ၊ Bremen လို့ခေါ်တဲ့ ကုန်သွယ်ရေးကုမ္ပဏီတခုမှာ သင်တန်းသားတယောက်အနေနဲ့ လေ့ကျင့်သင်ယူတယ်။ အဲဒီကာလအတွင်း ကြိုးကြိုးစားစား လေ့လာသင်ယူနေစဉ် တိုးတက်တဲ့အတွေးအခေါ်များနဲ့ ထိတွေ့မိကာ အဲဒီခေတ်ရဲ့ ရက်ဒီကယ်လိုင်းတခုဖြစ်တဲ့ "ဂျာမန်လူငယ်များ" ဆိုတဲ့ စာပေအသင်းအဖွဲ့နဲ့ ဆက်သွယ်မှုထူထောင်ပြီး၊ "ဂျာမန်သတင်းစဉ်" မှာ တော်လှန်တဲ့ ဒီမိုကရက်တစ်အတွေးအခေါ်ဘက် တိမ်းညွတ်တဲ့ ကဗျာလင်္ကာများနဲ့ စာတမ်းများရေးသားတယ်။ ၁၈၄၁ ခုနှစ်မှာ ဘာလင်သွားပြီး စစ်မှုထမ်းတယ်။ အဲဒီကာလမှာ ဘာလင်တက္ကသိုလ်အဘိဓမ္မာသင်တန်းကို လိုက်တက်ရင်း လူငယ်ဟီဂယ်ဂိုဏ်းသား ဖြစ်လာပြီး စိတ်ဝါဒအဘိဓမ္မာသမားဖြစ်တဲ့ ဖရက်ဒရစ် ဝီလီဟမ် ဂျိုးဇက် ရှဲလင် (Fredrich Wilhelm Josef Schelling) ကိုဝေဖန်တဲ့ တိုက်ပွဲမှာ ပါဝင်လာပါတယ်။

၁၈၄၂ စက်တင်ဘာမှာ စစ်မှုထမ်းကာလ ပြည့်သွားပြီး ဗြိတိန်မန်ချက်စတာကို ထွက်လာတယ်။ အဲဒီမှာ သူ့အဖေနဲ့တခြားလူများ ပူးပေါင်းထူထောင်ထားတဲ့ အိုမင် - အိန်ဂယ် ချည်ထည်စက်ရုံ(Omen-Engels cotton mill) အရောင်းအဝယ်ဌာနမှာ အလုပ်ဝင် လုပ်တယ်။ အဲဒီကာလမှာ အင်္ဂလိပ်အလုပ်သမားလှုပ်ရှားမှုနဲ့ ထိတွေ့ဆက်ဆံမှုကို ထူထောင်လိုက်ပြီး အလုပ်သမားများရဲ့ နေထိုင်မှုဘဝကို နက်နက်နဲနဲ စူးစမ်းလေ့လာမှုလုပ်နိုင်ခဲ့သလို အရင်းရှင်စနစ်ကိုလည်း နီးနီးကပ်ကပ် ဆန်းစစ်အကဲဖြတ်နိုင်ခဲ့တယ်။ တချိန်တည်းမှာလည်း အင်္ဂလိပ်စံတင်ဘောဂဗေဒကျမ်းများနဲ့ စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒကျမ်းများကို စူးစမ်းလေ့လာ သုတေသနပြုနိုင်လိုက်တယ်။ ၁၈၄၄ မတ်

လ၊ "ဂျာမန်ပြင်သစ် နှစ်ချုပ်မှတ်တမ်း" မှာ "နိုင်ငံရေးဘောဂဗေဒဝေဖန်ချက်" အညွှန်းကို ဖော်ပြလိုက်တယ်။ ၎င်းစာတမ်းမှာ အရင်းရှင်စီးပွားရေးစနစ်ကို နက်နက်ရှိုင်းရှိုင်း ဝေဖန်သုံးသပ်ထားတယ်။ အိန်ဂယ်ဟာလည်း စိတ်ဝါဒသမားမှ ရုပ်ဝါဒသမားအဖြစ်သို့ ပြောင်းလဲသွားပြီး တော်လှန်တဲ့ ဒီမိုကရက်တစ်တယောက်မှ ကွန်မြူနစ်ဝါဒသို့ လုံးဝပြောင်းလဲသွားတော့တယ်။ ၁၈၄၄ ဩဂုတ်လ ဂျာမနီသို့ အပြန် ခရီးအတွင်း ပဲရစ်မှာ မာ့က်စ်နဲ့ တွေ့ဆုံမိပြီး ကြီးမြတ်တဲ့ပူးပေါင်းဆောင်ရွက်မှုများ စတင်ခဲ့ကြတယ်။ အဲဒီနှစ် စက်တင်ဘာနဲ့ နိုဝင်ဘာလအတွင်း "မွန်မြတ်တဲ့ မိသားစု" (The Holy Family) ကျမ်းကို ပြုစုလိုက်တယ်။ ဒီစာအုပ်မှာ လူငယ် ဟီဂယ်ဂိုဏ်းရဲ့ ဆန္ဒစွဲဖြစ်တဲ့ စိတ်ဝါဒကို ဝေဖန်ကာ သမိုင်းရုပ်ဝါဒရဲ့ အခြေခံမူတချို့ကို ရှင်းလင်းဖွင့်ဆိုပြထားတယ်။ ၁၈၄၅ မှာ "အင်္ဂလိပ်အလုပ်သမားလူတန်းစားရဲ့ အခြေအနေ" ဆိုတဲ့ စာအုပ်ကိုပြုစုတယ်။ စာအုပ်ရဲ့အနှစ်သာရတော့ သမိုင်းရုပ်ဝါဒအမြင်အရ အရင်းရှင်စနစ်ကို ဝေဖန်သုံးသပ်ထားပြီး၊ ပစ္စည်းမဲ့လူတန်းစားရဲ့အခန်းကဏ္ဍကို သုံးသပ်ဝေဖန်ဆွေးနွေး တင်ပြထားတယ်။ ၁၈၄၅ - ၁၈၄၆ မှာ မာ့က်စ်နဲ့ပူးတွဲကာ "ဂျာမန်အတွေးအခေါ်အယူဝါဒ"( The German Ideology) ဆိုတဲ့ ကျမ်းကို ရေးသားပြုစုတယ်။ ဒီစာအုပ်ဟာ ရုပ်ဝါဒသမိုင်းအမြင်ကို ပထမဆုံးအကြိမ်အဖြစ် စနစ်တကျ ခွဲခြမ်းစိတ်ဖြာ တင်ပြလိုက်ခြင်းဖြစ်တယ်။ ၁၈၄၆ နှစ်ဆန်းကာလမှာ မာ့က်စ်နဲ့ ပူးတွဲပြီး ဘရပ်ဆဲမှာ ကွန်မြူနစ်ဝါဒ ဆက်သွယ်ရေးကော်မရှင်ကို စတင်ထူထောင်ပြီးနောက် အဲဒီကော်မရှင်ရဲ့ လုပ်ငန်းများကို ပြင်ဆင်ရန် ပဲရစ်ကို ထွက်ခွာလာပြီး အလုပ်သမားလှုပ်ရှားမှုအတွင်းရှိ မှားယွင်းတဲ့ အတွေးအခေါ် ရေစီးကြောင်းကို တိုက်ပွဲ ဆင်တော့တယ်။ ၁၈၄၇ မှာ မာ့က်စ်နဲ့အတူ ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီကို ထူထောင်ပြီး တရားမျှတမှုအဖွဲ့ချုပ်ကို ကွန်မြူနစ်အဖွဲ့ချုပ်အဖြစ် အမည်ပြောင်းလဲလိုက်တယ်။ အဲဒီဇွန်လမှာ ကျင်းပတဲ့ အဖွဲ့ချုပ်ရဲ့ ပထမအကြိမ်ညီလာခံကို တက်ရောက်ပြီး အဖွဲ့ချုပ်ရဲ့ လုပ်ငန်းစဉ်မူကြမ်းအဖြစ် "ကွန်မြူနစ်ဝါဒ ခံယူချက်များ" (Communist Creed) ကို ရေးသားပြုစုတယ်။ နောင်မှာ ဒါကို အမည်ပြောင်းလိုက်ပြီး "ကွန်မြူနစ်ဝါဒ မူများ" ( Communist Principle) ဆိုတဲ့ နောက်ထပ်လုပ်ငန်းစဉ်တရပ် ရေးသားပြန်တယ်။ အဲဒီနှစ် နိုဝင်ဘာလ၊ အဖွဲ့ချုပ်ဒုတိယအကြိမ် ညီလာခံကို မာ့က်စ်နဲ့အတူ တက်ရောက်တယ်။ ညီလာခံက သိပ္ပံနည်းကျ ကွန်မြူနစ်ဝါဒရဲ့ ပထမဆုံး အကြိမ် လုပ်ငန်းစဉ်သဘောဆောင်တဲ့ စာတမ်းတခုကို မာ့က်စ်နဲ့အတူ ပူးတွဲရေးသားပြုစုဖို့ တာဝန်ပေးအပ်ခြင်း ခံရတယ်။ ဆိုလိုတာက အဖွဲ့ချုပ်ရဲ့လုပ်ငန်းစဉ် ---- ကွန်မြူနစ်ပါတီ ကြေညာစာတမ်း (The Manifesto of Communist Party) ရေးသားပြုစုဖို့ တာဝန်ပေးအပ်ခဲ့တယ်ဆိုတာပါပဲ။

၁၈၄၈ ဧပြီ လဆန်းမှာ ဂျာမနီသို့ ပြန်သွားပြီး ဂျာမန်တော်လှန်ရေးမှာ ပါဝင်ကာ "ရိုင်းသတင်းစာသစ်" ထူထောင်ရေးမှာ အထောက်အကူ ပြုပေးတယ်။ ဒီသတင်းစာကို ကူညီခြင်းအားဖြင့် သူဟာ ဂျာမန်တော်လှန်ရေးကို တွန်းဆော်ပေးခြင်းဖြစ်တယ်။ ဒ့ါအပြင် ဒီမိုကရေစီ အင်အားစုများကို လှုံ့ဆော်စည်းရုံးရေးနဲ့ စည်းရုံးဖွဲ့စည်းရေးများကို ဆောင်ရွက်နေခြင်းလည်းဖြစ်တယ်။ ၁၈၄၉ မေလနဲ့ ဇူလိုင်လ အတွင်းမှာ ဂျာမနီအနောက်တောင်ပိုင်း ပုန်ကန်ရေးတပ်ဖွဲ့များမှာ ပါဝင်တယ်။ တော်လှန်ရေး အောင်သီးအောင်နှံများ ကာကွယ်ထိန်းသိမ်းရေးအတွက် ကိုယ်တိုင် ၄ ကြိမ်တိုင်တိုင် စစ်မြေပြင်မှာ ပါဝင်တိုက်ပွဲဝင်ခဲ့တယ်။ ၁၈၄၉ ဇူလိုင်လ၊ ဂျာမန်တော်လှန်ရေး ရှုံးနိမ့်သွားပြီးနောက် လန်ဒန်ကို ရောက်သွားပြီး "ဂျာမန်လယ်သမားစစ်ပွဲ" "ဂျာမန်တော်လှန်ရေးနဲ့ တန်ပြန်တော်လှန်ရေး" စတဲ့ ကျမ်းများကို ရေးသားပြုစုရေးအတွက် တော်လှန်ရေးအတွေ့အကြုံများကို မာ့က်စ်နဲ့အတူ နိဂုံးချုပ်တယ်။ ၁၈၅၀ နိုဝင်ဘာမှာ အဲဒီကာလရဲ့ စီးပွားရေးအကျပ် အတည်း အခက်အခဲများက လွတ်ကင်းရေးအတွက် အထူးသဖြင့် မာ့က်စ်မိသားစု တအိမ်ထောင်ကို စီးပွားရေးအရ ကူညီနိုင်ရေးအတွက် မန်ချက်စတာ အရောင်းအဝယ်လုပ်ငန်းဘက် ထပ်မံရောက်သွားပြီး ၁၈၇၀ အထိ လန်ဒန်မှာ တောက်လျှောက်နေထိုင်သွားတယ်။

ဒီအနှစ် ၂၀ အတွင်း အရောင်းအဝယ်လုပ်ငန်းမှအပ ကျန်တဲ့အချိန်များကို ကျယ်ပြောလှတဲ့ သဘောတရား စူးစမ်းလေ့လာရေးမှာ အသုံးပြုပါတယ်။ သဘာဝသိပ္ပံပြဿနာတွေအပြင် စစ်ရေးသဘောတရားတွေကိုလည်း အလေးဂရုပြု စူးစမ်းလေ့လာ သုတေသနပြုတယ်။ သူဟာ မာ့က်စ်ဝါဒဆိုင်ရာ စစ်ရေးသိပ္ပံအခြေခံအုတ်မြစ်ချရေးအတွက် များပြားလှတဲ့ စစ်ရေးစာတမ်းများကို ရေးသားပြုစုခဲ့တယ်။ တချိန်တည်းမှာ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများနဲ့ပတ်သက်တဲ့ သုံးသပ်ဆွေးနွေးချက်စာတမ်း အမြောက်အမြားကိုလည်း ပြုစုခဲ့သေးတယ်။ ၁၈၇၀ စက်တင်ဘာမှာ စီးပွားရေးကူးသန်းရောင်းဝယ်ရေး လှုပ်ရှားမှုများမှ ရုန်းထွက်ကာ လန်ဒန်ကို ပြန်လာပြီး၊ နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ် အထွေထွေကော်မတီ အဖွဲ့ဝင်အဖြစ်အရွေးခံရတယ်။ ရှေ့စဉ်နောက်ဆက်ဆိုသလို ဘယ်လ်ဂျီယမ်၊ စပိန်၊ အီတလီတို့ရဲ့သတင်းဆက်သွယ်ရေး အတွင်းရေးမှူးအဖြစ် ထမ်းဆောင်ရင်း နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်အတွင်း အချောင်ဝါဒဆန့်ကျင်ရေးတိုက်ပွဲမှာ ပါဝင်ဆင်နွှဲတယ်။ ၁၈၇၁ ပြင်သစ်မှာ ပဲရစ်ဘုံအဖွဲ့တော်လှန်ရေးဖြစ်ပွားပြီးနောက် သူဟာ ပြင်သစ် ပဲရစ်ဘုံအဖွဲ့က အလုပ်သမားလူတန်းစားရဲ့ တော်လှန်ရေးစိတ်ဓာတ်ကို မြင့်မြင့်မားမားချီးကျူးဂုဏ်ပြုပြီး၊ ဘုံအဖွဲ့ရဲ့တော်လှန်ရေး ရှုံးနိမ့်သွားပြီးနောက်မှာလည်း အတွေ့အကြုံနဲ့ သင်ခန်းစာများကို နက်နက်နဲနဲ နိဂုံးချုပ်ခဲ့တယ်။ ၁၈၇၃ ကစတင်ပြီး သဘာဝ အနုပဋိလောမ သုတေသနပြုမှုကို စတင်ဆောင်ရွက်ပြီး များပြားလှတဲ့ သုံးသပ်ချက်စာတမ်းများ၊ မှတ်စုများ ပြုစုကာ အဲဒီကာလက သဘာဝသိပ္ပံ ထမြောက်အောင်မြင်မှုကို အနုပဋိလောမရုပ်ဝါဒရဲ့ ယေဘုယျပေါင်းချုပ်ချက်အဖြစ် ရေးသားခဲ့တယ်။ (ဒီလက်ရေးစာမူများကို သူကွယ်လွန်သွားပြီးနောက်မှာ"သဘာဝ အနုပဋိလောမ" အမည်နဲ့ တည်းဖြတ် ပုံနှိပ်ထုတ်ဝေထားပါတယ်။) ၁၈၇၇ - ၇၈ မှာ ဂျူးရင်းဆန့်ကျင်ရေးကျမ်း (Anti- Duhring) ကို ရေးသားပြုစုပြီး မာ့က်စ်ဝါဒ အဘိဓမ္မာ၊ နိုင်ငံရေးဘောဂဗေဒနဲ့ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒတို့နဲ့ ပတ်သက်လို့ စနစ်တကျ သိပ္ပံနည်းကျ ရှင်းလင်းဖွင့်ဆိုပြလိုက်တယ်။ ၁၈၈၃ မတ် ၁၄ ရက်နေ့မှာ မာ့က်စ်ကွယ်လွန်သွားတော့ ကွယ်လွန်သွားလေပြီဖြစ်တဲ့ တိုက်ဖော်တိုက်ဖက်ရဲ့ မပြီးဆုံးသေးတဲ့လုပ်ငန်းများ အောင်မြင်ပြီးမြောက်ရေးအတွက် "အရင်းကျမ်း" ဒုတိယတွဲနဲ့ တတိယတွဲတို့ကို အဓိက ကိုယ်အာ ဉာဏ်

အားထုတ်ကာ စုစည်းတည်းဖြတ်ခဲ့တယ်။ (မာ့က်စ်ရဲ့သမီးလည်းဖြစ် မာ့က်စ်ရဲ့အတွင်းရေးမှူးအဖြစ်လည်း လုပ်ခဲ့တဲ့ အယ်လီနာမာ့က်စ်ရဲ့ အကူအညီများနဲ့ ၎င်း ၂ တွဲကို ၁၈၈၅ နဲ့ ၁၈၉၄ ခုနှစ်များမှာ အသီးသီး ပုံနှိပ်ထုတ် ဝေနိုင်ခဲ့တယ်။) ရှေ့ဆင့်နောက်ဆက်ဆိုသလို "အိမ်ထောင်စု၊ ပုဂ္ဂလိကနဲ့ နိုင်ငံတော်ရဲ့ မူလအစ" (၁၈၈၄)၊ "လူးဝစ်ဖျူးဝါးဘတ်နဲ့ ဂျာမန်စံတင်အဘိဓမ္မာရဲ့ နိဂုံး" (၁၈၈၈)၊ "၁၈၉၁ ဆိုရှယ်ဒီမိုကရက်ပါတီရဲ့ လုပ်ငန်းစဉ်မူကြမ်း ဝေဖန်သုံးသပ်ချက်" (၁၈၉၁) "ပြင်သစ်၊ ဂျာမန် လယ်သမားပြဿနာ" (၁၈၉၄)၊ "ပြင်သစ်လူတန်းစားတိုက်ပွဲ-နိဒါန်း" (၁၈၉၁) စတဲ့ အရေးပါတဲ့ ကျမ်းအမြောက်အမြားကို ရေးသားပြုစုပါတယ်။ဒီကျမ်းများဟာ မာ့က်စ်ဝါဒအဘိဓမ္မာ၊ သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒနဲ့ ပစ္စည်းမဲ့လူတန်းစား နည်းပရိယာယ်အတွေးအခေါ်ကို ကြွယ်ဝဖွံ့ဖြိုး တိုးတက်စေလိုက်ပါတယ်။

တချိန်တည်းမှာ ကမ္ဘာ့အလုပ်သမားလှုပ်ရှားမှုရဲ့ ကြီးလေးတဲ့ ဝန်ထုပ်ဝန်ပိုးကို ညွှန်ပြလှုံ့ဆော်ကာ မာ့က်စ်ဝါဒအခြေခံ အုတ်မြစ်ပေါ်မှာ နိုင်ငံအသီးသီးရှိ အလုပ်သမားပါတီများ ခိုင်မာလာစေဖို့နဲ့ ဖွံ့ဖြိုးတိုးတက်လာစေဖို့ အကူအညီပေးခဲ့လို့ နိုင်ငံတကာ ပစ္စည်းမဲ့ လူတန်းစားရဲ့ ချစ်ခင်ကြည်ညိုလေးစားတဲ့ ရှေ့ဆောင်လမ်းပြဆရာကြီးနဲ့ အတိုင်ပင်ခံ အကြံပေးအရာရှိဖြစ်လာတယ်။ ၁၈၈၉ ခုနှစ်မှာ သူရဲ့ အလေးဂရုပြုမှုနဲ့ ရှေ့ဆောင်လမ်းပြမှုအောက်မှာ အနိုင်နိုင်ငံအလုပ်သမားလူတန်းစား နိုင်ငံရေးပါတီများဟာ ပူးပေါင်းဆောင်ရွက်လာကြပြီး ဒုတိယ အင်တာနေရှင်နယ်ကို ထူထောင်လိုက်ကြတယ်။ ၁၈၉၅ ဩဂုတ်လ ၅ ရက်နေ့ လန်ဒန်မှာ ကွယ်လွန်ခဲ့တယ်။

သူကွယ်လွန်သွားတဲ့အခါ သူ့ရှာပနမှာ Wilhelm Liebknecht ဝီလ်ဟမ်လိုက်ဘ်နက်က "ရှာပနမှာ လူအနည်းအကျဉ်းသာပါပေမယ့် ဒီအနည်းအကျဉ်းဟာ အထောင်အသောင်းသောလူများကို ကိုယ်စားပြုသူများ၊ ကမ္ဘာတဝန်းလုံးကို ကိုယ်စားပြုသူများ-ဖြစ်ကြတယ်...........သူဟာ လမ်းညွှန်ပြသူနဲ့ ရှေ့ဆောင်လမ်းပြသူဖြစ်ရုံသာမက သူဟာခေါင်းဆောင်ကြီးလည်းဖြစ်၊ စစ်သားကြီးလည်း ဖြစ်တယ်။ သူ့ရဲ့ခန္ဓာကိုယ်တခုလုံးဟာ သဘောတရားနဲ့ လက်တွေ့ပေါင်းစပ်မှုရဲ့ထင်ဟပ်ချက်ဖြစ်တယ်" လို့ အိန်ဂယ်ကို မြင့်မြင့်မားမား တန်ဖိုးဖြတ် ပြောကြားခဲ့တယ်။

ဒီနှစ် ၂၀၂၀ ဟာ မာ့က်စ်ရဲ့ ချစ်ကြည်ရင်းနှီးတဲ့ တိုက်ဖော်တိုက်ဖက်လည်း ဖြစ်ကာ မာ့က်စ်ဝါဒကို မာ့က်စ်နဲ့ အတူတကွ ထူထောင်ခဲ့တဲ့သူလည်းဖြစ်၊ ကမ္ဘာ့ ပစ္စည်းမဲ့လူတန်းစားနဲ့ အလုပ်သမားလူတန်းစား အဖိနှိပ်ခံပြည်သူများရဲ့ တော်လှန်ရေး ရှေ့ဆောင် လမ်းပြနဲ့ ဆရာကြီးလည်းဖြစ်၊ ကမ္ဘာ့ ခေါင်းဆောင်ကြီးလည်းဖြစ်တဲ့ ဖရက်ဒရစ် - အိန်ဂယ်ရဲ့ အနှစ် ၂၀၀ ပြည့်မွေးနေ့ဖြစ်ပါတယ်။ အထက်မှာ ဖော်ပြခဲ့သလို သူဟာ ၁၈၂၀ နိုဝင်ဘာ ၂၂ ရက်နေ့မှာ မွေးဖွားခဲ့တာကြောင့် ၂၀၂၀ ဟာ အိန်ဂယ်အတွက် အထူးအမှတ်ရစရာ နှစ်တနှစ် ဖြစ်နေပါတယ်။


အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် အနယ်နယ်အရပ်ရပ်မှာ ရောက်ရှိနေကြတဲ့ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ မြေအောက် ပါတီ ဝင်များ၊ရဲဘော်များ၊ လူငယ်များအနေနဲ့ မာ့က်စ်ဝါဒလေ့လာရေးများကို သန္နိဋ္ဌာန်ရှိရှိ လုပ်ဆောင်သွားကြဖို့ နှိုးဆော်တိုက်တွန်းလိုက်ပါတယ်။

မာ့က်စ်ဝါဒ၊လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်အဓွန့်ရှည်ပါစေ။

ဗမာပြည်ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ။

ကိုးကား။ ။ (၁) ကမ္ဘာ့ဆိုရှယ်လစ်ဝါဒ အဘိဓာန်သစ်၊ ၁၉၉၆ ဒီဇင်ဘာ (တရုတ်ဘာသာ) (၂) မာ့က်စ်ဝါဒ အဘိဓာန်ကြီး၊ ၂၀၁၉ ဖေဖော်ဝါရီ (တရုတ်ဘာသာ)

ခင်အေးကြည်မြ မေ၊ ၇ ရက်၊ ၂၀၂၀။

### ဘုရားတည်ပြီးရင်

# မြေမ်းတွေတော့ ဖျက်ရတာပဲ

မောင်မိုးဦး

-

ဗမာပြည်လွတ်လပ်ရေးရတာ နှစ် ၇၀ ကျော်ပြီ။ ပြည်တွင်းစစ်ဖြစ်တာလည်းနှစ် ၇၀ ကျော်ပြီ။ အုပ်စိုးသူတွေရဲ့ဖိနှိပ်အုပ်ချုပ်မှုကို အဖိနှိပ်ခံတွေက ခေါင်းငုံ့မခံဘဲ ခုခံတွန်းလှန်တဲ့ စစ်ပွဲဖြစ်တယ်။ အုပ်စိုးသူဘက်ကလည်း မျိုးဆက်တဆက်ပြီးတဆက် အဆက်မပြတ် ဖိနှိပ် စိုးမိုးနိုင်သလို အဖိနှိပ်ခံတွေဘက်ကလည်း မျိုးဆက်တဆက်ပြီးတဆက် ခုခံဆန့် ကျင်နိုင်လို့ လည်း ရေရှည်စစ်ပွဲဖြစ်နေတာပါပဲ။

အင်္ဂလိပ်နယ်ချဲ့သမားရဲ့ကျွန်ဘဝ၊ ဖက်ဆစ်ဂျပန်ရဲ့ ကျွန်ဘဝက လွတ်မြောက်လိုတဲ့ အမျိုးသားစိတ် (လွတ်လွတ်လပ်လပ် နေထိုင် လုပ်ကိုင်စားသောက်နိုင်တဲ့ဘဝ၊ ဒီမိုကရေစီအခွင့် အရေးပြည့်ဝတဲ့ဘဝ၊ တန်းတူရည်တူအခွင့်အရေးရှိတဲ့ဘဝ၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်တဲ့ ဘဝ၊ ဖွံ့ဖြိုးတိုးတက်တဲ့ဘဝ၊ အေးချမ်းသာယာတဲ့ဘဝတို့ကို ရရှိလိုတဲ့ ပြင်းပြတဲ့စိတ်) ဟာ ဗမာပြည်မှာ နေထိုင်နေတဲ့ လူမျိုးပေါင်းစုံမှာ ဘဝပေးအသိအရ တညီတညွတ်တည်း ရှိလာတဲ့အခါမှာ အမျိုးသားစည်းလုံးညီညွတ်မှုရရှိလာပါတယ်။

အမျိုးသားစည်းလုံးညီညွတ်မှုအားနဲ့ လက်တွေ့ဘဝကို ဖြတ်သန်းလုံးပန်းတဲ့အခါမှာ လွတ်လပ်ရေးလည်း ရရှိခဲ့တယ်။ လွတ်လပ်ရေး ရပြီးတဲ့နောက် တိုင်းပြည်ကို ဘယ်လိုထူ ထောင်မယ်ဆိုတာမှာ သဘောထားကွာဟမှုတွေ ရှိလာတယ်။ ဒီနေရာမှာ အင်္ဂလိပ်နယ်ချဲ့သမားဟာ မစားရတဲ့အမဲ -သဲနဲ့ပက်တဲ့အလုပ်ကိုလုပ်ခဲ့တယ်။ အမျိုးသားခေါင်းဆောင်ကို လုပ်ကြံသတ်ဖြတ်လိုက်တယ်။ အမျိုးသားစည်းလုံးညီညွတ်မှု အက်ကြောင်းပေါ်ချိန်မှာ လွတ်လပ်ရေးကိုပေးလိုက်တယ်။

လွတ်လပ်ရေး ရရှိလာတဲ့အခါမှာ အာဏာရရှိလာတဲ့ လူတွေဟာ အဖိနှိပ်ခံဘဝကနေ ဖိနှိပ်သူလူတန်းစားဘဝကို ပြောင်းသွားပါတယ်။ အင်္ဂလိပ်နယ်ချဲ့သမား ကျင့်သုံးတဲ့ ဗျူရိုကရေစီစနစ်ကို ဆက်ခံလိုက်တယ်။ အင်္ဂလိပ်နယ်ချဲ့သမား ကိုလိုနီအုပ်ချုပ်ရေးစနစ် နေရာမှာ ပြည်တွင်းဖြစ် ဗျူရိုကရေစီစနစ်ကို လက်ခံအစားထိုးလိုက်တယ်။ အင်္ဂလိပ်နယ်ချဲ့သမားနေရာကို ပြည်တွင်းဖြစ် ဗျူရိုကရက် အရင်းရှင်လူတန်းစားက အစားထိုးဆက်ခံလိုက်တယ်။

ဗမာပြည်ဟာ အဲဒီအချိန်ကစပြီး ကိုလိုနီနိုင်ငံဘဝကနေ ကိုလိုနီတပိုင်း၊ ပဒေသရာဇ် တပိုင်းတိုင်းပြည်ဘဝကို ကျရောက်သွားရပါတယ်။ အမျိုးသားစည်းလုံးညီညွတ်မှုဟာလည်း ပြိုကွဲသွားပါတော့တယ်။ တမျိုးသားလုံးရည်မှန်းထားတဲ့၊လွတ်လပ်ရေးရပြီးရင် သာယာ ဝပြောတဲ့၊ ဒီမိုကရေစီ ထွန်းကားတဲ့၊ တန်းတူမှုရှိတဲ့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်တဲ့ ပြည်ထောင်စုနိုင်ငံသစ်တခု ထူထောင်မယ်ဆိုတာဟာလည်း အကောင်အထည်မပေါ်လာတော့ပါ။ ဗမာပြည် လူမျိုးပေါင်းစုံ အဖိနှိပ်ခံပြည်သူလူထုကြီး ခံစားကြုံတွေလိုက်ရတာက အမျိုးသားပြိုကွဲမှုနဲ့ ပြည်တွင်းစစ်ဖြစ်ပါတယ်။

အာဏာရဖဆပလအစိုးရဟာ လွတ်လပ်ရေးတိုက်ပွဲဝင်ကာလတုန်းက အတူတိုက်ပွဲဝင်ခဲ့တဲ့ အဖွဲ့အစည်းတွေအပေါ် ငါနဲ့မတူ၊ ငါ့ရန်သူလို သဘောပိုက်လာပါတယ်။ ဖဆပအစိုးရကို ဝေဖန်တဲ့အဖွဲ့အစည်းတွေကို လက်ဦးမှုရှိရှိ ဖမ်းဆီးဖိနှိပ် ချေမှုန်းဖို့ ကြိုးပမ်းရာကနေ ပြည်တွင်းစစ် ဖြစ်လာပါတယ်။ ပြည်တွင်းစစ် ဖြစ်လာတော့ ဖဆပလ အစိုးရက သူ့ကို ခုခံ ဆန့်ကျင်သူတွေကို ဆူပူသောင်းကျန်းသူတွေ၊ ရောင်စုံသူပုန်တွေဆိုပြီး သုံးနှုန်းပါတယ်။ အဓိပ္ပာယ်က နိုင်ငံရေးအင်အားစုတွေအဖြစ် အသိအမှတ်မပြုတာပါ။ ဒါကြောင့် ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့သူမနာကိုယ်မနာ ငြိမ်းချမ်းရေးဆွေးနွေးရေးကို ဖဆပလအစိုးရက ပယ်ချခဲ့ပါတယ်။ ဒီအပြင် မတရားအသင်းတွေအဖြစ် ကြေညာပါတယ်။

ပြည်သူလူထုဘဝ၊ လူမျိုးစုံပြည်သူလူထုရဲ့ဆန္ဒတွေကို ထင်ဟပ်ပြီး လူမျိုးစုံ ပြည်သူလူထုအကျိုးအတွက် နိုင်ငံရေးလမ်းစဉ်၊ နိုင်ငံရေးရည်မှန်းချက်နဲ့ လှုပ်ရှားနေတဲ့ အင်အားစုအားလုံးဟာ တော်လှန်ရေးအင်အားစုတွေဖြစ်ပါတယ်။ ဗမာပြည်ရဲ့ပဋိပက္ခဟာ ဖိနှိပ်အုပ်စိုးသူအစိုးရနဲ့ အဖိနှိပ်ခံဘဝကလွတ်မြောက်ဖို့ ရုန်းကန်တဲ့ တော်လှန်ရေးအင်အားစုတွေဖြစ်နေတဲ့ ပဋိပက္ခဖြစ်ပါတယ်။ ဒီအဓိကပဋိပက္ခဟာ ပြည်တွင်းစစ်အဖြစ် ဖော်ပြနေပါတယ်။ ဒီအဓိကပဋိပက္ခရဲ့အဓိကဘက်ဟာ ဖိနှိပ်အုပ်စိုးသူ အစိုးရအဆက်ဆက် ဖြစ်ပါတယ်။

ဒါကြောင့် ပြည်တွင်းစစ်ရပ်စဲရေးဟာ အုပ်စိုးသူအစိုးရအဆက်ဆက်ရဲ့ ချမှတ်တဲ့ ပေါ်လစီ အရပ်ရပ်ပေါ် မူတည်ပါတယ်။ အုပ်စိုးသူအစိုးရအဆက်ဆက်က ပြည်တွင်းစစ်ဟာ နိုင်ငံရေးပြဿနာဖြစ်ပြီး နိုင်ငံရေးအရဆွေးနွေးဖြေရှင်းမယ်လို့ မူဝါဒမချမှတ် မလုပ်ဆောင် မချင်း ပြည်တွင်းစစ်ဟာရှည်ကြာနေဦးမှာဖြစ်ပါတယ်။

အုပ်စိုးသူတွေဖြစ်တဲ့ ဖဆပလအစိုးရကအစ စစ်အစိုးရအဆက်ဆက်တို့ဟာ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်ငြိမ်းချမ်းရေး တည်ဆောက်ရေးနဲ့ပတ်သက်ရင် သဘောချင်းတူကြ၊ သဘောထားကိုက်ညီကြပါတယ်။ အဲဒါကတော့ တော်လှန်ရေးအင်အားစုတွေကို ဆူပူသောင်းကျန်းသူ၊ အမြစ်ပြတ်ရှင်းပစ်ရမယ့်သူလို့ သဘောထားတာပဲ။ ဒါကြောင့် လက်နက်ချအညံ့ခံရင်ခံ၊ မခံရင်အချေမှုန်းခံရမယ်ဆိုတဲ့ မူဝါဒကို တလျှောက်လုံးကျင့်သုံးခဲ့ကြတာ ကနေ့အထိပါပဲ။

၁၉၅၈ ခုနှစ်မှာ အစိုးရက လက်နက်နဲ့ဒီမိုကရေစီလဲမယ်ဆိုတုန်းက ရခိုင်ဘက်မှာ ဦးစိန္တာအဖွဲ့တဖွဲ့လုံး၊ မွန်လက်နက်ကိုင် တဖွဲ့လုံး (နိုင်ရွှေကျင်မှအပ)၊ ပြည်သူ့ရဲဘော် တဖွဲ့လုံး၊ ရှမ်းပြည်ဘက်မှာ "ပအမဖ"တဖွဲ့လုံး လက်နက်အပ်ကြပါတယ်။ ဒါပေမဲ့ အဲဒီအဖွဲ့ အစည်းတွေ လက်နက်ချအလင်းဝင်တယ်ဆိုတာပဲ အဖတ်တင်ပြီ းဒီမိုကရေစီလည်းမရဘဲ အဖွဲ့အစည်း ဖျက်သိမ်းတာခံလိုက်ရတယ်။

ဒါကြောင့် ဒီအင်အားစုတွေထဲက တချို့ဟာ တနည်းနည်းနဲ့ပြန်လည်ဖွဲ့တည်ကြပြီး လက်နက်ကိုင်တော်လှန်ရေးကို ဆက်လက်ဆင်နွှဲကြပြန်တယ်။

၁၉၆၂ ခုနှစ်မှာ ဗိုလ်နေဝင်းစစ်အုပ်စုအာဏာသိမ်းပြီး ၁၉၆၃ ခုနှစ်မှာ ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးဖို့ ကမ်းလှမ်းခဲ့တယ်။ တွေ့ဆုံဆွေးနွေးပွဲမှာအပစ်အခတ်ရပ်စဲရေးကိစ္စဆွေးနွေးစဉ်မှာပဲ ဗိုလ်နေဝင်းက ဆွေးနွေးပွဲကို တဖက်သတ်ဖျက်သိမ်းလိုက်တယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်သွားပြီးတဲ့နောက်မှာ ဗမာပြည်နေရာအနှံ့မှာ လက်နက်ကိုင် တပ်ဖွဲ့ အသစ်တွေ ပေါ်ထွက်လာပါတယ်။ ကျောင်းသားလူငယ် တော်တော်များများ လက်နက်ကိုင်တော်လှန်ရေးထဲ ပါဝင်လာကြပါတယ်။ အထူးသဖြင့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းဝိသေသတိုင်းနဲ့ ရခိုင်ဒေသတို့မှာ လက်နက်ကိုင်အင်အားစုအသစ်တွေ ထပ်မံပေါ်ပေါက်လာပါ တယ်။

၁၉၆၃ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲအပြီးမှာ စောဟန်တာသာမွေးခေါင်းဆောင်တဲ့ ကေ၊အာရ်၊စီအဖွဲ့၊ သခင်စိုးခေါင်းဆောင်တဲ့ အလံနီပါတီ(ကွန်မြူနစ်ပါတီ၊ ဗမာပြည်) နဲ့ အလံနီပါတီအနွယ်တွေ တသုတ်ပြီးတသုတ် လက်နက်ချအညံ့ခံပါတယ်။ ဥပဒေဘောင်ထဲ ဝင်လာတယ်။ ကြိုဆိုပါတယ်ဆိုတဲ့ စကားလုံးတွေနဲ့ ကြိုဆိုခံရတာပဲရှိပါတယ်။ အကျိုးဆက်ကတော့ အဖွဲ့အစည်းဖျက်သိမ်းခံရတယ်။ တပ်ဖျက်သိမ်းပစ်တာခံရတယ်။

၁၉၈၈ ခုနှစ်မှာ မဆလ-တပါတီစစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တဲ့ ဒီမိုကရေစီအရေးအတွက် တိုက်ပွဲဝင်တဲ့ ၊ လူထုအုံကြွမှု အရေးအခင်းကြီး ပေါ်ပေါက်ခဲ့တယ်။ ဗိုလ်နေဝင်းနှတ်မိန့်နဲ့ ဗိုလ်စောမောင်က နဝတကိုဖွဲ့စည်းပြီး စစ်အာဏာသိမ်းတယ်။ လူထုကြီးကိုသွေးချောင်းစီး နှိမ်နင်းခဲ့တယ်။

ဒီအရေးအခင်းမှာ ကျောင်းသားလူငယ် အပါအဝင် လူအများအပြား အသတ်ခံရ၊ ဖမ်းဆီး နှိပ်စက် ထောင်ချခံရ၊ လက်နက်ကိုင်တော်လှန်ရေးထဲရောက်သူရောက်၊ မကဒတ ကိုထူထောင်သူက ထောင်၊ ပြည်ပထွက်ပြီးတိမ်းရှောင်သူကရှောင်၊ ပြည်ပမှာ နိုင်ငံရေး ပါတီအဖွဲ့အစည်းသစ်တွေထူထောင်သူကထောင်ကြသလို၊ ပြည်တွင်းမှာပဲ နိုင်ငံရေးပါတီ သစ်တွေ ထူထောင်သူကထောင်ကြပါတယ်။

တကယ်တော့ ဒါတွေအားလုံးဟာ (၈) လေးလုံး လူထုအုံကြွမှုကြီးရဲ့ အကျိုးဆက်အသီးအပွင့်တွေဖြစ်ပါတယ်။ နဝတ စစ်အစိုးရက ပါတီစုံ ဒီမိုကရေစီစနစ်ကို ထူထောင်မယ်၊ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးမယ် ဆိုပြီး နိုင်ငံရေးပါတီအဖွဲ့အစည်းတွေကို မှတ်ပုံတင်စေပါတယ်။ စစ်အုပ်စုဘက်က မဆလတဖြစ်လဲ တစညပါတီကိုထူထောင်တယ်။ ပြည်သူလူထုကြီးဘက်က အင်အားစုတွေအနေနဲ့ ဒီချုပ်ပါတီ၊ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီတို့ အပါအဝင် နိုင်ငံရေးပါတီအများအပြား ဖွဲ့စည်း ထူထောင်ပါတယ်။ ဒါပေမဲ့ ရွေးကောက်ပွဲကော်မရှင် စည်းကမ်း ကန့်သတ်မှုအရ နိုင်ငံရေးပါတီအတော်များများ ဖျက်သိမ်းခံရပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲကျင်းပပါတယ်။ ဒီချုပ် အပြတ်သတ်အနိုင်ရပါတယ်။ နဝတစစ်အစိုးရက ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ဖို့ ငြင်းဆန်ပါတယ်။

ဒီချုပ်အပါအဝင် အနိုင်ရပါတီအဖွဲ့အစည်းတွေ စုစည်းကာ လွှတ်တော်ခေါ်ပြီး အစိုးရဖွဲ့ဖို့လုံးပန်းမှုကို နဝတ က ဖြိုခွဲပြီး လူဖမ်းပွဲ

တွေ လုပ်ပါတယ်။ ရွေးကောက်ခံကိုယ်စားလှယ်အချို့ ပြည်ပထွက်ခွာပြီး အမျိုးသားညွန့်ပေါင်းအစိုးရ ဖွဲ့တာတွေ လုပ်လာပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းအချို့နဲ့ ပြည်ပရောက် နိုင်ငံရေးအဖွဲ့အစည်းတွေ စုစည်းကြပြီး DAB ဒီမိုကရက်တစ် မဟာမိတ်တပ်ပေါင်းစု ပေါ်လာတယ်။ နယ်စပ်ဒေသနိုင်ငံရေးပေါ်လာတယ်။

၁၉၈၉ ခုနှစ် မတ်လမှာ ကိုးကန့်လွတ်မြောက်ဒေသကတပ်တွေ ဗမာပြည်ကွန်မြူနစ်ပါတီက ခွဲထွက်ပါတယ်။ ဧပြီလမှာ ဝ ဒေသနဲ့ ဝ တပ်ဖွဲ့တွေက ခွဲထွက်ပါတယ်။ ဆက်တိုက်ဆိုသလိုပဲ ၈၁၅ စစ်ဒေသ (နောင်မှာမိုင်းလားအဖွဲ့) ခွဲထွက်တယ်။ ကချင်ပြည်နယ်ဘက်က ၁၀၁ စစ်ဒေသကလည်းခွဲထွက်သွားပါတယ်။ အဲဒီလိုခွဲထွက်တဲ့တပ်တွေကို နဝတစစ်အစိုးရက သီးခြားအဖွဲ့အစည်းနဲ့ သီးခြားတပ်ဖွဲ့တွေအဖြစ် အသိအမှတ်ပြုတယ်။ အဲဒီအဖွဲအစည်းတွေနဲ့ အပစ်အခတ်ရပ်စဲရေးလုပ်ပြီး အထူးဒေသတွေအဖြစ် သတ်မှတ်ပေးတယ်။

ဒီအတွေ့အကြုံအရ နဝတစစ်အစိုးရဟာ လက်နက်ကိုင်တိုက်ပွဲဝင်နေတဲ့ အဖွဲ့အစည်းတွေကို သွေးခွဲသပ်လျှိုပြီး ကွဲထွက်တဲ့အင်အားစုနဲ့တပ်ဖွဲ့တွေကို သီးခြားအဖွဲ့အစည်းနဲ့ သီးခြားတပ်ဖွဲ့တွေအဖြစ် အသိအမှတ်ပြုပြီး တဖွဲ့ချင်းနဲ့ အပစ်အခတ် ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးလုပ်တယ်။ အထူးဒေသတွေ သတ်မှတ်ပေးတယ်။ ဒေသငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပါ၊ နိုင်ငံရေးကိစ္စကို နောက်တက်လာတဲ့အစိုးရနဲ့ ဆွေးနွေးပါဆိုပြီး လုပ်တယ်။ ဒီလိုနဲ့ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးလုပ်တဲ့ အဖွဲ့အစည်းတွေ အများအပြားပေါ်လာတယ်။ အဲဒီအဖွဲ့အစည်းတွေကိုစီးပွားရေးလုပ်ငန်းတွေချပေးတယ်။ မူးယစ်ဆေးဝါးလုပ်ငန်းထဲ ပါဝင်လာအောင်လမ်းဖွင့်ပေးတယ်။ ဒီနည်းနဲ့ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးလုပ်တဲ့အဖွဲ့အစည်းတွေ နွံနစ်ပျက်စီးအောင် နဝတ က လုပ်ဆောင်ပါတယ်။

တဖက်မှာ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးမလုပ်တဲ့အဖွဲ့အစည်းတွေကို အတိုင်းအတာကြီးတဲ့ထိုးစစ် ဆင်ပါတယ်။ ဖြတ် ၄ ဖြတ်စနစ်နဲ့ စစ်ဆင်ပါတယ်။ အဲဒီအကျိုးဆက်ကတော့ နယ်စပ်တဖက်နိုင်ငံထဲမှာ ဒုက္ခသည်စခန်းတွေ အလျှိုလျှို ပေါ်ပေါက်လာတာပါပဲ။

နဝတစစ်အစိုးရကို နအဖစစ်အစိုးရအဖြစ်ပြောင်းလဲဖွဲ့စည်းပါတယ်။ စစ်အုပ်စုမှာ ဗိုလ်သန်းရွှေနံပတ် (၁) နေရာရလာပါတယ်။ နဝတ လက်ထက်က စတင်ကျင်းပတဲ့ ညောင်နှစ်ပင်အမျိုးသားညီလာခံဆိုတာကိုလည်း ရပ်ဆိုင်းလိုက်၊ ကျင်းပလိုက်နဲ့ မာရသွန် ညီလာခံကြီးကျင်းပပါတယ်။ အချိန်ကုန်လူပန်းအောင်လုပ်ပြီး ၂၀၀၈ အခြေခံဥပဒေကို ရေးဆွဲချမှတ် အတည်ပြုနိုင်အောင်လုပ်တယ်။ လူသိန်းနဲ့ ချီပြီး သေဆုံးစေတဲ့ နာဂစ်မုန်တိုင်းတိုက်ခတ်ချိန်မှာ အဓမ္မအတည်ပြုတာကြောင့်လည်း နာဂစ်အခြေခံဥပဒေလို့ လူသိများပါတယ်။ စစ်အုပ်စုနဲ့ သူ့အနွယ်တွေမှအပ ဘယ်သူမှလက်မခံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ။ စစ်အုပ်စုဟာ ဒီအချိန်ကာလအတွင်းမှာ ကြံ့ဖွံ့ကို နောက်မျိုးဆက် စစ်ခေါင်းဆောင်တွေနဲ့ နိုင်ငံရေးပါတီတခုအသွင် ထူထောင်လိုက်ပါတယ်။ မျိုးဆက်ဟောင်း စစ်ခေါင်းဆောင်ပါတီဖြစ်တဲ့ တစည ပါတီကိုလည်း ဆက်ထားပါတယ်။ ဒီလိုစစ်အာဏာရှင်စနစ်ကို နိုင်ငံရေးအရ၊ စည်းရုံးရေးအရ၊ အုပ်ချုပ်ရေးအရထိန်းသိမ်းနိုင်အောင် ဘက်စုံပြင်ဆင်ပြီးမှ ၂၀၁၀ မှာရွေးကောက်ပွဲလုပ်ပါတယ်။ ဒီချုပ်အပါအဝင် ၂၀၀၈ အခြေခံဥပဒေကို လက်မခံတဲ့ နိုင်ငံရေးအင်အားစုတွေက ရွေးကောက်ပွဲမဝင်ပါ။ ရွေးကောက်ပွဲမှာ ကြံ့ဖွံ့ပါတီ အနိုင်ရပါတယ်။ ရွေးကောက်ပွဲအပြီး အဆင့်ဆင့်လွှတ်တော်တွေ ပေါ်ပေါက်ပါတယ်။ သမ္မတဦး(ဗိုလ်)သိန်းစိန်အစိုးရ တက်လာပါတယ်။ ပထမအကြိမ်လွှတ်တော်အစည်းအဝေးတခုမှာ မတရားသင်းဥပဒေပုဒ်မကို ရုပ်သိမ်းဖို့အဆိုတင်ခဲ့တာရှိပါတယ်။ ဒါပေမဲ့ အဲ့ဒီအဆိုအပယ်ခံရပါတယ်။

၂၀၀၈ အခြေခံဥပဒေကို အတည်ပြုပြီး ရွေးကောက်ပွဲကျင်းပနိုင်လို့ လွှတ်တော်တွေပေါ်လာပြီး အစိုးရသစ် ဖွဲ့လာနိုင်တာကြောင့် ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို စစ်အုပ်စုက အပြီးတိုင် ဖျက်သိမ်းနိုင်ပြီးဖြစ်လို့ စစ်အုပ်စုထိပ်သီးတွေ ကန့်လန့်ကာနောက်ကွယ်ကို ဝင်သွားပါတယ်။ ဒါပေမဲ့ ဒီချုပ်အပါအဝင် အတိုက်အခံအင်အားစုအားလုံးက ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို ဆုပ်ကိုင်ထားမြဲဖြစ်တော့ သမ္မတ ဦး (ဗိုလ်) သိန်းစိန်အစိုးရ အကျပ်တွေ့ပါတယ်။ တချိန်တည်းမှာ အပစ်အခတ်ရပ်စဲရေးလုပ်ထားတဲ့ အဖွဲ့အစည်းတွေကို နောက်တက်လာတဲ့ အစိုးရနဲ့ နိုင်ငံရေးဆွေးနွေးတာလုပ်ဖို့ပြောထားတာကြောင့်လည်း ဦး(ဗိုလ်)သိန်းစိန်အစိုးရ အကျပ်တွေ့ပါတယ်။

အပစ်အခတ်ရပ်ထားတဲ့ အဖွဲ့တွေကို နယ်ခြားစောင့်တပ်ဖွဲ့နဲ့ ပြည်သူ့စစ်အဖွဲ့တွေအဖြစ် ပြောင်းလဲဖွဲ့စည်းဖို့ လုပ်ပါတယ်။ အဲဒီလို ဖွဲ့ဖို့ လက်ခံတဲ့အဖွဲ့အစည်းတွေ ကာချုပ်ရဲ့ ကွပ်ကဲမှုအောက် ရောက်သွားတဲ့အတွက် နိုင်ငံရေးအရ ဆွေးနွေးစရာ မလိုတော့ပေမယ့် နယ်ခြားစောင့်တပ်ဖွဲ့နဲ့ ပြည်သူ့စစ်အဖြစ်လက်မခံတဲ့ အဖွဲ့အစည်းတွေကိုတော့ ဆွေးနွေးဖို့ လိုအပ်ပါတယ်။ ဒီလိုသမ္မတဦး (ဗိုလ်)သိန်းစိန် အကျပ်တွေ့တော့ ကာချုပ်က အပစ်အခတ်ရပ်ထားတဲ့ နယ်ခြားစောင့်တပ်နဲ့ ပြည်သူ့စစ်လုပ်ဖို့ ငြင်းဆန်တဲ့ အဖွဲ့အစည်းတွေကို ထိတွေ့မှုဖြစ်အောင်လုပ်တယ်။ ဒီနည်းနဲ့ တကျော့ပြန်တိုက်ပွဲတွေပြန်ဖြစ်ပါတယ်။

ဒီချုပ်ဟာ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကို ဝင်ရောက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါဟာ ဒီချုပ်ကို နိုင်ငံရေးဇာတ်ခုံပေါ် တင်ပေးလိုက်တဲ့ (၈) လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးရဲ့ ကြီးမြတ်တဲ့ နိုင်ငံရေးအဓိပ္ပာယ်ကို သေးသိမ်သွားအောင် ဒီချုပ်ကလုပ်လိုက်တာပါပဲ။ ၉၀ ခုနှစ်ရွေးကောက်ပွဲက တခဲနက်ဖော်ပြခဲ့တဲ့ လူမျိုးပေါင်းစုံပြည်သူလူထုရဲ့ ဆန္ဒကို ကျောခိုင်းလိုက်တာလည်း ဖြစ်သွားပါတယ်။ ၈၈ ခုနှစ်ကစပြီး သေအတူ ရှင်အတူ လက်တွဲ တိုက်ပွဲဝင်ခဲ့တဲ့ မဟာမိတ်အဖွဲ့အစည်းတွေနဲ့လည်း လက်တွဲပြုတ်သွားပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲပြီးနောက် လွှတ်တော်ထဲကို ရောက်သွားတဲ့အခါမှာတော့ ဒီချုပ်ဟာ ၂၀၀၈ အခြေခံဥပဒေအောက် ခေါင်းလျှိုမိလျက်သား ဖြစ်သွားပါတော့တယ်။

သမ္မတဦး(ဗိုလ်)သိန်းစိန်အစိုးရက အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေကို အပစ်အခတ်ရပ်စဲရေးမလုပ်ရသေးတဲ့ အဖွဲ့တွေနဲ့ ထိတွေ့အောင်လုပ်ဆောင်ပါတယ်။ ဒီဆွေးနွေးပွဲတွေမှာ ကာချုပ်မှူ(၆) ချက်ချမှတ်ပါတယ်။ တနိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) သဘောတူညီချက်ကို လက်မှတ်ရေးထိုးတဲ့အထိ ဖြစ်လာခဲ့တယ်။ ဒါပေမဲ့ ဆွေးနွေးပွဲမှာ ပါဝင်တဲ့ အဖွဲ့ တ

ချို့ လက်မှတ်မထိုးပါ။ အဲဒီဆွေးနွေးပွဲကို ကိုးကန့်အဖွဲ့၊ တအာင်းပလောင်အဖွဲ့ ( TNLA)၊ ရခိုင်တပ်မတော် (AA) အဖွဲ့တွေ တက်ခွင့်မပေးပါ။ အဲ့ဒီအဖွဲ့တွေနဲ့ အပစ်အခတ်ရပ်ရေးမလုပ်နိုင်ဘဲ အပြတ်ချေမှုန်းမယ်လို့ ကာချုပ်က သဘောထားပါတယ်။ ဒါဟာ အစိုးရအဆက်ဆက် လုပ်ခဲ့တဲ့ ချေမှုန်းရေးနည်း ဖြစ်ပါတယ်။ အဖွဲ့အစည်းအချို့ကို တနည်းနည်းနဲ့ ချုံထားလိုက်ပြီး ဦးတည်ချက်ထားတဲ့ အဖွဲ့အစည်း တချို့ကို ဝိုင်းပတ်ပိတ်ဆို့ချေမှုန်းတဲ့ နည်းအတိုင်း လုပ်တာပါပဲ။

သမ္မတ ဦး(ဗိုလ်)သိန်းစိန်အစိုးရဟာ တဖက်မှာ စစ်ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားကို ပိုခိုင်မြဲအောင်လုပ်ပါတယ်။ အဲဒါကတော့ အမြဲတမ်းအတွင်းဝန်စနစ် ထားတာပါပဲ။ အဲဒီ အမြဲတမ်းအတွင်းဝန်ဆိုသူတွေကို စစ်ဗျူရိုကရက်တွေ၊ ဒါမှမဟုတ် စစ်အာဏာရှင်စနစ်အတွက် အာမခံနိုင်တဲ့ အရပ်သားဗျူရိုကရက်တွေကိုသာ ခန့်ထားတာပါ။ ပြောင်းလဲချိန်တန်ပြီ၊ အမျိုးသားရင်ကြားစေ့ရေး လုပ်ဆောင်မယ်။ အခြေခံဥပဒေ ပြင်ဆင်မယ်၊ ငြိမ်းချမ်းရေးဖော်ဆောင်မယ်၊ တရားဥပဒေစိုးမိုးရေးလုပ်ဆောင်မယ်ဆိုတဲ့ လှုံ့ဆော်စည်းရုံးချက်တွေနဲ့ ဒီချုပ် အစိုးရဟာ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲဝင်ခဲ့တယ်။ အနိုင်ရပါတယ်။ လွှတ်တော်ခေါ်အစိုးရဖွဲ့နိုင်တယ်။ နိုင်ငံတော်အတိုင်ပင်ခံဆိုတဲ့ နေရာ တခုကို ဖန်တီးနိုင်တယ်။အမျိုးသားရင်ကြားစေ့ရေးကို ဘယ်လိုအကောင်အထည်ဖော်တာမသိရပေမယ့် စစ်အုပ်စုနဲ့ဒီချုပ် စေ့စပ် ရင်ကြားစေ့ပုံပေါ်ပါတယ်။ ဒီချုပ်တွင်းမှာ ဆူဆူညံညံသံတွေထွက်လာတယ်။ ဒီချုပ်နဲ့လက်တွဲခဲ့တဲ့ နိုင်ငံရေးပါတီတွေလမ်းခွဲသွားတယ်။

ဒီချုပ်အစိုးရက NCA လမ်းကြောင်းကို ဆက်ခံပြီး ငြိမ်းချမ်းရေးလုပ်ငန်းကို ပထမလုပ်မယ်။ အခြေခံဥပဒေ ပြင်တာ နောက်မှလုပ်မယ်ဆိုပြီး ၂၁ ရာစုပင်လုံဆိုတာကိုလုပ်တယ်။ ခရီးမပေါက်ပါ။ အခြေခံဥပဒေပြင်ဆင်ရေးလည်း ဘာမှဖြစ်မလာပါ။ သမ္မတဦး (ဗိုလ်) သိန်းစိန်က သမ္မတဦးထင်ကျော်သို့၊ သမ္မတဦးထင်ကျော်မှ သမ္မတဦးဝင်းမြင့်သို့ ဆိုတဲ့ အပြောင်းအလဲတွေတော့ တွေ့ရပါတယ်။

ပြောင်းလဲခြင်းမက ပြောင်းလဲသွားတာကတော့ ဒီချုပ်ဥက္ကဋ္ဌပါပဲ။ နိုင်ငံတော်အတိုင်ပင်ခံနေရာ၊ နိုင်ငံခြားရေးဝန်ကြီးနေရာကိုပါယူလိုက်ကတည်းက ဒီချုပ်ပါတီအလုပ် လုပ်ခွင့်မရှိတော့ပါ။ ဒီမိုကရေစီခေါင်းဆောင်ဘဝကနေ စစ်ဗျူရိုကရေစီယန္တရားထဲမှာ စစ်ဝတ်စုံ မဝတ်ထားတဲ့ ဗျူရိုကရက်တယောက်ဘဝကို ပြောင်းသွားပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်ဘဝ ပြည်တွင်းစစ်ကို ရက်ရက်စက်စက် ဆင်နွှဲသူဘဝကို ပြောင်းသွားတာပါပဲ။ ICJ ကိစ္စမှာလည်း စစ်အုပ်စုအဆက်ဆက်ကျင့်သုံးတဲ့ ဆူပူသောင်းကျန်းသူ၊ အဖျက်သမား၊အကြမ်းဖက်သမားကို အမြစ်ပြတ်ချေမှုန်းရေးသဘောထားကို အတက်ကြွဆုံးထောက်ခံအားပေးခြင်းဖြင့် စစ်အုပ်စုကိုအလုပ်အကျွေးပြုနေတယ်။

ဒီချုပ်ဥက္ကဋ္ဌက ဒီလိုလုပ်လေလေ ဒီချုပ်ဟာလူမျိုးစုံပြည်သူလူထုကြီးနဲ့ ပိုပြီးကင်းကွာသွားလေဖြစ်မှာပါပဲ။ လတ်တလော အကျိုးဆက်တခုကတော့ ပြည်တွင်း ဒီချုပ်လှုပ်ရှားမှုကို အထောက်အကူပြုတဲ့ အဝေးရောက် အမျိုးသားညွန့်ပေါင်းအစိုးရရဲ့ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း ကုပ်ချောင်းချောင်းနဲ့ပြည်တွင်းကိုပြန်ဝင်လာရတာပါပဲ။

ဒါတွေကိုကြည့်ရင် စစ်အုပ်စုဟာ စစ်ရေးဘက်မှာ လက်နက်ချအညံ့ခံငြိမ်းချမ်းရေးကိုပဲ လိုလားသလို နိုင်ငံရေးဘက်မှာလည်း ဦးညွှတ် ဒူးထောက်တဲ့ ငြိမ်းချမ်းရေးကိုပဲ လိုလားတာတွေ့ရပါတယ်။ စစ်အုပ်စုဟာ စစ်အာဏာရှင်စနစ်နဲ့ စစ်ဗျူရိုကရေစီယန္တရားကို ခိုင်မြဲအောင် လုပ်နေတာဖြစ်တယ်။ စစ်ရေးဘက်မှာ တပ်ကို လက်ကိုင်တုတ်တပ်ပီသသည်ထက်ပီသအောင် လုပ်နေပါတယ်။ စစ်အုပ်စုအနွယ်ဝင် နိုင်ငံရေးပါတီအဖွဲ့အစည်းများကိုလည်း ထူထောင်နေပါတယ်။ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီတို့၊ အမျိုးသားနိုင်ငံရေးတို့၊ ပါတီ နိုင်ငံရေးတို့ ဆိုတာတွေနဲ့လည်း အတွေးအမြင်တွေ ရှုပ်ထွေးအောင်လုပ်နေတယ်။ နိုင်ငံတော် အချုပ်အခြာအာဏာကို ထိပါးတယ် အကြောင်းပြပြီး ပြည်တွင်းစစ်ကိုရှည်ကြာသည်ထက်ရှည်ကြာအောင်လုပ်နေပါတယ်။

ဒီချုပ်က အမျိုးသားရင်ကြားစေ့ရေးဆိုပြီး စစ်အုပ်စုနဲ့ ရင်ကြားစေ့ရေးကိုပဲ ဦးစားပေး လုပ်နေတာတွေဟာ လူမျိုးစုံ ပြည်သူလူထုကြီးရဲ့ဘဝနဲ့ဆန္ဒကို ကျောခိုင်းလိုက်တာပဲ ဖြစ်လိမ့်မယ်။ အမေရိကန်နိုင်ငံတို့၊ အင်္ဂလန်နိုင်ငံတို့မှာလို ဒီမိုကရက်တစ်နဲ့ ရီပတ်ဗလစ်ကန်၊ ကွန်ဆာဗေးတစ်နဲ့ လေဘာပါတီတို့ တလှည့်စီ အာဏာယူသလို ဗမာပြည်မှာလည်း ကြံ့ဖွံ့နဲ့ ဒီချုပ် တလှည့်စီအာဏာယူဖို့ ဒီချုပ်က မျှော်လင့်နေရင် စိတ်ကူးယဉ်တာပဲဖြစ်မယ်။ စစ်အုပ်စုက လက်တွေ့ကျကျပဲကျင့်သုံးလိမ့်မယ်။ စစ်အုပ်စုမှာ ဘုရားတည်ပြီးရင် ငြမ်းဖျက်ပစ်တဲ့ အတွေ့အကြုံတွေအတော်များခဲ့ပြီပဲ။

မောင်မိုးဦး

၂၃၊၄၊၂၀၂၀။

# သမိုင်းအကွေ့အချိုးလေများလား
# ရဲဘော်ဖိုးသံချောင်း

တိုက်ဆိုင်လိုက်တာ -

ကမ္ဘာ့စီးပွားရေးကပ် ပြင်းထန်နက်ရှိုင်းလာနေတာ၊

ကမ္ဘာ့ရာသီဥတုတွေ ဖောက်ပြန်ဆိုးဝါးလာနေတာ၊

ကိုဗစ်-၁၉ရောဂါ ကမ္ဘာအနှံ့ပြန့်ပွားလာတာ၊ ကမ္ဘာမှာ စီးပွားရေးအရ စစ်ရေးအရ အားအကြီးဆုံးလို့ဆိုရမယ့် အမေရိကန် နိုင်ငံမှာ ထရမ့်ပ်လို ရှုးရှူး-ရိုင်းရိုင်း ပြောဆိုလုပ်ကိုင်တတ်တဲ့ လက်ယာစွန်းဘီလျံနာ သူဌေးကြီးတယောက် သမ္မတတက်ဖြစ်နေတာ၊ နောက်ပြီး သူ့သက်တမ်းတိုးရေးအတွက် ရွေးကောက်ပွဲကာလနဲ့ နီးလာနေတာ။

ကမ္ဘာအနှံ့မှာ လူတွေဟာ ရုပ်မြင်သံကြားစက်ရှေ့မှာ ထိုင်လိုက်တိုင်း၊ ရေဒီယိုသတင်းကိုနားထောင်လိုက်တိုင်း၊ သတင်းစာကို ကောက်ကိုင်လိုက်တိုင်း၊ မနက်လက်ဖက်ရည်ဆိုင်မှာလူစုံလိုက်တိုင်း၊ ကိုဗစ်သတင်းနဲ့ချည့်အစချီနေပြီး မိသားစုထမင်းဝိုင်းအပါ လူစုံတိုင်း ဒီရောဂါအကြောင်းပဲ ပြောနေကြတဲ့အဖြစ် ကိုဆိုက်နေပါတယ်။

ဒါဟာတိုက်ဆိုင်လိုက်တာလို့ ပြောကောင်းပြောနိုင်ပေမယ့် ဒီရောဂါကဆက်လာတဲ့ နောက်ဆက်တွဲ အဖြစ်အပျက်တွေကတော့ တိုက်ဆိုင်တာမဟုတ်တော့ဘူး ဖြစ်နေပါတယ်။

တကမ္ဘာလုံး ရောဂါဘေး၊ အငတ်ဘေး၊ စီးပွားပျက်ကပ်ဘေး စတာတွေနဲ့ရင်ဆိုင်လာနေရတာတွေဟာ တိုက်ဆိုင်တာ မဟုတ်ပါဘူး။ ကိုဗစ်ရောဂါခံစားရသူနဲ့ ဒီရောဂါကြောင့် ကွယ်လွန်ဆုံးပါးသူ အရေအတွက်အများဆုံးဖြစ်တဲ့ အမေရိကန်နိုင်ငံမှာ အလုပ်လက်မဲ့ ဖြစ်မှုနှုန်း အများဆုံးဖြစ်နေတာ (အလုပ်သမားဦးရေရဲ့ ၂၅%အထက်လို့ ဆိုကြပါတယ်)၊ ဘဏ်လုပ်ငန်းတွေ ပုံကျတော့မတတ်ဖြစ်နေတာ (ဝေါလမ်းမကြီးကို ဒေဝါလီလမ်းမကြီးလို့ ခေါ်ရတော့မယ့်အချိန် နီးကပ်လာနေတယ်လို့ ပြောနေကြပါတယ်)၊ အနောက်နိုင်ငံတွေမှာ လူမည်းတွေနဲ့ လက်တင်နွယ်လူမျိုးတွေအပေါ် တဖက်သတ်ဖိနှိပ်မှုတွေပေါ်လာတာ စတာတွေက နီယိုလစ်ဘရယ်ဝါဒရဲ့ ချွတ်ခြုံကျမှုနဲ့ ဆိုရှယ်လစ်စနစ်သာလျှင်ဆိုတာကို ပေါ်လွင်ထင်ရှားလာစေတယ်လို့ မီဒီယာတွေ၊ နိုင်ငံရေးအသိုင်းအဝိုင်းတွေမှာ ဝေဖန်သုံးသပ်သူတွေ အတွက် ခိုင်မာတဲ့ အကိုးအကား၊ အထောက်အထားတွေဖြစ်နေပါတယ်။



ဒါတွေနဲ့တချိန်တည်း ကမ္ဘာကြီးမှာမြင်တွေ့နေရတဲ့ ဖြစ်ရပ်တခုကတော့ ပြီးခဲ့တဲ့ရာစုအကုန်ပိုင်းလောက်တုန်းက ခေတ်စားခဲ့တဲ့ နီယိုလစ်ဘရယ်ဝါဒ ဆုံးခန်းတိုင်လာတာဖြစ်ပါတယ်။ ဆိုဗီယက်အုပ်စု ပြိုကွဲပြီးနောက် အနောက်နိုင်ငံတွေက ခေနရှင်နိုင်ငံရေးသမားတွေနဲ့

ပညာတတ်တချို့အကြားမှာ ခေတ်စားလာတဲ့ ဒီ-နီယိုလစ်ဘရယ်ဝါဒက ဖန်တီးဖော်ထုတ်လိုက်တဲ့ ဒီအယူအဆမှာ ကမ္ဘာကြီးအဖို့ (အရင်းရှင်စနစ်မှတပါး)"တခြားရွေးစရာမရှိတော့ဘူး"၊"သမိုင်းဟာဆုံးခန်းတိုင်သွားပြီ"စတဲ့ အယူအဆမျိုးတွေပဲ လွှမ်းမိုးနေပါတယ်။ ဆိုလိုတာက ကွန်မြူနစ်တွေလျှောက်တဲ့လမ်းကြောင်းဟာ ခေတ်နဲ့မလျော်ညီတော့ဘူး၊ ရှိနေတဲ့စနစ်နဲ့ အာဏာရထားသူတွေကို တော်လှန်ရေးနဲ့ ဖယ်ရှားမယ်ဆိုတာမျိုး မတွေးကြနဲ့တော့လို့ ဆိုချင်ကြတာပါ။ သူတို့အဆိုအရတော့ လူဖြူအန်ဂလိုဆက္ကဆွန်တွေ(Anglo Saxon) ဖော်ထုတ်ချုပ်ကိုင်ထားတဲ့ အရင်းရှင်ဒီမိုကရေစီစနစ်သာလျှင် ကမ္ဘာပေါ်မှာအကောင်းဆုံးစနစ်၊ ကမ္ဘာဆုံးတိုင် တည်မြဲမယ့်စနစ်လို့ ဆိုချင်ကြတာဖြစ်ပါတယ်။ အဲဒီကာလတုန်းက ဒီအယူအဆတွေကို တွင်တွင်ပြောပြီး ကမ္ဘာ့ခေါင်းဆောင်လုပ်ခဲ့ကြသူတွေထဲမှာ ဗြိတိန်က မာဂရက်သက်ချာ နဲ့ အမေရိကန်က ရော်နယ်လ်ရီဂင်၊ ဟီလာရီကလင်တန်၊ နဲ့ဒေါ်နယ်ထရမ့်ပ်တို့ ပါပါတယ်။ သူတို့ရဲ့စဉ်းစားနည်းက ကမ္ဘာကြီးကို အမေရိကန်နိုင်ငံကပဲ သူ့လက်ထောက်နိုင်ငံတချို့နဲ့အတူ ခန့်ခွဲအုပ်ချုပ်သွားတော့မယ် ဆိုတာဖြစ်ပါတယ်။ အမေရိကန်အင်ပါယာကြီးလို့တောင် ဆိုသူကဆိုကြပါသေးတယ်။ အဲဒီအချိန်မှာ အနောက်နိုင်ငံတွေဟာ ၁၉၇၀ ခုနှစ်များတုန်းက စီးပွားရေးထိုင်းမှိုင်းမှုကြီးက ပြန်လည်နာလန်ထူနေတဲ့အချိန်ဖြစ်လို့လည်း မိုးကြီးလေကြီး စကားတွေပြောနေနိုင်တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၀၈ ခုနှစ်မှာ ပေါ်ပေါက်လိုက်တဲ့ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကြီး ပေါ်လာတော့ သူတို့တတွေကို တိခနဲ နှုတ်ပိတ်သွားရပါတယ်။ "သမိုင်း ဆုံးခန်းတိုင်သွား ပြီ" အယူအဆဝါဒဖြန့်ပွဲကြီးဟာလည်း ဒီလိုနဲ့ပဲ ဆုံးခန်းတိုင်သွားရပါတယ်။

ဒီတော့ လက်ယာစွန်းသမားတွေနဲ့ ခေါင်းမာလှတဲ့ ထရမ့်တို့လို နီယိုလစ်ဘရယ်ပဂေးကြီးတွေဟာ နီယိုလစ်ဘရယ်ဝါဒအသစ်တခုကို ဘယ်လိုလုပ်ပြီး ပွဲထုတ်ရမလဲလို့ ခေါင်းကုတ်စဉ်းစားနေကြပါတယ်။ တီထွင်မယ့်လူကို မျှော်လင့်နေကြပါတယ်။ ဒ့ါအပြင် လောလောဆယ်ဆယ် ဒီလိုအခြေအနေကနေ ရုန်းထွက်ဖို့နဲ့ လာမယ့်ရွေးကောက်ပွဲမှာ ပြန်အရွေးခံရဖို့ ကြိုးစားရတဲ့ထရမ့်ပ်ဟာ ကိုဗစ်-၁၉အပါကနေ့ ကြုံတွေ့နေရတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ပြည်တွင်းရေး အကျပ်အတည်းတွေအတွက် တရုတ်အပေါ်ပုံချတာ၊ စစ်အေးစစ်ပွဲ အသစ်တခု ထပ်မံဖန်တီးဖို့ကြိုးစားနေတာတွေ လုပ်နေပါတယ်။ တပါတည်းမှာ ဒီလို ကိုဗစ်ရောဂါနဲ့ စီးပွားရေးအကျပ်အတည်းကို အခွင့်ကောင်းယူပြီး အာဏာတည်မြဲရေးလုပ်လိုသူတွေအတွက် စံပြလူမိုက်တယောက်ဖြစ်ရတာကိုလည်း သူ့ကိုယ်သူ ဂုဏ်ယူနေပါတယ်။

ထရမ့်ပ်ဂုဏ်ယူတာကိုလည်း အပြစ်မဆိုသာပါဘူး။ ဗမာပြည်က အာဏာရစစ်အုပ်စုနဲ့ အစိုးရတို့ဟာ ဒီလိုအခက်အခဲနဲ့ ဒုက္ခ မျိုးစုံထဲနေ လူထုကိုအာရုံလွှဲဖို့အတွက် ထရမ့်ပ်ကိုအတုယူပြီး ရခိုင်ပြည်နယ်မှာ ထိုးစစ်တွေမြှင့်တင်နေတာ၊ ဘာသာရေး-လူမျိုးရေး အဓိကရုဏ်းတွေ အချိန်မရွေးဖန်တီးလို့ရအောင် အခြေအနေတွေပြင်ဆင်နေတာ စတဲ့လုပ်ရပ်မျိုးတွေနဲ့ လူထုကိုအာရုံလှည့်ဖြားနေကြပါတယ်။ တနည်းပြောရရင် ဒီအာဏာရထိပ်သီးတွေဟာ ပြည်သူလူထုကို ကိုရိုနာမိုင်းရပ်စ်ရန်က ကယ်တင်ဖို့ထက် မိမိအာဏာလက်မလွှတ်ရေးကို ပိုအလေးထားလုပ်နေကြပါတယ်။ ဒီလိုကာလမှာ ကျန်းမာရေးနဲ့ လူမှုကယ်တင်ရေးစရိတ်ထက် သူတို့စစ်တပ်အသုံးစရိတ်ကို အဆများစွာတိုးမြှင့်နေတာဟာ သာဓကတခုပါပဲ။

ဒီလိုအခြေအနေမှာ သဘာဝကျစွာပဲ သူတို့နောက်လိုက်တွေ၊ ဝဖားတွေနဲ့ဖွဲ့စည်းထားတဲ့ လူ့အလွှာ အသီးသီးကသမဂ္ဂတွေ၊ ဘာသာရေး၊ လူမျိုးရေးအဖွဲ့အစည်းတွေ ပေါ်ထွက်လာ၊ အစွမ်းပြလာနိုင်စရာ အန္တရာယ်တွေရှိပါတယ်။ ပြည်သူလူထုဘက်ကတော့ ဒီရောဂါနဲ့ စီးပွားရေးအခက်အခဲ ကြုံရမှုတွေကို အခွင့်ကောင်းယူပြီး မိမိတို့ချင်း စည်းလုံးမှုတွေတည်ဆောက်တာ၊ မြေပေါ်မြေအောက်ဖွဲ့စည်းမှုတွေ ပြင်ဆင်တာ၊ ပြုလုပ်တာတွေနဲ့ စရပါတော့မယ်။ လုပ်သင့်ပါပြီ။ အန္တရာယ်ဟာ မိုးကုပ်စက်ဝိုင်းဟိုဘက်မှာ တည်ရှိနေတာ မဟုတ်တော့ပါဘူး။

**ရဲဘော်ဖိုးသံချောင်း**

# ကိုဗစ် ၁၉ အန္တရာယ်
# ရဲဘော်အောင်သော်

ကိုဗစ် ၁၉ ဟာ အုပ်စိုးသူအစိုးရက သတိကြီးကြီး၊ အမြော်အမြင်ကြီးကြီးထားပြီး အစွမ်းကုန် အင်အားစိုက်ထုတ်ကာကွယ် တိုက်ဖျက်တာမျိုး မလုပ်ခဲ့ရင် သမိုင်းမှာ အဆိုးဆုံး ရောဂါကြီးအဖြစ် ကျရောက်လာနိုင်တာမို့ အထူးစိုးရိမ်မိပါတယ်။

ကိုဗစ် ၁၉ က တကမ္ဘာလုံးကို ခြိမ်းခြောက်နေချိန်မှာ AA ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် မတရားအသင်းအဖြစ် စစ်တပ်နဲ့ အစိုးရက ကြေညာလိုက်တယ်။ အများပြည်သူအတွက် သတင်း အချက်အလက်က သေရေးရှင်ရေး အရေးကြီးနေချိန်မှာ ရခိုင်ပြည်နယ်ကို အင်တာနက် ဆက်လက်ဖြတ်တောက်ပြီး သတင်းအမှောင်ချထားတယ်။ ဒါဟာ ရခိုင်မှာ စစ်တိုးတိုက်မယ်ဆိုတာ အချက်ပြတာပဲ။ ရခိုင်ရွာသားနဲ့ အေအေကို အတူတူ သဘောထားပြီး မတရားတဲ့ ဖိနှိပ်ညှဉ်းပန်းမှုတွေကို စစ်တပ်က အရင်ကတည်းက လုပ်ခဲ့ရာမှာ အခု မတရားအသင်းပုဒ်မတပ်ပြီး တိုးလုပ်မယ့်လက္ခဏာပဲ။ ဒါ့ကြောင့် အခုလို ကပ်ဘေး အန္တရာယ်ရင်ဆိုင်နေရချိန်မှာ ပြည်သူလူထုအတွက် သိပ်စိုးရိမ်စရာ ကောင်းပါတယ်။



တိုင်းပြည် အန္တရာယ်ကျရောက်ချိန်မှာ အုပ်စိုးသူ ပဒေသရာဇ်လူတန်းစားအတွင်း အာဏာလုနေကြလို့ လွတ်လပ်ရေးဆုံးရှုံးခဲ့တဲ့ သင်ခန်းစာကို သတိရစေချင်ပါတယ်။ ပြည်သူလူထု တသိန်းခွဲခန့် သေကြေတဲ့အချိန်မှာ ၂၀၀၈ ဖွဲ့စည်းပုံကို အဓမ္မအတည်ပြုတဲ့ ရက်စက်တဲ့ စစ်အာဏာရှင်လုပ်ရပ်မျိုးကို နောက်ထပ် မမြင်တွေ့လိုပါ။ ဗမာပြည်ဟာ ကိုဗစ် ၁၉ လူနာကို နောက်ကျပြီး တွေ့ခဲ့ရပေမယ့် အဆိုးဆုံးဖြစ် လာနိုင်လောက်တဲ့ အခြေခံများစွာရှိနေတဲ့အတွက် အထူးသတိပေးချင်ပါတယ်။

ညနေစောင်း စက်ရုံဆင်းချိန်မှာ ထောင်နဲ့ချီပြီး စက်ရုံကထွက်လာတဲ့ အလုပ်သမားတွေကို ကြည့်ပါ။ ဘယ်လောက် အန္တရာယ်ကြီးတယ်ဆိုတာ အားလုံးတွေးကြည့် သိနိုင်ပါတယ်။ ဘတ်စ်ကားပေါ်မှာ ပခုံးချင်းထိ၊ ကျောချင်းကပ်၊ ရင်ချင်းအပ်စီးကြရတဲ့ ဆင်းရဲသားပြည်သူတွေရဲ့ အန္တရာယ်ကို တွေးကြည့်ပါ။ ဒါတွေအတွက် အစိုးရက ဘယ်လို စီစဉ်ထားပါသလဲ။ ဘယ်သူမှ ဘာမှ မသိရပါ။ ဘာအစီအစဉ်မှ မရှိသေးဘူးလို့ ယူဆရပါတယ်။

ရန်ကုန်မြို့တော်ကြီးမှာ ထရံတချပ်သာခြားပြီး နေထိုင်ကြတဲ့ မိသားစုတွေ အများအပြားရှိပါတယ်။ ကိုယ်ပိုင် အိပ်ခန်းနဲ့ မနေနိုင်၊ အခန်းမဖွဲ့ဘဲ အိပ်ကြရတဲ့ မိသားစုတွေ မြောက်မြားစွာရှိပါတယ်။ အိမ်အောက်မှာ ဗွက်အိုင်ရေအိုင်ကြီးတွေ နှစ်ပေါက်အောင် ရှိနေတတ်တဲ့ အိမ်တွေ၊ ဘယ်တော့မှ ရေစီးရေလာ မကောင်းတဲ့ နောက်ဖေး ရေမြောင်းတွေ၊ ရေမြောင်းနှုတ်ခမ်းမှာတည်ထားတဲ့ ဂုံနီအိတ်စုတ် ကာထားတဲ့ အိမ်သာတွေကို ရန်ကုန်မြို့စွန်ရပ်ကွက်တွေမှာ မမြင်ချင်မှအဆုံးပါ။ ဒီလိုနေရာ ကိုဗစ် ၁၉ ရောက်လာရင် ဘာတွေ ဖြစ်မလဲ။

ကိုဗစ် ၁၉ ဟာ ပြည်တော်ပြန်ဝင်လာသူတွေက စပါလိမ့်မယ်။ အထိန်းသိမ်း လက်မဦးရင် တပြည်လုံး မြန်မြန်ဆန်ဆန် ရောက်ပါလိမ့်မယ်။ တရွာလုံး အိမ်သာတလုံးမှ မရှိတဲ့ တောရွာတွေ၊ အိမ်သာနည်းနည်းပဲ ရှိသေးတဲ့ တောရွာတွေကို ကိုဗစ် ၁၉ ရောက်ရင် ဘာတွေဖြစ်မလဲ။ တရွာလုံးမှာ ရေတွင်းတတွင်းပဲရှိပြီး အဲဒီတွင်းကရေကို တရွာလုံးသုံးတဲ့ နေရာတွေမှာ ဘာဖြစ်မလဲ။ တချို့ရွာတွေမှာ အဝီစိတွင်း ဘုံဘိုင်တခုတည်းက ရေကို တရွာလုံးက မိသားစုရေနဲ့ချီ သုံးပါတယ်။ တချို့ရွာတွေမှာ ချောင်းထဲက လက်ယက်ရေတွင်းထဲက ရေကို တရွာလုံး သောက်ပါတယ်။ ရွာအများစုမှာ လျှပ်စစ်မီးမရှိပါဘူး။

ပလပ်စတစ်မိုးကာလေး မခိုင့်တခိုင်နဲ့ နေကြရတဲ့ စစ်ဘေးရှောင်ပြည်သူတွေရဲ့နေရာမှာ ကပ်ရောဂါကျရောက်ခဲ့ရင်တော့ မတွေးဝံ့စရာ အခြေအနေပါပဲ။ ကပ်ရောဂါကြီး ကျရောက်နေချိန်မှာ ရခိုင်ကို စစ်တိုးတိုက်ဖို့ပြင်ဆင်နေတာဟာ ရခိုင်အမျိုးသားအားလုံးကို အပျောက်ရှင်းဖို့ ကြိုးစားနေသလို ရှိပါလိမ့်မယ်။ ဒါထက်ဆိုးဝါးတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှု ရှိတော့မယ်မထင်ဘူး။

ကပ်ဘေးနဲ့ ရင်ဆိုင်နေရချိန်မှာတောင် စစ်အုပ်စုဟာ အာဏာအကျိုးစီးပွားအတွက် အခွင့်ကောင်းယူပြီး လယ်သမားတွေကို အကြမ်းဖက်ဖိနှိပ်တာ (အောင်သပြေ) ကျောင်းသားတွေကို အကြမ်းဖက်ဖိနှိပ်တာ (ကမာရွတ် တရားရုံးအတွင်း) တွေ ပြောင်လုပ်လာတယ်။ ကာလုံခေါ် အရေးပေါ်အခြေအနေ ကြေညာခိုင်းပြီး စစ်တပ်ကို အာဏာအပ်ဖို့ တိုက်တွန်းနေတယ်။

ပြင်းပြင်းထန်ထန် ပြတ်ပြတ်သားသား ကိုင်တွယ်တဲ့ တရုတ်နိုင်ငံဟာ ပထမဆုံး ကပ်ဘေးကျရောက်ပြီး လူဦးရေ အများဆုံး နိုင်ငံဖြစ်ပေမယ့် ကပ်ဘေးကို ထိန်းချုပ်နိုင်ခဲ့ပါတယ်။ တွေဝေနှောင့်နှေးခဲ့တဲ့ အီတလီနိုင်ငံဟာ ကမ္ဘာမှာ ကျန်းမာရေး စောင့်ရှောက်မှု ဒုတိယအကောင်းဆုံး နိုင်ငံဖြစ်ပေမယ့် ဒုက္ခပင်လယ် ဝေနေဆဲပါ။ ဝန်ကြီးချုပ် ကိုယ်တိုင် ဘာမှ မလုပ်တတ်တော့ပါဘူးလို့ မျက်ရည် တောက်တောက် ကျယူရပါတယ်။ အီတလီ ရောက်နေတဲ့ ဗမာတယောက်က ပြည်တွင်းနေမိတ်ဆွေတွေကို ငိုယိုပြီးသတိပေးပါတယ်။ မင်းတို့ အပြင်မထွက်ကြပါနဲ့ကွာ။ ငါတောင်းပန်ပါတယ်။ အားလုံးသေကုန်ကြလိမ့်မယ်တဲ့။ ဒါဟာ သူတို့ သင်ခန်းစာကနေ ထွက်ပေါ်လာတဲ့ စေတနာနဲ့ သတိပေးချက်ပါ။

ဗမာပြည်ဟာ အများကြီးနောက်ကျပြီးမှ ကပ်ဘေးကို ရင်ဆိုင်ရတယ်။ ကိုယ့်ရှေ့က သင်ခန်းစာတွေကို မြင်နေရတယ်။ ရွှေထက်အဖိုးတန်တဲ့ ပြင်ဆင်ချိန်တွေ ရနေတယ်။ ဒါပေမဲ့ ဒါတွေကို အလဟဿဖြုန်းတီးပြီး တိုင်းရင်းသားတွေနဲ့ စစ်ခင်းဖို့ပြင်ဆင်နေတာ ကိုတွေ့ ရလို့ စိတ်ပျက်မိပါတယ်။

ဗြိတိန်နိုင်ငံဟာ အသေအပျောက် ၃၀၀ ကျော်တဲ့အချိန်မှာ အိမ့်ပြင်မထွက်ရ အမိန့်ထုတ်လိုက်ပါတယ်။ ဒါကို သိပ်နောက်ကျလွန်းတယ်လို့ အီတလီ၊ စပိန်က ပညာရှင်တွေက ဝေဖန်ကြပါတယ်။ ဗမာပြည်လို နိုင်ငံမျိုးမှာ ပိတ်ဆို့မိန့်ဟာ သူတို့ထက် ပိုစောလုပ်ဖို့ လိုပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့လိုချမ်းသာတဲ့ နိုင်ငံတွေမှာထက် ဗမာပြည်မှာ အခက်အခဲ ပိုကြီးမားနိုင်စရာ ရှိလို့ပါပဲ။

ဗမာပြည်မှာ အခု ချင်းပြည်နယ် တီးတိန်နဲ့ ဗိုင်းရပ်စ်တွေ့ရှိသူ ဝင်ရောက်ထိတွေ့ခဲ့တဲ့ ရွာကို ပိတ်ပင်ကန့်သတ်တာ လုပ်လာပြီ။ ရွှေစက်တော် ကျိုက်ထီးရိုး ပွဲတော်တွေ ပိတ်လိုက်ပြီ။ တချို့ကိစ္စတွေ ရောဂါအန္တရာယ် အနီးကပ်လာမှ ဒါမှမဟုတ် အသည်းအသန်ဖြစ်ချိန်ကျမှ လိုက်ပိတ်တာဟာ မလုံလောက်ပါဘူး။ အလုပ်မသွားဖို့၊ ရုံးပိတ်ဖို့၊ အလုပ်တွေပိတ်ဖို့ အခုအချိန် အမိန့်ထုတ်ရင်တောင် နောက်ကျနေပါပြီ။ ဒီလောက်နဲ့ မလုံလောက်တော့ပါဘူး။ Community Quarantine နဲ့ မလုံလောက်တော့ပါဘူး။ မြန်မြန်ဆန်ဆန် lock down လုပ်မှ တော်ကာကျမှ အခြေအနေပါ။ ဘာ့ကြောင့်လဲဆိုတော့ ဆင်းရဲတဲ့ ဗမာနိုင်ငံမှာ ဖြေရှင်းရခက်တဲ့ အခက်အခဲတွေ သိပ်များ၊ သိပ်ကြီးမားမှာမို့ စောစောစီးစီး ကြိုလုပ်ရင်တောင် နောက်ကျဦးမှာပါ။ ဗမာပြည်မှာ ရန်ကုန်နဲ့ မန္တလေးလို မြို့ကြီးတွေမှာ အခုချိန်မှာကို အိမ့်ပြင်မထွက်ရ အမိန့်ထုတ်သင့်ပါပြီ။ ရန်ကုန်မှာ ဗိုင်းရပ်စ်ရောဂါပိုးရှိသူ သွားလာလှုပ်ရှားခဲ့တာလည်း အားလုံးအသိပါ။ ခုချိန်ထုတ်ထားမှ နောက် ၂ ပတ်၊ ၃ ပတ်၊ ၄ ပတ် ကြာတဲ့ အချိန်မှာ တကယ်အသက်ဝင်နိုင်မှာပါ။ လော့ခ်ဒေါင်းလုပ်ကြတာ နောက်ကျရင် လက်ဦးမှုရှိရှိ မလုပ်ရင် အဲဒီနိုင်ငံ အထိနာတယ်ဆိုတာ နိုင်ငံတကာ အတွေ့အကြုံတွေက သက်သေပြထားပြီးပါပြီ။ ဒါကြောင့် အလေးထား တင်ပြနေရတာပါ။ အိမ်ပြင်မထွက်ရလို့ ကန့်သတ်ပိတ်ပင်ရင်တောင် အိမ်သားတွေထဲမှာ ရောဂါကူးစက်ပြီး သေဆုံးတာမျိုး ရှိနေနိုင်သေးတာပါ။ နောက်က ဖြေရှင်းရမယ့်ပြဿနာတွေကို အစိုးရအနေနဲ့ အချိန်မီလိုက်လုပ်နိုင်ပါ့မလားဆိုတာတော့ စဉ်းစားတွက်ဆထားဖို့ လိုတယ်။ ဒါပေမဲ့ အစိုးရအနေနဲ့ ဒါတွေကို ရင်ဆိုင်ဖို့ ပြင်ဆင်ပြီး နိုင်နင်အောင် ကြိုးစားဆောင်ရွက်ရမှာပါ။

ဗြိတိန်လို၊ အီတလီလို၊ စပိန်လို နိုင်ငံတွေမှာ အိမ့်ပြင်မထွက်ရ အမိန့်ဒီနေ့ထုတ်ရင် ဒီနေ့ အတည်ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ သူတို့ဆီမှာ မိသားစုတိုင်းဟာ တလစာ ရိက္ခာလောက်တော့ ဝယ်ယူစုဆောင်းနိုင်တဲ့ အခြေအနေရှိပါတယ်။ ဗမာနိုင်ငံမှာ တပတ်စာ

ရိက္ခာတောင် ဝယ်ယူစုဆောင်းနိုင်စွမ်း မရှိတဲ့ ဆင်းရဲသားတွေ ဒုနဲ့ဒေးပါ။ တရက်စာတောင် ကြိုမဝယ်နိုင်တဲ့ မိသားစုတွေ အများကြီးရှိပါတယ်။ မနက်လင်းတာနဲ့ ထမင်းအိုးနဲ့ ဟင်းအိုးကို အပေါင်ထားပြီး ရတဲ့ငွေကို ကားခအဖြစ်သုံး အလုပ်ဆင်း၊ ညနေအလုပ်ပြန်တော့မှ ထမင်းအိုး ဟင်းအိုးကို ပြန်ရွေးပြီး ချက်ပြုတ်စားသောက်ရတဲ့ မိသားစုတွေရှိတယ်ဆိုတာ လူတိုင်းသိပါတယ်။ အဲသလို လူတွေကို အိမ်အပြင်မထွက်ရ အမိန့်ထုတ်မယ်ဆိုရင် အစိုးရက တာဝန်ယူရပါလိမ့်မယ်။ အစိုးရက သူတို့ အတွက် စားစရာပေးရပါမယ်။ အခု ရောဂါကုသရေးအတွက် အသုံးပြုဖို့ ငွေကြေးပြင်ဆင်ထားတယ်လို့ ကြားရတယ်။ ဖြစ်လာမှ သုံးတာထက် မဖြစ်ခင်၊ ရောဂါ ကူးစက်မှု မကျယ်ပြန့်ခင်ကတည်းက လိုအပ်တဲ့သုံးစွဲမှုတွေ လုပ်သွားရမှာပါ။ တိုက်ပွဲတွေရပ်ပြီး စစ်ပွဲအတွက် သုံးမယ့်ငွေတွေကို အဲသလိုလူတွေအတွက် စားနပ်ရိက္ခာ ခွဲတမ်းချပေးရပါမယ်။ ဘဏ်မှာထားတဲ့ နိုင်ငံတော်ဘတ်ဂျက်ငွေတွေကို အဲဒီအတွက် သုံးရပါမယ်။ အစိုးရဆီက ပါမစ်တွေ၊ အထူးကုမ္ပဏီ ထူထောင်ခွင့်ရထားသူတွေ၊ သွင်းကုန် ထုတ်ကုန်လိုင်စင် အမျိုးမျိုးရထားတဲ့လူတွေဆီက အလှူခံသင့်တာခံ၊ အခွန် တိုးကောက်သင့်တာကောက်ပြီး ဆင်းရဲသားတွေကို အိမ်တိုင်ရာရောက်စားနပ်ရိက္ခာ ခွဲဝေပို့ပေးရပါလိမ့်မယ်။ နိုင်ငံတကာကနေ ရနိုင်သမျှ အကူအညီကို တောင်းခံရပါလိမ့်မယ်။ ငွေရေးကြေးရေးအကူအညီ၊ ကျန်းမာရေးအကူအညီ၊ အကြံဉာဏ်အကူအညီ ရနိုင်သမျှ ယူရပါမယ်။ တရုတ်၊ ရုရှား၊ ကျူးဘားလို အခု ကမ္ဘာကို အကူအညီပေးနေတဲ့ နိုင်ငံတွေဟာ ဗမာနဲ့ဆက်ဆံရေး ကောင်းတဲ့ နိုင်ငံတွေပါ။ ဘယ်နိုင်ငံ ဘယ်အဖွဲ့အ စည်းဆီက မဆို အကူအညီရယူသင့်ပါတယ်။

အစိုးရကသာ တကယ်ထိထိရောက်ရောက် ဖိဖိစီးစီးလုပ်ရင် ပြည်သူတွေက ပူးပေါင်းပါဝင်လာကြမှာပါ။ အရပ်ဖက် အဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်းတွေထဲကနေ ကူညီချင်သူတွေ ထွက်ပေါ်လာပါလိမ့်မယ်။ လူငယ်တွေ အသက်စွန့် ကူညီကြပါလိမ့်မယ်။ အစိုးရက တကယ် စွန့်စွန့်စားစားဦးဆောင်ရင် စည်းစည်းလုံးလုံးနဲ့ အသက်စွန့်အလုပ်လုပ်မယ့် လူငယ်တွေ ဗမာပြည်မှာ အများကြီးရှိပါတယ်။ တရုတ်လို ပြတ်သားမှ ဗမာဟာ ကပ်ဘေးကို ထိန်းချုပ်နိုင်မှာပါ။ အီတလီလို နှောင့်နှေးရင် တတိုင်းပြည်လုံး ပြုတ်ပြုတ်ပြုန်းသွားနိုင်ပါတယ်။ ဒါအရေးကြီးပါတယ်။ မှားလို့ မဖြစ်တဲ့ ဆုံးဖြတ်ချက်ပါ။

စီးပွားရေးဆုတ်ယုတ်မှာ ကြောက်ပြီး အလုပ်တွေ ရပ်တာ၊ ပိတ်ဆို့တာ နှောင့်နှေးရင် လူတွေ အမြောက်အမြားသေကြေပြီး ပိုဆိုးတဲ့ စီးပွားရေးဆုတ်ယုတ်မှုနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ တနိုင်ငံလုံး ကပ်ဘေးကြီးပျံ့နှံ့ပါလိမ့်မယ်။အစိုးရက ဘာမှမကူညီဘဲ မပြင်ဆင်ဘဲ ရောဂါကို မထိန်းနိုင်တော့မှ ရုတ်တရက် ပိတ်ဆို့လိုက်ရင် ဆင်းရဲသားပြည်သူတွေကို အိမ်ထဲမှာ ပိတ်သတ်သလိုရှိပါလိမ့်မယ်။ အစိုးရက အစားအစာမပေးနိုင်ရင် ဗိုက်ဆာတဲ့သူတွေဟာ သူတို့အတွက် အစားအစာကို သူတို့ဖာသာ ထွက်ရှာပါလိမ့်မယ်။

အငတ်ဘေးကျရောက်သူဟာ အသက်ဘေးကို မကြောက်ပါဘူး။ ဆန့်ကျင်မှုတွေ၊ ပုန်ကန်မှုတွေ၊ အုံကြွမှုတွေ ပေါ်ပေါက်လာနိုင်ပါတယ်။ နိုင်ငံတကာမှာလည်း ရောဂါကူးစက်ခံ စက်ရုံတွေမှာ အလုပ်သမားများက အန္တရာယ်ဘေးကို ဖြေရှင်းပေးဖို့ တောင်းဆိုလှုပ်ရှားတာတွေ ရှိနေပါတယ်။ ( အိန္ဒိယမှာလည်း မြို့ပြဆင်းရဲသားများက အစားအစာ ရရှိရေး တောင်ဆိုမှုတွေ လောလောဆယ်မှာကို ဖြစ်ပေါ်နေတယ်။ ဗမာပြည်မှာလည်း ဒီနေ့ကိုပဲ အလုပ်သမားဆန္ဒပြမှုတွေ ပေါ်လာနေပြီ။ အာဏာပိုင်များအနေနဲ့ နေပြည်တော်မှာ ပြုလုပ်ခဲ့တဲ့ COVID -19 ကာကွယ်ထိန်းချုပ်ရေးကော်မတီ အစည်းအဝေးမှာလို "ကမ္ဘာ့ကပ်ရောဂါအသွင် ဖြစ်ပွားနေတဲ့ကာလအတွင်း အလုပ်သမားတွေဘက်က ဆန္ဒမပြဖို့ သဘောတူညီချက်ရရှိခဲ့တယ်"ဆိုတဲ့အချက်နဲ့ချည်ပြီးတုတ်ပြီးလုပ်တာမျိုး၊ လုံခြုံရေးအကြောင်းပြ အကြမ်းဖက်ဖို့ ပြင်ဆင်ထားတာမျိုးတွေ မလုပ်ဖို့ လိုပါတယ်။

ဒီလှုပ်ရှားမှုဟာ တရားနည်းလမ်းကျတဲ့ကိစ္စဖြစ်လို့ မျက်နှာလွှဲထားလို့ မဖြစ်ပါဘူး။ ဒါကြောင့် အဲသလို အုံကြွမှုတွေ ဖြစ်လာရင်လည်း ဒါဟာ အုံကြွသူတွေရဲ့တာဝန်မဟုတ်ဘူး။ စီမံခန့်ခွဲမှုညံ့ဖျင်းတဲ့ အုပ်ချုပ်သူတွေရဲ့တာဝန်သာဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်။

**ရဲဘော်အောင်သော်**

၂၅-၃-၂၀၂၀

# AA နဲ့ ULA အဖွဲ့ကို မတရားအသင်းနဲ့အကြမ်းဖက်အဖွဲ့အစည်းအဖြစ် အစိုးရက ကြေညာလိုက်တာရဲ့ နိုင်ငံရေးအဓိပ္ပာယ်

**ကိုထွေး**

၂၀၂၀ မတ်လ ၂၃ ရက်နေ့မှာ ရက္ခိုင်တပ်မတော် (AA) နဲ့ ၎င်းရဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့ဖြစ်တဲ့ ရခိုင်အမျိုးသားအဖွဲ့ချုပ်United League of Arakan (ULA) တို့ကို ဒီချုပ်အစိုးရက မတရားသင်း နဲ့ အကြမ်းဖက်အဖွဲ့အဖြစ် ပြည်ထဲရေးဝန်ကြီးက လက်မှတ်ထိုးပြီး ကြေညာခဲ့ပါတယ်။ ဒီကြေညာချက်ရဲ့ နိုင်ငံရေးအဓိပ္ပာယ်ကို သုံးသပ်ကြည့်ရင် အောက်ပါအတိုင်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။

၁။ ဒီချုပ်ဟာ အစိုးရတာဝန်ယူပြီးကတည်းက စစ်အုပ်စုနဲ့ နိုင်ငံရေးအင်အားစုများ၊ လူမျိုးစုလက်နက်ကိုင်နဲ့ လက်နက်မကိုင်အဖွဲ့အစည်းများရဲ့ကြားမှာ တည်ရှိနေတဲ့ ဒီမိုကရေစီနဲ့အမျိုးသားအခွင့်အရေးဆိုင်ရာ နိုင်ငံရေး ပြဿနာများကို ဖြေရှင်းဖို့ ကြိုးစားရာမှာ နှစ်ဦးနှစ်ဖက် တန်းတူညီမျှမှုရှိစွာ ကျေနပ် အေးချမ်းမှုရှိအောင် မဖြေရှင်းခဲ့ဘဲ စစ်အုပ်စုဘက်က သာသာထိုးထိုး ရပ်ပြီးသာ ဖြေရှင်းခဲ့တာ ဖြစ်ကြောင်း ဒီအချက်က ထပ်မံဖော်ပြလိုက်တာ ဖြစ်ပါတယ်။

၂။ နိုင်ငံရေးအင်အားစုများ၊ လူမျိုးစုအဖွဲ့အစည်းများ အားလုံးအနေနဲ့ နိုင်ငံရေးအခွင့်အရေးများကို တောင်းဆို တိုက်ပွဲဝင်ရာမှာ လက်ရှိ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ကိုင်စွဲ လုပ်ဆောင်နေသလိုမျိုး စစ်အုပ်စုက ချမှတ်ခွင့်ပြုထားသော ဥပဒေလုပ်ထုံးလုပ်နည်းများအရသာ လိုက်ပါလုပ်ဆောင်သင့်ကြောင်း၊(၂၀၀၈ ခြေဥကို အောက်မကျို့ဘဲ) ပြတ်ပြတ်သားသား ရပ်တည်တိုက်ပွဲဝင်တဲ့ တောင်းဆိုချက်များ အားလုံးဟာ တရားမဝင်ဘဲ အကြမ်းဖက်မှုများသာ ဖြစ်တယ်လို့သတ်မှတ်ပြီး ပြတ်သားစွာ တိုက်ခိုက် ချေမှုန်းသွားမှာ ဖြစ်ကြောင်း ဖော်ပြလိုက်တာလည်း ဖြစ်ပါတယ်။

၃။ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် (NCA လမ်းကြောင်းအတိုင်းသာ လုပ်ဆောင်သွားကြဖို့နဲ့ မရနိုင်တာများကို မတောင်းဆိုကြဖို့)၊ NCA ၃ နှစ်မြောက်က ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ရဲ့ မိန့်ခွန်းများအတိုင်း တသွေမတိမ်း လိုက်နာပြီး NCA လမ်းကြောင်းအတိုင်း တိတိကျကျ လိုက်ပါဆောင်ရွက်တဲ့နည်းလမ်းအတိုင်းသာ လုပ်ဆောင်ဖို့၊ NCA လမ်းကြောင်းအတိုင်း မလိုက်နာဘဲ မိမိတို့လိုလားတဲ့ နိုင်ငံရေးအခွင့်အရေးများ တောင်းဆိုနေမှုကို စွန့်လွှတ်ကြဖို့ တောင်းဆိုလိုက်တာ ဖြစ်ပါတယ်။

၄။ NCA လက်မှတ်မထိုးကြသော ကျန် လူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ မိမိတို့တောင်းဆိုချက်အတိုင်း ဆက်လက် တောင်းဆိုပြီး တိုက်ပွဲဝင်မလား၊ NCA လမ်းကြောင်းအတိုင်းသာ လိုက်နာဆောင်ရွက်မလားဆိုတာကို စဉ်းစားဆုံးဖြတ်ကြဖို့ အချိန်နီး ကပ်နေပြီဖြစ်၍ မိမိတို့တောင်းဆိုချက်တွေကို ဆက်လက်ကိုင်စွဲပြီး တောင်းဆိုနေမယ်ဆိုပါက AA/ULA တို့ကို အရေးယူသလို အရေးယူခံရမှာ ဖြစ်ကြောင်း နမူနာအဖြစ် ပြတ်ပြတ်သားသား လုပ်ဆောင်ပြလိုက်ခြင်း ဖြစ်ပါတယ်။

၅။ ချုပ်လိုက်ရင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်လို ၂၀၀၈ ဖွဲ့စည်းပုံဥပဒေကို လက်ခံပြီး လွှတ်တော်တွင်းက ဝင်/ပြင် လမ်းမျိုး လိုက်လျှင်လိုက်၊ အဲသလိုမလိုက်ဘဲ နိုင်ငံရေးဒီမိုကရေစီ အပြည့်အဝ ခံစားခွင့်ရဖို့ တောင်းဆိုမှုများကို တောင်းဆိုနေလျှင် ဒါမှမဟုတ် တိုက်ပွဲဝင်နေလျှင်တော့ လုံးဝခွင့်မပြုဘဲ မတရားသင်းနဲ့ အကြမ်းဖက်အဖွဲ့များအဖြစ်သာ သတ်မှတ်ချေမှုန်းမှာဖြစ်ကြောင်း စစ်အုပ်စုနဲ့ တသဘောတည်း ရပ်တည်ကြေညာလိုက်တာပါ။ ဗမာပြည်မှာ ကမ္ဘာ့စံချိန်ချိုးထားတဲ့ ပြည်တွင်းစစ်ကြီးဟာ ဒီလိုမတရားသင်း ကြေညာတာတွေနဲ့ စခဲ့တာမို့ အခု ဒီကြေညာချက်ကိစ္စကိုလည်း အစိုးရရဲ့ပြည်တွင်းစစ်အပေါ်သဘောထားနဲ့ ဆက်စပ်နေတယ်လို့ပဲ စဉ်းစားရမှာ ဖြစ်ပါတယ်။

ဒီကြေညာချက်ဟာ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးနေကြတဲ့ လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးအတွက် တွေဝေတွန့်ဆုတ်မနေကြနဲ့လို့ သတိပေးလိုက်တဲ့ခေါင်းလောင်းသံဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။ NCA လမ်းကြောင်းအတိုင်း ဆက်လျှောက်ရန် စစ်အုပ်စုနဲ့ဒီချုပ်အစိုးရက ပြတ်သားစွာ ဖိအားပေးလိုက်တာလည်း ဖြစ်ပါတယ်။မကြာလှတဲ့ ရှေ့ခရီးအတွင်းမှာ NCA အတိုင်း လိုက်ပါသွားသူများအဖြစ် ရပ်တည်မလား (ဒါမှမဟုတ်) အကြမ်းဖက် နဲ့ မတရားသင်းလမ်းကြောင်းအတိုင်း လိုက်ပါသူများအဖြစ် ရပ်တည်မလားဆိုတာကို ပြတ်သားစွာ ဖော်ပြကြရတော့မှာလည်း ဖြစ်ပါတယ်။

ဗမာပြည် ကွန်မြူနစ်ပါတီကတော့ ၁၉၄၈ ခုနှစ်မတ်လ ၂၈ ရက်ကတည်းက လက်နက်နဲ့အကြမ်းဖက် ဖိနှိပ်ကာ ဥပဒေဘောင်အတွင်းက မောင်းထုတ်တာခံခဲ့ရတယ်။၁၉၅၃ ခုနှစ်မှာ မတရားသင်းအဖြစ် တရားဝင်ကြေညာတာခံခဲ့ရပြီး ဒီနေ့အထိလည်း ဒီအတိုင်း ဆက်လက်ရပ်တည်ကာ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနဲ့ အမျိုးသား တန်းတူရေးတို့အတွက် စစ်အုပ်စုကို အဖိနှိပ်ခံလူမျိုးပေါင်းစုံ ပြည်သူလူထုကြီးနဲ့အတူ ပြတ်သားစွာ ဆန့်ကျင်တိုက်ပွဲဝင်နေဆဲ ဖြစ်ပါတယ်။ ။

၂၈- ၃- ၂၀၂၀\

# ရောဂါကာကွယ်ရေးမှာ
# ဘယ်သူတွေကိုဦးစားပေးပြီး
# ဘာတွေစဉ်းစားပြင်ဆင်မလဲ

**အောင်ထက်**

ဗမာပြည်ရဲ့ ကိုရိုနာဗိုင်းရပ်စ် ရောဂါပြဿနာဟာ မျက်စိအောက်မှာပဲ (တတိုင်းပြည်လုံး လက်တွေ့အရ လှုပ်လှုပ်ရှားရှား ခုခံကာကွယ်နေရတာအပါအဝင်) သိသိသာသာကြီး ကြီးထွားလာနေပါတယ်။ ရောဂါတွေ့သူ လက်ရှိနည်းနေသေးပေမယ့် အကျယ်အပြန့် ကူးစက်ပြီဆိုရင် တောမီးလောင်သလို တဟုန်းဟုန်း တောက်လောင်ပြီး အားလုံး ပြုတ်ပြုတ်ပြုန်းအောင် ဖျက်ဆီးနိုင်စွမ်းကြီးတဲ့ ရောဂါဆိုးပါ။ လက်ရှိ အစပျိုးအချိန်မှာ ဒီလောက်ပဲ ရှိနေပေမယ့် နောက်တဆင့် ကူးစက်ပြီ ဆိုတာနဲ့ ရောဂါတွေ့ရှိသူ အရေအတွက် ဝုန်းခနဲ တက်လာတတ်ကြောင်း နိုင်ငံတကာ့အတွေ့အကြုံတွေက ပြသနေပါတယ်။ ဒါက ဖျက်ဆီးသတ်ဖြတ်နိုင်စွမ်း ကြီးမားလွန်းတဲ့ရောဂါ၊ ၊ နိုင်ငံတကာက ပိုင်ဆိုင်ထားတဲ့ အတွေ့အကြုံနဲ့ အတတ်ပညာတွေ လိုက်မမီတဲ့ ရောဂါ၊ ဒီရောဂါနဲ့ရင်ဆိုင်တိုးမိတဲ့ ရှေ့တန်းရောက် ထိပ်သီးနိုင်ငံကြီးတွေပင် ပြိုပြိုလဲလဲ ဖြစ်နေချိန်မှာ ဘက်စုံအောက်တန်းနောက်တန်းကျနေတဲ့၊ အခြေပျက်နေပြီဖြစ်တဲ့ဗမာနိုင်ငံအနေနဲ့ နဂါးမင်းကို စစ်ပြိုင်ရမယ့် သူဖုန်းစားပမာ ဖြစ်နေရပါတယ်။ ပြည်သူတွေဟာ ဘက်ပေါင်းစုံက လည်မျိုညှစ် အသတ်ခံရတော့မယ့် အနေအထားမျိုး ရောက်နေပါပြီ။

ရောဂါတွေ့ရှိသူ ၂၁ဦးနဲ့ သေဆုံးသူ ၁ ဦးဆိုတဲ့အထဲမှာ ဘယ်လိုအလွှာကဘယ်နှစ်ယောက်ပါတယ်၊ ပြည်တွင်းကျမှ ထပ်ပွားတဲ့ ဝေဒနာသည်တွေဟာ ဘယ်လိုလူတွေဖြစ်တယ်၊ ဘာကြောင့် ဖြစ်ရတယ် စသဖြင့် သူတို့တတွေ အချက်အလက် ကောက်ယူ၊ စုဆောင်း ထုတ်ပြန်တာ အခိုင်အမာ သုံးသပ်တင်ပြတာ မတွေ့ရသေးပါဘူး။ တာဝန်ရှိသူတွေက အစီအစဉ်ရှိဟန်လည်း မဖော်ပြပါဘူး။ အချက်အလက်နဲ့ အမှန်တရားကို ကြောက်ကြပေသကိုးလို့ သာအောက်မေ့ရတော့မှာပါ။




သူတို့က စစ်ဗိုလ်တွေ၊ ဗိုလ်ထွက်တွေ အများကြီးပါတဲ့ ထိန်းချုပ်ရေးနှင့် " အရေးပေါ် တုံ့ပြန်ရေး ကော်မတီ"ဆိုတာကို ဖွဲ့စည်းလိုက်ပါတယ်။ အဲဒီနောက် အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီရောဂါနဲ့ပတ်သက်ပြီး စကားထွက်ပြောတာ လုပ်ပါတယ်။ သူပြောတဲ့အထဲမှာ အထင်ရှားဆုံးကတော့ အစိုးရဘက်က ဘယ်လို ငွေထုတ်သုံးမယ်၊ ဘာတွေ လုပ်ပေးမယ်ဆိုတာမျိုးတွေ တခုမှမပါဘဲ ပြည်သူလူထုတွေကိုသာ ဘာတွေလုပ်ကြ၊ ဘာတွေမလုပ်ကြနဲ့ ဆိုတာတွေ တောင်းဆိုတာပါပဲ။ သူများနိုင်ငံတွေမှာ ခရိုနီတွေ၊ သူဌေးကြီးတွေဆီက အစိုးရက ငွေ

ကောက်ခံ၊ ဟိုသူဌေးကြီးတွေက ( အစိုးရကိုမျက်နှာလုပ် လိုလို့ပဲဖြစ်စေ) ငွေတွေထည့်ကြတာတွေ မြင်တွေ့နေရပေမယ့် ဗမာပြည်ရဲ့ စစ်ခရိုနီကြီးတွေ အများစုကတော့ တခြားဘုံတခုမှာ ရောက်နေသလား အောက်မေ့ရပါတယ်။ (တဦးစ နှစ်ဦးစ သူဌေးကြီးတွေနဲ့ ပြည်သူ အလှူပေါင်းစုံက လှူဒါန်းထည့်ဝင်နေကြတာတော့ တွေ့ရပါတယ်။)

ဒီနေ့လို လူတွေရဲ့အသက်ကိုကယ်ဖို့အရေးတကြီးလိုအပ်နေချိန်မှာ အစိုးရနဲ့စစ်တပ်တို့ဟာ ရခိုင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တို့မှာ လူတွေ တရကြမ်းသတ်နေကြပါတယ်။ ဒီလိုကာလကြီးမှာ ပြည်တွင်းစစ်ကို -တနည်း လူသတ်ပွဲကို- တရားဝင်ဆင်နွှဲနိုင်အောင် မတရားသင်းကြေညာတာတွေလုပ်ပြီး အကြီးအကျယ် စစ်ခင်းနေပါတယ်။ သင်းတို့မရှက်ပေမယ့် နိုင်ငံအတွက်တော့ရှက်စရာပါ။

ပြည်သူတွေဟာ ငတ်ပြတ်မှု၊ အလုပ်လက်မဲ့ဖြစ်မှု၊ အစာရေစာရှားပါးမှုတွေအပြင် မတရားသတ် ဖြတ်ခံရမယ့်အန္တရာယ်ကိုလည်း ရင်ဆိုင်နေရပါတယ်။ ဒီလို တနိုင်ငံလုံး ဒုဗ္ဘိက္ခန္တရကပ် ကျနိုင်တဲ့ အနေအထားမှာ အလုပ်သမားတွေဟာ နေရာအနှံ့ သပိတ်တိုက်ပွဲ ဝင်နေကြပါတယ်။ ဒီလို တိုက်ပွဲဝင်တာ မိမိတို့ ဆုံးရှုံးနစ်နာခဲ့ရသော မိမိတို့နဲ့ထိုက်တန်သော အခွင့်အရေးများ ကို ပြန်လည်ရရှိရေး တောင်းဆိုတာ ဖြစ်တဲ့အတွက် လုံးဝ ဆီလျော်ပါတယ်။ အစိုးရနဲ့ (နယ်စပ်ဂိတ်တွေကို ချုပ်ကိုင်ထားတဲ့) စစ်တပ်တို့ဟာ အလုပ်သမားတွေကို လုပ်ခမရှင်းဘဲ ထွက်ပြေးတဲ့၊ စက်ရုံတွေပိတ်ပြီး ထွက်ပြေးတဲ့ နိုင်ငံခြားက လာ သွေးစုပ်သူတွေကို အရေးယူရမယ့်အစား အလုပ်သမားတွေကိုသာ မျက်စောင်းတခဲခဲလုပ်၊ မီဒီယာတွေကို ရန်တရာရာလုပ်နေပါတယ်။ အလုပ်ရှင်တွေ၊ လုပ်ငန်းရှင်တွေကို ချေးငွေပေးဖို့ စဉ်းစားထားပေမယ့်၊ အလုပ်သမားတွေကိုနစ်နာကြေးပေးဖို့၊ လူမှုဖူလုံရေးကြေးပေးဖို့ မစဉ်းစားသေးပါဘူး။ ဒါတွေထက် ပိုဆိုးတာက ကိုရိုနာဗိုင်းရပ်စ်ကို အကြောင်းပြပြီး ပြည်သူလူထုအုံကြွမှုတွေ၊ သပိတ်တွေကိုနှိမ်နင်းဖို့ပြင်ဆင်နေတာပဲ ဖြစ်ပါတယ်။ တလောလေးကမှ ဖွဲ့စည်းလိုက်တဲ့ Corona- virus Disease 2019( COVID-19)ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မီတီ ဆိုတာရဲ့လုပ်ငန်း စာရင်းမှာဆိုရင် လူမှုကွန်ရက်ပေါ် ရေးသူတွေကို အရေး ယူရန်ဆိုတာမျိုးတွေတောင် ပါဝင်ပါတယ်။

လယ်သမားတွေဆိုရင်လည်း တခြားနိုင်ငံကိုသွားပြီးအလုပ်လုပ်ရာကပြန်လာတဲ့ မိသားစုဝင်တွေအတွက် စိုးရိမ်ပူပန်တဲ့ အကြားက ကိုယ့်ဆီကထွက်ရမယ့်သီးနှံတွေ ပြည်ပမထွက်ရလို့ဒုက္ခရောက်ကြမယ့် အရေးကိုလည်း အပူကြီးပူနေကြရပါတယ်။ တကယ်ကျတော့ ငတ်ကြပြီဆိုရင် သူတို့သာမက တပြည်လုံး ငတ်ကြမှာပါ။ အိမ်နီးနားချင်း အရှေ့တောင်အာရှ နိုင်ငံတွေမှာ ဒီလို အန္တရာယ်တွေအတွက် လယ်သမားတွေအတွက် ကြိုတင်ပြင်ဆင်တာတွေ လုပ်ပေးနေပါပြီ။ ဗမာပြည်ရဲ့အခြေအနေက လယ်သမားဒုက္ခရောက်ရင် အလုပ်သမားနဲ့ မြို့နေဆင်းရဲများလည်း ဒုက္ခရောက်တတ်တာပါပဲ။ သံဃာတော်များတောင် ဆွမ်းပြတ်လပ်တာတွေ ဖြစ်နိုင်ပါတယ်။ တချို့နေရာတွေ ဖြစ်နေတယ်လို့လည်း ကြားရပါတယ်။

စစ်အာဏာရှင်စနစ်အောက် ဗမာပြည်မှာ အခု ဖော်ပြထားသလို ငတ်မွတ်ခေါင်းပါးခြင်းကပ်(ဒုဗ္ဘိက္ခန္တရကပ်)၊ လက်နက်ဘေးဆိုးအန္တရာယ်ကပ်(သတ္တန္တရကပ်)၊ အနာရောဂါဘေးဆိုး(ရောဂန္တရကပ်) ဆိုတဲ့ ကပ်ကြီးသုံးပါးစလုံး ဆိုက်ရောက်မယ့် အန္တရာယ်ကြီးပါတယ်။ တတိုင်းပြည်လုံး COVID 19 တိုက်ဖျက်ရေးအတွက် ညီညွတ်ဖို့လိုအပ်ချိန်မှာ ၂၀၀၈ ခြေဥဟာ ကြီးစွာသော အဟန့်အတား ဖြစ်နေပါတယ်။ ("အရေးပေါ်တုံ့ပြန်မှုကော်မတီ" ဆိုတာထဲမှာ စစ်အရာရှိတွေ စစ်ဗိုလ်လူထွက်တွေ အများစု ထည့်သွင်းဖွဲ့စည်းပေးရတာလည်း ဒါရဲ့ဖော်ပြချက်တခုပါ။) ရင်ကြားစေ့ ဒီချုပ်အစိုးရဟာ စစ်ခရိုနီအကျိုးစီးပွားကို မထိပါးရဲတဲ့အတွက် အဖိနှိပ်ခံအခြေခံလူတန်းစားရဲ့အသက်အိုးအိမ်လုံခြုံရေးကို ပြတ်ပြတ်သားသား အကာအကွယ်မပေးနိုင် ဖြစ်ရတယ်။

တကယ်ကျတော့ စားစရာမရှိတဲ့ အလုပ်သမား၊ လယ်သမားတွေကို ကွာရန်တင်း ချမယ့်အစား အရပ်သားတွေကို လိုက် သတ်နေတဲ့ အစိုးရစစ်သားတွေကို ကွာရန်တင်းချတာက ပိုပြီး လက်တွေ့ကျ၊ တရားမျှတ၊ အကျိုးရှိပါလိမ့်မယ်။

**အောင်ထက်**

# တော်လှန်သော ပညာတတ်.........ရိုးမကိုကျော်လျှင်

ငြိမ်းမောင်ဦး

-



(၁)အစပြုချက်........

စစ်ဖိနပ် ဖိနိုပ်ရေးယန္တရားအောက်မှာ ပညာတတ်လူတန်းစားက လာတဲ့ သူတယောက် တော်လှန်ရေးလုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ ဆိုရင်..မိမိဘဝကိုလေးလေးနက်နက် သုံးသပ်ပြီး ပြတ်သားတဲ့သန္နိဋ္ဌာန်ချလိုက်တဲ့ဖြစ်စဉ်တခုတော့ ဖြတ်သန်းရပေလိမ့်မယ်။ ဒါပေမဲ့ ဒါဟာ သူ လျှောက်လှမ်းရမယ့် တော်လှန်ရေးခရီးရဲ့ အစပြုချက်....ပထမစာမျက်နှာရဲ့ နိဒါန်းမျှသာဖြစ်ပါတယ်။ ရှေ့မှာ စာမျက်နှာပေါင်း များစွာ ရှိသေးတယ်။ တော်လှန်ရေးမီးတောက်မီးလျှံထဲမှာ ဖြတ်သန်းရင်း မိမိကိုယ်ကိုဆေးသားတင်ရဦးမယ်။

(၂) တော်လှန်သော ပညာတတ်အတွက် လမ်းညွှန်.......

ကမ္ဘာကြီးကိုတော်လှန်ပြောင်းလဲမယ့်သူဟာ မိမိကိုယ်ကို အရင်ဦးစွာတော်လှန်ပြောင်းလဲရမယ်....ခေနရှင်ပေါက်စဗီဇက ပါလာတဲ့ တော်လှန်ရေးမဆန်တဲ့ အတွေးအခေါ်တွေကို လက်တွေ့ဖော်ပြချက်တွေအရ ဆန်းစစ်ဝေဖန်ကာ ပစ္စည်းမဲ့လူတန်းစား အတွေးအခေါ်ကို စိုက်ထူပြီး တော်လှန်ပြောင်းလဲပစ်ရမယ်။ (လူ့အဖွဲ့အစည်းအတွင်း အနံ့အပြားရှိနေတဲ့ ခေနရှင်ပေါက်စ အတွေးအခေါ်များရဲ့ရိုက်ခတ်မှုက လည်း အမြဲရှိနေတာကြောင့်) ဒါဟာ တသက်တာ နေ့စဉ်ကိစ္စဖြစ်တယ်။ ရပ်တည်မှု..ရှင်းရမယ် ပြတ်ရမယ်။ တိုးတက်တဲ့အဘိဓမ္မာကို အပတ်တကုတ်လေ့လာဆည်းပူးနလုံးသွင်းပြီး အလုပ်လမ်းညွှန် ရအောင် လုပ်ရမယ်။ မိမိကိုယ်ကို တင်းတင်း ကျပ်ကျပ်တောင်းဆိုပြီး တော်လှန်တဲ့အတွေးအခေါ်ကို တည်ဆောက်ရမယ်။ အတွေးအခေါ် လွတ်မြောက်အောင်လုပ်ရမယ်။

နိုင်ငံရေးအတွေးအခေါ်ဘက်မှာလည်း အဖိနှိပ်ခံပြည်သူလူထုနဲ့မကင်းမကွာ ဖြစ်နေစေရမယ်။ မိမိရဲ့အခက်အခဲတွေကို ပြည်သူလူထုရဲ့ ဘ၀အခက်အခဲတွေ၊ အတိတ်ပစ္စုပ္ပန် ရဲဘော်များ ကြုံတွေ့ရတဲ့ အခက်အခဲတွေရဲ့ အစွယ်အပွားအဖြစ် မှတ်ယူရမယ်။ တော်လှန်ရေး လက်တွေ့ထဲမှာ ဘ၀တခုလုံးကိုမြှုပ်နှံကာ အသက်သွေးချွေးပေးပြီး.. နောက်ဆုံးနှလုံးခုန်သံအထိ တိုက်ပွဲ၀င်သွားရမယ်။

" တော်လှန်ရေးသမားဆိုတာ စွန့်လွှတ်မှုနဲ့ အစချီတယ်...စွန့်လွှတ်မှုနဲ့ရှင်သန်တယ်၊ နောက်ဆုံးထွက်သက်အထိ ဒါမှမဟုတ်.... နောက်ဆုံးသွေးတစက်ကျန်တဲ့အထိ ဘ၀တသက်တာကို စွန့်လွှတ်ပေးဆပ်ရင်း နိဂုံးချုပ်တယ်...."

ဖောက်ပြန်တဲ့ အုပ်စိုးသူလူတန်းစားကို တော်လှန်ရတဲ့ စစ်ပွဲဆိုတာမျိုးကလည်း ရက်စက်တယ်၊ ကြမ်းတမ်း ခက်ထန်လှတယ်။ သွေးအိုင်တွေထွန်းတာတွေ... သွေးချောင်းစီးတာတွေ ကြုံတွေ့ရတတ်သလို သွေးညှီနံ့တွေ.. ယမ်းငွေ့တွေနဲ့ သိပ်သည်း မွန်းကျပ်နေတဲ့ ဘ၀ကိုလည်း ဖြတ်သန်းရတယ် ။ အကျည်းတန်လှတဲ့မီးလောင်တစပြင်မှာလိုပဲ.... ရန်သူရဲ့ ဖြတ်လေးဖြတ်မှာ ဝေ်ပြတ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရတတ်တယ်။ . နောက်ဆုံး.....တော်လှန်ရေးသမားတွေဆိုတာ ဓားတောင်ကို ကျော်ပြီး မီးပင်လယ်ကို ဖြတ်ရဲသူတွေပဲ။ မြက်နကို စားပြီး ဆက်လက်ရှင်သန်တိုက်ပွဲ၀င်ခဲ့တဲ့ သူရဲကောင်း တွေ.. .ဝမ်းကိုက် ငှက်ဖျား ရောဂါဆိုးတွေကြောင့် ကျဆုံးခဲ့ရတဲ့ ရဲဘော်တွေဟာ တော်လှန်ရေးရဲ့ အနီးရောင် စာမျက်နှာတွေအဖြစ် သမိုင်းတွင် ကျန်ရစ်တယ်။ ချုပ်ရင် ..တော်လှန်ရေးဆိုတာ ရိုက်ချက်ပြင်းတယ်။ တော်လှန်တဲ့ ပညာတတ်ဟာ ယုံကြည်ချက်စွဲမြဲပြီး ရဲရင့်မှ အမြော်အမြင်ရှိမှ သမိုင်း လုပနိုင်လိမ့်မယ်။ တရုတ်စကားပုံတခု ရှိတယ်..". ကျားအောင်းတဲ့ ဂူထဲကို မဝင်ဘဲ ကျားကလေးတွေကို မရနိုင် " တဲ့..။

" ပညာတတ်ဆိုရင် လျှော်ခွာသလို နာနာထု နာနာတေ၊ တလွှာပြီးတလွှာ ခွာနိုင်မှတော်ရုံကျတယ် "

ဒါကတော့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဗဟိုခေါင်းဆောင်တယောက်ဖြစ်တဲ့ ရဲဘော်အောင်ကြီးရဲ့ မှတ်ချက်ဖြစ်ပါတယ်။ (တော်လှန်တဲ့ ပညာတတ်တယောက်အနေနဲ့ တော်လှန်ရေးခရီးကြမ်းမှာ လိုက်ပါနိုင်ဖို့ မိမိကိုယ်ကို တင်းတင်းကျပ်ကျပ် မြင့်မြင့်မားမား တောင်းဆိုဖို့ လိုအပ်တယ်ဆိုတာကို ရည်ညွှန်းပြီးပြောလိုက်တာပါ။ ) သူကိုယ်တိုင်လည်း တချိန်က .. ရန်ကုန်တက္ကသိုလ် သမိုင်းဂုဏ်ထူးတန်းက ထူးချွန်တဲ့ကျောင်းသားတယောက် ..နောက်တော့ တော်လှန်တဲ့ပညာတတ်တယောက်အဖြစ်နဲ့ တော်လှန်ရေးလက်တွေ့ထဲမှာ ကာလ တချို့ ဖြတ်သန်းပြီး ကွန်မြူနစ်ပါတီရဲ့ ဗဟိုခေါင်းဆောင်ဖြစ်လာခဲ့သူတယောက် ဖြစ်ပါတယ်။ ......၁၉၆၉-ခုနှစ် ဧပြီလ(၄)ရက်နေ့က .....ပြွန်တန်ဆာမြို့ အနောက်ဘက်(၂) မိုင်အကွာ ရဲနွယ်ချောင်းဘေး.. ငါးပြေမစားကျက် တိုက်ပွဲမှာကျဆုံးသွားခဲ့ တာဖြစ်ပါတယ်။ ရန်သူရဲ့ ဝိုင်းပတ် ပိတ်ဆို့တိုက်ခိုက်တာခံနေရပေမယ့် ကျည်ဆန်ကုန်တဲ့အထိ ခုခံတိုက်ခိုက်ပြီး နောက်ဆုံး သေနတ်ဒင်နဲ့ ရန်သူကို အနီးကပ် ရင်ဆိုင်သတ်ပုတ်တိုက်ခိုက်ရင်း ကျဆုံးသွားရတာပါ။ ဒီတိုက်ပွဲမှာ ထူးခြားတာက..... သူ့ရဲကောင်းကလည်း တော်လှန်တဲ့ပညာတတ်.... သစ္စာဖောက် လက်နက်ချ သတင်းပေးလုပ်သူကလည်း ပညာတတ်တဦး ဖြစ်နေတာပါပဲ။

အတွေးအခေါ်တည်ဆောက်ရေးရဲ့အရေးကြီးမှု..

" တော်လှန်ရေးထဲမှာ ဧည့်သည်တွေလည်းရှိတတ်တယ် " (ဗိုလ်ဇေယျ)

(၁၉၆၆ ) ရခိုင်ရိုးမရောက်စဉ်က သုံးဆင့်ကေဒါသင်တန်း ဟောပြောပို့ချချက်ထဲမှာပါတဲ့ သူ့ရဲ့ မှတ်ချက်ဖြစ်ပါတယ်။ .... (တော်လှန်ရေးသမားတယောက်အဖို့ အတွေးအခေါ်တည်ဆောက်ရေးဟာ ယုံကြည်ချက်၊ ဦးနှောက်နဲ့နှလုံးသားကို ပြုစုပျိုးထောင်သလို ဖြစ်လို့ တန်ဖိုးထားရမယ့်ကိစ္စ ဖြစ်တယ်။ အတွေးအခေါ်တည်ဆောက်ရေးဆိုတာ သွေးသစ်လောင်းတာပဲ။ ဓနရှင်ပေါက်စ အတွေးအခေါ်တွေဟာ ..ငှက်ဖျားပိုးလို.. မိမိကို တရံမလပ်တိုက်ခိုက်နေတယ်...ဆိုတာ သဘောပေါက်ထားရမယ်။ ကိုယ်က မတိုက်နိုင်ရင် သူက ကိုယ့်ကို အနိုင်ယူသွားမှာပဲ။ နောက်ဆုံး တော်လှန်ရေးဝိညာဉ် ပျက်သုဉ်းပြီး အမှန်တရားနဲ့ ဝေးပြီးရင်းဝေးသွားလိမ်မယ်။ တော်လှန်ရေးနဲ့ ကင်းကွာသွားလိမ့်မယ်။ တော်လှန်ရေးရဲ့ ဧည့်သည်ဖြစ်သွားလိမ့်မယ်။) ..စတဲ့ အတွင်းသဘောတွေကို ရည်ညွှန်း လိုက်တာလို့နားလည်မိပါတယ်။

၂

ရခိုင်ရိုးမခရီးစဉ်မှာ သူ့ရဲ့ ရိုးသားမှု ၊ စွန့်လွှတ်အနစ်နာခံမှု ၊ ပါတီတည်ဆောက်ရေး တပ်တည်ဆောက်ရေးအတွက် ကြီးမားတဲ့ အကျိုးပြုမှုတွေကြောင့် ရခိုင်ရဲဘော်တွေ ပြည်သူတွေရဲ့ နှလုံးသားကို ကိုင်လှုပ်နိုင်ခဲ့ သူဖြစ်ပါတယ်။ သူပြန်သွားတော့ရဲဘော်တွေက.. တသသ လွမ်းကျန်ရစ်ပါတယ်။

( "ဗိုလ်ဇေယျ " ..ဆိုတာ တကယ်တော့ တချိန်က တော်လှန်တဲ့ ပညာတတ်တယောက် ဖြစ်ခဲ့သူပါ။ သူဟာ ရန်ကုန်တက္ကသိုလ်ရဲ့ ဗကသ အမှုဆောင်တဦး။၁၃၀၀ ပြည့်အရေးတော်ပုံမှာ ဗိုလ်ဇေယျခေါ် ကိုလှမောင်ဟာ ဗကသအဖွဲ့ဝင်တဦးအနေနဲ့ မန္တလေးမှာ ရောက်ရှိနေခဲ့ပြီး နယ်ချဲ့အင်္ဂလိပ်တို့လက်ချက်နဲ့ မန္တလေး အာဇာနည်(၁၇) ဦးတို့ ကျဆုံးခဲ့တဲ့ အရေးအခင်းမှာ သူလည်း သေနတ်ဒဏ်ရာ ရရှိခဲ့ပါတယ်။ ဗိုလ်ဇေယျဟာ ၁၉၄၀ ခုနှစ်မှာ ဗကသ ဥက္ကဋ္ဌ ပါ။ ရဲဘော်သုံးကျိပ်ဝင်ဖြစ်သလို ဂျပန်ခေတ် ၁၉၄၃ ခုနှစ်မှာ မင်္ဂလာဒုံ ဗိုလ်သင်

တန်းကျောင်းရဲ့ ကျောင်းအုပ်ဖြစ်ပါတယ်။ ဗမာပြည် နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းမှာ အစဉ်အလာရှိတဲ့ ခေါင်းဆောင်တယောက်...ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဗဟိုခေါင်းဆောင်တယောက်ဖြစ်ပါတယ်။ ၁၉၆၈.ခုနှစ် ဧပြီလ (၁၆)ရက်နေ့ တိုက်ပွဲမှာ ကျဆုံးသွားခဲ့တာ ဖြစ်ပါတယ်။ )

(၃)သူရဲကောင်းနဲ့ သစ္စာဖေါက်........

တော်လှန်တဲ့ သူရဲကောင်းတွေအဖြစ် အသက်စွန့်ပြီးတိုက်ပွဲဝင်သွားကြတဲ့ ပညာတတ်ရဲဘော်တွေ သမိုင်းစာမျက်နှာပေါ်မှာ ရှိခဲ့ဖူးတယ်။ ရိုးမတွေပေါ်မှာ ကတ္တရာလမ်းမတွေပေါ်မှာ အကျဉ်းထောင်တွေထဲမှာ သူတို့...သွေးနဲ့ မော်ကွန်းထိုးခဲ့ကြတယ်။ တချို့ရဲဘော်တွေဆိုရင် လျှို့ဝှက်ရေးလိုအပ်ချက်အရ သေတဲ့တိုင် အမည်မဖေါ်ခဲ့ ရတဲ့အဖြစ်မျိုးတွေပင်ရှိခဲ့တယ်။ သူတို့အားလုံးဟာ မိမိကိုယ်ကို တင်းတင်းကျပ်ကျပ် တောင်းဆိုပြီး တော်လှန် ပြောင်းလဲလာတဲ့ အတွေးအခေါ် လွတ်မြောက်သူတွေ...ယုံကြည်ချက်အတွက် အသက်စွန့်ရဲသူတွေ ဖြစ်တယ်။ ပါတီနဲ့ ပြည်သူကို အကြွင်းမဲ့ယုံကြည်တဲ့သူတို့ဟာ ကြီးမြတ်စွာရှင်သန်ခဲ့သူတွေဖြစ်တယ်။တော်လှန်ရေး မိုးသက်မုန်တိုင်းထဲမှာ ပါတီနဲ့ မခွဲမခွာအတူရှိနေခဲ့တယ်။ သခင်ဗဟိန်း၊ ဗိုလ်ဇေယျ၊ ရဲဘော်အောင်ကြီး....အစရှိတဲ့တော်လှန်တဲ့ပညာတတ်တွေဟာ ကျွန်တော်တို့ရှေ့က လမ်းပြခဲ့တဲ့ကြယ်တာရာတွေ ဖြစ်တယ်။ သူတို့ကို စံနမူနာပြုပြီးလေ့လာအတုယူကြရမယ်....ထိုက်တန်တဲ့ ဂုဏ်ပြုမှုတွေ လုပ်ကြရမှာဖြစ်တယ်။

ဒါပေမဲ့ သမိုင်းထဲက ပညာတတ် ဆိုသူ တချို့ကတော့ တော်လှန်ရေးခရီးကို ဆုံးအောင် မလိုက်နိုင်တော့ဘဲ လမ်းခုလတ်မှာပဲ တော်လှန်ရေးကိုစွန့်ခွာသွားကြတယ်။ ဗိုလ်ဇေယျ ပြောတဲ့ တော်လှန်ရေးထဲက ဧည့်သည်ဆိုတဲ့သူတွေ.... တချို့ကတော့ ရန်သူ့စစ်ဖိနပ်အောက်ကို ပြေးဝင်.. လက်နက်ချ သစ္စာဖေါက်ဘွဲ့ကို ခံယူပြီး ပါတီနဲ့တော်လှန်ရေးကို ချေမှုန်းဖို့ စိတ်ရောကိုယ်ပါ လုပ်လာကြတယ်။ ရန်သူရဲ့ ဝါဒဖြန့် စာနယ်ဇင်းတွေမှာ ပါတီနဲ့ တော်လှန်ရေးကို အပုပ်ချတဲ့စာတွေရေးတာမျိုးတွေကိုလည်း သဲကြီးမဲကြီး အငြိုးကြီးစွာ လုပ်ကြတယ်။

ဒါတွေကို ကြည့်ပြီး သင်ခန်းစာအဖြစ် ထုတ်ယူနိုင်တာ အများကြီးရှိပါတယ်။ ဒီနေ့ တော်လှန်ရေးသမား မနက်ဖန် သစ္စာဖောက်ဖြစ်သွားတယ်ဆိုတာ ရှောင်တခင် ဖြစ်သွားတာမဟုတ်ဘူး ။ ရပ်တည်မှု ပြောင်းသွားလို့ ဖြစ်တယ်။ သူ့မှာ ဖြစ်စဉ်တွေရှိတယ်။ သူတို့ဟာ တော်လှန်ရေးထဲကိုရောက်လာပေမယ့် ခနရှင်ပေါက်စဗီဇက ပါလာတဲ့ အတွေးအခေါ်ကို မစွန့်လွှတ်နိုင်ဘူး၊ မှားယွင်းတဲ့ အတွေးအခေါ်တွေ ကိုမတိုက်နိုင်ဘူး ။ တဦးချင်းဝါဒတွေ ရှင်သန်လာပြီး မိမိကိုယ်ကိုဗဟိုပြုမှုတွေဖြစ်လာတယ်။ မိမိကိုယ်ကို အထင်ကြီး.. သွေးနားထင်ရောက်လာတယ်။ နည်းနည်းလေးလုပ်ပြပြီး များများ အသိအမှတ်ပြုတာခံချင်တယ်။ ပေါ်ပြူလာ ဖြစ်ချင်တယ်။ စည်းရုံးမှုမဲ့တဲ့လုပ်ဟန်တွေများလာပြီး ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုကို ချိုးဖေါက်ကြတယ်။ ချုပ်ရင်...တော်လှန်ရေးရဲ့အခက်ခဲဆုံးအချိန်မှာ တော်လှန်ရေးလောကဓံကို မခံနိုင်ကြတော့ဘဲ ပါတီနဲ့တော်လှန်ရေးကိုအဆိုးမြင်ပြီး ကိုယ်လွတ်ရုန်းဖို့လုပ်လာကြတော့တယ်။

ဒါနဲ့ပတ်သက်ပြီး ဥက္ကဋ္ဌသခင်ဇင်ပြောဖူးတာလေးသတိရမိတယ်။

" တော်လှန်ရေးအခြေအနေ ဆိုးရွားပြီး ခက်ခဲကျပ်တည်းလာချိန်မှာ လယ်သမားဘဝက လာတဲ့ ရဲဘော်တွေက ရိုးရိုးရှင်းရှင်းပဲ တပ်ထွက်ချင်တယ် အိမ်ပြန်ချင်တယ် ဆိုပြီး ပြောလာတယ်။...ပညာတတ်ဆိုသူတွေကတော့ တော်လှန်ရေးကို စွန့်ခွာဖို့ သဘောတရားတွေအမျိုးမျိုး ထူထောင်တာ အရင်လုပ်ပြီး သူတို့ရဲ့ ဖောက်ပြန်တဲ့ဇာစ်မြစ်အတွေးအခေါ်ကို ဖုံးကွယ်ဖို့ ဝေ့လည်ကြောင်ပတ် လုပ်တတ်ကြတယ်။ "

(၄) နိဂုံး

မြို့ကလာတဲ့သူတွေ တောခိုဖို့ရောက်လာတော့ ရခိုင်ရိုးမက ကွန်မြူနစ်ရဲဘော်ဟောင်းကြီးက လှိုက်လှိုက်လှဲလှဲကြိုဆိုရင်း အားပေးစကားပြောတယ်။ " ဝတ္ထုထဲကကွန်မြူနစ်ဇာတ်လိုက်တွေနဲ့ တောထဲက လယ်သမားကွန်မြူနစ်ကြီးတွေ မတူတာတွေတွေ့လို့ စိတ်မပျက်ပါနဲ့ ..ဆီဆေးပန်းချီကားတချပ်ကို အနီးကပ်ကြည့်လိုက်ရသလိုပေါ့၊ ခပ်ကြမ်းကြမ်း ဆွဲခြစ်ထားတဲ့ စုတ်ချက်တွေနဲ့အတူ နားလည်ရ ခက်တဲ့ အရောင်တွေရဲ့ ပေါင်းစပ်မှုကို တွေ့ရလိမ့်မယ်။ သူတို့နဲ့ အတူတူ ဖြတ်သန်းရင်း သူတို့ဆီမှာ လေ့လာသင်ယူစရာတွေ တွေ့လာလိမ့်မယ်။ "

ချုပ်ရင်..လူတန်းစားဗီဇကပါလာတဲ့ အတွေးအခေါ်ဆိုတာ တော်လှန်ပြောင်းလဲလို့ရတယ်။ ပြောင်းလဲဖို့လည်း မုချလိုအပ်တယ်။ တော်လှန်တဲ့ ပညာတတ်လူတန်းစားဟာ အလုပ်သမား လယ်သမားတွေနဲ့ တသားတည်းနေပြီး အတွေးအခေါ် လွတ်မြောက်အောင် မိမိကိုယ်ကိုတော်လှန်ပြောင်းလဲသွားရမှာဖြစ်ပါတယ်။ လမ်းညွှန်အဖြစ် မိမိတို့ကိုင်စွဲနေတဲ့ မာ့က်စ်ဝါဒကိုယ်၌က တော်လှန်တဲ့ အဘိဓမ္မာပဲ မဟုတ်ပါလား.......။

ငြိမ်းမောင်ဦး
၁၃-၄-၂၀၂၀

# ကျွန်မဆက်၍ရေးချင်သောဖေဖေအကြောင်းများ။
## ဆောင်းပါးအမှတ်( ၅၃ )။

### ဖေဖေနဲ့မာရှယ်တီးတိုး။
လှကျော်ဇော

အို…မိတ်ဆွေရယ်---နှုတ်ဆက်ခဲ့ပါတယ်။ နှုတ်ဆက်ခဲ့ပါတယ်-မိတ်ဆွေရယ်။
တမနက်ခင်း အိပ်မက်ကလန့်အနိုး၊ မိစ္ဆာတွေ အိမ်ထဲဝင်လာနေကြပြီ။
အို…မိတ်ဆွေရယ်--နှုတ်ဆက်ခဲ့ပါတယ်။ နှုတ်ဆက်ခဲ့ပါတယ်-မိတ်ဆွေရယ်။
ပြောက်ကျားအဖွဲ့ရယ် ကျွန်တော်လိုက်ခဲ့ပါရစေ၊ ကျွန်တော် သည်းညည်းမခံနိုင်တော့ဘူး။
အို…မိတ်ဆွေရယ်--နှုတ်ဆက်ခဲ့ပါတယ်။ နှုတ်ဆက်ခဲ့ပါတယ်--မိတ်ဆွေရယ်။
တကယ်လို့များ၊ တာဝန်တွေ သွားထမ်းဆောင်ရင်း၊ ကျွန်တော်ကျဆုံးသွားရင်၊
ကျွန်တော်ကို ဟိုး-တောင်အမြင့်ဆီ ခေါ်ယူသွားပါ။ အလှဆုံးပန်းလေးတပွင့် တင်ထားပေးပါ။
အို…မိတ်ဆွေရယ်--နှုတ်ဆက်ခဲ့ပါတယ်။ နှုတ်ဆက်ခဲ့ပါတယ်--မိတ်ဆွေရယ်။
အဲဒီအရပ်ကို လာလည်သူများကို ဒီပန်းလေး ဘယ်လောက်လှတယ်ဆိုတာ ပြောပြလိုက်ပါဦး။
အို…မိတ်ဆွေရယ်--နှုတ်ဆက်ခဲ့ပါတယ်။ နှုတ်ဆက်ခဲ့ပါတယ်--မိတ်ဆွေရယ်။

ကျွန်မတို့မိသားစု တရုတ်ပြည်ရောက်စ တရုတ် ရုပ်မြင်သံကြားက လွှင့်ထုတ်တဲ့ (ထိုစဉ်က) ယူဂိုဆလပ်ရုပ်ရှင်(တံတား) ထဲက ဇာတ်ဝင်သီချင်းပါ။ တရုတ်မှုပြုထားတာပါ။ (မှတ်ချက်။ တရုတ်က သူ့နိုင်ငံမှာပြတဲ့ နိုင်ငံခြားကားအားလုံးကို တရုတ်သံပြန်သွင်းပြီးမှ ပြသပါတယ်။) လက်ဆွဲဘာဂျာလေးနောက်ခံနဲ့ ဒီသီချင်းဟာ တရုတ်ပြည်မှာ အတော်ခေတ်စားပါတယ်။ နောက်ပိုင်း တရုတ်ကားများမှာ အထူးသဖြင့် ကျဆုံးသွားတဲ့ သူရဲကောင်းဇာတ်ကားတွေမှာ ပြန်ကြားရတတ်ပါတယ်။

ဇာတ်လမ်းကလည်း တရုတ်လူမျိုးအကြိုက် ပြောက်ကျားဇာတ်လမ်း။ ယူဂိုစလပ်သမ္မတကြီး တီးတိုးရဲ့ ဘဝတစိတ်တပိုင်းကို ဇာတ်လမ်းဖွဲ့ထားတာလို့ ဆိုပါတယ်။ ဒုတိယကမ္ဘာစစ်ကာလ- ယူဂိုစလပ်ကို နာဇီဂျာမနီတပ်များဝင်ရောက်ကျူးကျော်စဉ်က တီးတိုးက မြို့ပြပြောက်ကျားတပ်ကလေးဖွဲ့ပြီး အဲဒီဂျာမန်တပ်တွေကို နည်းပရိယာယ်ပေါင်းစုံသုံး-တိုက်ပွဲဝင်ခဲ့တာတွေကို ဇာတ်လမ်းဆင် ရိုက်ထားတဲ့ကားပါ။ အဲဒီကားထဲမှာ ပြောက်ကျားရဲဘော်လေးတဦးက ကျန်ရဲဘော်များကို အကာအကွယ်ပေးရင်း ကျဆုံးခါနီးမှာ နောက်ခံတေး အဖြစ်လွှင့်ခဲ့တဲ့သီချင်းလေး။

ဖေဖေက အဲဒီကားကို သိပ်ကြိုက်တာ။ ကြိုက်မှာပေါ့။ မာရှယ်တီးတိုးက…. ဖေဖေရဲ့သူရဲကောင်းကိုး။ ဖေဖေက မာရှယ်တီးတိုးနဲ့ ပုဂ္ဂိုလ်ရေးအရလည်း သိကျွမ်းခဲ့ပါတယ်။

၁၉၅၂ ခုနှစ် ဖဆပလအစိုးရ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း ခေါင်းဆောင်သွားခဲ့တဲ့ အနောက်နိုင်ငံသွား စစ်ဖက်လေ့လာရေးအဖွဲ့မှာ ဖေဖေက ဒုတိယခေါင်းဆောင်အဖြစ် ပါသွားပြီး ယူဂိုစလပ်မှာ တလနီးပါးနေခဲ့ဖူးပါတယ်။ အဲဒီမှာ မာရှယ်တီးတိုးနဲ့ သိခဲ့တာပါ။ အဲဒီကာလ အဖြစ်အပျက်များကိုတော့ ဖေဖေက သူစာအုပ်မှာ အပြည့်အစုံရေးပြီးဖြစ်ပါတယ်။(ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော။ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိပေါင်းချုပ်။---ဆိုင်းစုမှသည်မန်ဟိုင်းဆီသို့။-ယဉ်မျိုးစာပေ။နာ၁၉၇-၂၀၀)။

အဲဒီထဲမှာ ဖေဖေက မာရှယ်တီးတိုးကို ယူဂိုစလပ်ပြည်သူတွေကို ခေါင်းဆောင်ပြီး၊ ဂျာမန်ဖက်ဆစ်တွေကို တွန်းလှန်တိုက်ခိုက်မှုများအပေါ် အတော်သဘောကျလေးစားပေမယ့် နောက်ပိုင်း ဆိုဗီယက်တို့နဲ့ကွဲပြီး ကွန်မြူနစ်ဆန့်ကျင်ရေးသမားကြီးအဖြစ် အမေရိကန်က မြှောက်စားလာမှုအပေါ် မကျေမလည်ဖြစ်လာတာတွေ ရေးထားတာတွေ့ရပါတယ်။

အဲဒါ ဖေဖေ ပထမအကြိမ် မာရှယ်တီးတိုးနဲ့ တွေ့ဆုံတာပါ။

ဒုတိယအကြိမ်(၁၉၅၅)မှာ မာရှယ်တီးတို ဗမာပြည်လာလည်စဉ်တွေ့တာပါ။ အဲဒီစာအုပ်ထဲမှာတော့ မပါဘူး။ဖေဖေမေ့သွားဟန်ရှိတယ်။

၂၀၁၂ ဖေဖေ ကွယ်လွန်ပြီးနောက် ဖေဖေအကြောင်း စာအုပ်တွေထပ်ထုတ်ဖို့ ကျွန်မက စဉ်းစားမိပြီး ပြည်တွင်းက မိတ်ဆွေများကတဆင့် ဖေဖေဓာတ်ပုံအဟောင်း၊ သတင်းစာတွေထဲက ဖေဖေသတင်းများ စုဆောင်းပေးဖို့ ပြောမိပါတယ်။ ဆက်သွယ်ရေးတွေကလည်း အတော်ချောင်လာလို့ ဓာတ်ပုံအဟောင်း တော်တော်များများ စုမိလိုက်ပါတယ်။ စုဆောင်းပေးတဲ့မိတ်ဆွေများကို ကျေးဇူးတင်ရပါ

တယ်။

အဲဒီထဲမှာပါလာတဲ့ ပုံတပုံကတော့ --၁၇-၁-၅၅ လို့နေ့စွဲတပ်ထားတဲ့---ဇန်နဝါရီလ ၁၀ ရက်နေ့ မေမြို့ မြောက်ပိုင်းစစ်ဌာနချုပ်မှ ယူဂိုစလပ်သမ္မတကြီး မာရှယ်တီးတိုးအား ညစာထမင်းစားပွဲဖြင့် ဂုဏ်ပြုဧည့်ခံရာတွင် ယူဂိုစလပ်သမ္မတကြီး မာရှယ်တီးတိုးက ဗိုလ်မှူးချုပ်သရေစည်သူကျော်ဇောအား ယူဂိုစလပ် စစ်ဘက်ဆိုင်ရာ ပထမတန်းဘွဲ့တံဆိပ်အပ်နှင်းစဉ်။---ဆိုတဲ့ စာတန်းနဲ့ ဖေဖေ့ကို မာရှယ်တီးတိုးက ရင်ပတ်မှာ တံဆိပ်ချိတ်ပေးနေတဲ့ပုံ။

အဲဒီပုံတွေ့လိုက်တော့ ကျွန်မရေးဖို့ကျန်နေတဲ့အကြောင်းအရာတခုကို သတိရလာပါတယ်။ ကျွန်မတို့မိသားစု ဖေဖေရတဲ့ဘွဲ့တံဆိပ်တွေ လက်ဆောင်ပစ္စည်း အကုန်ချရောင်းရတဲ့ဖြစ်စဉ်ပါ။

မာရှယ်တီးတိုးပေးတာ ရွှေတံဆိပ်တင် မကပါဘူး။ရွှေစီးကရက်ဘူး တဘူးပါ ပါပါတယ်။

ဖေဖေက ကျွန်မတို့တတွေ ၁၉၇၆ ခုနှစ် တောခိုစဉ် လွတ်မြောက်ရတဲ့အကြောင်းကို သူ့စာအုပ်မှာ ရေးစဉ်က (အထက်ပါစာအုပ် -နှာ ၃၀၃-၃၀၄) ၁၉၇၄ ခုနှစ်က ကျွန်မတို့ အိမ်ကြီးတလုံး ဝယ်လိုက်တဲ့အကြောင်း ရေးထားပါတယ်။ ဖေဖေ ၁၉၅၇ ခုနှစ် ပင်စင်ယူစဉ်ကစလို့ ကျွန်မတို့မိသားစုနေခဲ့တဲ့ စမ်းချောင်းဆီဆုံလမ်းအိမ်လေးကိုရောင်းပြီး မြောင်းမြလမ်းအိမ်ကို ဝယ်တာပါ။ အဲဒီအိမ်အတွက် လိုငွေတွေကို အခုနပြောတဲ့ပစ္စည်းတွေ အကုန်ချရောင်းပြီးဝယ်တာ။ အိမ်မှာရှိသမျှပစ္စည်း ကုန်ပါတယ်။ ဖေဖေ့ ဂျပန်ဓားရှည်ကြီးကို ဂျပန်သံရုံးက ငွေ(၁၀၀၀)ကျပ်နဲ့ လာယူသွားပါတယ်။ မာရှယ်တီးတိုး ပေးထားတာတွေ၊ ဆိုဗီယက်ခေါင်းဆောင်တွေ(ဘူဂါနင်၊ ကရူးရှော့ဖ်) တို့ရဲ့ လက်ဆောင်တွေ၊ ကမ္ဘောဒီးယားဘုရင် သီဟာနုရဲ့လက်ဆောင်တွေ၊ ဖေဖေ နိုင်ငံခြားခရီးတွေ သွားတုန်းက ရလာတဲ့ လက်ဆောင်ပစ္စည်း၊ ပန်းချီကားတွေ၊ မြောက်ပိုင်းတပ် တောင်ပိုင်းတပ် အပြောင်းအရွှေ့တွေမှာ ရထားတဲ့လက်ဆောင်တွေ၊ မေမေ့ မိသားစုပိုင် ပစ္စည်းတွေ ရှိသမျှအကုန်ပါ။ တချို့မိတ်ဆွေတွေက ငွေပေးထားပြီး ပစ္စည်းကိုမယူကြလို့ နောက်က လိုက်ပို့ရပါတယ်။

ဒါပေမဲ့ ဒီ အိမ်ကြီးကိုဝယ်လိုက်တော့ ဖေဖေက သားသမီးမြေးများနဲ့ အေးအေးဆေးဆေးပဲ နေတော့မယ်လို့ အထင်ရောက်သွားစေပါတော့တယ်။ ဒီတော့ ထောက်လှမ်းရေးများက ဖေဖေကို စောင့်ကြည့်တာ ပေါ့လျော့မှုတွေ ရှိလာပါတယ်။ ဒီလို ရောင်းပစ်လိုက်ရတာတွေဟာ သမိုင်းဝင်ပစ္စည်းများဖြစ်လို့ အဖိုးမဖြတ်နိုင်ဘူးလို့ ဆိုနိုင်ပေမယ့် ကျွန်မတို့ တမိသားစုလုံး တော်လှန်ရေးခရီးကို ချောချောမောမော လျှောက်လှမ်းနိုင်ဖို့ အထောက်အကူအများကြီးပေးခဲ့တာဖြစ်လို့ ထိုက်တန်ပါတယ်လို့သာ ဆိုချင်ပါတော့တယ်။

လှကျော်ဇော။၁၆-၅-၂၀၂၀။



ဇန်နဝါရီလ ၁၀ ရက်နေ့က၊ မေမြို့၊ မြောက်ပိုင်းစစ်ဌာနချုပ်မှ ယူဂိုစလပ် သမ္မတကြီး မာရှယ်တီတိုးအား ညစာထမင်း၊ စားပွဲဖြင့် ဂုဏ်ပြု ဧည့်ခံရာတွင် ယူဂိုစလပ် သမ္မတကြီး မာရှယ် တီတိုးက ဗိုလ်မှူးချုပ် သရေစည်သူ ကျော်ဇောအား၊ ယူဂိုစလပ်စစ်ဘက်ဆိုင်ရာ ပထမတန်း၊ ဘွဲ့တံဆိပ် အပ်နှင်း စဉ်။

# ကုပ်ခွစီးထားတဲ့ စစ်အုပ်စု ကို ခါချနင်းချေပစ်လိုက်ဖို့


(ဇော်လတ်)

"ပြည်တွင်းစစ်ရဲ့ အကြွင်းအကျန်များ" ဆိုတဲ့ မှတ်တမ်းရုပ်သံကို ကြည့်လိုက်ရပါတယ်။

ချမ်းသာကြွယ်ဝလှတဲ့ အငြိမ်းစားဗိုလ်ချုပ်ကြီးဟောင်းတယောက်၊ အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီးဟောင်းတယောက်တို့နဲ့အတူ ခြေတဖက်ပြတ် သို့မဟုတ် နှစ်ဖက်ပြတ်နေတဲ့ တပ်သား၊ ဒုတပ်ကြပ်၊ တပ်ကြပ် စတဲ့ အခြားအဆင့် များရဲ့ ပြောကြားချက်များဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးဟောင်းများကတော့ ခံစားမှု မရှိတဲ့မျက်ခွက်၊ ကိုယ်ချင်းစာမှုကင်းတဲ့ အသံတွေ ငါနဲ့ ငါ့မိသားစု လွတ် ရင်ပြီးရောဆိုတဲ့ ကိုယ်လွတ်ရုန်းကြတဲ့ စကားတွေပဲ သူတို့ဆီက ကြားရပါတယ်။ အောက်ခြေ တပ်ဗိုလ်တပ်သား အများစုကြီးအတွက်၊ တိုင်းပြည်အတွက် ဘာလုပ်မယ်ဆိုတဲ့ စကားကို လေးလေးနက်နက်ပြောဆိုသွားတာ မရှိပါဘူး။

ယနေ့ဗမာပြည်မှာ ဖုံးကွယ်လို့မရတဲ့ အချင်းအရာ ၂ ခုရှိပါတယ်။

ပထမတခုက စစ်အုပ်စုဝင် ထိပ်သီး စစ်ဗိုလ်ချုပ်ကြီး အများစု (တာဝန်ထမ်းဆောင်ဆဲနဲ့ အငြိမ်းစား) ရဲ့ ထားစရာမရှိအောင် ချမ်းသာကြွယ်ဝမှုဖြစ်ပြီး၊ ဒုတိယတခုကတော့ အများတကာ့ အများစုကြီးဖြစ်တဲ့ ပြည်သူလူထုကြီးရဲ့ ကုန်းကောက်စရာမရှိတဲ့ ဆင်းရဲမွဲတေမှုပဲဖြစ်ပါတယ်။

ငြင်းကွယ်လို့မရအောင် အထုပ်နဲ့ အထည်နဲ့ကလည်းဖြစ်နေ၊ တိုင်းသိပြည်သိ၊ ကမ္ဘာသိ လည်း ဖြစ်နေတော့..... " သူတို့ ပြောသလောက် ချမ်းသာကြွယ်ဝမှု မရှိနိုင်ပါဘူး၊ ဒါပေမဲ့ တို့များလို အဆင့်အတန်းရှိကြတဲ့ သူတွေထဲမှာတော့ တို့မိသားစုရဲ့ ချမ်းသာကြွယ်ဝမှုဟာလည်း အတိုင်းအတာတခုအထိတော့ ရောက်ရှိနေတယ်လို့ပဲ အမှန်အတိုင်း ပြောရမှာဖြစ်ပါတယ်" လို့ ဗိုလ်ရွှေမန်းက သူခိုးသေဖော်ညှိပြီး ဖြောင့်ချက်တဝက် ပေးသွားတာကြားရပါတယ်။

(ဒုဗိုလ်ချုပ်ကြီးငြိမ်း) ဗိုလ်စိုးမောင်ကတော့ ခပ်ပြောင်ပြောင်ပဲ သူများကို လက်ညှိုးထိုးသလိုလိုနဲ့ သူလည်း ဒီပုတ်ထဲက ဒီပဲပါ ဆိုတာကို ဖော်ပြသွားပါတယ်။ သူ့အပြောကတော့ "တပ်ဆိုတာ ချမ်းသာစရာမရှိဘူး။ ဒီကောင်တွေ ချမ်းသာ သွားတဲ့ကောင်ဟာ တပ်မတော်သားမပီသဘူး၊ တပ်မတော်သားဆိုတာ မျှမျှတတပဲ၊ သူလည်း ရိက္ခာဖိုးငွေ ငါးမတ် ကိုယ်လည်း ငါးမတ်ပဲ။ သူ ငါးကျပ်ရရင် အရာရှိလည်း ငါးကျပ်ပဲ၊ အတူတူပဲ ၊ လုပ်ပိုင်ခွင့်လေးတစ်ခုပဲပိုတယ်၊ အဲဒီအပေါ်မှာ လုပ်စားသွားတာ" တဲ့။

သူတို့ပါးစပ်က ထွက်ကြလာတဲ့ စကားတွေနဲ့ သူတို့ ထိပ်သီးစစ်ဗိုလ်တွေကို ချိန်ထိုး ဆန်းစစ်ကြည့်ရင်ပဲ " ( သူတို့ လက်ခံနားလည်ထားတဲ့ တပ်မတော်သားစံချိန်အရကိုပဲ) တပ်မတော်သား မပီသတဲ့ကောင်တွေ" ဆိုတာ သိသာနေပြီ။ တိုင်းမူး - တပ်မမှူးနဲ့ အထက်

မချမ်းသာတဲ့ စစ်ဗိုလ် ဘယ်နယောက်ရှိသလဲ။ သူတို့လည်း တိုင်းမှူး -တပ်မမှူးဆိုတဲ့ အဆင့်ကို ကျော်လွန်ပြီး ဗိုလ်ချုပ်ကြီးတွေ ဖြစ်လာတဲ့ အခါ သူတို့ပခုံးပေါ်က အဆင့်အတန်းနဲ့ လုပ်ပိုင်ခွင့်အပေါ် လုပ်စားကြလို့ ချမ်းသာကြွယ်ဝလာတာ..... လက်တွေ့ဖြစ်ရပ်တွေပဲ မဟုတ်ပါလား။

ဒီ လက်တွေ့ကို သူတို့ ပြောတဲ့စကားနဲ့ ပြန်ချုပ်ကြည့်လိုက်တော့ သူတို့ပြောတဲ့စကားက "တပ်ဆိုတာ ချမ်းသာစရာ မရှိဘူး"၊ လက်တွေ့ဖြစ်ရပ်က တပ်က ထိပ်သီးဆိုတဲ့စစ်ဗိုလ်မှန်သမျှဟာ"လုပ်ပိုင်ခွင့်ကလေးတခုပဲ ပိုတယ်" ဆိုတဲ့ ကောင်တွေမဟုတ်လား။ အဲဒီ လုပ်ပိုင်ခွင့်နဲ့လုပ်စားပြီး ချမ်းသာကြွယ်ဝနေကြသူတွေဖြစ်နေတယ်။ "ချမ်းသာတဲ့ကောင်က တပ်မတော်သား မပီသဘူး"ဆိုတဲ့ စကား ချိန် ထိုးလိုက်တော့ ချမ်းသာကြွယ်ဝနေတဲ့ ထိပ်သီးဆိုတဲ့ စစ်ဗိုလ်မှန်သမျှဟာ "တပ်မတော်သား ပီသတဲ့ ကောင်တွေမဟုတ်ဘူး၊ လုပ်စား ကြတဲ့ကောင်တွေသာဖြစ်တယ်" ဆိုတဲ့ အဓိပ္ပာယ်ဟာ အရှင်းသားအထင်သား ပေါ်လွင်နေတယ် မဟုတ်ပါလား။

အောက်ခြေတပ်သားတွေရဲ့ အသံကို နားထောင်ကြည့်ပါ။ နေစရာ အိမ်မပြောနဲ့ "စက်ဘီးတောင်စီးစရာမရှိဘူး" – ကျွန်တော်တို့ ကျတော့ အိုးမဲ့အိမ်မဲ့ဘဝ " ညီမျှခြင်း ဘယ်ရှိမလဲဗျာနော်" – "ကျွန်တော်တို့ အောက်ခြေကတော့ ဗလာနတ္ထိဘဝပါပဲ" – "တပ်မတော် ဝင် မယ်ပြောတာနဲ့ ပါးပိတ်ရိုက်တာ" – - "ငါနဲ့လွတ် ပြီးရော ခိုင်းနွားသဘောပေါ့ဗျာ။ ကျွန်တော်တို့က ခိုင်းကောင်းတဲ့ အချိန်တုန်းက ခိုင်းခဲ့ တယ်၊ ကျိုးကန်းပြတ်တောက်တဲ့ဘဝလည်းရောက်ရော လွှင့်ပစ်တာပဲ၊ ဘယ်လောက် ရင်နာ ဖို့ကောင်းသလဲ"- "စစ်တပ်ကို စိတ်နာတယ်" တဲ့။

ဒီစကားရပ်တွေကို ပြောတဲ့သူတွေက အောက်ခြေအဆင့် ဒုတပ်ကြပ် - တပ်ကြပ်ကြီးတွေ ဖြစ်တယ်။ ခြေတဖက် ပြတ်သူ - နှစ် ဖက်လုံးပြတ်နေသူတွေဖြစ်တယ်။ သူတို့ထဲက တချို့ဟာ ဘုတာစဉ်လည်ပြီး တောင်းရမ်းရတဲ့ "သူတောင်းစားဘဝ" ရောက်ခဲ့ရဖူးသူ၊ အိမ် သာစောင့်လုပ်ရသူ။ ပုလင်းခွံအိတ်ခွံ ဝယ်ရောင်းလုပ်ရသူစသဖြင့် ဘဝစုံပါတယ်။ ပြီးတော့ သူတို့ မျက်ဝန်းနဲ့ သူတို့စကားတွေမှာ ခံပြင်းနာ ကြည်းမှုတွေနဲ့ ပြည့်နှက်နေတာ အထင်သားမြင်ရတယ်။

စစ်တပ်ထဲက စကား တခုရှိသေးတယ်။ "အကြပ်ကောင်းမှ တပ်ကောင်းမယ်" ဆိုတာ အခုတော့ တပ်ကောင်း မကောင်းကတော့ အားလုံး သိတဲ့ အတိုင်းပဲ။ အကြပ်တွေဘဝ ဘယ်လိုမှ မကောင်းရှာတာကတော့ အဲဒီ မှတ်တမ်းတင်ရုပ်သံကို ကြည့်တာနဲ့ အသေအချာ သိနိုင်ပါတယ်။

အဲဒီလို ရင်ဖွင့်နေကြတဲ့ ဘဝနဲ့ ကိုယ်ခန္ဓာ ခြေမဲ့လက်မဲ့ တပ်ကြပ်ဟောင်း - တပ်ကြပ်ကြီးဟောင်းတွေရဲ့ သွင်ပြင်၊ နေအိမ် စတာ တွေနဲ့ ဗိုလ်သန်းရွှေ၊ ဗိုလ်သိန်းစိန်၊ ဗိုလ်ရွှေမန်း၊ ဗိုလ်စိုးမောင်၊ ဗိုလ်မင်းအောင်လှိုင်တို့ရဲ့ နန်းတော်တမျှအိမ်ကြီး အိမ်ကောင်းတွေ သူတို့ ဇ နီး၊ သားသမီးတွေရဲ့ အိမ်ရာ တိုက်တာတွေ၊ တန်ဖိုးကြီး နာမည်ကြီး တံဆိပ် အသုံးအဆောင် ပစ္စည်းတွေနဲ့ ဗိုလ်သန်းရွှေ ရတဲ့ အငြိမ်းစား လစာ ကျပ် သိန်း၁၀၀ နဲ့ တပ်ကြပ်ပင်စင် ကျပ် ၉၉၈၀၀၊... ဗိုလ်ရွှေမန်းပြောသလို အခု ရရှိတဲ့ပင်စင်ငွေဟာ မိမိတို့ အိုနာစာအတွက် လုံ လောက် မှုရှိပါတယ်၊ အဆင်ပြေပါတယ် --- ဆိုတဲ့ ဖြစ်ရပ်တွေ၊ စကားတွေနဲ့ နှိုင်း ယှဉ်ကြည့်လိုက်တော့ " ညီမျှခြင်း ဘယ်ရှိမလဲဗျာ နော်" ဆိုတဲ့ နာကြည်းကြေကွဲစွာ ပြောလိုက်တဲ့ ခလရ ၃၅ က ခြေထောက် တဖက် ပြတ်နေတဲ့ တပ်ကြပ်ဟောင်း ဦးမြင့်စိုးရဲ့ စကားဟာ ယနေ့ စစ်တပ်ထဲက မတရားမှုကို ကွက်ကွက်ကွင်းကွင်း ထင်ဟပ် ဖော်ပြနေပါတော့တယ်။

ဗိုလ်ရွှေမန်းက ဒီလို လေပြေထိုးပါတယ်။ "တခါတခါ အဲဒီလို အခြေအနေမျိုးအတွက် ရှက်မိပါတယ်" တဲ့။ ("တခါ တခါ" တဲ့၊ အ မြဲတမ်းတော့ မရှက်ဘူးပေါ့) သူ ဆက်ပြောထားတာက "ဗိုလ်ချုပ်မှူးကြီးနဲ့ အောက်ခြေမှာရှိတဲ့ ရဲဘော်ရဲ့ ပါဝင်မှု၊ မြင့်မြတ်မှုဟာ.. အတူတူ ပါပဲ၊ အခုလို ဆူကြုံနိမ့်မြင့် တအားဖြစ်နေတဲ့ ကိစ္စမျိုး မဖြစ်ပေါ်စေရေးအတွက် လူပုဂ္ဂိုလ်ပိုင်း၊ မူဝါဒပိုင်း၊ ဥပဒေပိုင်းကို လေ့လာသုံးသပ်ပြီး ဆောင်ရွက်သင့်ပါတယ်" တဲ့။

သူ့စကားကို ၂ ပိုင်းခွဲကြည့်ရအောင်ပါ။ "ဗိုလ်ချုပ်မှူးကြီးနဲ့ အောက်ခြေရဲဘော်ရဲ့ ပါဝင်မှုနဲ့ မြင့်မြတ်မှုဟာ အတူတူ ပါပဲ" တဲ့။

အဲဒီပါဝင်မှုနဲ့မြင့်မြတ်မှုတွေက ဘယ်သူမှမမြင်ဖူးလို့ ဘယ်သူမှ မသိပါဘူး။ ပြည်သူတွေကတော့ ပြည်တွင်းစစ်ကို တိုက်၊ ပြည်သူ ကို ဖိနှိပ်၊ ပြည်သူကို သတ်ဖြတ် မုဒိမ်းကျင့်၊ ပြည်သူ့အိုးအိမ်စည်းစိမ်တွေ ဖျက်ဆီးနေသူတွေကို မြင့်မြတ်တယ်လို့ မမြင်ဘဲ မြင့်မြတ်မှု ရဲ့ ဆန့်ကျင်ဘက် အဖြစ်သာ မြင်နေကြမှာ ဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူးကြီးရဲ့ ကြွယ်ဝချမ်းသာမှုနဲ့ အောက်ခြေ ရဲဘော်ထုရဲ့ဆင်းရဲမွဲပြာကျမှုက တော့ နန်းတော်နဲ့ တဲကုပ်လို၊ မိုးနဲ့ မြေလို ခရီးဝေးလွန်းလှတယ် ဆိုတဲ့ အချက်ကတော့ တပ်အောက်ခြေထု တခုလုံး၊ တတိုင်းတပြည်လုံး က အထင်အရှား မြင်ထားသိထားပါတယ်။ ဒါက ပထမပိုင်းပါ။

ဒုတိယပိုင်းဖြစ်တဲ့ ..." အခုလို ဆူကြုံနိမ့်မြင့် တအားဖြစ်နေတဲ့ ကိစ္စမျိုး မဖြစ်ပေါ်စေရေးအတွက် လူပုဂ္ဂိုလ်ပိုင်း၊ မူဝါဒပိုင်း၊ ဥပဒေ ပိုင်းကို လေ့လာသုံးသပ်ပြီးဆောင်ရွက်သင့်ပါတယ်" ဆိုတဲ့ အပိုင်းဖြစ်ပါတယ်။

သေချာတာတော့ ထိပ်သီးစစ်ဗိုလ်ချုပ်ကြီးတွေနဲ့ အောက်ခြေတပ်ဗိုလ်တပ်သားအများစုကြီးအကြားမှာ အဆင့် နေရာအရ၊ ခံစား စံစားမှုအရ၊ ကြွယ်ဝချမ်းသာမှုအရ ကြီးမားကျယ်ပြန့်စွာ အခြားနားကြီး ခြားနားနေတာကို ဗိုလ်ရွှေမန်းရဲ့ ဒီအသုံးအနှုန်း (ဆူကြုံနိမ့်မြင့် တ အားဖြစ်နေတဲ့ကိစ္စမျိုး) က အတိအလင်း ဝန်ခံလိုက်တဲ့ အချက်ပါပဲ။"ဆူကြုံနိမ့်မြင့် တအားဖြစ်နေတဲ့ကိစ္စမျိုး" တဲ့။ ဒီစကားကြားတော့ လူ ရွှင်တော် ဦးချစ်စရာပြောတဲ့ ပြက်လုံး သွားသတိရတယ်။ "ရွှေမန်းက အသံကောင်းဟစ်တယ်" တဲ့။ စစ်တပ်ပိုင် မြဝတီသတင်းစာမှာ ဗိုလ် ရွှေမန်းကို "သဖန်းသီးပုပ်"တဲ့။ ဒါကတော့ စစ်အုပ်စု တစ်ခြံထဲပေါက် အချင်းချင်းက မြွေ - မြွေချင်း ပြောတာရေးတာပါ။

နောက် တဆက်တည်းအချက်က "လူပုဂ္ဂိုလ်ပိုင်း၊ မူဝါဒပိုင်း၊ ဥပဒေပိုင်းကို လေ့လာသုံးသပ်ပြီး ဆောင်ရွက်သင့်ပါတယ်" ဆိုတဲ့ ပြောဆိုချက်က စစ်တပ်ကြီးဟာ အဘက်ဘက်က ချွတ်ခြုံကျ ပုပ်ပွနေတာဖြစ်တယ် ဆိုတဲ့အချက်ကို စကားလုံး တမျိုး သုံးပြီး ဝန်ခံဖွင့်ဟ သွားတာပဲဖြစ်ပါတယ်။ တပ်ထဲမှာ လက်ရှိ ရှိနေတဲ့ "လူ၊ မူဝါဒနဲ့ ဥပဒေတွေ" ဟာ ထိပ်သီး စစ်ဗိုလ်ချုပ်ကြီးတွေကို အကန့်အသတ်မရှိ ချမ်းသာကြွယ်ဝစေပြီး အောက်ခြေ တပ်ဗိုလ်တပ်သားထုကြီးကို ဆင်းရဲမွဲပြာကျနေစေတယ် ..ဆိုတဲ့ ပုပ်သိုးမှုကို အဖန်ဖန် တလဲလဲဖြစ်စေ တယ်ဆိုတာပါပဲ။ "လေ့လာသုံးသပ်ပြီး ဆောင်ရွက်သင့်ပါတယ်"ဆိုတာကတော့ မဖြစ်နိုင်မှန်းသိလျက်နဲ့ မင်္ဂလာယူတာ၊ လူထုကို မဲဆွယ် တဲ့ လေသံပစ်တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီက အခါအားလျော်စွာ သုံးသပ် တင်ပြရေးသားချက်တွေမှာ ပါဝင်တဲ့ "စစ်အုပ်စုဟာ တပ်မတော်ကို ကုပ်ခွစီး ထားပြီး တစ်လက်ကိုင်တပ်၊ ခါးပိုက်ဆောင်အဖြစ် စေစားနေတယ်" ဆိုတဲ့ထောက်ပြချက်ဟာ ဒီအချက်ပဲဖြစ်ပါတယ်။

ဒါဟာ ဘက်တဖက်ပဲ ရှိပါသေးတယ်။

အခြားဘက်တဖက်ကတော့ စစ်အုပ်စုဟာ သူတို့ကုပ်ခွစီးထားတဲ့ စစ်တပ်ကြီးကို ပြည်သူလူထုဘက် သေနတ်ပြောင်း လှည့်ထား တာမျိုး အဆက်မပြတ်ဖြစ်နေအောင် ထိန်းချုပ်ထားတဲ့ အချက်ပါပဲ။ စစ်အုပ်စုကတော့ သူတို့ ချုပ်ကိုင်ထားတဲ့ အာဏာနဲ့ဥစ္စာဓန ချမ်းသာ ကြွယ်ဝမှု သားစဉ်မြေးဆက် ရှည်ကြာစေဖို့ စစ်တပ်ကြီးကို ကုပ်ခွစီးထားပြီး ခါးပိုက်ဆောင်တပ်သဖွယ် လုပ်ထားရမယ်။ ပြည်တွင်းစစ်ကို မရပ်စဲဘဲ ဆက်ပြီး ထိန်းသိမ်း မွေးမြူထားရမယ်...ဆိုတဲ့ အချက်နှစ်ချက်ကို လက်မလွှတ်စတမ်း တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားတယ်။ စစ်အုပ်စုက ဒီ အချက် ၂ ချက်ကို မစွန့်လွှတ်သမျှ ...ပြည်တွင်းစစ် ရပ်စဲနိုင်မှာ မဟုတ်ဘူး။ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်မှာ မ ဟုတ် ဘူး။ စစ်မှန်တဲ့ ပြည်ထောင်စု လည်း တည်ဆောက်နိုင်မှာမဟုတ်ဘူး။ ထို့အတူ ခေတ်မီတိုင်းပြည်လည်း ဘယ်တော့မှ တည်ဆောက် နိုင်မှာမဟုတ်ဘူး။

တဖက်မှာတော့ စစ်အုပ်စုထိပ်သီးစစ်ဗိုလ်ချုပ်ကြီးတွေတစုကတော့ ချမ်းသာမြဲချမ်းသာနေမယ်။ အောက်ခြေ တပ်ဗိုလ်တပ်သား ထုကြီးဟာ ဆင်းရဲမြဲဆင်းရဲနေမယ်။

ပြည်တွင်းစစ်ကို ဆက်လက်ရှည်ကြာစေတဲ့အတွက် တိုင်းပြည်နဲ့လူထုက ဆင်းရဲတွင်းဘဝထဲက မတက်နိုင်ဘဲ နစ် သထက်သာ နစ်ဖို့သာရှိပါတယ်။

ဒါကြောင့် "ပြည်တွင်းငြိမ်းချမ်းရေး - ဒီမိုကရေစီရေး - စစ်မှန်တဲ့ ပြည်ထောင်စု - ခေတ်မီတိုင်းပြည်ထူထောင်ရေး - တိုင်းပြည်နဲ့ လူထု ကောင်းစားရေး စတဲ့ မွန်မြတ်ရည်ရွယ်ချက်တွေ" ရှိတဲ့ ဘယ်သူမဆို၊ ဘယ်အင်အားစုမဆို စစ်အုပ်စုကို အကုန်အစင် တိုက်ဖျက် ရေးကို ဦးတည်ရမယ်။ စစ်အုပ်စုက ကုပ်ခွစီးထားတာခံရတဲ့၊ ခါးပိုက်ဆောင်တပ်ဘဝကျ ရောက်နေတဲ့၊ တလက်ကိုင်တပ်ဘဝ ကျရောက် နေတဲ့ စစ်တပ်ကြီးကို ပြည်သူလူထုဘက် သေနတ်ပြောင်းမလှည့်ဘဲ စစ်အုပ်စုဘက် လှည့်လာစေဖို့ အောက်ခြေ တပ်ဗိုလ်တပ်သားထုကို ပျော့ပျောင်းကျင်လည်စွာ စည်းရုံးကြရပါလိမ့်မယ်။

ဒီ မှတ်တမ်းရုပ်သံကတော့....... စစ်တပ်အပေါ် စစ်အုပ်စုက ကုပ်ခွစီးထားတယ်ဆိုတဲ့အချက်၊ တလက်ကိုင်တပ်သဖွယ်၊ ခါးပိုက် ဆောင်တပ်သဖွယ် အသုံးချခံနေရတယ်ဆိုတဲ့ အဖြစ်မှန်ကို တိုင်းပြည်နဲ့လူထုအတွက်၊ လူထုအစိတ်အပိုင်းဖြစ်တဲ့ အောက်ခြေတပ်ဗိုလ် တပ်သားထုတို့အတွက် တကွက်ဆိုတစ်ကွက် လှုပ်နှိုး ဖွင့်ချပြသွားတာတော့အမှန်ပါပဲ။

တချိန်က စစ်အုပ်စု "နံပတ်သုံး" ပါဆိုတဲ့ ဗိုလ်ရွှေမန်း ပါးစပ်ကနေ လက်ရှိစစ်တပ်ထဲမှာဖြစ်ပျက်နေတာတွေနဲ့ ပတ်သက်ပြီး (မဖုံး နိုင်မကွယ်နိုင်ဘဲ ) အခုလို ဝန်ခံသွားပါတယ်။

" တိုက်ပွဲတွေမှာ သူတို့ရဲ့ ကိုယ်လက် အင်္ဂါတွေ စွန့်လွှတ်ခဲ့ရတယ် ဒီနေ့ ဒီအချိန်အခါမှ သူတို့ကို ပြန်ပြီးတော့ လှည့်မကြည့်ကြ ဘူး၊ အဲဒီအတွက် စိတ်မကောင်းဖြစ်တယ်၊ စိတ်နာတယ်ဆိုတဲ့ ဒီစကားသံတွေဟာ တကယ်အဲလို အဖြစ်အပျက်မျိုးနဲ့ဆိုလို့ရှိရင်တော့ စိတ် နာစရာတွေပါပဲ၊ မကျေနပ်စရာတွေပါပဲ။ ဒီအဖြစ်မျိုးတွေမဖြစ်သင့်ဘူး" တဲ့။

တကယ်တော့ သူကိုယ်တိုင် စစ်တပ်ထိပ်သီးနေရာ ရှိတုန်းကလည်း ဒီလိုစကားမျိုး သူ့ပါးစပ်က တလုံးတပါဒမျှ မပြောခဲ့ပါဘူး။ ဗိုလ်ရွှေမန်းလိုပါပဲ၊ အခြားထိပ်သီးစစ်ဗိုလ်ဟောင်းတွေလည်း မပြောခဲ့ပါဘူး။ ရသမျှ အဆီအနှစ်ကို မှိန်းပြီး တုတ်ခဲ့ကြတာပါ။ အခုမှ အသံ ကောင်းဟစ်ပြနေတာပါ။

ဒါကြောင့် စစ်အုပ်စုဝင်ဟောင်းတွေ စစ်ဗျူရိုကရက်ဟောင်းတွေအနေနဲ့ စစ်အာဏာရှင်စနစ်ကို သံယောဇဉ်တွယ်မနေဘဲ ပြည် သူနဲ့အတူ ပြတ်ပြတ်သားသား ရပ်တည်မှသာ လူထုရဲ့ ယုံကြည်ကိုးစားမှုကို ပြန်လည်ရရှိလာနိုင်စရာ အကြောင်း ရှိပါလိမ့်မယ်။ အောက် ခြေ တပ်ဗိုလ် တပ်သားထုအနေနဲ့ လုပ်သင့်တာကတော့ အဲဒီလို မညီမျှတာတွေ၊ စိတ်နာစရာတွေ ၊ မကျေနပ်စရာတွေကို အင်အားအဖြစ် ပြောင်းလဲစုစည်းပြီး မိမိတို့ ကုပ်ပေါ်ခွစီးထားတဲ့၊ တပ်မတော်ကြီးကို ခါးပိုက်ဆောင် တပ်သဖွယ် လုပ်ထားတဲ့ စစ်အုပ်စုကို ခါချ နင်းချေပစ် လိုက်ဖို့ပါပဲ။

၃၁ မတ် ၂၀၂၀

# ပေးကားပေး၏ မရ-
# ကျွေးကားကျွေး၏ မဝ -
# မဖြစ်ပါစေနဲ့

ညှိုစိန်ဝင်း



ကိုဗစ်၁၉ ကပ်ရောဂါဆိုးကို ကမ္ဘာတဝန်းက လူသားတွေ ရင်ဆိုင်တိုက်ခိုက်နေရပါတယ်။ စတင်ရင်ဆိုင်တိုက်ခိုက်ချိန်ကစပြီး ကမ္ဘာပေါ်က နိုင်ငံအသီးသီးရဲ့ အစိုးရတွေဟာ ကိုယ့်တိုင်းပြည် ကိုယ့်ပြည်သူတွေအတွက် တိုင်းပြည်ဘဏ္ဍာငွေတွေကို ထုတ်ပြီး ပြည်သူတွေကို ထောက်ပံ့တာတွေလုပ်ရပါတယ်။ မလုပ်ရင် မဖြစ်ပါ။ ဒါဟာ တိုင်းပြည်အုပ်ချုပ်တဲ့အစိုးရတိုင်း မဖြစ်မနေလုပ်ရမယ့် တာဝန် ဝတ္တရားသာ ဖြစ်ပါတယ်။ တိုင်းပြည်နဲ့ပြည်သူအတွက် သေရေးရှင်ရေး အရေးကြီးနေချိန် ဒါကိုမလုပ်ရင် အစိုးရဆိုတဲ့ နာမည်နဲ့တောင် မထိုက်တန်တဲ့ အုပ်စိုးသူဖြစ်ကြောင်း ထင်ရှားသွားမှာပါ။ မလုပ်တဲ့အစိုးရတွေဟာ သမိုင်းဇာတ်ခုံပေါ်က ပုံပျက်ပန်းပျက် လွင့်စင်သွားနိုင်တဲ့ ပြည်သူ့ဒဏ်ခတ်မှုမျိုးနဲ့ ကြုံတွေ့နိုင်စရာအကြောင်း ရှိပါတယ်။ ကိုဆိုဗိုအစိုးရကို ဖြုတ်ချတာမှာ ဗိုင်းရပ်စ်ကာလအတွင်း အစိုးရ ကိုင်တွယ်ပုံကို ပြည်သူတွေ မကျေနပ်တာလည်း အကြောင်းရင်းတချက် ဖြစ်ပါတယ်။ ကိုဗစ်ကာလ ကိုယ့်တိုင်းပြည် ကိုယ့်ပြည်သူကို အစိုးရတွေက ပြန်လည်ကူညီထောက်ပံ့ရာမှာ အစိုးရတရပ်နဲ့တရပ် ကူညီထောက်ပံ့တဲ့အတိုင်းအတာ၊ စေတနာ၊ တာဝန်ယူမှု၊ စီမံခန့်ခွဲမှုတွေ မတူညီကြပါဘူး။ မတူတဲ့အလျောက် ပြည်သူအပေါ် အကျိုးသက်ရောက်မှုတွေလည်း ခြားနားသွားနိုင်ပါတယ်။ စေတနာ၊ တာဝန်ယူမှု၊ စီမံခန့်ခွဲမှုတွေ ကောင်းရင်ကောင်းသလောက် ပြည်သူတွေအပေါ်မှာ အကျိုးရှိစေပါတယ်။ (တိုင်းပြည်မှာ ထူထောင် တည်ဆောက်ထားတဲ့ ကျန်းမာရေး ပညာရေးစနစ်တွေ ချည့်နဲ့မှု၊ အားသာမှုတွေကလည်း တိုင်းပြည်တပြည်နဲ့တပြည် မတူကြပါ။ ကိုဗစ်၁၉ ကပ်ဆိုးကို ခုခံ ကာကွယ်ရာမှာ ကျန်းမာရေးစနစ် အားကောင်းတဲ့ နိုင်ငံတွေက ပြည်သူတွေကို ပိုပြီး တာဝန်ယူနိုင်ကြပါတယ်။ ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်တယ်လို့ အပြင်ပန်းထင်ရပေမယ့် ကိုဗစ် ၁၉ ကာလ လက်တွေ့မှာ ပြည်သူတရပ်လုံးအတွက် ထိထိရောက်ရောက် တာဝန်ခံမပေးနိုင်တဲ့ ကျန်းမာရေးစနစ်တွေ ဖြစ်နေကြောင်း ပေါ်လွင်လာတာလည်း ရှိပါတယ်။)ကိုဗစ် ဗိုင်းရပ်စ်ကာလအတွင်းမှာတောင် ကိုယ်ကျိုးစီးပွားကို ဖက်တွယ်အမြတ်ထုတ်လိုတဲ့အစိုးရမျိုးတွေလည်း ရှိနေတတ်တာ တွေ့ရပါတယ်။

ကိုဗစ်ရောဂါဆိုးကို ဗမာပြည်က ရင်ဆိုင်ရတာဟာ တခြားတိုင်းပြည်တွေနဲ့နှိုင်းစာရင် နောက်ကျပါတယ်။ တဖက်က ကြိုတင်ပြင်ဆင်ချိန် ရပါတယ်။ ဒါပေမဲ့ ကြိုတင်ပြင်ဆင်ချိန်အတွင်း ရောဂါပိုးကို ထိထိရောက်ရောက် ကာကွယ်တားဆီးရေးမှာ လစ်ဟင်းချက်တွေ ရှိ

ခဲ့ပါတယ်။ ကိုဗစ်ကပ်ဆိုးကို ရင်ဆိုင်နေရချိန် ပြည်သူလူထုကို တာဝန်ယူကူညီဖြေရှင်းရာမှာလည်း ဗမာအစိုးရက တခြားနိုင်ငံတွေထက် နောက်ကျပါတယ်။ လက်ဦးမှုရှိရှိ ပြည်သူတွေအတွက် ကိုဗစ်ခုခံကာကွယ်ရေးမှာ ငွေဘယ်လောက်ထုတ်သုံးမယ်၊ ဘယ်လို ထောက်ပံ့ မယ်ဆိုတာ ကြေညာနိုင်ခဲ့ခြင်း မရှိပါဘူး။ အဲဒါအစား အေအေကို မတရားအသင်းအဖြစ် ကြေညာကာ ရခိုင်စစ်ပွဲကို သဲကြီးမဲကြီး ဆက် တိုက်ပါတယ်။ အစိုးရတရပ်အနေနဲ့ ပြည်သူအပေါ် အမှန်တကယ် တာဝန်ယူမှု တာဝန်ခံမှု ရှိ/မရှိ တိုင်းတာရာမှာ ဒီအချက်က အဓိက ကျ ပါတယ်။ ဒီလို ရခိုင်ပြည်သူတွေကို မျက်နှာလွှဲခဲပစ် လုပ်နေရင်းက သကြင်္န်ကာလအတွက် ဝင်ငွေပုံမှန်မရှိတဲ့ ပြည်သူတွေကို ထောက်ပံ့ တာတချို့ လုပ်မယ်လို့ ကြေညာလိုက်တာဖြစ်ပါတယ်။ ဒီလိုကြေညာတဲ့အချိန် ပြည်သူအချင်းချင်း ကူညီထောက်ပံ့နေတဲ့ ဆောင်ရွက်မှု တွေက အတော်လေး အရှိန်ရနေပါပြီ။ ကိုယ့်ဒေသအတွက် ကိုယ်တတ်နိုင်သလောက် ဆန်တအိတ် ဆီတပုံး စသဖြင့် ကူညီတာတွေ၊ ကျပ်ငွေ ရှစ်သိန်းပေးရတဲ့ ပိုးသတ်ဆေးဖျန်းကိရိယာတွေ ဝယ်ယူဆောင်ရွက်ပေးတာကအစ ကျပ်ငွေ သိန်း ၈ ထောင်ကျော် တန်ဖိုးရှိပြီး လူတထောင်ကျော် စစ်ဆေးပေးနိုင်တဲ့ ကိုဗစ် ၁၉ စစ်ဆေးတဲ့ ကိရိယာကို ဝယ်ယူလှူဒါန်းတာ၊ အနုပညာရှင်တွေအပါအဝင် ပြည်သူ တွေက ဆန်၊ ဆီ၊ ဆား၊ ကြက်သွန် စသဖြင့် လှူဒါန်းနေကြတာတွေ ရှိနေကြပါပြီ။ ဒါကြောင့် ပြည်သူအချင်းချင် ကူညီမှုထက် အစိုးရရဲ့ ပြည်သူအပေါ် တာဝန်ယူမှု ကူညီမှုက နောက်ကျခဲ့ပါတယ်။

ဒါ့အပြင် ဧရာဝတီတိုင်းဝန်ကြီးချုပ်က စောင့်ကြည့်လူနာတွေအတွက် ၁၄ ရက် စားသောက်ရေးကိုတောင် အမြဲတမ်း တာဝန် မယူနိုင်ဘူးလို့ ထုတ်ဖော်ပြောဆိုတာလည်း ဒီကာလအတွင်း ထွက်ပေါ်ခဲ့ပါတယ်။ စောင့်ကြည့်လူနာတွေအတွက် ရပ်ရွာပြည်သူတွေက ကိုယ့်ဘာသာ တာဝန်ယူဖြေရှင်းနေရတာတွေ ဗမာပြည် အနံ့အပြားမှာ ရှိနေပါတယ်။ အလုပ်သမား ထောင်ချီတဲ့အရေးအတွက်နဲ့ ကိုဗစ် ရောဂါကို မကြောက်နိုင်ဘဲ လူစုလူဝေးနဲ့ သပိတ်မှောက် ဆန္ဒပြနေရတာတွေ ဒီကာလအတွင်း ရှိနေပါတယ်။ ဒီအချိန်မှာ အစိုးရက လုပ် ငန်းရှင်တချို့အတွက် လူမှုဖူလုံရေးရန်ပုံငွေထဲက ငွေယူပြီး ချေးငှား အကူအညီပေးဖို့ ပြင်လာပါတယ်။ (ဒါဟာ လောဂျစ်အရကို ဖောက် ပြန်ပါတယ်။ အလုပ်ရှင်ရှိလို့ အလုပ်သမားရှိတာ မဟုတ်ပါဘူး။ အလုပ်သမားမရှိရင် အလုပ်ဆိုတာလည်း မရှိဘူး၊ အစွန်းထွက်တန်ဖိုး လည်း ထုတ်ယူလို့မရဘူး၊ အမြတ်အစွန်းဆိုတာလည်း မဖြစ်ပေါ်ဘူး၊ အရင်းဆိုတာလည်း မတိုးပွားနိုင်ဘူး။) ဒါကြောင့် အလုပ်သမားတွေ ဘက်က မကျေနပ်ချက်တွေ ထွက်လာပါတယ်။ သန်းနဲ့ချီတဲ့ အလုပ်သမားတွေက လူမှုဖူလုံရေး ရန်ပုံငွေတွေ ထည့်ဝင်ထားကြရတာပါ။ ဒီငွေတွေကို ယူငင်အသုံးပြုရာမှာ အလုပ်သမားတွေအတွက် ဘာလုပ်ပေးမယ်မပြောဘဲ အလုပ်ရှင်တေကွကို ကူညီမယ်ပြောတာကို မခံ မရပ် နိုင်ဖြစ်ကြတာပါ။ အခုတော့ အလုပ်သမားတွေ အလုပ်မရပ်စဲရအောင် အလုပ်ရှင်တွေဘက်က ကူညီပြီး အလုပ်သမားအရေး ဖြေ ရှင်းတာ၊ ဒါတွေအတွက် စဉ်းစားလုပ်ဆောင်မယ်ဆိုတဲ့ သဘောမျိုး အစိုးရဘက်က လှည့်ပတ်ပြောဆိုတဲ့ အသံထွက်လာပါတယ်။

စီးပွားရေးလုပ်ငန်းရှင်များကို အခွန်အကောက်လျှော့တာ၊ အတိုးနှုန်းလျှော့တာ၊ အရေးပေါ်ရန်ပုံငွေထူထောင် ကယ်မရေးလုပ် ပေးတာ၊ အခွန်ပေးချိန် ရွှေ့ဆိုင်း ပယ်ဖျက် လျှော့ချပေးတာတွေ လုပ်ပေးခဲ့ပါတယ်။ တဖက်မှာကျ အလုပ်သမားတွေရဲ့ လှုပ်ရှားမှုကို နှိမ် နင်းဖို့ ပြင်ဆင်လာတဲ့ အာဘော်တွေ ဖော်ပြလာပါတယ်။

ကိုဗစ် ပိုးရပ်စ်ကို ရင်ဆိုင်နေရတဲ့ဒီလိုကာလမှာ အလုပ်သမားတွေ ပြည်သူတွေရဲ့ ဆန္ဒပြတောင်းဆိုမှုတွေ သပိတ်မှောက်တာ တွေဟာ ဗမာနိုင်ငံမှာမှ မဟုတ်ပါဘူး။ တခြားနိုင်ငံတွေမှာလည်း ရှိပါတယ်။ ဒီကာလမှာမို့ ဒါကို နှိမ်နင်းမယ်ဆိုရင် အင်မတန်ညံ့ဖျင်းတဲ့ အစိုးရဖြစ်သွားမှာပါ။ ဒီလို ရောဂါဘေးရင်ဆိုင်နေရချိန် အလုပ်သမားတွေ သေမှာမကြောက် ဆန္ဒပြတောင်းဆိုတယ်ဆိုတာ သူတို့ဘဝက ပြဿနာချက်ကြောင့် ဖြစ်ပါတယ်။ ရောဂါကို ကြောက်ပေမယ့် ငတ်ရင်း အသေမခံနိုင်လို့ပါ။ သူတို့တောင်းဆိုချက်တွေဟာ ဆီလျော် သင့်မြတ်ပါတယ်။ တရားပါတယ်။ ဒါကို ဖိနှိပ်နှိမ်နင်းမှုဆိုတဲ့ သဘောထားကသာ မတရားတာပါ။ ဖိနှိပ်ရမှာ မဟုတ်ပါဘူး။ သူတို့အခက် အခဲတွေကို ဖြေရှင်းပေးရမှာပါ။ ဒီကာလ ဒီလို ကိုဗစ်ရောဂါပိုးကို ရင်ဆိုင်နေရချိန် လူစုလူဝေးနဲ့စုပြီး ဆန္ဒပြရတဲ့ အလုပ်သမားတွေရဲ့ ကျန်းမာရေးဟာ အင်မတန် အန္တရာယ်ကြီးတာပါ။ အလုပ်သမားတွေကို အလုပ်ခွင်မှာ ယာယီအနားပေးပြီး အိမ်မှာ အနေခိုင်းရမှာပါ။ ဒီ ကာလမှာ အလုပ်သမားတွေအတွက် လုံလောက်တဲ့ အသက်ရှင်ရပ်တည်ရေး ငွေကြေး ထောက်ပံ့ပေးထားရမှာပါ။ ဒါကို ဖြေရှင်းမပေးနိုင် သေးခင် သကြင်္န်ကာလ ပုံမှန်ဝင်ငွေမရှိသူ ပြည်သူတွေအတွက် ရိက္ခာတချို့ ထောက်ပံ့ပေးမယ်လို့ ကြေညာလာတာ ဖြစ်ပါတယ်။ ဒါဟာ စက်ရုံအလုပ်ရုံက အလုပ်သမားတွေရော အကျုံးဝင်သလား။ ဒီကာလမှာ လူမှုဖူလုံရေးရန်ပုံငွေနဲ့ သူတို့ကို ကူညီတာ လုပ်ပေးဦးမှာလား။ ဒါတွေမရှင်းသေးပါဘူး။ ရခိုင်ပြည်သူတွေ စစ်ပြေးရှောင်တွေအတွက် ဘယ်လို ကူညီထောက်ပံ့မယ် ဆိုတာမပါသေးပါဘူး။ အဲလို မပါရင် ကူညီထောက်ပံ့မှုဟာ ကွက်ကြားမိုးရွာသလိုသာ ဖြစ်ပါလိမ့်မယ်။ အခက်အခဲရင်ဆိုင်ရမယ့် လူမျိုးပေါင်းစုံ ပြည်သူတွေအရေး တကယ် တမ်း ဖြေရှင်းပေးမယ်ဆိုရင် ရခိုင်ပြည်သူတွေအရေး အလုပ်သမားပြည်သူတွေအရေး မပါဝင်ဘဲနဲ့ ဘယ်လိုမှ ပြည့်စုံလုံလောက်တဲ့ ဖြေ ရှင်းမှုမဟုတ်ပါဘူး။

သကြင်္န်ကာလအတွင်း ဝင်ငွေပုံမှန်မရှိတဲ့ ပြည်သူတွေ အထောက်အပံ့ရတာ ဝမ်းသာကြိုဆိုပါတယ်။ ပြည်သူတွေ ရရှိတာကို ပြည်သူ့ဘက်က ရပ်တည်ပြီး ဝမ်းမြောက်တာပါ။ ပြည်သူတွေရဲ့ တောင်းဆိုချက်ကို လိုက်လျောလာမှုအပေါ် ကြိုဆိုတာပါ။ ဒါပေမဲ့ မလုံ လောက်သေးပါဘူး။ လုံလောက်တဲ့ ကူညီထောက်ပံ့မှုမဟုတ်သေးပါဘူး။ ဆန်ရှစ်ပြည်နဲ့ ပြည်တော်သာဖို့ဝေးလို့။ အိမ်ထောင်တစု မိသားစု တလစာတောင် ကောင်းကောင်းမလုံလောက်ပါဘူး။ နိုင်ငံတကာအစိုးရတွေဟာ ပြည်သူတွေအတွက် ငွေလုံးငွေရင်း ပမာဏ

ကြီးမားစွာနဲ့ထောက်ပံ့နေပါတယ်။ ဗမာအစိုးရအတွက်တော့ ပြည်ပနိုင်ငံက ငွေရေးကြေးရေးဘက်မှာလည်း အကူအညီပေးလာတာတွေ ရှိပါ တယ်။ ကမ္ဘာ့ဘဏ်နဲ့ အိုင်အမ်အက်ဖ်တို့ကလည်း ချေးငွေပေးမယ်လို့ ပြောထားပါတယ်။ ပြည်တွင်းကလည်း ပြည်သူတွေ လှူဒါန်းတာ ရှိနေပါတယ်။ ပြည်သူတွေ ထည့်ဝင်ထားတဲ့ အစိုးရဘဏ္ဍာငွေတွေလည်း ရှိနေပါတယ်။ တချို့တိုင်းပြည်တွေဟာ ဒီလိုကာလမှာ တိုင်းပြည် အကြွေးအတင်ခံပြီး ပြည်သူတွေကို ထောက်ပံ့ကူညီနေကြတာတွေတောင် တွေ့ရပါတယ်။ ပြည်သူ့အကျိုး အဓိကထားရင် ကိုဗစ်ရောဂါ ကာလမှာ အစိုးရက ဒါထက်ပိုမိုတဲ့ငွေကြေးပမာဏ သုံးစွဲပြီး ပြည်သူကို ကူညီလို့ရပါတယ်။ ဒါကြောင့် ရရှိလာတဲ့အကူအညီနဲ့ မလုံ လောက်သေးတာကြောင့် ပြည်သူတွေအနေနဲ့ ဆက်လက်တောင်းဆိုသွားရဦးမှာပါ။ ဗိုင်းရပ်စ်ရောဂါနဲ့ ယှဉ်ပြိုင်တိုက်ခိုက်နေဆဲကာလမှာ ပြည်သူတွေအနေ့ ပူးပေါင်းရေး ညီညွတ်ရေးဆန္ဒ အရင်းခံထားပါတယ်။ ဒါပေမဲ့ သေရေးရှင်ရေးကာလမှာ အလုပ်သမားတွေ မိမိတို့ အခွင့်အရေးကို တောင်းဆိုနေကြသလို ပြည်သူတွေအနေနဲ့ မိမိတို့ရသင့်ရထိုက်တာတွေကို လျစ်လျူရှုထားရင် မရသေးရင် တဖက်ကလည်း တောင်းဆိုနေရဦးမှာပါ။

ဗိုင်းရပ်စ်ရောဂါပိုးကို ခုခံတိုက်ပွဲဝင်နေရစဉ်ကာလအတွင်း

- သေနတ်သံတွေ ရပ်စဲပေးပါ။

- အလုပ်သမား လယ်သမားအရေးကို ထိထိရောက်ရောက် တာဝန်ယူမှုရှိရှိ ဖြေရှင်းပေးပါ။ ထောက်ပံ့ပေးပါ။

- သကြ်န်ကာလ ကူညီထောက်ပံရေးသာမက ကိုဗစ်ဗိုင်းရပ်စ်ကာလမှာ ပြည်သူ့ဘဏ္ဍာငွေနဲ့ အစိုးရက ပြည်သူကို ပြန်လည်ထောက်ပံ့ပေးပါ။

- ရခိုင်စစ်ဘေးဒုက္ခသည်တွေအပါအဝင် ရခိုင်ပြည်သူတွေအရေး ဖြေရှင်းပေးပါ။ ထောက်ပံ့ကူညီပေးပါ။

- ကိုဗစ်ရောဂါ ကုသရေးမှာ အခမဲ့ ဆေးဝါးကုသရေးစနစ်ကို စီမံခန့်ခွဲပေးပါ။ ဗိုင်းရပ်ကူးစက်သူ လူနာအရေအတွက် များလာမယ့်အရေး ကြိုတင်တွက်ချက်ပြီး ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားရမှာပါ။ -

ဗိုင်းရပ်စ် ရောဂါတိုက်ဖျက်ရေး ရှေ့တန်းစစ်မျက်နှာမှာ အသက်အန္တရာယ်အမှုမထားဘဲ တာဝန်ယူနေကြတဲ့ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းနဲ့ သူ့မိသားစုအတွက် ဒီကာလအတွင်း အထူးစောင့်ရှောက်ကြည့်ရှုငွေ ပေးအပ်ပြီး ကူညီထောက်ပံ့ပါ။

- အကူအညီအထောက်အပံ့တွေကို ပြည်သူ့လက်ထဲ တကယ်တမ်း မှန်မှန်ကန်ကန်ရောက်ရှိစေအောင် တရားမျှတတဲ့ စီမံ ခန့်ခွဲမှုကို စီစဉ်ပေးပါ။ အခု ပြည်သူတွေက ဒီအချက်အပေါ် အထူးစိုးရိမ်ပူပန်မိကြောင်း ဖော်ပြလာနေပါတယ်။ မန္တလေးက တချို့ရပ်ကွက်တွေမှာ အစိုးရပေးတဲ့ ဒီလို အထောက်အပံ့အကူအညီလိုချင်ရင် ငွေ ၅၀၀၀ ကျပ်ပေးမှ ရမယ်-ဆိုပြီး အမြတ်ထုတ်ဖို့ ကြံတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်လာနေပါတယ်။

ဗိုင်းရပ်စ် ရောဂါဆိုးကို ရင်ဆိုင်နေရချိန် ကာလအတွင်း ပေးကားပေး၏ မရ၊ ကျွေးကားကျွေး၏ မဝ- ဆိုတဲ့ အဖြစ်မျိုး မကြုံတွေ့ချင်တော့ပါ။



# စစ်အုပ်စုနဲ့ ဒီချုပ်တို့ အနေနဲ့ ဘယ်လမ်းရွေးချယ်မှာလဲ

**စောအယ်ထူး**



the Reporter

ဦးနုနှင့် ဝန်ကြီး တဖွဲ့လုံး ဖမ်းထားပြီ

ဖက်ဒရယ် မူရှင်ဘွဲ့ကိုပါ ဖမ်းခြင်း

စပ်ရှေ့သိုက် အိမ်၌ပစ်ခတ်ခြင်း

ယိုယွင်းနေသော—တိုင်းပြည်အခြေအနေကို—ထိန်းသိမ်းရန်

ဗိုလ်ချုပ်ကြီး နေဝင်း၏ တပ်မတော်က တာဝန် ယူလိုက်ပြီ

ရန်ကုန်ကိုတပ်များချ၍ စောင့်ရှောက်ထားရာ အသွားအလာ အလုပ်အကိုင်မပျက်

ပါလီမန် မကျင်းပ အမတ်များကို ပြန်လွှတ်ခြင်း

၂၀၂၀ ဖေဖော်ဝါရီလမှာစတင်ကျင်းပတဲ့ ဒုတိယ အကြိမ် လွှတ်တော် ၁၅ ကြိမ်မြောက်အစည်းအဝေးမှာအခြေခံဥပဒေ ပြင်ဆင် ရေးကိစ္စကို ဆောင်ရွက်ကြပါတယ်။

ဒီအစည်းအဝေးမှာ တပ်မတော်သားကိုယ်စားလှယ်ဆိုသူ စစ်ဗိုလ်တချို့က မောက်မာရိုင်းပျစွာ လွှတ်တော်တရပ်လုံးကို စော်ကားသွားပါတယ်။ သူတို့ရဲ့ဒီအမူအကျင့်ဟာ အင်မတန်အောက်တန်းကျပြီး သိက္ခာမဲ့ပါတယ်။ သူတို့က သူတို့လိုချင်တဲ့ သမိုင်းအချက်အလက်တချို့ကို ဆွဲထုတ်ပြီး ဟိန်းဟောက်ခြိမ်းခြောက်သွားပါသေးတယ်။ အဲ့ဒီ စစ်ဗိုလ်တစုဟာ ပြည်သူက ရွေးချယ်တင်မြှောက်ထားသူတွေမဟုတ်ဘဲ စစ်အုပ်စုရဲ့ အစေအပါးတွေသာ ဖြစ်ပါတယ်။ စစ်အုပ်စုက တပ်မတော်ကို ထားရာနေ၊ စေရာသွား၊ ခိုင်းတာလုပ်၊ ခံမပြောနဲ့ဆိုတဲ့ ပုံစံကျ လက်ကိုင်တုတ်တပ်ဖြစ်အောင် သေဆိုသေ၊ ရှင်ဆိုရှင်ရတဲ့အထိ နာခံနေအောင် စစ်စည်းကမ်းတွေ၊ အမိန့်တွေ ဆိုတဲ့ အရာတွေနဲ့ ဖုံးကွယ်ပြီး ပုံသွင်းထားပါတယ်။

တပ်ထဲမှာ အရာရှိ (ဒုဗိုလ်ကအစ၊ ဗိုလ်ချုပ်မှူးကြီးအထိ) တွေဟာ ရာထူးအဆင့်အလိုက် အခွင့်ထူးခံတွေ ဖြစ်ပါတယ်။ အရာခံ၊ အကြပ်တပ်သားတွေကတော့ အခိုင်းစေခံတွေဖြစ်ပါတယ်။ တပ်ကို တင်းကျပ်တဲ့ စစ်ဗျူရိုကရေစီ ယန္တရားအဖြစ်တည်ဆောက်ထားတာပါ။ အဲ့ဒီတပ်ထဲမှာ တရားမျှတမှုတို့၊ တန်းတူမှုတို့၊ ဒီမိုကရေစီတို့ဆိုတာ အငွေ့အသက်တောင် မရှိပါ။ ဗိုလ်ခင်ညွှန့် ဖြစ်အင်ကိုပဲ ကြည့်ပါ။

အတွင်းရေးမှူး (၁) ၊ တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူး၊ ဗိုလ်ချုပ်ကြီး၊ နိုင်ငံတော်ဝန်ကြီးချုပ် စတဲ့ ရာထူးကြီးတွေ တသီတတန်းကြီးနဲ့ တန်ခိုးအလွန်ထွားခဲ့တာပါ။ ဒီလောက်တန်ခိုးထွားနေတဲ့ စစ်ဗိုလ်တယောက်ဟာ ချက်ချင်း အကျဉ်းသားဘဝကို ကျ ရောက်သွားပါတယ်။ ဒီလိုဖြစ်ရတာဟာအမိန့်မနာခံလို့ဖြစ်ရတာပါ ဆိုပြီး ဗိုလ်ခင်ညွန့်ကိုယ်တိုင် အရက်မရှိ၊ သိက္ခာမဲ့စွာ ဝန်ခံပြောဆိုပါ တယ်။ အလားတူပဲ ဗိုလ်အောင်မင်းလည်း စကားတခွန်းကြောင့် သိက္ခာအကျခံပြီး ကာချုပ်ကို အပြေးအလွှားတောင်းပန်ခဲ့ရဖူးပါတယ်။ တပ်ထဲမှာ ကြီးနိုင်ငယ်ညှဉ်းဆက်ဆံရေးပဲ ရှိပါတယ်။ လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာတို့ကို လေးစားလိုက်နာတဲ့ဆက်ဆံရေးမျိုး မရှိပါ။ ဒီလိုအလေ့အကျင့်မျိုးနဲ့ ယဉ်ပါးခဲ့ရတဲ့ စစ်ဗိုလ်တချို့ဟာ လွှတ်တော်ထဲမှာ မောက်မာရိုင်းပျ၊ သိက္ခာမဲ့စွာ ပြုမူဆက်ဆံတာဟာ အဆန်းမ ဟုတ်ဘူးလို့ဆိုရမှာပဲ။

စစ်အုပ်စုကျင့်သုံးနေတဲ့ စစ်အာဏာရှင်စနစ်ကိုအကျိုးပြုတဲ့ ၂၀၀၈ အခြေခံဥပဒေကို အထိအပါးမခံနိုင်ဘူး။ ထိန်းသိမ်းကာကွယ် သွားမယ်ဆိုတာကို ကာချုပ်က မကြာခဏ ပြောပါတယ်။ ဒါဟာ စစ်ဗိုလ်အားလုံးအတွက် နှုတ်မိန့်ဖြစ်ပါတယ်။ အဲဒါကြောင့် အခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စတွေမှာ ဘယ်စစ်ဗိုလ်တဦးတယောက်မှ ထောက်ခံမဲမပေးရဲပါဘူး။အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးကိစ္စတွေနဲ့ ပတ် သက်ရင်လည်း ကာချုပ်က မူ ၆ ချက် ချထားပါတယ်။ အဲဒါဟာ တပ်တွင်းရှိနေတဲ့ ဗိုလ်တွေအတွက်ရော၊ တပ်ပြင်ရောက်နေတဲ့ စစ်ဗိုလ် ထွက်တွေအတွက်ပါ နှုတ်မိန့်ဖြစ်ပါတယ်။ ဒါတွေကို တသွေမတိမ်းလိုက်နာနေကြရတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ကမောက်ကမတွေ ဖြစ်နေတာပါပဲ။

၁၉၉၀ ရွေးကောက်ပွဲမှာ အနိုင်ရသူကို အာဏာလွှဲပြောင်းပေးမယ်၊ စစ်တပ်က စစ်တန်းလျားကိုပြန်မယ်ဆိုပြီး ရှင်းရှင်းပြတ်ပြတ် ကတိပေးခဲ့တဲ့ တပ်မတော်မှာ ဗိုလ်ချုပ်မှူးကြီးရာထူးကို ပထမဆုံးရရှိခဲ့သူဟာ စစ်အုပ်စုရဲ့နှုတ်မိန့်နဲ့ အရူးအလုပ်ခံလိုက်ရတဲ့ အစဉ်အ လာ တပ်မတော်မှာရှိနေပါတယ်။ စစ်အုပ်စုရဲ့ ဖောက်ပြန်တဲ့လုပ်ရပ်တွေက များပြားလှပါတယ်။ ဖက်ဆစ်ဂျပန် တော်လှန်ရေးဖြစ်မြောက် အောင်မြင်သွားတာကတော့ ဖဆပလအဖွဲ့ချုပ်ရဲ့ တော်လှန်မှန်ကန်တဲ့ ခေါင်းဆောင်မှုအောက်မှာ နိုင်ငံရေးအင်အားစုတွေ၊ လက်နက် ကိုင်အင်အားစုတွေ စည်းစည်းလုံးလုံး ကြိုးပမ်းအားထုတ်ကာ၊ လူမျိုးပေါင်းစုံပြည်သူလူထုတရပ်လုံး ပါဝင်လာလို့ပဲ ဖြစ်ပါတယ်။ ဖက် ဆစ်ဂျပန်တော်လှန်ရေးဟာ ပြည်သူ့တော်လှန်ရေးဖြစ်တယ်။ လူမျိုးပေါင်းစုံပြည်သူတွေရဲ့ အောင်ပွဲဖြစ်တယ်။ ဒါပေမဲ့ ဒီသမိုင်းမှန်ကို ဗိုလ် နေဝင်းစစ်အုပ်စုက တပ်မတော်ခေါင်းဆောင်တဲ့ တော်လှန်ရေးဖြစ်တယ် ဆိုပြီး လုပ်ပစ်ပါတယ်။ အဲ့ဒီတော်လှန်ရေး စတင်တဲ့နေ့ကိုလည်း တပ်မတော်နေ့ဆိုပြီးလုပ်နေပါတယ်။

အမျိုးသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး ဒီမိုကရေစီဆိတ်သုဉ်း၊ တန်းတူအခွင့်အရေးတွေဆုံးရှုံးလို့ ပြည်တွင်းစစ်ဖြစ်ရတာကို ကွန် မြူနစ်တွေကြောင့်၊ ရောင်စုံသူပုန်တွေကြောင့်လို့ အုပ်စိုးသူအဆက်ဆက်က လုပ်ကြံပြောဆိုပါတယ်။ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးကိစ္စမှာလည်း အုပ်စိုးသူအဆက်ဆက်က လက်နက်ချရေး၊ အပြုတ်ချေမှုန်းရေးသဘောထားပဲ တသမတ်တည်းချမှတ် ဆုပ် ကိုင်ထားတာက…ကနေ့အထိပဲ။ ပြည်သူတွေရဲ့ ဒီမိုကရေစီအခွင့်အရေးနဲ့ အမျိုးသားတန်းတူခွင့် တောင်းဆိုမှုအပေါ် အုပ်စိုးသူများက ပြည်တွင်းစစ်ခင်းကာ နှိမ်နင်းလာလို့ ပြည်သူတွေက ပြန်လည်တွန်းလှန်တဲ့စစ်ဟာ တော်လှန်ရေးစစ်ပွဲဖြစ်တယ်ဆိုတာကို စစ်အုပ်စုက နားမလည်ပါဘူး။ ဒါကြောင့်လည်း စစ်ဆင်ရေးတွေမှာ ဖြတ်လေးဖြတ်စနစ်ကိုကျင့်သုံးတာပါပဲ။ သူတို့အနေနဲ့ ဖြတ်လေးဖြတ်စနစ်ဆိုတာ စစ်ဆင်ရေးလုပ်တဲ့အခါမှာ ပြည်သူလူထုအသက်အိုးအိမ် ဘယ်လောက်သေကျေ ပျက်စီးဆုံးရှုံးပါစေ ဂရုစိုက်ဖို့မလိုဘူး။ စစ်ရေးရည်မှန်း ချက်တွေအတွက် ပြည်သူလူထုကို ရက်ရက်စက်စက် ကိုင်တွယ်ဆက်ဆံဖို့ပါပဲ။ ပြည်သူတွေကို အစုလိုက် အပြုံလိုက် လက်ရဲဇက်ရဲ သတ်ဖြတ်ရဲတဲ့ စစ်အုပ်စုရဲ့ ပြစ်မှုကြီးများကလည်း များပြားလှပါတယ်။

လက်ရှိအခြေအနေမှာ ရခိုင်ဒေသအပါအဝင် အပစ်အခတ်ရပ်စဲမှု မရှိတဲ့ဒေသတွေမှာ တပ်မတော်ရဲ့ရက်စက်မှုတွေဟာ ဖြတ် လေးဖြတ်ရဲ့ လက်တွေ့ဖော်ပြချက်ပဲ။ တကယ်တော့ ဖြတ်လေးဖြတ်စနစ်ကို စစ်အုပ်စုက ဗမာတပြည်လုံးအနှံ့မှာ ဒေသလိုက်ကွက်ပြီး ကျင့်သုံးခဲ့တာကြာခဲ့ပါပြီ။ အတိအကျပြောရရင် တော်လှန်ရေးကောင်စီအစိုးရလက်ထက်ကစခဲ့တာပါ။ ဒီလောက် လူတွေဘဝပျက် သေ ကျေ၊ မြို့ရွာတွေပျက်စီး၊ အိုးပစ်အိမ်ပစ်ဖြစ်နေတာတောင် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့တို့၊ တပ်မတော်ပြောရေးဆိုခွင့်ရှိ သူတို့က ပြည်သူလူထုကိုကာကွယ်ဖို့၊ ဒေသလုံခြုံအေးချမ်းဖို့ တပ်မတော်က တာဝန်အရ လုပ်ဆောင်နေတာပါလို့ ပြောနေပါသေးတယ်။

၁၉၅၈ ခုနှစ်တုန်းက အာဏာရနိုင်ငံရေးပါတီမှာ အကွဲအပြဲတွေဖြစ်ပြီး နိုင်ငံရေးမတည်မငြိမ်ဖြစ်လို့ တပ်မတော်က အခြေအနေ တည်ငြိမ်သွားအောင် တာဝန်ယူထိန်းသိမ်းလိုက်ပြီး အိမ်စောင့်အစိုးရဖွဲ့ရတယ်လို့ ဆိုပါတယ်။ တကယ်က ဝတ်စုံပြည့် အစမ်းလေ့ကျင့်တဲ့ စစ်အာဏာသိမ်းမှုဖြစ်တယ်ဆိုတာလူတိုင်းသိတဲ့ဖြစ်ရပ်မှန်ဖြစ်တယ်။

၁၉၆၂ ခုနှစ်မတ်လ ၂ ရက်နေ့မှာ ဗိုလ်နေဝင်းစစ်အုပ်စုက အပြီးအာဏာသိမ်းပါတယ်။ အကြောင်းပြချက်ကတော့ ပြည် ထောင်စုပြိုကွဲမယ့်အန္တရာယ်ရှိလာလို့ တပ်မတော်က တာဝန်ယူ ထိန်းသိမ်းတာလို့ဆိုတယ်။ တကယ်က စစ်အာဏာရှင်စနစ်ထူထောင်ဖို့ နိုင်ငံတော်အာဏာနဲ့ ဘဏ္ဍာကို လက်ဝါးကြီးအုပ်ဖို့ စစ်အာဏာသိမ်းမှုဖြစ်တယ်။ အဲ့ဒီစစ်အာဏာသိမ်းတဲ့နေ့ကို တောင်သူလယ်သမားနေ့ ဆိုပြီး ဗိုလ်နေဝင်းစစ်အုပ်စုက သတ်မှတ်လိုက်တယ်။ အဲ့ဒီမတိုင်ခင်က တောင်သူလယ်သမားနေ့ဟာ ဇန္နဝါရီလ ၁ ရက်နေ့ ဖြစ်တယ်။ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့စစ်အာဏာသိမ်းမှုကို တကသနဲ့ ဗကသက ဆန့်ကျင်ကန့်ကွက်တဲ့ကြေညာချက် ထုတ်ပြန်ခဲ့တယ်။ ၆၂၊

၆၃ စာသင်နှစ် ပြန်စတော့ (အဲ့ဒီတုန်းက စာသင်နှစ်ကို ဇွန်လမှာစတင်ပြီး မတ်လမှာပြီးဆုံးတယ်) ဗိုလ်နေဝင်းစစ်အုပ်စုက တင်းကျပ်တဲ့ အဆောင်စည်းကမ်းတွေချမှတ်လာတယ်။ ဒါကို ၁၉၆၂ ဇူလိုင် ၇ ရက်နေ့ မနက်ပိုင်းကစပြီး ညနေပိုင်းအထိ တကသရဲ့ ခေါင်းဆောင်မှုနဲ့ ကျောင်းသားများက အေးချမ်းတည်ငြိမ်စွာ မှန်တန်းကျစွာ ကန့်ကွက်ဆန့်ကျင်ခဲ့ကြပါတယ်။ ဒါပေမဲ့ ရဲတပ်ဖွဲ့ဝင်တချို့ ဝင်လာပြီး ကျောင်းသားခေါင်းဆောင်တွေကို အကြမ်းဖက်ဖမ်းဆီးရာက ကျောင်းသားတွေလည်း တကသအဆောက်အဦကို စုရုံးရောက်ရှိလာပြီး ရဲတပ်ဖွဲ့နဲ့အဓိကရုဏ်းဖြစ်တော့တာပဲ။ မကြာခင်မှာပဲ စစ်တပ်တပ်ဖွဲ့တဖွဲ့ ရောက်လာပြီး တက္ကသိုလ်ရိပ်သာလမ်းဘက် ကျောင်းဝင်းတလျှောက် နေရာယူလိုက်ပါတယ်။ ကျောင်းသားတွေလည်း တကသအဆောက်အဦဘက်နဲ့ အဓိပတိလမ်းမပေါ် ပြန်စုရုံးလာကြတယ်။ ဝင်းတံခါးကိုလည်း ပိတ်ထားစောင့်ကြပ်နေကြတယ်။ ကြွေးကြော်သံတွေလည်းကြွေးကြော်ကြတယ်။ ဝင်းတံခါးအုတ်တိုင်ပေါ် တက်ပြီးလည်း တရားဟောတာတွေလုပ်ကြတယ်။

မှောင်ရီပျိုးလာချိန်မှာတော့ စစ်တပ်က စစ်မြေပြင်မှာ ပစ်နည်းခတ်နည်းအတိုင်း ကျောင်းသားတွေကို ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်တော့တာပဲ။ နောက်နေ့ ဇူလိုင်လ ၈ ရက်နေ့ နံနက်လင်းအားကြီးအချိန်မှာတော့ တကသ အဆောက်အဦကို မိုင်းခွဲဖျက်ဆီး ပစ်လိုက်တယ်။ နံနက် ၈ နာရီ သတင်းကြေညာချိန်မှာတော့ ဓားခါးချင်း၊ လှံလှံချင်းယှဉ်မယ်ဆိုတဲ့ လူမိုက်စကားကို ဗိုလ်နေဝင်းက အသံလွှင့်ပြောသွားတယ်။ ဒီ ၁၉၆၂ ဇူလိုင် ၇ အရေးအခင်းဟာ ဗမာပြည်မှာ စစ်အာဏာရှင်စနစ်ထူထောင်ကြောင်း ကြေညာတာဖြစ်တယ်။ တပ်မတော်ဟာ မြို့လယ်ခေါင်မှာ လက်နက်မဲ့လူစုလူဝေးကို ပစ်သတ်တဲ့ ပွဲဦးထွက်ပွဲလည်း ဖြစ်တယ်။

တခြားဘက်တဖက်ကပြောရရင် စစ်အာဏာရှင်စနစ်ကို ပြည်သူလူထုက လက်မခံဘဲ အသက်သွေးချွေး ပေးပြီး ဆန့်ကျင်တယ်ဆိုတဲ့ သမိုင်းမှတ်တိုင်ဖြစ်တယ်။ အဲ့ဒီနေ့ကစပြီး ဗမာပြည်မှာ စစ်အာဏာရှင်စနစ်ကျင့်သုံးတဲ့ စစ်အုပ်စုနဲ့ ဒီမိုကရေစီလိုလားတဲ့ တန်းတူညီမျှမှု၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးမှုကို လိုလားတောင့်တတဲ့ လူမျိုးပေါင်းစုံပြည်သူလူထုတို့ ဖြစ်နေတဲ့ ပဋိပက္ခဟာ အဓိပဋိပက္ခဖြစ်ပြီး ဒီဖြစ်စဉ်ဟာ ရာစုနှစ်ဝက်ကျော်လာပြီးဖြစ်တဲ့ ဗမာပြည်ရဲ့သမိုင်းလည်း ဖြစ်တယ်။

၁၉၆၇ ခုနှစ်မှာ ထမင်းငတ်နေတဲ့ရခိုင်လူထုကို တပ်မတော်က အစုလိုက်အပြုံလိုက် ပစ်ခတ်သတ်ဖြတ်ခဲ့တယ်။ စစ်အာဏာရှင်စနစ်ကို တရားဝင်အောင် စစ်အုပ်စုက မဆလပါတီကို ဖွဲ့စည်းတယ်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေ ချမှတ်တယ်။ ဒါပေမဲ့ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တဲ့ ၇၄-၇၅-၇၆ အလုပ်သမားနဲ့ ကျောင်းသားအရေးအခင်းတွေ ပေါ်ခဲ့တယ်။ ဒါကို စစ်အုပ်စုက ဆူပူမှုလို့ သတ်မှတ်တယ်။ အထက်အမိန့်အရဆိုပြီး တပ်က လူအုပ်ကြီးကို ရက်ရက်စက်စက် ပစ်သတ်တာပဲ။ ဖမ်းဆီးနှိပ်စက်၊ ထောင်ချတာလည်း အများအပြားပဲ။ တချိန်တည်းမှာ ပြည်တွင်းစစ်ကို ဖြတ်လေးဖြတ်စနစ်နဲ့ တိုက်နေတဲ့ စစ်ရှိန်ကိုလည်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနဲ့ ပဲခူးရိုးမဒေသတို့မှာ မြှင့်တင်လိုက်တယ်။ ရှမ်းပြည်စစ်မျက်နှာဘက်ကိုလည်း တိုးချဲ့လိုက်တယ်။

၁၉၈၈ ခုနှစ် ပြည်သူလူထုတရပ်လုံး အုံကြွလာပြီး ဒီမိုကရေစီနဲ့ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်တယ်။ ရှစ်လေးလုံးလူထုအုံကြွမှုကြီးအဖြစ် သမိုင်းတွင်တယ်။ ဒါကို ဗိုလ်နေဝင်းက နောင်ကို လူစုလူဝေးနဲ့ဆူဆူပူပူလုပ်ကြလို့ စစ်တပ်ပါဝင်လာရင် မသက်သာဘူးသာမှတ်ပေတော့။ စစ်တပ်ဆိုတာ ပစ်ရင် မှန်အောင်ပစ်တယ်။ မိုးပေါ်ထောင်ပစ်တာ မပါဘူး..ဆိုတဲ့လူမိုက်စကားနဲ့ တပ်မတော်ကို နှုတ်မိန့် ပေးသွားတယ်။ တပ်မတော်ခေါင်းဆောင်တွေဟာ အဲ့ဒီအမိန့်ကို တသွေမတိမ်း လိုက်နာပါတယ်။ ဒါကြောင့် ရန်ကုန်မြို့နဲ့မြို့ကြီးအချို့မှာ သွေးချောင်းစီးသွားပါတယ်။

ရှစ်လေးလုံး လူထုအုံကြွမှုပြီးနောက် နဝတ၊ နအဖ တပ်မတော်အစိုးရလက်ထက်မှာ စစ်အုပ်စုတွင်း နံပတ်တစ် နေရာကို ဗိုလ်သန်းရွှေ ရရှိလိုက်တယ်။ လူပြောင်းသွားပေမယ့် မူမပြောင်းပါ။ စစ်အာဏာရှင်စနစ် ကျင့်သုံးမြဲကျင့်သုံးတယ်။ ပြည်တွင်းစစ်ကိုလည်း ဖြတ်လေးဖြတ်စနစ်နဲ့ ပြင်းပြင်းထန်ထန် ဆက်တိုက်တယ်။ ဒါကြောင့် အိမ်နီးချင်းနိုင်ငံတွေကို ဒုက္ခသည်တွေ သိန်းချီပြီးရောက်သွားပါတယ်။ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေး လို့ခေါ်တဲ့ သံဃာ့အရေးအရေးအခင်းကိုလည်း တပ်မတော်က သွေးချောင်းစီးနှိမ်နင်းခဲ့တယ်။ ဂျပန်သတင်းထောက်ကို စစ်သားတယောက်က ပစ်သတ်တဲ့ဓာတ်ပုံဟာ ကမ္ဘာကျော်သွားပါတယ်။

စစ်အုပ်စုက ၂၀၀၈ အခြေခံဥပဒေကို အချိန်ယူပြီး စိတ်ကြိုက်ရေးဆွဲခဲ့တယ်။ အဓမ္မ အတည်ပြုခဲ့တယ်။ စည်းကမ်းပြည့်ဝတဲ့ ပါတီ စုံဒီမိုကရေစီစနစ်တို့၊ အမျိုးသားနိုင်ငံရေးတို့၊ ဒို့တာဝန်အရေးသုံးပါးတို့..ဆိုတာ စကားအဖြစ် ပြောနေတာဖြစ်တယ်။ တကယ့် အတွင်းသဘောက စစ်အာဏာရှင်စနစ်ခိုင်မြဲဖို့နဲ့ စစ်ဗျူရိုကရေစီယန္တရား လည်ပတ်ဖို့ပဲ ဖြစ်တယ်။ ဒါကြောင့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမှာ ကြံ့ဖွံ့ ပါတီအနိုင်ရပြီး သမ္မတဦး (ဗိုလ်) သိန်းစိန်က ကြံ့ဖွံ့အစိုးရအသွင်နဲ့ တိုင်းပြည်အုပ်ချုပ်ရေးကို စီမံပါတယ်။ အဆင့်ဆင့် လွှတ်တော်လည်း ပေါ်ပေါက်လာတယ်။ ဒါပေမဲ့ စစ်အာဏာရှင်စနစ်နဲ့ စစ်ဗျူရိုကရေစီယန္တရားကတော့ လည်ပတ်မြဲ လည်ပတ်နေပါတယ်။ ဒါကို ဒီမိုကရေစီ အသွင်ကူးပြောင်းနေတယ်လို့ ပြောပါတယ်။

၂၀၁၅ ရွေးကောက်ပွဲမှာ ဒီချုပ်အနိုင်ရပါတယ်။ အစိုးရ ဖွဲ့နိုင်ခဲ့ပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းပါတယ်ဆိုတာကို လက်ခံလိုက်ရပါတယ်။ ဒါကြောင့်လည်း အာဏာရ ဒီချုပ်အစိုးရနဲ့ အာဏာပိုင်ဖြစ်တဲ့ကာချုပ်တို့ ဖက်စပ်အစိုးရဖွဲ့နေရတာပဲ။ ၂၀၀၈ အခြေခံဥပ

ဒေကို လူထုဆန္ဒနဲ့အညီ ပြင်နိုင်ဖျက်သိမ်းနိုင်ရင် စစ်အာဏာစနစ်နဲ့ စစ်ဗျူရိုကရေစီယန္တရား လည်ပတ်မှုဟာ ပျက်သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ထဲမှာ စစ်အုပ်စုရဲ့အစေအပါး စစ်ဗိုလ်တယောက်က ၂၀၀၈ အခြေခံဥပဒေကိုပြင်ရင် သွေးထွက်သံယိုကျိုးတွေဖြစ်မယ်ဆိုပြီး ခြိမ်းခြောက် ဟိန်းဟောက်တာ အဲ့ဒါကြောင့်ပဲ။

ဗမာပြည်ဟာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရချိန်ကစပြီး နိုင်ငံတကာရေးရာတွေမှာ အိန္ဒိယ၊ တရုတ်၊ အင်ဒိုနီးရှားနိုင်ငံတို့နဲ့ တတန်းတည်း ရှိခဲ့ပါတယ်။ ဘက်မလိုက်ကြားနေရေးအုပ်စု လှုပ်ရှားမှုမှာ အတော်အရေးပါခဲ့ပါတယ်။ ကနေ့ နိုင်ငံတကာမှာကျင့်သုံးတဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ချက်ကို ချမှတ်နိုင်အောင် ကမကထပြု လုံးပန်းရာမှာ အိန္ဒိယ၊ တရုတ်၊ အင်ဒိုနီးရှားတို့နဲ့အတူ ပါဝင်ခဲ့ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂမှာ ဦးသန့် အထွေထွေအတွင်းရေးမှူးအဖြစ် အရွေးခံရတာဟာ ဘက်မလိုက် ကြားနေရေးအုပ်စုက နိုင်ငံတကာဆက်ဆံရေးမှာ အရှိန်သြဇာကြီးနေတာနဲ့ အဲ့ဒီအုပ်စုမှာ ဗမာပြည်က အရေးပါတဲ့အခန်းက ပါဝင်နိုင်ခဲ့လို့ပါပဲ။ စီးပွားရေးမှာလည်း အရှေ့တောင်အာရှမှာ အတော် အဆင့်အတန်းရှိခဲ့ပါတယ်။ ဒါပေမဲ့ ဗိုလ်နေဝင်းခေါင်းဆောင်တဲ့ စစ်အုပ်စုက ၁၉၆၂ ခုနှစ်မှာ နိုင်ငံတော်အာဏာနဲ့ဘဏ္ဍာကို လက်ဝါးကြီးအုပ်သိမ်းပိုက်လိုက်ပြီး စစ်အာဏာရှင်စနစ်နဲ့ စိုးမိုးအုပ်ချုပ်လိုက်တာမှာ၊ ၂၆ နှစ် အကြာမှာတော့ ဗမာပြည်ဟာ ဖွံ့ဖြိုးမှုအနံ့ချာဆုံးတိုင်းပြည် (LDC) စာရင်းဝင်သွားပါတယ်။ စစ်အုပ်စုထိပ်သီးတွေနဲ့ သူ့ရောင်းရင်း (ခရိုနီ)တွေကတော့ ကျိုကျိုတက် ချမ်းသာသွားပါတယ်။ တိုင်းပြည်ကို အသက်ပေးကာကွယ်ပါတယ်ဆိုတဲ့ တပ်မတော်သားတွေက သေသူသေ၊ ဒုက္ခိတဖြစ်သူဖြစ်၊ ဘဝပျက်သူပျက် ဖြစ်ကုန်ပါတယ်။ လူမျိုးပေါင်းစုံပြည်သူလူထုကြီးကတော့ ဖွတ်ကျောပြာစုဘဝ ဖြစ်သွားပါတယ်။ စစ်အာဏာရှင်စနစ်ကျင့်သုံးခဲ့တာ အနှစ် ၆၀ နီးပါး ရှိလာတဲ့အခါမှာတော့ ကျရှုံးနိုင်ငံ (အနံ့ချာဆုံးအစိုးရအုပ်စိုးတဲ့တိုင်းပြည်) ဖြစ်ဖို့ နီးကပ်နေပါပြီ။ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့ ဟိုလူလာလည်း မျက်နှာချိုသွေးရ၊ ဒီလူလာလည်း မျက်နှာချိုသွေးရတဲ့အစိုးရတော့ ဖြစ်နေတာအမှန်ပဲ။

ပြည်တွင်းနဲ့ ပြည်ပရောက် စစ်ပြေးဒုက္ခသည်သိန်းသန်းချီတဲ့ တိုင်းပြည်၊ အလုပ်သမား သန်းချီပြီး ပြည်ပနိုင်ငံတွေမှာ အလုပ်ရှာထွက်ရတဲ့တိုင်းပြည် ဖြစ်နေပါပြီ။ ဒီလောက် တိုင်းပြည်ချွတ်ခြုံကျသွားအောင် လုပ်ခဲ့တဲ့ စစ်အုပ်စုနဲ့ သူ့တပ်မတော် ခေါင်းဆောင်တွေက တပ်မတော်ဟာ တိုင်းပြည်ကို ကယ်တင်ကာကွယ်နေတယ်လို့ အရှက်မရှိ၊ သိက္ခာမဲ့စွာ ပြောနေတုန်းပါပဲ။

တကယ်တော့ လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၇၀ ကျော်ပြီးဖြစ်တဲ့ ဗမာပြည်သမိုင်းဟာ တော်လှန်တဲ့ လူမျိုးပေါင်းစုံပြည်သူလူထုကြီးရဲ့တော်လှန်ရေးသမိုင်းဖြစ်တယ်။ တိုးတက်တဲ့ နိုင်ငံရေးအင်အားစုတွေ၊ တော်လှန်ရေးသမားတွေ၊ တော်လှန်ရေးအဖွဲ့အစည်းတွေဟာ လူမျိုးပေါင်းစုံပြည်သူလူထုကြီးနဲ့အတူ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ တန်းတူရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရေးအတွက် အသက်သွေးချွေးပေါင်း များစွာပေးပြီး တိုက်ပွဲဝင်နေတဲ့သမိုင်းဖြစ်တယ်။ ဒါဟာ သမိုင်းပင်မရေစီးကြောင်း ဖြစ်တယ်။ အုပ်စိုးသူအဆက်ဆက် စစ်အုပ်စုအဆက်ဆက် ရေးနေ၊ ပြောနေတဲ့သမိုင်းဟာ သမိုင်းရေစီးကြောင်းထဲက ဖောက်ပြန်တဲ့ ရေပြန်ဝဲကလေးမျှသာ ဖြစ်ပါတယ်။

ဘယ်လူပုဂ္ဂိုလ်မဆို၊ ဘယ်နိုင်ငံရေးပါတီအဖွဲ့အစည်းမဆို သူ့သမိုင်းတာဝန်ကုန်ဆုံးရင် သမိုင်းက သူ့ကို မလိုအပ်တော့ရင် တိမ်ကောပျောက်ကွယ်သွားကြတာချည်းပဲ။ ရေရှည်တည်ရှိနေမှာက သမိုင်းဖန်တီးတဲ့ လူမျိုးပေါင်းစုံ ပြည်သူလူထုဖြစ်တယ်။ ကနေ့ စစ်အာဏာရှင်စနစ်ကို အပြတ်သားဆုံး ဆန့်ကျင်တာဟာ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးပဲ ဖြစ်တယ်။ ဒါကို အာဏာရ ဒီချုပ်အစိုးရနဲ့ အာဏာပိုင် စစ်အုပ်စုတို့ မြင်ဖို့ လိုတယ်။

ဗမာပြည် ပြည်သူလူထုရဲ့ ပြည်တွင်းစစ်ကိုရပ်စဲဖို့တောင်းဆိုချက်နဲ့ ကမ္ဘာ့ပြည်သူများရဲ့ ငြိမ်းချမ်းရေးလိုလားချက်များက အပြန်အလှန် အားဖြည့်ပေးနေကြပါတယ်၊ လူသားတရပ်လုံး ကိုဗစ်-၁၉ (COVID-19) အန္တရာယ်နဲ့ ကြုံတွေ့နေရတဲ့အချိန်မှာ ကမ္ဘာ့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က စစ်ပွဲတွေရပ်ဖို့ တောင်းဆိုလိုက်တယ်။ ဗမာပြည်မှာလည်း အမျိုးမျိုးသော ပညာရှင်တွေ၊ နိုင်ငံရေး အင်အားစုတွေကလည်း ပြည်သူလူထုရဲ့သဘောထားကို ထင်ဟပ်ပြီး ပြည်တွင်းစစ်ကို ရပ်စဲဖို့ တောင်းဆိုနေပါတယ်။ ဒါတွေဟာ ကမ္ဘာ့ ပြည်သူများနဲ့ ဗမာပြည်သူလူထုရဲ့ သဘောထားကို ထင်ဟပ်နေတာ ဖြစ်ပါတယ်။

အာဏာရ ဒီချုပ်အစိုးရနဲ့ အာဏာပိုင်စစ်အုပ်စုတို့ ရွေးစရာလမ်းက နှစ်ခုရှိပါတယ်။ လူလူချင်းသတ်နေတဲ့စစ်ပွဲကို ရပ်စဲပြီး အင်အားစုအားလုံးနဲ့ ငြိမ်းချမ်းစွာလက်တွဲပြီး လူသားတရပ်လုံးရဲ့အန္တရာယ် ကိုဗစ်-၁၉ ကို ရင်ဆိုင်မလား၊ ဒါမှမဟုတ် ကိုဗစ် ၁၉ ကပ်ရောဂါဆိုးကို ဥပေက္ခာပြုပြီး ပြည်တွင်းစစ်ကို တိုးချဲ့မလားဆိုတာပါပဲ။ စစ်လား - ငြိမ်းချမ်းရေးလား၊ ကပ်လား - ရှင်သန်မှုလား၊ တကိုယ်ကောင်းဝါဒ လား - ပြည်ချစ်ဝါဒလား စစ်အုပ်စုရွေးပါ။ အာဏာရ ဒီချုပ်အစိုးရနဲ့ အာဏာပိုင်စစ်အုပ်တို့ ရွေးချယ်တဲ့လမ်းအပေါ်မူတည်ပြီး သမိုင်းက သူတို့ကို စီရင်ပါလိမ့်မယ်။

စောအယ်ထူး

၂၈၊၃၊၂၀။

-

# စစ်အုပ်စုနဲ့ကိုဗစ် ၁၉

## မောင်သန်းမြွေ

ဗမာပြည်မှာ စစ်ခရိုနီတွေ ပုဂ္ဂလိကပိုင်ပြု လက်ဝါးကြီးအုပ် မလုပ်တဲ့၊ နှစ်သီးစား စစ်ဗျူရိုကရက်တွေ ဝင်ပြီး နေရာမယူတဲ့ ကဏ္ဍ ဆိုလို့ မရှိသလောက်နီးပါးပဲ။ အခြေခံပညာရေးဦးစီးဌာနရဲ့ ရုံးချုပ်တွေမှာနဲ့ ကျောင်းအုပ်ရာထူးတွေမှာတောင် သူတို့ ဝင်ရောက်နေရာရယူထားတာရှိတယ်။ ကျန်းမာရေးဌာနကိုတောင် သူတို့ ဝင်ရောက်နေရာယူဖို့ ကြိုးပမ်းတာ ရှိခဲ့ဖူးသေးတယ်။

သူတို့ရဲ့ အထက်က စစ်ဗိုလ်ချုပ်ကြီးတွေကလည်း အခွင့်ထူးခံ ဉစ္စာ စည်းစိမ် ကြွယ်ဝချမ်းသာနေရုံ အားမရသေးဘဲ ဥက္ကဋ္ဌကြီးတွေ နိုင်ငံအကြီးအကဲကြီးတွေ ဆိုပြီး ပြည်သူလူထုရဲ့ လက်အုပ်ချီခံ အရိုသေခံ ချင်ကြသေးတယ်။

နှစ်စဉ် ဘတ်ဂျက်ရေးဆွဲရာမှာ စစ်သုံးစရိတ်ဟာ ပညာရေး ကျန်းမာရေး နှစ်ရပ်ပေါင်းထက် များစွာကျော်နေတာကို လူထုက အစဉ်တစိုက် ထောက်ပြဝေဖန်လာမှုကြောင့်သာ (လစ်ဘရယ် - ခရိုနီ) ဖက်စပ်အစိုးရလက်ထက် ပညာ- ကျန်းမာ အသုံးစရိတ် အတော် အတန် တိုးမြှင့်သုံးစွဲလာတာ ဖြစ်ပါတယ်။

ကိုဗစ် ၁၉ ကပ်ရောဂါ ဗမာပြည်ရောက်လာတော့ ဗမာပြည် ပြည်သူ့ကျန်းမာရေးစနစ်ဟာ ရှိသမျှခွန်အားလေးနဲ့ အားထုတ်ရုန်းကန် တိုက်ဖျက်ကြရတာပါ။ တိုင်းချစ်ပြည်ချစ် ကျန်းမာရေးဝန်ထမ်း တိုက်စစ်မှူးများ၊ နိုးကြားမှုရှိတဲ့လူမျိုးပေါင်းစုံ ပြည်သူလူထု၊ (ဒေါ်လာစားမဟုတ်တဲ့) ပရဟိတအကျိုးဆောင် လူထုလူတန်းစား အဖွဲ့အစည်းများနဲ့၊ လူပုဂ္ဂိုလ်များဟာ ဘယ်သူ့ တိုက်တွန်းမှုမှမပါ ဘာအကျိုးမှ မမျှော်ကိုးဘဲ ရှေ့တန်းထွက်လာကြပါတယ်။ (စကားချပ်။ နိုင်ငံတော်ဆိုတဲ့ စံကျတဲ့လူတန်းစား ဖိနှိပ်ရေးကိရိယာကို - စေတနာ့ဝန်ထမ်း ဆိုတဲ့ မှန်မြတ်တဲ့ ဗီဇစိတ်ဓာတ်နဲ့ ပေါင်းစပ်ဖို့ကြံတဲ့ နိုင်ငံတော်ဖော်လံဒီယာ ဆိုတဲ့ စိတ်ကူးစံကိုလည်း သြချမိပါရဲ့။) ရွေးကောက်ခံအစိုးရနဲ့ စစ်တပ်ဟာ (ရွေးကောက်ပွဲအကြို) ခြေဥပြင်ရေး လွှတ်တော်တွင်း စကားရည်လုပွဲ လုပ်ကောင်းတုန်း၊ ဒေါ်စုက ပေါ်ပြူလာ နယ်လှည့်လူထုတွေ့ဆုံပွဲတွေ လုပ်ကောင်းတုန်း၊ ကိုရိုနာဗိုင်းရပ်စ်ဟာ ဗမာပြည်တံခါးပေါက်ကို ခေါက်လာပါတယ်။ ခြေဥပြင်ရေး လွှတ်တော်တွင်း ၉ ရက်ကြာ မဲခွဲမှု (၂၀ မတ် ၂၀၂၀) မှာပြီးဆုံးတယ်။ အဲဒီနေ့မှာပဲ ကိုရိုနာဗိုင်းရပ်စ်ဟာ ၂၀၂၀ ရွေးကောက်ပွဲကို မထိခိုက်နိုင်ကြောင်းနဲ့ ရွေးကောက်ပွဲအတွက် ကျပ်ဘီလီယံ ၅၀ သုံးစွဲမယ်လို့ ရွေးကောက်ပွဲကော်မရှင်က ကြေညာတယ်။

(၂၃ မတ် ၂၀၂၀) ဗမာပြည်မှာ ကိုရိုနာဗိုင်းရပ်စ်ရှိသူ ၂ ဦး စတွေ့ကြောင်း တရားဝင်ထုတ်ပြန်ပါတယ်။ အုပ်စိုးသူအစိုးရမင်းများဟာ ပြည်သူလူထု အသက်အန္တရာယ် လုံခြုံရေးထက် စစ်ခရိုနီတွေရဲ့ စီးပွားရေး ကုန်သွယ်ရေး ထိခိုက်မှာကို ပိုပူပန်နေကြတယ်။ ကျောင်းပိတ်ဖို့ တောင်းဆိုတဲ့ ကျောင်းသားတွေကို ဖိနှိပ်တယ်။ အလုပ်သမားတွေကို တရားမဲ့ အလုပ်ဖြုတ်နေတာကို ဆန့်ကျင်တဲ့ အလုပ်သမားခေါင်းဆောင်တွေကို သဘာဝဘေးအန္တရာယ် ကာကွယ်ရေးပုဒ်မ ဆိုတာနဲ့ တရားစွဲတယ်။ ခရိုနီစက်ရုံကို ဆန့်ကျင်တဲ့ လယ်သမားကို ပစ်ခတ်ဖမ်းဆီးတယ်။ တက်ကြွလှုပ်ရှားသူတွေ သတင်းသမားတွေကို ဖိနှိပ်မှုတွေ တိုးလုပ်လာတယ်။

AA ကို မတရားသင်းနဲ့ အကြမ်းဖက်အဖွဲ့အစည်း အဖြစ် ကြေညာကာ ရခိုင်ဒေသမှာ ဖြတ်လေးဖြတ် ထိုးစစ် အရှိန်မြှင့်နေတယ်။ ပြည်တွင်းစစ်နဲ့ အရပ်သားပြည်သူတွေကိုပါ သတ်ဖြတ်ရင်းက တိုင်းပြည်ကို ကယ်တင်စောင့်ရှောက်နေတဲ့အသွင် ပုံဆောင်ချင်နေတဲ့ ပြစ်တင်ရှုတ်ချရမယ့် စစ်အုပ်စုရဲ့ကြေးစားတပ်ကို ဒေါ်စုက ချီးကျူးထောပနာပြုနေတယ်။

(၃၁ မတ် ၂၀၂၀) နေ့မှာ ကိုရိုနာဗိုင်းရပ်စ်နဲ့ ပထမဆုံးသေဆုံးမှု သတင်းထုတ်ပြန်တယ်။ အဲဒီနေ့မှာပဲ ဒေါ်စုဦးဆောင်တဲ့ အမျိုးသားအဆင့် ကော်မတီရဲ့အပြင် ဒုသမ္မတဦးမြင့်ဆွေ ခေါင်းဆောင်တဲ့ စစ်ဘက် အရပ်ဘက် ပူးပေါင်းထားတဲ့ အရေးပေါ်တုံ့ပြန်ရေး ကော်မတီ ဆိုတာကိုဖွဲ့စည်းလိုက်ပြန်တယ်။

ဗမာပြည်လို ဆင်းရဲမွဲတေပြီး ကျန်းမာရေးစောင့်ရှောက်မှု ညံ့ဖျင်းတဲ့ နိုင်ငံမျိုးမှာ စရိတ်စကကြီးတဲ့ ရောဂါ စမ်းသပ်စစ်ဆေးမှု ကျယ်ကျယ်ပြန့်ပြန့်မလုပ်နိုင်ပါဘူး။ ဓာတ်ခွဲခန်းတောင်မှ WHO နဲ့ တရုတ်က ထောက်ပံ့ထားတာပါ။ (စကားချပ်။ ဗိုလ်ချုပ်မှူးကြီးဆိုသူက သူတို့ စစ်တပ်မှာလည်း လူတထောင်ကျော် ဓာတ်ခွဲနိုင်တဲ့ စက်ကြီး ၂ လုံး ရှိကြောင်း အသားလွတ် ကြွားလုံးထုတ်နေသေးပေမယ့် လူထုကတော့ ကျန်းမာရေးဘက်မှာလည်း စစ်တပ်က အခွင့်ထူးခံနေတယ်လို့ မြင်နေကြတာပါ။) ဒ့ါကြောင့် လူစုလူဝေးမလုပ်ဖို့၊ စောင့်ကြည့်လူနာ သီးခြားထားဖို့ကိုပဲ အဓိကထား စီမံခန့်ခွဲနေရတာပါ။

၂၃ မတ် မှ ၂၉ ဧပြီ - တလကျော်အတွင်း အတည်ပြုလူနာ ၁၅၀ ဦး၊ သေဆုံး ၆ ဦး ရှိသွားပါပြီ။ ဗိုင်းရပ်စ်က ပျံ့နှံ့လို့ကောင်းတုန်းပါ။ ဇွန် - ဇူလိုင် လောက်မှာ အမြင့်ဆုံး ရောက်နိုင်ကြောင်း တွက်ဆမှုတွေလည်း ရှိပါတယ်။ ကိုဗစ် ၁၉ စတင်ခဲ့တဲ့ တရုတ်ပြည်မှာတော့ နိုင်နိုင်နင်းနင်း တိုက်ဖျက်နိုင်လိုက်ပြီး လုပ်ငန်းတွေ ပြန်လည်ပတ်နေပါပြီ။ ကမ္ဘာ့စက်ရုံကြီးလို့တင်စားခံရတဲ့ တရုတ်ရဲ့ထောက်ပံ့ရေး ကွင်းဆက် ပြန်ကောင်းလာမှု၊ ကမ္ဘာ့တဝန်း လက်ခစားအလုပ်ရုံတွေ ဗိုင်းရပ်စ်ကြောင့် ပိတ်သိမ်းနေရချိန်မှာ ဗမာပြည်မှာ အမှာစာတွေ တိုးလာမှုကြောင့်၊ ဗမာပြည်က ချွေးတပ်စက်ရုံတွေဟာ စက်ရုံမပိတ်ချင်ကြပြန်ဘူး။ ဒီနေရာမှာ ရှင်းရှင်းလင်းလင်း မြင်နိုင်တာက ....အလုပ်သမားတွေကို တရားမဲ့ အလုပ်ထုတ်ပြီး စက်ရုံတွေပိတ်သိမ်းမယ်လို့ ခြိမ်းခြောက်တာလည်း အလုပ်ရှင်တွေရဲ့ ငွေထုပ်ဖောင်းဖို့ဖြစ်ပြီး၊ ခုတဖန် အ

လုပ်သမားတွေ အလုပ်မဆင်းရင် အလုပ်ထုတ်ခံရမယ်လို့ ခြိမ်းခြောက်နေတာလည်း အရင်းရှင်တွေရဲ့ ငွေထုပ်ဖောင်းဖို့ပဲ ဖြစ်ကြောင်း မြင်တွေ့နိုင်ပါတယ်။

ကိုဗစ် ၁၉ ဗမာပြည်ထဲ မပျံ့နှံ့ အောင် ထိန်းချုပ်ချိန် အများကြီးရခဲ့သော်လည်း အုပ်စိုးသူလူတန်းစား (လစ်ဘရယ် + ခရိုနီ) များအတွက် ရင်ကြားစေ့ရေး၊ ICJ ရင်ဆိုင်ရေးနဲ့ ရွေးကောက်ပွဲနိုင်ရေးက ပိုအရေးကြီးနေပါတယ်။ လစ်ဘရယ်မျိုးချစ်စိတ်နဲ့ စစ်အုပ်စုဝံသာန နိုင်ငံရေး သမဝါယမပြုနေတယ်။

ကိုဗစ် ၁၉ ကမ္ဘာ့နာ ဖြစ်လာတာနဲ့အမျှ ပြည်တော်ပြန်တွေ နဲ့ အတူ ဗိုင်းရပ်စ်ပိုးတွေ ပါလာတယ်။ စောစောပိုင်းတုန်းက ဗိုင်းရပ်စ်ပိုးတွေဟာ အနောက်နိုင်ငံက ပြန်လာသူတွေထဲက အတွေ့ရများပေမယ့် အခုနောက်ပိုင်းမှာ ထိုင်း၊ တရုတ် စတဲ့ အာရှနိုင်ငံတချို့က ပြန်လာသူတွေထဲမှာလည်း တွေ့လာရတယ်။ ပြည်ဝင်ပြည်ထွက် ပိတ်လိုက်တာ နယ်စပ်ဂိတ်ပိတ်တာ နောက်လည်းနောက်ကျတယ်၊ ပရမ်းပတာလည်းနိုင်တယ်။ ဒလဟောဝင်ရောက်မှုကို စနစ်တကျစီမံခန့်ခွဲမှု မလိုက်နိုင်တော့ ထိန်းချုပ်မှုတံတိုင်း ကျိုးပေါက်တော့တယ်။

ပြည်တွင်းမှာ လူစုလူဝေးတွေမလုပ်ဖို့ (သင်္ကြန်ပွဲတော်ဖျက်သိမ်းတာ အပါအဝင်) တားမြစ်တာနဲ့အတူ သင်္ကြန်အလုပ်ပိတ်ရက် နဲ့ ရောပြီး စက်ရုံ အလုပ်ရုံတွေ ပိတ်လိုက်သော်လည်း - ဘာပြင်ဆင်မှုမှ မရှိဘဲ အလျင်စလို ပြန်ဖွင့်ပြန်တယ်။ ဒါဟာ ဒုတိယအကြိမ် ကျိုးပေါက်မှုပဲ။

၂၄ ဧပြီ ည ထုတ်ပြန်ချက်အရ ကိုဗစ်ပိုးတွေ့ လူနာအမှတ် ၁၄၄ ဟာ ရန်ကုန် လှိုင်သာယာ စက်မှုဇုန်မှ အလုပ်သမား ၉၀၀၀ ကျော်ရှိတဲ့ ချန်းရီ ဖိနပ်စက်ရုံမှ ဘာသာပြန်ဝန်ထမ်း ဖြစ်နေတယ်။ အဲဒီစက်ရုံဟာ ၂၅ ဧပြီမှာ စက်ရုံပြန်ဖွင့်ပြီး အလုပ်သမား ၂၀၀၀ ကျော် အလုပ်ပြန်ဆင်းတယ်လို့ ဆိုတယ်။ ရန်ကုန်တိုင်း အလုပ်သမားဝန်ကြီး ဆိုသူက ဧပြီ ၂၀ - ၂၄ အတွင်း ရန်ကုန်တိုင်းအတွင်း စက်ရုံ ၉၀၀ ကျော်စစ်ပြီး၊ ၇၀ ကျော် ကျန်းမာရေးသတ်မှတ်ချက်နဲ့ ပြည့်စုံကြောင်း ပြောတယ်။ ၂၅ ဧပြီမှာ စက်ရုံအလုပ်ရုံ ရာချီ ပြန်လည်ပတ်နေပြီဖြစ်ကြောင်း သတင်းများကဆိုတယ်။

ကိုဗစ် ၁၉ တိုက်ဖျက်ရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ အတိုင်ပင်ခံ ဒေါ်စုရဲ့ အရေးပေါ်ဖွင့်လှစ်ထားတဲ့ Facebook အကောင့် (၁၈ ဧပြီ) မှာ ယခုလိုဖော်ပြထားတယ်။

"မရှိမဖြစ်လုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်အောင်၊ အလုပ်သမားလျှော့ချခြင်း လုပ်ခလျှော့ ချခြင်းများလည်း မဖြစ်ရအောင်၊ နိုင်ငံတော်အနေဖြင့် လိုအပ်သလို ညွှန်ကြားညှိနှိုင်းပါမည်။"

"အလုပ်ဆင်းသူများ ကျန်းမာရေး ညွှန်ကြားချက်များနှင့် ကိုက်ညီစွာ သွားလာလုပ်ကိုင်နိုင်အောင် သက်ဆိုင်ရာဌာနများ လုပ်ငန်းများ ညှိပြီးလုပ်သွားမည်။ "

အတိုင်ပင်ခံရဲ့ ဖဘဆွေးနွေးပွဲမှ ထွက်ပေါ်လာတဲ့ ညွှန်ကြားချက်ကို အကောင်အထည် ဖော်ရာမှာ အလုပ်သမား ဝန်ကြီးဌာနက တမျိုး၊ ကျန်းမာဝန်ကြီးဌာနက တဖုံ၊ ဝန်ကြီးချုပ်များ အစိုးရများက တနည်း၊ လွှတ်တော် ကိုယ်စားလှယ်ကြီးများကတခြား၊ ဌာနဆိုင်ရာ ဗျူရိုကရေစီယန္တရားကတသွယ် တကျောင်းတဂါထာ တရွာ တပုဒ်ဆန်းဆိုသလို ထင်သလို လုပ်နေကြပါတယ်။

ရှင်းရှင်းလင်းလင်း မြင်နိုင်တာက - ဗမာပြည်မှာ ပျက်စီး ယိုယွင်းနေတဲ့ စစ်ဗျူရိုကရေစီ ယန္တရားကို မဖြိုချဘဲ ကိုဗစ် ၁၉ လို ကပ်ကာလသာမက ဘယ်ကာလမှာ ဖြစ်ဖြစ် တိုင်းပြည်ရဲ့ လယ်ယာလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ စက်ရုံ အလုပ်ရုံတွေအပါအဝင် စီးပွားရေး ကဏ္ဍကို ကောင်းမွန် နိုင်နင်းအောင် တိုးတက်ဖွံ့ဖြိုးအောင် မကိုင်တွယ် မထိန်းချုပ်နိုင်ဘူး ဆိုတာပါပဲ။ သယံဇာတ၊ အခြေခံအဆောက်အအုံနဲ့ အခရာကျတဲ့ စီးပွားရေးလုပ်ငန်းကြီးများကို အမျိုးသားစီးပွားရေး အရင်းအမြစ်များအဖြစ် မထားရှိနိုင်ရင် စစ်ခရိုနီ ခေတ်ပျက်သူဌေးများ ပြုသမျှ နရတဲ့ဘဝ ဖြစ်မှာပါပဲ။ လယ်ယာမြေတွေ ခရိုနီပိုင်ပြုထားတာကို ဖျက်သိမ်းပြီး လယ်လုပ်သူ လယ်ပိုင်ရေးနဲ့ လယ်သမားကလေး စီးပွားရေးကို မြေတောင်မြှောက် မပေးနိုင်ရင် အမျိုးသားအရင်းအနှီးလည်း စုဆောင်းမိမှာမဟုတ်၊ အလုပ်လက်မဲ့ပြဿနာ ရွှေ့ပြောင်းလုပ်သားပြဿနာ လည်းကြီးထွားနေဦးမှာပါပဲ။

ကိုဗစ်လွန်ကာလ စီးပွားရေး ဘယ်လို နာလန်ထူအောင် လုပ်မလဲ။ ဒီပြဿနာကို ကမ္ဘာနဲ့တဝန်း ရင်ဆိုင်ကြရမှာပါ။ ဗမာပြည် စီးပွားရေး အဆင် အကွက်ဖြစ်တဲ့ (ပြည်ပမှာ လက်ဝေခံလုပ် ပြည်တွင်းမှာလက်ဝါးကြီးအုပ်တဲ့ စစ်ဗျူရိုကရက် ခရိုနီ စီးပွားရေး) ကို မပြောင်းလဲနိုင်ရင် - ကမ္ဘာ့အခင်းအကျင်းသစ်နဲ့ ညီညွတ်တဲ့ စီးပွားရေးဗျူဟာ မထုတ်ဖော်နိုင်ရင် -၂၀၀၈ အောက် ဘယ်ရင်ကြားစေ့ ညွှန့်ပေါင်း အစိုးရဖြစ်ဖြစ် အကျပ်အတည်း ကြီးပါလိမ့်မယ်။ စစ်ပွဲတွေ ဆက်တိုက်နေသရွေ့၊ အလုပ်သမား လယ်သမားတွေရဲ့ ရပိုင်ခွင့်တွေကို ပြေလည်အောင် ဖြေရှင်းမပေးနိုင်သရွေ့ ကိုဗစ်ရောဂါကို ရင်ဆိုင်တိုက်ဖျက်ရေးမှာ စွမ်းအားပြည့်ပြည့် အောင်အောင်မြင်မြင် ရင်ဆိုင်နိုင်မှာ မဟုတ်၊ ကပ်ရောဂါကို ဆုံးရှုံးမှုအနည်းဆုံးနဲ့ ကျော်နင်းနိုင်မှာ မဟုတ်၊ ဒါသာမက စီးပွားရေး နိုင်ငံရေး လူမှုရေး အကျပ်အတည်း စုံလာရင် လူ ထုအုံကြွမှုများကို တားရမှာမဟုတ်ပါ။

ကိုဗစ် ၁၉ ရောဂါကပ်ဆိုးနှင့်တကွ စစ်သုံးစစ် ( စစ်အုပ်စု - စစ်အာဏာရှင်အစိုးရ - စစ်ဗျူရိုကရေစီယန္တရား) ကို အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူများ စည်းစည်းလုံးလုံး တိုက်ပွဲဝင်ကြပါ။

မောင်သန်းမြရွှေ ( ဧပြီ ၂၀၂၀)

------

# ကိုရိုနာဗိုင်းရပ်စ်နဲ့ စျေးကွက်စီးပွားရေး

ကြည်ဝင်း

အမေရိကန်နိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူနဲ့ သေဆုံးသူအရေအတွက် ကမ္ဘာမှာ အများဆုံးဖြစ်တယ်။ မေလ ၁၄ ရက်နေ့စာရင်းအရ ကူးစက်ခံရသူ ၁.၄ သန်းကျော်ရှိပြီး သေဆုံးသူစုစုပေါင်း ၈၅, ၀၀၀ ကျော်ရှိတယ်။ ပြန်ကောင်းလာသူ အရေအတွက်က ၃ သောင်းကျော်ရှိတယ်။

ရောဂါကပ်ဘေးခံရသလို စီးပွားရေးလည်း အထိနာနေတာ တွေ့ရတယ်။ မတ်လအကုန်ပိုင်းလောက်မှာ အမေရိကန်စီးပွားရေး သုံးပုံတပုံလောက် ပိတ်ထားနေရပြီဖြစ်တယ်။ နောက်လည်း ပိတ်ကုန်မှာတွေ ရှိတယ်။ အလုပ်လက်မဲ့က ၂၅% ရှိနေပြီ။ ၃၀% ကျော်အထိ ဖြစ်လာမယ်လို့ ခန့်မှန်းကြတယ်။ ဧပြီလနောင်းပိုင်း အစိုးရတရားဝင်စာရင်းအရ အလုပ်လက်မဲ့ခံစားခွင့် လျှောက်ထားသူ ၂၆.၅ သန်းရှိတယ်။ ဒါဟာ အမေရိကန် အလုပ်သမားအင်အား စုစုပေါင်း ၁၆၅ သန်းရဲ့ ၁၆.၅% ဖြစ်တယ်။

ဒါပေမဲ့ ကိုဗစ်ရောဂါကပ်ကြောင့် အမေရိကန်စီးပွားရေး အထိနာ အကျပ်ဆိုက်တာဖြစ်တယ်လို့ဆိုရင် မမှန်ပါဘူး။ အမေရိကန်စီးပွားရေးဟာ ချည့်နဲ့ပြီး ကွဲရှလွယ်ဖြစ်နေတာ ကိုဗစ်ဘေး မကျခင်ကတည်းက ဖြစ်တယ်။ ၂၀၁၉ နောင်းပိုင်း ၉ လလောက် ဆက်တိုက်ရင်းနှီးမြှုပ်နှံမှု ကျဆင်းသွားတယ်။ ကုန်ထုတ်လုပ်မှုပိုင်းမှာလည်း တုံ့ဆိုင်းနေတာဖြစ်တယ်။ ထရမ့်ရဲ့ ၂၀၁၈ - ၁၉ ကုန်သွယ်ရေး စစ်ပွဲကြောင့် ကုန်သွယ်ရေးကလည်း မကောင်းပါ။ အမေရိကန်ရဲ့ အိမ်ထောင်စုလိုက် စားသုံးမှုကလည်း ချည့်နဲ့လာနေတယ်။ ဉပမာအားဖြင့် ၂၀၁၉ နောင်းပိုင်းမှာ အလယ်အလတ်တန်းစား မိသားစုတွေထဲက အကြွေးဝယ်ကဒ် ဆုံးရှုံးရသူ (ကြွေးမဆပ်နိုင်တော့သူ) ၉% နီးပါး မြင့်တက်လာတယ်။ ကား အရစ်ကျအကြွေးဝယ်သူ ၇ သန်း အကြွေးရှုံးတယ်။ ဒါကြောင့် ချောက်နှုတ်ခမ်းရောက်နေတဲ့ အမေရိကန်စီးပွားရေးကို ကိုဗစ်က ခပ်မြန်မြန်ပြင်းပြင်း တွန်းချလိုက်တာပဲလို့ ပြောနိုင်ပါတယ်။

စီးပွားရေးကပ်ဆိုက်လာတော့ အစိုးရက ဝင်ကယ်ဖို့ လုပ်ရပါတော့တယ်။ စီးပွားရေးနှိုးထရေးအတွက် အမေရိကန်ဒေါ်လာ ၂ ထရီလျံကျော် သုံးစွဲမယ့် ဥပဒေတရပ် (Coronavirus Aid, Relief, and Economic Security Act- CARES Act) ကို အမေရိကန်လွှတ်တော် ၂ ရပ်က ချမှတ် ပြဋ္ဌာန်းခဲ့ပါတယ်။ အခွန်ထမ်းပြည်သူတွေကို ငွေထောက်ပံ့တာပါပေမယ့် ထုံးစံအတိုင်း ကော်ပိုရေးရှင်းကြီးတွေ၊ ဘဏ်လုပ်ငန်းကြီးတွေ စတာတွေကို အဓိက ထောက်ကူပေးသွားဖို့ ဖြစ်ပါတယ်။ ၂၀၀၈ စီးပွားကပ်တုန်းကလိုပဲပေ့ါ။ ဒါပေမဲ့ ဒီတကြိမ် ပမာဏက ဘီလျံမျှသာ မဟုတ်တော့၊ ထရီလျံအဆင့် ရောက်သွားပါပြီ။ တနည်းပြောရရင် ချည့်နဲ့ရပ်ဆိုင်းသွားတဲ့ စျေးကွက်စီးပွားရေး ပြန်အားကောင်းလည်ပတ်လာဖို့ ထောက်ကူပေးမှာ ဖြစ်ပါတယ်။

အရင်းရှင်စနစ်က အမွှမ်းတင်နေတဲ့၊ ကယ်တင်ဖို့ ကြိုးစားနေတဲ့ အဲဒီလွတ်လပ်စျေးကွက်စီးပွားရေးက ကိုဗစ်ရောဂါကပ်ဘေးကို ဘယ်လိုကောင်းကျိုးပြုခဲ့သလဲဆိုတာကို စူးစမ်းကြည့်ကြပါစို့။



ဆေးရုံများ

သမ္မတရော်နယ်ရီဂင်လက်ထက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှာ နီယိုလစ်ဘရယ် စျေးကွက်စီးပွားရေးစနစ်ကို စတင် အသက်သွင်းခဲ့တယ်။ အဲဒီအချိန်ကစလို့ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းမှာ နီယိုလစ်ဘရယ် စျေးကွက်စီးပွားရေးစနစ်ဟာ ကျယ်ကျယ်ပြန့်ပြန့်နဲ့ နက်ရှိုင်းစွာ အမြစ်တွယ်သွားခဲ့တာ ဖြစ်တယ်။ အဲဒီအချိန်မတိုင်မီက အမြတ်အစွန်းမယူတဲ့ ပြည်သူ့ဆေးရုံစနစ်ဆိုတာ အတော်များများရှိခဲ့တယ်။ တခြားဆေးရုံတွေပါပေါင်းရင် တနိုင်ငံလုံးမှာ ဆေးရုံခုတင်ပေါင်း ၁.၅ သန်း ရှိတယ်။ ဒီကနေ့မှာတော့ အဲဒီအချိန်ကထက် လူဦးရေက သန်း ၁၀၀ တိုးလာပေမယ့် ဆေးရုံကုတင် စုစုပေါင်းက ၉၂၅, ၀၀၀ ပဲ ရှိပါတော့တယ်။ ခုတင် ၅၀၀, ၀၀၀ လျော့သွားတာ ဖြစ်ပါတယ်။ ကွင်းဆက်ဆေးရုံလုပ်ငန်းကြီးတွေက 'စျေးကွက်စွမ်းရည်ရှိရေး'အတွက် အမြတ်အစွန်းမရတဲ့ ပြည်သူ့ဆေးရုံစနစ်တွေကို ဝယ်ယူပိတ်ပစ်ခဲ့တာကြောင့် အခုလို လျော့ကျသွားရတာ ဖြစ်တယ်။

တကိုယ်ရေကာကွယ်ရေးပစ္စည်းများ

အသက်ရှူစက်၊ မျက်နှာဖုံး၊ ကာကွယ်ရေးဝတ်စုံနဲ့ ပိုးသတ်ဆေးတွေတောင်မှ အမေရိကန်မှာ ဘာကြောင့် ရှားပါးနေရပါသလဲ။ စျေးကွက်ရဲ့ဖြေရှင်းနည်းကြောင့်ပါပဲ။ လွန်ခဲ့တဲ့ နှစ်အတော်ကြာကြာကတည်းက ဒီပစ္စည်းတွေထုတ်လုပ်ရေးကို အာရှ၊ လက်တင်အမေရိက နဲ့ အထူးသဖြင့် တရုတ်ပြည်တို့မှာ သွားရောက်လုပ်ကိုင်ခဲ့တာ ဖြစ်တယ်။ အဲဒီနိုင်ငံတွေမှာ ထုတ်လုပ်ပြီး အမေရိကန်နိုင်ငံထဲ ပြန်သွင်းလာရင် ကုန်ကျစရိတ် ပိုသက်သာပြီး အမြတ်အစွန်းလည်း ပိုရတယ်။ အခုဆိုရင် တရုတ်နိုင်ငံဟာ N95 မျက်နှာဖုံးနဲ့ ခွဲစိတ်ခန်းသုံး မျက်နှာဖုံး တရက်မှာ ၁၁၅ သန်းထုတ်လုပ်နိုင်ပါတယ်။

အလုပ်လက်မဲ့ခံစားခွင့်

ရှေ့တန်းရောက်စီးပွားရေးတွေထဲမှာ အမေရိကန်နိုင်ငံဟာ အလုပ်လက်မဲ့ခံစားခွင့်အတွက် ငွေအနည်းဆုံးသုံးတဲ့ နိုင်ငံတနိုင်ငံပဲ ဖြစ်တယ်။ အသက်ရှင်နေထိုင်နိုင်ဖို့ လိုအပ်တဲ့ကုန်ကျစရိတ်ရဲ့ သုံးပုံတပုံသာသာလောက်ပဲ ထောက်ပံ့တယ်။ ပြည်နယ်အတော်များများဆိုရင် အဲဒီလောက်တောင် မရပါဘူး။ နှိုင်းယှဉ်ချက်အရ အများဆုံးပေးတယ်ဆိုတဲ့ ကာလီဖိုးနီးယားပြည်နယ်မှာတောင် တပတ်ကို ၄၅၀ ဒေါ်လာပဲ ရတယ်။ တလဆိုရင် ၁, ၈၀၀ ဒေါ်လာပါ။ မြို့တွင်း အလယ်အလတ်အိမ်ငှားခက တလ ဒေါ်လာ ၃၀၀၀ နဲ့အထက်ရှိတယ်။ အဲဒီ မလောက်မငခံစားခွင့်ကလည်း ၆ လပဲရှိတာပါ။

သန်းပေါင်းများစွာသော ယာယီနဲ့ပုတ်ပြတ်အလုပ်သမားတွေကျတော့ အဲဒီခံစားခွင့် မရှိကြပါဘူး။ အခု ပြဋ္ဌာန်းလိုက်တဲ့ CARES Act မှာတော့ အဲဒီလို အလုပ်သမားတွေအတွက် ခံစားခွင့် ၄ လစာ ပေးထားတာ တွေ့ရတယ်။ ဒီအလုပ်သမားတွေအတွက် ခံစားခွင့်ကို သူတို့ကို ငှားရမ်းခိုင်းစေတဲ့ ကုမ္ပဏီကြီးတွေ ကုန်ကျခံရမှာပါ။ အခုတော့ အစိုးရက ပြည်သူတွေရဲ့ အခွန်ငွေထဲကနေ ကျခံပေးလိုက်တာ ဖြစ်တယ်။ ဒါဟာလည်း စျေးကွက်စီးပွားရေးက ကုမ္ပဏီကြီးတွေ အဲဒီလိုအလုပ်သမားမျိုးတွေရဲ့ အလုပ်သမားခံစားခွင့်အတွက် ရန်ပုံငွေထည့်စရာမလိုအောင် ခွင့်ပြုထားပေးလို့ ဖြစ်တယ်။

ကျန်းမာရေးခံစားခွင့်

ဒီကနေ့အမေရိကန်ရဲ့ စျေးကွက်စီးပွားရေး နိဗ္ဗာန်ဘုံကြီး ကုမ္ပဏီပေါင်းများစွာဟာ အလုပ်သမားတွေ ကျန်းမာရေးအာမခံကြေးကို ရှောင်လွှဲနေလို့ ရနေတယ်။ အလုပ်သမား ၃၇ သန်းဟာ ကျန်းမာရေးအာမခံ မရှိဘူး။ ၈၇ သန်းကတော့ ကျန်းမာရေးအာမခံ မလုံလောက်ဘူး။ သန်းတချို့ကတော့ ကျန်းမာရေးစရိတ်မှာ တနှစ်ကို ဒေါ်လာ ထောင်ပေါင်းများစွာ မိမိက ကုန်ကျခံနေရတယ်။

လစာနဲ့ဆေးခွင့်

ကမ္ဘာမှာ အချမ်းသာဆုံးအမေရိကန်နိုင်ငံမှာရှိတဲ့ အကြီးဆုံး ကုမ္ပဏီကြီး ၅၀၀ ဟာ ပြီးခဲ့တဲ့ ၉ နှစ်အတွင်းမှာ အစုရှယ်ယာရှင်တွေကို ကိုယ့်အစုရှယ်ယာကိုယ်ပြန်ဝယ်တာ (stock buybacks) နဲ့ အစုရှယ်ယာအမြတ်ငွေ ခွဲဝေပေးတာဟာ နှစ်စဉ်ပျမ်းမျှ ဒေါ်လာ ၁ ထရီလျံ ကျော်ပါတယ်။ ဒါပေမဲ့ သူတို့ကုမ္ပဏီက အလုပ်သမားတွေကတော့ တနှစ်မှာ လစာနဲ့ဆေးခွင့်က ၆ ရက်ပဲ ရပါတယ်။ ဒါတောင် သမဂ္ဂကန်ထရိုက် စာချုပ်ရှိတဲ့ အလုပ်ရုံက အလုပ်သမားတွေပဲ ရကြတာ ဖြစ်တယ်။ အများစုကတော့ လစာမဲ့ဆေးခွင့် ဒါမှမဟုတ် ဘာခွင့်မှ မရကြပါဘူး။ ဖျားရင် အလုပ်ထွက် တခြားအလုပ်ရှာဖို့ပဲ ရှိပါတယ်။ ဒါကတော့ စျေးကွက်ဖြေရှင်းနည်းပါ။ ဥရောပနဲ့ အခြားမှာတော့ လစာနဲ့ခွင့်ဟာ စုစုပေါင်း ရက် ၃၀ လောက်ရှိပါတယ်။ ထရမ့်ရဲ့ အမေရိကန်စျေးကွက်စနစ်မှာတော့ မရပါ။ အခုအချိန် လုပ်ငန်းအတော်များများပိတ်ထားရချိန် အိမ်မှာပဲနေနေရချိန်မှာ အဲဒီသန်းပေါင်းများစွာသော အလုပ်သမားများအတွက် CARES Act ကပဲ တာဝန်ယူကုန်ကျခံရမှာ ဖြစ်ပါတယ်။

CARES Act ရဲ့ ဘီလျံ ၅၀၀ တန် 'ကော်ပိုရေးရှင်းကြီးတွေအတွက် ဆိုရှယ်လစ်(ပြည်တော်သာ)စနစ်'ကော်ပိုရေးရှင်းကြီးတွေအတွက် CARES Act က ဒေါ်လာ ၅၀၀ ဘီလျံ ခွဲတမ်းချထားတယ်။ (နည်းနည်းပိုသေးတဲ့လုပ်ငန်းတွေအတွက်က ဒေါ်လာ ၃၆၇ ဘီလျံပါ။) အဲဒီကော်ပိုရေးရှင်းကြီးတွေက တကယ်ကော ဒေါ်လာ ဘီလျံ ၅၀၀ လိုရဲ့လား။ ခွဲဝေပေးတာကိုကော ဘယ်သူက ကြီးကြပ်မှာလဲ။ လေကြောင်းလိုင်းတွေကို ဥပမာကြည့်ရအောင်ပါ။

လေကြောင်းလိုင်းတွေက ဒေါ်လာ ၅၈ ဘီလျံ ခွဲတမ်းရပါတယ်။ တဝက်တိတိက ပြန်ဆပ်စရာမလိုတဲ့ ဂရန့်ငွေ (grant) ပါ။ ဘာစည်းကမ်း ကန့်သတ်ချက်မှ မရှိပါဘူး။ နောက်တဝက်ကတော့ ချေးငွေ ဖြစ်တယ်။ ဂရန့်ငွေကိုတော့ ခပ်သွက်သွက်ပဲ ယူလိုက်ကြပါတယ်။ ဒါပေမဲ့ ချေးငွေကို မယူကြသေးဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ အဲဒီချေးငွေကိုလည်း ဂရန့်ငွေအဖြစ် ပြောင်းပေးဖို့ အဆိုပြုထားတာကို ကွန်ဂရက်က ဒီနှစ်ကုန်ပိုင်းလောက်မှာ သဘောတူလာမလားလို့ စောင့်ကြည့်နေတာလို့ ဆိုတယ်။

ဒီလေကြောင်းလိုင်းတွေလက်ထဲမှာ လောလောဆယ် ငွေဘယ်လောက်ရှိနေသလဲဆိုတာကိုလည်း ဘယ်သူကမှ မမေးကြဘဲ အခုလို ဘီလျံ ဆယ်နဲ့ချီပြီး ပက်ခနဲပေးလိုက်တာ ဖြစ်တယ်။ ပြီးခဲ့တဲ့နှစ်တွေက အဲဒီလေကြောင်းလိုင်းတွေက သူတို့ရဲ့အစုရှယ်ယာရှင်တွေနဲ့ အမှုဆောင်အရာရှိချုပ်တွေကို စတော့ပြန်ဝယ်တာနဲ့ အစုရှယ်ယာအမြတ်ငွေအဖြစ် ဒေါ်လာ ၄၅ ဘီလျံထက်မနည်း ခွဲဝေပေးခဲ့တာပါ။ ကိုယ်ပြန်ဝယ်တဲ့ စတော့တွေဟာ စျေးကွက်ထဲပြန်ရောက်တာလည်း ရှိပေမယ့် အများစုကတော့ ဒီစတော့စျေးကွက်မှာ ရင်းနှီးမြှုပ်နှံနေသူတွေ၊ ကုမ္ပဏီရဲ့အမှုဆောင်အရာရှိချုပ်တွေနဲ့ အကြီးတန်းမန်နေဂျာတွေလက်ထဲ ရောက်သွားကြတာ ဖြစ်တယ်။ နည်းပညာကုမ္ပဏီကြီးတွေမှာတော့ အမှုဆောင်အရာရှိချုပ်တွေနဲ့ အကြီးတန်းမန်နေဂျာတွေလက်ထဲ ရောက်သွားတဲ့ အဲဒီပြန်ဝယ်တဲ့ စတော့တွေဟာ ၇၀% အထိ ရှိတယ်။ ဥပမာ ပန်းသီး (Apple) ကုမ္ပဏီကြည့်ပါ။

ဘဏ်လုပ်ငန်းရှင်ကြီးများနဲ့ ရင်းနှီးမြှုပ်နှံသူများအတွက် မဟာဆိုရှယ်လစ်(ပြည်တော်သာ) စနစ် လုပ်ငန်းကြီးတွေအတွက် ခွဲတမ်းရတဲ့ ဒေါ်လာ ဘီလျံ ၅၀၀ ဟာ ဘဏ်လုပ်ငန်းကြီးတွေနဲ့ အရိပ်ဘဏ်လုပ်ငန်းတွေ (ငွေကြေးစျေးကွက်ထဲ စျေးကစား အမြတ်အစွန်းရှာတဲ့ အရန်အတားရန်ပုံငွေ hedge funds၊ စတော့အရောင်းအဝယ်တွေ စီမံခန့်ခွဲပေးတဲ့ ကုမ္ပဏီတွေ၊ ရင်းနှီးမြှုပ်နှံမှုဘဏ်တွေ၊ အရင်းအနှီးတွေ စုပေါင်းပြီး စတော့စျေးကွက်မှာ ရောင်းဝယ်တဲ့ကုမ္ပဏီတွေ စသဖြင့်) အတွက် အမေရိကန်ဗဟိုဘဏ်က ပံ့ပိုးပေးမယ့် ဒေါ်လာ ထရီလျံ ပေါင်းများစွာနဲ့ ယှဉ်လိုက်တဲ့အခါ ဘာမှ မဟုတ်တော့ပါဘူး။ (စကားချပ်။ ။ အများဆိုင်ရာ ကျန်းမာရေး ပညာရေး စတာတွေမှာ ဘတ်ဂျက်တိုးသုံးရေး သူဌေးဝင်ငွေခွန်တိုးကောက်ရေး စတဲ့ ပြုပြင်ရေး အစီအစဉ်များကို တကယ့်ဆိုရှယ်လစ်လက္ခဏာ အစီအစဉ်များဖြစ်သယောင် ဒီမိုကရက်များက ဆိုရှယ်လစ်တံဆိပ်ကပ် မဲဆွယ်တယ်၊ ရီပတ်ဘလစ်ကန်တွေကလည်း သီလျက်နဲ့ တကယ့် ဆိုရှယ်လစ်မပြောနဲ့ အတုတောင် လက်မခံဘူး ဆိုတဲ့သဘော နဲ့ ဆန့်ကျင်တယ်။)

၂၀၀၈ တုန်းက ဘဏ်တွေကို ကယ်တင်ဖို့အတွက် ဗဟိုဘဏ်က ဒေါ်လာ ၄ ထရီလျံ ပံ့ပိုးပေးခဲ့တယ်။ အခုအချိန်မှာတော့ ဒေါ်လာ ၆ ထရီလျံကျော် ဗဟိုဘဏ်က ပံ့ပိုးပေးထားပါပြီ။ ဒါတောင် ဘဏ်လုပ်ငန်းက ပြိုလဲမှု ဖြစ်သေးတာ မဟုတ်ပါ။ ဗဟိုဘဏ်က ဘဏ်လုပ်ငန်းတွေသာမက အကြွေးဝယ်ကဒ်ကုမ္ပဏီတွေ၊ အပေါင်လုပ်ငန်းကုမ္ပဏီတွေ၊ ကော်ပိုရေးရှင်းငွေချေးစာချုပ်ဝယ်ထားသူတွေကိုပါ ပံ့ပိုးပေးနေပါပြီ။ ဒါတင်မက ဆင့်ပွား (derivatives) တွေ အရောင်းအဝယ်လုပ်တဲ့ ကုမ္ပဏီတွေကိုပါ အကူအညီ ပေးနေပြီဖြစ်တယ်။ နောင်ဆိုရင်တော့ ဘဏ္ဍာစျေးကွက်ကို ထူမဖို့အတွက် စတော့ရှယ်ယာတွေပါ ဝင်ဝယ်တော့မှာ ဖြစ်တယ်။ ဂျပန်ဗဟိုဘဏ်ကတော့ စတော့ရှယ်ယာတွေ အရောင်းအဝယ်ဝင်လုပ်နေတာ နှစ်တချို့ရှိပြီဖြစ်တယ်။

အမြတ်ငွေကို စျေးကွက်က မဟုတ်ဘဲ အစိုးရက တိုးဖြည့်ပေးနေတာ အခွန်အကောက်ပေါ်လစီနဲ့ ဗဟိုဘဏ်ရဲ့ ငွေကြေးပေါ်လစီတွေဟာ အထွေထွေစီးပွားရေး တည်ငြိမ်ရေးကိရိယာတွေအဖြစ် အထင်ကရ ဘောဂဗေဒပညာရှင်တွေက ဆိုခဲ့ကြတယ်။ အခုကတော့ အဲဒါဟာ မီဒီယာကော်ပိုရေးရှင်းတွေက ဖန်တီးထားတဲ့ လုပ်ဇာတ်ဖြစ်သွားပါပြီ။ ပြီးခဲ့တဲ့ ဆယ်စုနှစ်တွေအတွင်းမှာ အကောက်အခွန် နဲ့ ဗဟိုဘဏ်ပေါ်လစီ ကိရိယာတွေဟာ အမြတ်ငွေထဲ ငွေတွေ ရှောရှောရှူရှူ စီးဝင်သွားဖို့အတွက် သွယ်တန်းပေးထားတဲ့ ပိုက်သဖွယ်ဖြစ်နေတာပါ။

သူတို့ဟာ ကော်ပိုရေးရှင်းကြီးတွေရဲ့ ဆိုရှယ်လစ် (ပြည်တော်သာ) စနစ်အတွက် စီးတော်ယာဉ်တွေ ဖြစ်နေပါပြီ။ အရင်းရှင် နိုင်ငံတော်နဲ့ သူ့အစိုးရက သူတို့နဲ့ဆိုင်တာကိုပဲ ဂရုစိုက်ဖေးမပါတယ်။ ကျန်ပြည်သူတွေကိုတော့ ထရမ့်ရဲ့အဆိုအရ 'စျေးကွက်' က တာဝန်ယူပါလိမ့်မယ်တဲ့။

**ကြည်ဝင်း**

၁၅ - ၅ - ၂၀၂၀

ref: On Market Solutions to the Covid-19 Crisis by Jack Rasmus

## တပ်မဟာအစား၊ ဆေးရုံများပြင်၊
## ကျည်ဆန်အစား၊ ဆေးဝါး စာအုပ်

**မောင်လှဝင်း**



ဗမာပြည်ဟာ ဆင်းရဲပြီး မဖွံ့ဖြိုးသေးတဲ့နိုင်ငံပဲ။ ကိုဗစ် ၁၉ ခုခံတိုက်ဖျက်ရေးကာလမှာ ဒီတိုင်းပြည်အတွက် လိုအပ်ချက်တွေက တခြားပြည့်စုံတဲ့နိုင်ငံတွေထက် ပိုများတယ်။ ကျန်းမာရေးဆေးကုသရေးစနစ် ပိုပြီး လုံလောက်တဲ့နိုင်ငံတွေတောင် ကိုဗစ် ၁၉ ကာကွယ်ကုသရေးဆိုင်ရာ သုတေသနတွေ၊ စမ်းသပ်မှုတွေ၊ တီထွင်ကြံဆမှုတွေ ဒီကာလအတွင်း ပိုမို ကြိုးပမ်းလာရတယ်။ ရောဂါ ကာကွယ် ကုသရေးစနစ် အားနည်းချက် လိုအပ်ချက်တွေ ပိုများတဲ့ဗမာနိုင်ငံက ပြည်သူတွေဟာ အခက်အခဲကို မျှော်တွေးပုပန်ပြီး ကိုယ်လုပ်နိုင်မယ် ထင်တာလေးတွေ ကိုယ့်ဘာသာ တီထွင်ကြံဆ လုပ်ကိုင်ရတာတွေ ရှိလာတယ်။

မျက်မှောက်ကမ္ဘာမှာ ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှု ကွင်းဆက်ကြိုးစနစ်ကို နိုင်ငံအသီးသီးက လိုက်နာနေရတယ်။ ဒီ့အပြင် အမေရိကန်နဲ့ ဥရောပစတဲ့ ချမ်းသာတဲ့နိုင်ငံတွေက ရောဂါစမ်းသပ်ရေးနဲ့ အကာအကွယ်ပစ္စည်းတွေကို ဈေးကြီးပေးတဲ့နည်း အတင်းဖြတ်ယူနည်းတွေသုံးကာ ဝယ်ယူနေတယ်။ ဒီလိုအခြေအနေမျိုးမှာ ဖြစ်နေတာက ရောဂါကာကွယ်ရေးဝတ်စုံတွေ ဗမာပြည်စက်ရုံမှာ ထုတ်လုပ်တယ်။ ဒါပေမဲ့ စက်ရုံကို နိုင်ငံခြားသားပိုင်တယ်။ ဒီတော့ တခြားတိုင်းပြည်တွေမှာ ရောဂါကာကွယ်ရေးဝတ်စုံတွေ အရေးကြီးလိုလာချိန်လေယာဉ်နဲ့ တခြားတိုင်းပြည်ပို့တယ်။ ကိုယ့်နိုင်ငံကတော့ ကာကွယ်ရေးဝတ်စုံမပြောနဲ့ နှာခေါင်းစည်းတောင် သူများနိုင်ငံကို မှီခိုမှ ရတယ်။

ဒါပေမဲ့ ပြည်သူတွေ ခက်ခက်ခဲခဲ တီထွင်ကြံဆလို့ အောင်မြင်လာတာတွေလည်း ရှိတယ်။ Prototype mini ventilator အသက်ရှူကူစက်ဆိုရင် လူငယ်လူကြီးတစု ပိုင်းဝန်းကြံဆောင်လို့ အောင်ခဲ့တယ်။ စောင့်ကြည့်နဲ့ သံသယလူနာများအတွက် အရေးပေါ် အထောက်အကူပြု ယာဉ်တစီးကို မြိတ်မြို့မှ ဗမာအင်ဂျင်နီယာတဦးက စမ်းသပ်ထုတ်လုပ်ပေးတယ်။ ကျပ်သိန်းတချို့ကုန်တဲ့ငွေကို သူ့ဘာသာ စိုက်ထုတ်လုပ်လိုက်တာဖြစ်တယ်။ မုံရွာ နည်းပညာကျောင်းသားများက အလိုအလျောက် ပိုးသတ်ဆေးဖျန်းကိရိယာကို တီထွင်ထုတ်လုပ်ပြီး အစိုးရကို လှူတယ်။ ဇီးကုန်းမြို့နယ် ဆရာဝန်တဦးက Face Mask (ကျန်းမာရေးသုံး မျက်နှာအကာအကွယ်)တွေကို အလွယ်တကူဝယ်ရတဲ့ ပစ္စည်းတွေနဲ့ ထုတ်လုပ်တယ်။ ရန်ကုန်မြို့က လူငယ်လေးတွေကလည်း Anti Cov Hand Sanitizer ကျန်းမာရေးသုံးလက်သန့်ဆေးရည်ဘူးတွေ တီထွင်ထုတ်လုပ်လိုက်ကြတယ်။ ဗမာပြည်မှာ တီထွင်ဖန်တီးဖို့ အထောက်အကူပြု ပစ္စည်းအစိတ်အပိုင်းတွေကအစ ရှာဖွေဝယ်ယူဖို့မလွယ်ဘူး။ တခုခု စမ်းသပ်ထုတ်လုပ်ဖို့ ငွေကုန်ကြေးကျခံနိုင်မှရတယ်။ အောင်မြင်တဲ့ တီထွင်ထုတ်လုပ်မှုကို အကျယ်အပြန့် ထုတ်လုပ်ဖြန့်ချိဖို့ဆိုရင် ငွေကြေးရှိသူက(ဒါမှမဟုတ်) အဖွဲ့အစည်းတခု (ဒါမှမဟုတ် )အစိုးရတို့က ကူညီထောက်ပံ့ပေးဖို့ လိုတယ်၊ အားပေးဖို့လိုတယ်။ ဒါသာမက ဒီလို ဖန်တီးမှုတွေ အများအပြားပေါ်လာအောင်ကို အစိုးရက လှုံ့ဆော်တိုက်တွန်းတာ လုပ်သင့်တယ်။ ဒါမှသာ ပိုမိုထိရောက်တဲ့ တီထွင်ဖန်တီးမှု အများအပြားကို တိုင်းပြည်က ရရှိမှာ ဖြစ်တယ်။ တိုင်းပြည်ဘဏ္ဍာကို ဒီဘက်မှာလည်း သုံးစွဲရမယ်။ ဒါက ကိုဗစ်ရောဂါကာကွယ်တိုက်ဖျက်အတွင်းက လိုအပ်ချက်တခုသာ ဖြစ်တယ်။

ဗမာပြည်ရဲ့ကပ်ဆိုးရောဂါ တိုက်ဖျက်ရေးမှာ လိုအပ်ချက်တွေ များစွာ ရှိသေးတယ်။ ငါ့စကားနွားရ ပြောလို့မဖြစ်ဘူး။ လေဆိပ်ဝင်လာတဲ့ ခရီးသည်တွေကို ကိုဗစ် ၁၉ ရောဂါရှိ မရှိ စစ်ဆေးတဲ့စနစ်အကြောင်းမေးတဲ့အခါ ကျန်းမာရေးဝန်ကြီးက အားလုံးကောင်းတယ်။ လာကြည့်လှည့်။ ကြည့်တဲ့သူ ဖျားသွားစေရမယ်လို့ ပြောတယ်။ တကယ်က နိုင်ငံခြားခရီးသည်တွေကတောင် လေဆိပ်ရဲ့ ကျန်းမာရေးစစ်ဆေးမှုစနစ် ညံ့ဖျင်းကြောင်း ဝေဖန်သွားခဲ့တာ အားလုံးအသိပါ။ သူ့ အစီအမံ ကောင်းတယ်ဆိုတဲ့ဂိတ်ကပဲ ကိုဗစ်ရောဂါပိုး သယ်

ဆောင် သူ ဖြတ်ဝင်ခဲ့ပြီး တီးတိန်ကျမှ ရောဂါတွေ့တာ မဟုတ်လား။ လူနာအမှတ်(၁) နဲ့ အနီးကပ်ထိတွေ့ခဲ့ရတဲ့ ဆရာဝန်၊ လူနာရဲ့မိခင်၊ လူနာက လက်ထပ်မယ့်ဇနီးတို့ကိုတောင် ရောဂါပိုးရှိမရှိ အချိန်မီ စစ်မပေးခဲ့ဘူးမဟုတ်လား။ ဝေဖန်တောင်းဆိုလို့ အချိန်နောက်ကျပြီး စစ်ပေးမှ အမှတ်(၁) လူနာရဲ့မိခင်ဟာ လူနာအမှတ် ၂၃ အဖြစ် ရောဂါပိုး တွေ့လာရတယ်မဟုတ်လား။

ကျန်းမာရေးဝန်ကြီးဌာနက ဆေးရုံသုံးကာကွယ်ကုသရေးပစ္စည်းတွေ အလုံအလောက် ပေးထားပြီလို့ပြောတယ်။ ဘာပစ္စည်းမှ မလုံလောက်ဘူးလို့ လက်တွေ့လုပ်နေတဲ့ဆရာဝန်တွေက အော်နေတယ်။ လက်တွေ့ကုသနေတဲ့ ဆရာဝန်ဆရာမတွေ ကာကွယ်ရေးဝတ်စုံမရှိလို့ ပလပ်စတစ်စတွေနဲ့ ခြေထောက်ပတ်ပြီး ကာကွယ်နေရတဲ့ ဓာတ်ပုံတွေ တက်လာတယ်။ စစ်ကိုင်းတိုင်းက လူနာရာချီ ကြည့်ပေးနေရတဲ့ ဆေးခန်းတွေမှာ ကာကွယ်ရေးဝတ်စုံကို ကိုယ့်ဘာသာ ချုပ်ဝတ်နေရတယ်။ အမေရိကန်လို ကြွယ်ဝတဲ့ နိုင်ငံကြီးတွေတောင် ကိုဗစ် ၁၉ ခုခံတိုက်ဖျက်ရေးအတွင်း ကုသရေးကိရိယာတွေ မလုံလောက်လို့ ဂွမ်းပြန်နေတယ်။ မလုံလောက်ကြောင်း ဝန်ခံနေရတာ လည်း ကြားရတယ်။ လတ်တလော ကိုဗစ် ၁၉ ရောဂါဖြစ်နေသူလောက်ပဲ ကြည့်လို့မရဘူး။ ရှေ့အတွက် ရောဂါကူးစက်လာနိုင်ခြေကို ကြို တင်စဉ်းစားပြီး စီမံပြင်ဆင်ထားရမယ်။

ကိုဗစ်၁၉ ရောဂါကို ရင်ဆိုင်ရတာဟာ တကယ်က ရောဂါပိုးကို စစ်မျက်နှာဖွင့်ပြီး တိုက်ခိုက်နေရတာဖြစ်တယ်။ ဒီတိုက်ပွဲရဲ့ ရှေ့တန်းစစ်မျက်နှာမှာ ကျန်းမာရေးဝန်ထမ်းတွေ၊ ဆရာဝန်တွေ သူနာပြုတွေက တပ်ဦးကနေ တိုက်ပွဲဝင်ရတယ်။ သူတို့အတွက် လိုအပ်တဲ့ အကာအကွယ်တွေ လက်နက်ကိရိယာတွေကို အုပ်ချုပ်သူတွေက ဖြည့်ဆည်းတပ်ဆင်ပေးရမယ်။ ဒီအတွက် အတတ်နိုင်ဆုံး ထောက်ပံ့ပေးနိုင်အောင် ပြည်သူ့ဘဏ္ဍာငွေတွေကို သုံးစွဲရမယ်။ တဖက်ကလည်း ပြည်သူတွေ၊ အလုပ်သမားတွေ လယ်သမားတွေကို ကိုဗစ်ရောဂါ ဆိုးကို ရင်ဆိုင်နေရတဲ့ ကာလအတွင်း ထောက်ပံ့ကူညီတာတွေ လုပ်ရမယ်။ တကယ်က ကိုဗစ် ၁၉ ကို ရင်ဆိုင်တိုက်ပွဲဝင်တယ် ဆိုရာမှာ အရေးအကြီးဆုံးက ကိုယ့်ပြည်သူအသက်တွေကို ကာကွယ်စောင့်ရှောက်ရေးပဲ။

ဒါပေမဲ့ ခက်နေတာက ဗမာပြည်ဟာ စစ်သုံးစရိတ် ဦးစားပေးနိုင်ငံဖြစ်နေတယ်။ စစ်ဘတ်ဂျက်ကို စစ်အုပ်စုနဲ့ စစ်တပ်ဘက်က တောင်းရင် မငြင်းမဆန် ရှောရှောရှူရှူထုတ်ပေးရတဲ့နိုင်ငံ ဖြစ်နေတယ်။ စစ်သုံးစရိတ်ဟာ ကျန်းမာရေး၊ ပညာရေးဘက်က အသုံးစရိတ်တွေထက် ပိုများနေပါတယ်။(၂၀၁၇-၁၈ ဘတ်ဂျက်မှာ ကာကွယ်ရေးဌာန အသုံးစရိတ်က နိုင်ငံတော်အသုံးစရိတ်တခုလုံးရဲ့ ၁၄ ရာခိုင်နှုန်းဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနက ၅ ရာခိုင်နှုန်း ပညာရေးဝန်ကြီးဌာနက ၈ ရာခိုင်နှုန်းသာ ရရှိခဲ့ပါတယ်။ ဒီအထဲက စစ်စရိတ်ကို တနှစ်ထက်တနှစ် တိုးတောင်းနေတာပါ။ ၂၀၁၈- ၁၉ တုန်းက အသုံးစရိတ် ကျပ် ၃၂၆၀ ဘီလီယံကျော် တောင်းခဲ့ပြီး ၂၀၁၉-၂၀၂၀ ကျတော့ ကျပ် ၃၃၈၅ ဒသမ ၈၂ ဖြစ်လာပါတယ်။) ခေတ်မီ၊ အရည်အချင်းပြည့်၊ အင်အားတောင့်တင်းတဲ့ တပ်မတော်ဖြစ်လာရေးကို အကြောင်းပြုပြီး လက်နက်ကြီးတွေ၊ တိုက်လေယာဉ်တွေ၊ ရဟတ်ယာဉ်တွေ ဝယ်ချင်တိုင်း ဝယ်တယ်။ ရေငုပ်သင်္ဘောတောင် ဝယ်သေးတယ်။ ဒီ ဝယ်ယူရေးအပေါ်က စစ်တပ်ထိပ်သီးတချို့ အကျိုးအမြတ် ရရှိတာတွေ၊ တချို့ငွေတွေ သူတို့အိတ်ကပ်ထဲ တနည်းနည်းနဲ့ ရောက်သွားတာတွေ ရှိတယ်။ သူတို့ရဲ့ စစ်သုံးစရိတ်စာရင်းတွေကို တခြား ဘယ်စာရင်းစစ်ကမှ စစ်ဆေးခွင့်မရှိပါဘူး။

ခုတလော ကြားသိရတဲ့သတင်းတပုဒ်က တရုတ်နိုင်ငံလုပ် SY-400 တာတိုပစ် ပဲ့ထိန်းဒုံးကျည်များကို စစ်အုပ်စုက မှာကြား ဝယ်ယူထားတယ်ဆိုတာပဲ။ မကြာမီ ပထမအသုတ်အဖြစ် ပဲ့ထိန်းဒုံးကျည်တချို့ကို လက်ခံရရှိတော့မယ်။ ဒါတွေကို ဘယ်မှာ သုံးမလဲ။ ထုံးစံအတိုင်း ပြည်တွင်းစစ်မှာ သုံးမှာပဲ။ ပြည်ပ ဘယ်နိုင်ငံနဲ့မှ စစ်တိုက်စရာ မရှိသေးဘူး။ လက်နက်တပ်ဆင်ရာမှာ စစ်အုပ်စုက ဆင်ခြေအဖြစ် ဖန်တီးထားတဲ့ မှန်းဆရန်သူဆိုတာပဲ ရှိတယ်။ စစ်အုပ်စုဟာ တလျှောက်လုံး တိုက်လေယာဉ်၊ ရဟတ်ယာဉ်နဲ့ လက်နက်ကြီးတွေကို ပြည်တွင်းစစ်မှာ သုံးလာခဲ့တာ ဒီနေ့အထိပဲ။ မျက်မှောက် အစိုးရကလည်း ရခိုင်စစ်ပွဲမှာ လေယာဉ်တွေအသုံးပြုဖို့ ခွင့်ပြုပေးလိုက်တယ်။ အေအေကို အပြုတ်ချေမှုန်းခိုင်းလိုက်တယ်။ လက်တွေ့မှာ ရခိုင်ပြည်သူတွေကို သေမိန့်ပေးလိုက်သလို ဖြစ်သွားတယ်။ ဒီလို သုံးတဲ့အခါတိုင်း ပြည်သူတွေရဲ့ အသက်အိုးအိမ်တွေတွေ အများဆုံးပျက်စီးဆုံးရှုံးရတယ်။ ကိုဗစ် ၁၉ ကို ရင်ဆိုင်ရတဲ့ကာလအတွင်းမှာကိုပဲ ကြည့်။ ချင်းပြည်နယ်မှာ ၂၅ ရက်အတွင်း မင်းအောင်လှိုင်စစ်ကြေးစားတပ်တွေရဲ့ လေယာဉ်မှတိုက်ခိုက်မှု လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သား ၂၈ ဦး သေဆုံးခဲ့တယ်။ ဒဏ်ရာရသူ အများအပြားရှိတယ်။ ရွာလုံးကျွတ် မီးလောင်ပြာကျခဲ့တယ်။ ဧပြီလ ၁ ရက်နေ့ တရက်တည်းမှာပဲ ရခိုင်ပြည်နယ် ကျောက်တော်မြို့အနီး တိုက်ပွဲမှာ လက်နက်ကြီးကျည် ပစ်ခတ်မှုကြောင့် အရပ်သား ကျား/မ ၅ ဦးသေဆုံးခဲ့ရတယ်။ ဒါဟာ လက်နက်ကြီးနဲ့ ပစ်တာ၊ လေယာဉ်နဲ့ပစ်တာတွေကြောင့် သေဆုံးတဲ့ အရပ်သားစာရင်းကိုသာ ပြောတာဖြစ်တယ်။ ဒီထက်အရင် ရခိုင်ပြည်နယ်မှာ လေယာဉ်ပျံနဲ့ စာသင်ကျောင်းတွေ၊ ဇရပ်တွေ၊ ရွာတွေပေါ်မှာ ဗုံးကြဲပစ်ခတ်တာတွေကြောင့် အရပ်သား ကျားမ ကလေးသူငယ် သက်ကြီးရွယ်အို အမြောက်အမြား သေဆုံးခဲ့ကြတယ်။( ရှေးဟောင်းအမွေအနှစ်တွေ ပျက်စီးဆုံးရှုံးခဲ့ရတယ်။) တခြား လက်နက်ငယ်တွေနဲ့ ပစ်သတ်တာပါ ပေါင်းချုပ်ပြောရင် ရခိုင်ပြည်နယ်မှာ ကြေးစားစစ်တပ်က အရပ်သားပြည်သူတွေအပေါ် သတ်ဖြတ်နေမှုဟာ လူမျိုးတုံး သတ်ဖြတ်နေတယ်လို့တောင် ပြောစမှတ်ပြုလောက်တယ်။

စစ်အုပ်စုရဲ့ ကြေးစားတပ်ဟာ အေအေ တပ်ဖွဲ့နဲ့ စစ်ခင်းနေတာမဟုတ်ဘဲ ရခိုင်ပြည်သူတွေနဲ့ စစ်ခင်းနေတာလားလို့ မေးရတော့မှာပဲ။ စစ်အုပ်စု ကြေးစားစစ်တပ်ကြောင့် ရခိုင်ပြည်သူတွေရဲ့ ရှေးဟောင်းအမွေအနှစ် စေတီပုထိုးတွေ၊ ရှေးဟောင်း အဆောက်

အဦတွေသာ ပျက်စီး ပျောက်ကွယ်သွားချင်သွားမယ်။ မိသားစုအလိုက် ရင်နင့်နာကြည်းဖွယ် ဇာတ်လမ်းတွေဟာ ရခိုင်ပြည်သူတွေရဲ့ ရင်ထဲမှာ ဘယ်တော့မှ မေ့ပျောက်သွားမှာ မဟုတ်ဘူး။ သူတို့လက်နက်ကြီးတွေနဲ့လေယာဉ် ရဟတ်ယာဉ်တွေ ဝယ်လေလေ ပြည်သူတွေ သေလေလေ ဖြစ်နေတယ်။ တကယ်တော့ တာတိုပစ် ပွဲထိန်းဒုံးကျည်ဖြစ်ဖြစ် လေယာဉ်ပေါ်က စက်သေနတ်နဲ့ ဗုံးကျည်တွေဖြစ်ဖြစ် လက်နက်ကြီးကျည်တွေဖြစ်ဖြစ် ပြည်သူတွေအတွက်တော့ သေမင်းတမန်တွေပဲ။ ပြည်သူတွေဟာ ကိုယ့်ကိုသတ်မယ့် လက်နက်တွေဝယ်ဖို့ အစိုးရကို ဘဏ္ဍာတော်ငွေ ဆက်သနေရသူတွေ ဖြစ်လာတယ်။

အခု တကမ္ဘာလုံးစစ်ပွဲတွေ ရပ်ထားကြဖို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပန်ကြားနေတဲ့ကာလမှာကိုပဲ ဗမာပြည်မှာတော့ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ ကရင်ပြည်နယ်တို့မှာ တိုက်ပွဲတွေ ဆက်လက်တိုက်နေကြဆဲဖြစ်တယ်။ ကိုဗစ်ရောဂါကို ရင်ဆိုင်နေရချိန် ပြည်သူကို ထောက်ပံ့ကူညီဖို့ တာဝန်ရှိတဲ့အစိုးရက သူတို့အစိုးရဟာ ဆင်းရဲပါတယ်ဆိုပြီး ပြည်သူတွေဆီက ပြန်အလှူခံနေတယ်။ ဒီအချိန်အတွင်းမှာပဲ စစ်အုပ်စုရဲ့ကြေးစားတပ်ကတော့ အစိုးရဆီက တဆင့်ရယူထားတဲ့ ပြည်သူ့ဘဏ္ဍာငွေတွေနဲ့ ဝယ်ထားတဲ့ လက်နက်ကျည်ဆန်တွေ အရမ်းကာရောသုံးဖြုန်းပြီး ပြည်သူတွေကို သတ်ဖြတ်နေပါပြီ။

ဒီအချိန်အတွင်းမှာပဲ ကိုဗစ်ရောဂါ တိုက်ဖျက်ရေး ရှေ့တန်းစစ်မျက်နှာမှာ ဆရာဝန် သူနာပြု ဆေးလုပ်သားတွေဟာ မလုံလောက်တဲ့ ကျန်းမာရေးလက်နက်ကိရိယာတွေနဲ့ ကိုဗစ် ၁၉ ဗိုင်းရပ်စ်ပိုးရဲ့လက်ထဲကနေ ကိုယ့်ပြည်သူတွေရဲ့ အသက်ကို ခက်ခက်ခဲခဲ ပြန်လည်လုယူနေရပါတယ်။

ဒီအချိန်မှာ တိုင်းပြည်အတွက် လိုအပ်တာက ဓားသွေးဖို့ မဟုတ်ပါ။ ကျန်းမာရေးအတွက် အားမွေးနိုင်ဖို့ပါ။ ဒီအချိန်မှာ လိုအပ်တာက လေယာဉ်ပျံ၊ တာတိုပစ်ဒုံးကျည်၊ လက်နက်ကြီးမဟုတ်ပါ။ ရောဂါပိုးစစ်ဆေးရေးစက်ကိရိယာတွေ၊ အသက်ရှူကူစက်တွေ၊ ဆေးရုံသုံး ကာကွယ်ရေးဝတ်စုံတွေနဲ့ ကုသရေးပစ္စည်းကိရိယာတွေ၊ ဆေးဝါးတွေ ဖြစ်ပါတယ်။ ဒီအချိန်မှာ လူသတ်လက်နက်တွေ အလိုမရှိပါ။ ကျန်းမာရေးလက်နက်ကိရိယာတွေသာ လုံလောက်ဖို့ လိုပါတယ်။ ဒီအချိန်မှာ လူသတ်တဲ့ သွေးစွန်းလက်ကို မလိုလားပါ။ ပြုစုကုသရေးလက်ကိုသာ မျှော်လင့်အားထားပါတယ်။

ဆရာကြီး ဒဂုန်တာရာရဲ့ "စစ်မဲ့ကမ္ဘာ" ကဗျာထဲက အတိုင်း လူသားကောင်းကျိုးကိုပဲ ဦးရွက်ပန်ဆင်ရမယ့်အချိန်ပါ။ သေနတ်သံတွေ စဲပါစေ။ စေတနာရှင် သူနာပြုတွေရဲ့ ဖလ်မီးအိမ်လေးတွေ လင်းလက်နေပါစေ။

စက်သေနတ်အား
ခုတ်ဖြတ်ရိုက်ချိုး၊ ထက်ပိုင်းကျိုးစေ
မိုးပျံခံတပ်၊ အမြီးပြတ်စေ
တပ်မများလည်း၊ ပယ်ဖျက်ပြီးစေ
စစ်ဦးစီးချုပ်၊ ရုပ်သိမ်းပျက်စေ
လက်နက်ရုံကို၊ သံရည်ကျိုစေ
တိုက်လေယာဉ်ပျံ၊ ကျည်ဆန်ယမ်းများ
စစ်အင်အားဟူ၊ အနုမြူဗုံး
လုံးဝဖယ်ရှား၊ ဖျက်ဆီးထား၍
ဓားမှထယ်သွား ပြောင်းရမည်။
ထိုရောခါဝယ်
တပ်မဟာအစား၊ ဆေးရုံများပြင်
စာသင်ကျောင်းများ၊ တည်ထားရမည်
ကျည်ဆန်အစား၊၊ ဆေးဝါးစာအုပ်
ထုတ်လုပ်ပစ်မည်
စစ်လေယာဉ်ပျံ၊ ကုန်မခံ၍
နေရန်ဂေဟာ၊ တိုက်တာအိမ်ဆောက်
အမြောက်အစား၊ လယ်သမားအတွက်
လယ်ထွန်စက်များ၊ ခုတ်မောင်းသွားသည်
လူသားကောင်းကျိုး ပြုရန်တည်း။

# ကပ်ရောဂါနဲ့ နောက်ဆက်တွဲ ကောင်းကျိုးဆိုးကွက်တွေ

**သိန်းထွန်းနိုင်**

ကမ္ဘာ့သမိုင်းမှာ ကပ်ရောဂါတွေ ပေါ်လာပြီးရင် နောက်ဆက်တွဲ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အပြောင်းအလဲတွေ ပေါ်ထွက်လာလေ့ရှိတာကို တွေ့ရပါတယ်။ ၁၄ ရာစုနှစ်မှာ ပေါ်လာတဲ့ သေမင်းတမန် ပလိပ်ရောဂါ (the Black Death) ကြောင့် မွန်ဂိုအင်ပါယာ ကျဆုံးတယ်။ ပိုးလမ်းမ ကုန်သွယ်ရေးလမ်းကြောင်း ပိတ်သွားတယ်လို့ ဆိုကြတယ်။ အခုလည်း တရုတ်ရဲ့ ၂၁ ရာစု ပိုးလမ်းမစီမံကိန်းနဲ့ တိုက်တိုက်ဆိုင်ဆိုင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး အခင်းအကျင်းမှာ အပြောင်းအလဲတွေ ရှိလာပါလိမ့်မယ်။ တရုတ်နဲ့ အမေရိကန် ဆက်ဆံရေးမှာ ကြီးမားတဲ့ အပြောင်းအလဲဖြစ်လာမယ်။ ဒီအင်အားကြီး နှစ်နိုင်ငံလုံးနဲ့ တခြားနိုင်ငံတွေရဲ့ ဆက်ဆံရေးတွေလည်း အပြောင်းအလဲ ဖြစ်လာမယ်။ ၂၀၁၉ ကိုရိုနာဗိုင်းရပ်စ်က တရုတ်နဲ့ အမေရိကန် နှစ်နိုင်ငံလုံးရဲ့ပုံရိပ်ကို ထိခိုက်စေလိမ့်မယ်လို့ တချို့က သုံးသပ်ကြတယ်။



American Expeditionary Force victims of the flu pandemic at U.S. Army Camp Hospital no. 45 in Aix-les-Bains, France, in 1918. (Wikipedia)

ပထမကမ္ဘာစစ်အတွင်း ပေါ်ထွက်လာတဲ့ စပိန်တုပ်ကွေး (Spanish flu) ကြောင့်လည်း ကြီးမားတဲ့ နိုင်ငံရေးနဲ့ ကျန်းမာရေးစနစ် အပြောင်းအလဲတွေ ကြုံရပါတယ်။ ၁၉၁၈ ခုနှစ်မှ ၁၉၂၀ ခုနှစ်အတွင်း ဖြစ်ပွားတဲ့ ကပ်ရောဂါကြောင့် သေဆုံးရသူဦးရေဟာ တကမ္ဘာလုံး အနေနဲ့ သန်း ၅၀ ကနေ သန်း ၁၀၀ အထိ ရှိတယ်လို့ ခန့်မှန်းကြတယ်။ ဒီကပ်ရောဂါကို စပိန်တုပ်ကွေးလို့ ခေါ်ကြပေမယ့် စပိန်မှာ စဖြစ်ပွားတဲ့ ရောဂါမဟုတ်ပါဘူး။ စပိန်က ၁၉၁၄-၁၉၁၈ ကမ္ဘာ့စစ်ပွဲမှာ မပါဘူး။ ဒါကြောင့် ရောဂါကပ်အကြောင်း သတင်းတွေ လွတ်လွတ်လပ်လပ် ထုတ်ပြန်နိုင်တယ်။ သူ့နိုင်ငံတွင်းက အခြေအနေကို ပုံမှန်တင်ပြနိုင်အား ကောင်းတာနဲ့ပဲ လူသိများပြီး စပိန်တုပ်ကွေးလို့ မဆီမဆိုင်

နာမည်ရ သွားတာပါ။ ဒီကပ်ရောဂါမှာလည်း စစ်ရေးလှုပ်ရှားမှု၊ တပ်တွေ ချီတက်သွားလာမှုတွေက ရောဂါပြန့် စေတဲ့ အဓိက အကြောင်းရင်းပဲ ဖြစ်တယ်လို့ ဆိုကြတယ်။

စပိန်တုပ်ကွေးကြောင့် အိန္ဒိယမှာ သေဆုံးသူပေါင်း ၁၇ သန်းခန့် ရှိတယ်။ အမေရိကန် ကိုလိုနီဖြစ်တဲ့ ဖိလစ်ပိုင်မှာ (အမေရိကန်ဘက်ကနေ စစ်တိုက်ပေးမယ့်သူတွေကိုသာ စောင့်ရှောက်မှုပေးတာကြောင့်) ဖိလစ်ပိုင်လူမျိုး ရှစ်သောင်းလောက် သေဆုံးရတယ်။

အိန္ဒိယမှာ ဂန္ဒီကိုယ်တိုင် ရောဂါကူးစက်ခံရပြီး သူ့ ချွေးမနဲ့ မြေးလေးကတော့ အသက်ဆုံးရှုံးရှာတယ်။ ရုရှားမှာ လီနင့် ညာ လက်ရုံး လို့ ပြောနိုင်တဲ့ ဗဟိုအမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ယာကော့ဗ်ဆဗားဒလော့ဗ် ဆုံးပါးသွားတယ်။ တောင်အာဖရိက ဝန်ကြီးချုပ် နဲ့ ဆွီဒင်က မင်းသားတပါးလည်း ကပ်ရောဂါကြောင့် အသက်ဆုံးရတယ်။ အမေရိကန်သမ္မတ ဝုဒရိုး ဝယ်လ်ဆင်နဲ့ ဗြိတိသျှ ဝန်ကြီးချုပ် ဒေးဗစ်လွိုက် ဂျော့ချ်တို့ ရောဂါကူးစက်ခံရတယ်။ ဂျာမနီက ကိုင်ဇာဘုရင်လည်း ကူးစက်ခံရတယ်။

ဗမာပြည်မှာတော့ အိန္ဒိယ စစ်တပ်တွေရှိတဲ့ မေမြို့ နဲ့ ဗန်းမော်မှာ ၁၉၁၈ ဇူလိုင်လနဲ့ ဩဂုတ်လတွေမှာ ရောဂါကူးစက်သူတွေကို ပထမဆုံး တွေ့ ရတယ်။ ၁၉၁၈ ခုနှစ် နိုဝင်ဘာလကုန်အထိ အချက်အလက်တွေအရ ဗမာပြည်မှာ လူပေါင်း ခြောက်သောင်းလောက် သေဆုံးရတယ်။ အဲဒီကာလမှာ ဗမာပြည်လူဦးရေက ကိုးသန်းကျော် ဆယ်သန်းနီးပါး ရှိပါတယ်။ ဗမာပြည်အရေးအတွက် အင်္ဂလန်သွားတဲ့ဖေ၊ ပု၊ ရှိန်ထဲက ဦးထွန်းရှိန်ဟာလည်း စပိန်တုပ်ကွေးနဲ့ ကွယ်လွန်တယ်လို့ သုံးသပ်သူတွေ ရှိပေမယ့် ဦးထွန်းရှိန်က ၁၉၁၉ ဇူလိုင်လမှာ ဘိလပ်ကို ထွက်သွားတာဖြစ်ပြီး ၁၉၂၀ ဖေဖော်ဝါရီလဆန်းမှာ ဗမာပြည်ကို ပြန်ရောက်ပါတယ်။ ဗမာပြည် ပြန်ရောက်ပြီး သုံးလကျော် လေးလ နီးပါး တတိုင်းပြည်လုံး ( မြို့ ပေါင်း ၄၀ ကျော်၊ အချက်အလက်တချို့အရ မြို့ပေါင်း ၆၀ ကျော်) လှည့်လည်ဟောပြောတာတွေ လုပ်ပါသေးတယ်။ အဲသလို လုပ်နေရင်းကနေ ၂၃ ရက် မေလ ၁၉၂၀ မှာ အပြင်းဖျားပြီး ဇွန်လ ၂ ရက်နေ့ မှာ ကွယ်လွန်ပါတယ်။ ဘိလပ်ကနေ တုပ်ကွေးပါလာတာတော့ ဟုတ်မယ်မထင်ပါဘူး။ ပြည်တွင်းမှာ ဟောပြောပွဲတွေလုပ်ရင်း ကူးစက်ခံရသလား ဆိုတာတော့ စဉ်းစားစရာပါ။ ဦးထွန်းရှိန်ရဲ့ ဈာပန မှတ်တမ်းရုပ်ရှင်ကို လန်ဒန်အတ် ဦးအုန်းမောင် ရိုက်ကူးပြီး ဗမာ့ရုပ်ရှင်ရဲ့အစလို့ သတ်မှတ်တာတွေ ဖြစ်လာတယ်။ဦးထွန်းရှိန်ဆုံးပါးတဲ့အတွက် ဒုတိယအကြိမ် ဘိလပ်ခရီးမှာ ဦးသိန်းမောင် ပါလာတယ်။ ၁၉၂၀ ကျောင်းသားသပိတ်နဲ့ အတူ ဗမာပြည် နိုင်ငံရေးလည်း အရှိန်အဟုန် ကြီးမားလာပါတယ်။

အိန္ဒိယမှာ ဂန္ဒီ နာမည်ရလာတာ၊ ထိပ်တန်း နိုင်ငံရေးခေါင်းဆောင်ဖြစ်လာပြီး လွတ်လပ်ရေး လှုပ်ရှားမှု အားကောင်းလာတာတွေဟာ စပိန်တုပ်ကွေးရဲ့နောက်ဆက်တွဲဂယက်တွေလို့ ဆိုကြတယ်။ တကမ္ဘာလုံး အတိုင်းအတာနဲ့ ကြီးမားတဲ့ သက်ရောက်မှုကတော့ ပြည်သူ့ ကျန်းမာရေးစနစ် ပေါ်ထွက်လာတာပဲ ဖြစ်ပါတယ်။ ခေတ်သစ် ပြည်သူ့ ကျန်းမာရေးစနစ်ကို မိတ်ဆက်ပေးခဲ့တာ တခြားသူ မဟုတ်ပါဘူး၊ လီနင်ပါပဲ။ ၁၉၂၀ ခုနှစ်မှာ ဗဟိုချုပ်ကိုင်တဲ့ ပြည်သူ့ ကျန်းမာရေးစနစ်က ဆိုဗီယက်ရုရှားမှာ အပြည့်အဝ အကောင်အထည်ပေါ်နေပြီ။ ပြည်သူ့ ကျန်းမာရေး ဝန်ဆောင်မှုကို မြို့တွေမှာ စတင် အကောင်အထည်ဖော်ပြီး ၁၉၆၉ ခုနှစ်မှာ ဆိုဗီယက်ပြည်ထောင်စုတခုလုံးကို ဝန်ဆောင်မှုပေးနိုင်ပြီ ဖြစ်ပါတယ်။ (ဆိုဗီယက်စနစ် ပြိုကွဲပြီးနောက်ပိုင်း ရုရှားမှာ အရင်းရှင်စနစ် ပြန်လည်စိုးမိုးသွားခဲ့တယ်။ ပြည်သူ့ကျန်းမာရေးစနစ်ဟာလည်း လက်ဝါးကြီးအုပ် ဘဏ္ဍာအရင်း ကြီးစိုးလာမှုနဲ့အတူ အလွန်အားနည်းသွားခဲ့တယ်။)

စပိန် တုပ်ကွေး မပေါ်ခင်က ဘယ်နိုင်ငံမှာမှ မည်မည်ရရ ကျန်းမာရေး ပေါ်လစီ မရှိပါဘူး။ ဆရာဝန်တွေကို စနစ်တကျ တာဝန်ပေးနိုင်တဲ့ ဗဟိုချုပ်ကိုင်မှု မရှိဘူး။ စနစ်တကျ ပျိုးထောင်မွေးထုတ်မှု မရှိဘူး။ ပုဂ္ဂလိက ကိုယ်ပိုင် ဆေးခန်းတွေနဲ့ ပရဟိတအဖွဲ့အစည်း၊ ဘာသာရေးအဖွဲ့ အစည်းတွေရဲ့ ရန်ပုံငွေနဲ့ ကျန်းမာရေး စောင့်ရှောက်မှု ပေးတာသာ ရှိပါတယ်။ လူထု အများစုက ကျန်းမာရေးစောင့်ရှောက်မှု မရရှိပါဘူး။

ထွန်းသစ်စ ဆိုဗီယက်နိုင်ငံတော်က လူထုတရပ်လုံးကို စောင့်ရှောက်မှုပေးတဲ့ ကျန်းမာရေးစနစ်ကို ကမ္ဘာပေါ်မှာ ပထမဆုံး တည်ထောင်လိုက်ပါတယ်။ သိပ္ပံပညာရှင်တွေနဲ့ အလုပ်သမားတွေ အခိုင်အမာ ပူးပေါင်းဆောင်ရွက်တဲ့ ဗဟိုချုပ်ကိုင်မှုစနစ်ပဲ ဖြစ်ပါတယ်။ ဒီ စနစ်ကသာ ပြည်သူလူထုကို ဖိစီးတဲ့ ဆင်းရဲမွဲတေမှု၊ ရောဂါဘယနဲ့ မသန့်ရှင်းမှုကို အဆုံးသတ်နိုင်မယ်။ လူထုလက်ထဲကို ဆေးဝါးတွေ ထည့်ပေးနိုင်မယ်လို့ လီနင်က ဆိုတယ်။ ၁၉၂၄ ခုနှစ်မှာ ဆိုဗီယက်အစိုးရက အနာဂတ် ဆရာဝန်မျှော်မှန်းချက်ကို ချမှတ်ပါတယ်။ ဆရာဝန်တွေအနေနဲ့ မနာကျန်းမှုကို ဖြစ်စေတဲ့ အလုပ်အကိုင်နဲ့ လူမှုဘဝဆိုင်ရာ အခြေအနေတွေကို လေ့လာနိုင်စွမ်းရှိရမယ်။ ရောဂါကုသနိုင်ရုံမက ကာကွယ်နိုင်မယ့် နည်းလမ်းတွေကိုလည်း အကြံပြုနိုင်ရမယ် ဆိုတဲ့ မျှော်မှန်းချက်ပါ။ ဒီမျှော်မှန်းချက်ကို ကမ္ဘာတဝန်းမှာ တဖြည်းဖြည်း နဲ့ ချမှတ်လာတယ်။ ဆေးပညာအသစ်က ဇီဝဗေဒနဲ့ စမ်းသပ်မှု ရှုထောင့်ကသာမက လူမှုဗေဒ ရှုထောင့်ကနေပါ ဖြစ်ရမယ် ဆိုတဲ့ မျှော်မှန်းချက် ဖြစ်ပါတယ်။ နောက်ဆက်တွဲအနေနဲ့ ဒုတိယ ကမ္ဘာစစ် ပြီးတဲ့အခါ စက်မှုလုပ်ငန်း ထွန်းကားတဲ့ နိုင်ငံတွေမှာ နိုင်ငံတော်က ချုပ်ကိုင်တဲ့ ပြည်သူ့ ကျန်းမာရေးစနစ်တွေ ပေါ်လာတယ်။ ၁၉၄၆ ခုနှစ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး ပေါ်ထွက်လာတယ်။

အရင်းရှင်နိုင်ငံတွေမှာ ပြည်သူ့ ကျန်းမာရေးစနစ်တွေ ပေါ်ထွက်လာပေမယ့် လွန်ခဲ့တဲ့ နှစ်သုံးဆယ်ခန့်ကာလအတွင်း စီးပွားရေးတုံ့နှေးနေမှုကို အဖတ်ဆယ်ဖို့ အများပြည်သူအတွက် သုံးငွေကို ဖြတ်တောက်တဲ့ ခြိုးခြံချွေတာရေးပေါ်လစီကျင့်သုံးတာ၊ လစ်ဘရယ် ဝါဒသစ် အဆောက်အဦ ဆိုင်ရာ အပြောင်းအလဲတွေအတွင်း ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းတွေကို ပုဂ္ဂလိကပိုင် ပြောင်းပစ်တာ၊ ဆင်းရဲချမ်းသာ ကွာဟချက် ကြီးမားလာတာတို့ကြောင့် အားနည်းချက်တွေ များစွာရှိသေးတာကို အခုလို ကပ်ဆိုက်ချိန်မှာ ပိုမို ထင်ရှားစွာ တွေ့လာရတယ်။ လက်တဆုပ်စာ အုပ်စိုးသူတွေရဲ့ငတေမာဖို့ အရေး လုပ်ကြတာတွေလည်း ဖုံးမရဖိမရ ပေါ်လာတယ်။ ကမ္ဘာ့ကျန်းမာရေး အ

ဖွဲ့ကြီး (WHO) ရဲ့ ဧပြီလ ၁၇ ရက် ကိန်းဂဏန်းများအရ တကမ္ဘာလုံးမှာ ကိုဗစ် -၁၉ ရောဂါပိုး ကူးစက်ခံရသူက နှစ်သန်းကျော်၊ သေဆုံးသူက တသိန်းကျော်ပြီ။ ဒီလိုအခြေအနေမှာ စီးပွားရေး၊ နိုင်ငံရေး အမြတ်ထုတ်ကြ၊ ကုမ္ပဏီတွေကို ကယ်တင်ဖို့ လုပ်ကြတဲ့ အစိုးရတွေရှိသလို ပြည်သူပိုင် လုပ်ဖို့ ကြိုးစားကြတာတွေလည်း ရှိတယ်။ ရောဂါကပ်ဆိုက်မှု ပြင်းထန်နေချိန်မှာပဲ အီတလီနိုင်ငံ လွှန်ဘာဒီက ကုမ္ပဏီတခုက အမေရိကန်ကို သန်းတဝက်ခန့်ရှိတဲ့ ကိုဗစ် - ၁၉ စမ်းသပ်ရေး ပစ္စည်းတွေ တင်ပို့ ရောင်းချတယ်လို့ သိရတယ်။ ကာကွယ်ဆေးအပြိုင်ရှာကြတဲ့ အရင်းရှင်နိုင်ငံတွေဟာ ဆေးဝါးကုမ္ပဏီတွေကို အလုအယက် ဝယ်ယူဖို့၊ မူပိုင်ခွင့်တွေနဲ့ ချုပ်ကိုင်ဖို့ လုပ်နေကြတယ်။ ဒေါ်နယ်ထရမ့်က ဂျာမန်ကုမ္ပဏီတခုကို ကိုဗစ်-၁၉ ကာကွယ်ဆေး မူပိုင်ခွင့်အတွက် ပိုက်ဆံအမြောက်အမြားပေးမယ်လို့ ကမ်းလှမ်းတယ်။

ကမ္ဘာ့ကပ်ရောဂါဟာ လူ့အဖွဲ့အစည်းတရပ်လုံးရဲ့ပြဿနာ ဖြစ်တယ်။ လူတဦးတယောက်ရဲ့ ပြဿနာ မဟုတ်ဘူး။ လူထုတရပ်လုံး ရင်ဆိုင်ရတဲ့ ပြဿနာဖြစ်လို့ စုပေါင်းဖြေရှင်းရမယ့် ပြဿနာပါ။ စပိန်တုပ်ကွေး ကပ်ရောဂါကို တုံ့ပြန် တိုက်ပွဲဝင်ရင်း အနာဂတ် ကပ်ရောဂါတွေကို အနိုင်ယူနိုင်ဖို့ လီနင်က ပြည်သူ့ကျန်းမာရေးစနစ်ကို ထူထောင်ခဲ့တယ်။ ပြည်သူ့ကျန်းမာရေးစနစ်ဟာ ပြည်သူလူထုကိုယ်တိုင် အရင်းအမြစ်များ ချုပ်ကိုင်စီမံတဲ့ ကျန်းမာရေးစနစ်ဖြစ်ပြီး အောက်တိုဘာဆိုရှယ်လစ်တော်လှန်ရေးအောင်ပွဲနဲ့ဆက်စပ်နေတာ ဖြစ်ပါတယ်။

ကမ္ဘာ့အရင်းရှင်စနစ်ဟာ ထုတ်လုပ်ရေး နိုင်ငံတကာ့လက္ခဏာဆောင်မှုနဲ့ နိုင်ငံအသီးသီး တရွာတပုဒ်ဆန်း အမျိုးသားလက္ခဏာဆောင်မှုအကြား ပဋိပက္ခကို မဖြေရှင်းနိုင်ပါ။ ကျန်းမာရေးဆိုတာ သိပ္ပံပညာ ရလဒ်အပေါ်သာ မူတည်တာမဟုတ်ဘဲ လူတန်းစားတိုက်ပွဲ ရလဒ် အပေါ်မှာလည်း မူတည်နေတာ ဖြစ်ပါတယ်။ အဲဒီအချက်များကို ဆုပ်ကိုင်ရင်းနဲ့ အနိုင်နိုင်ငံက ပြည်သူတွေဟာ မိမိတို့ ရင်ဆိုင်နေရတဲ့ ကိုဗစ် - ၁၉ ကပ်ရောဂါကို လူသားမျိုးနွယ်တရပ်လုံးအတွက် တိုက်ပွဲဝင်ရာမှာ တိုင်းပြည်အားလုံးမှ ပြည်သူများ သွေးစည်းကြ ဆိုတဲ့ စိတ်ဓာတ်ကို မြှင့်တင်ကြရပါမယ်။

ဧပြီလ ၂၂ ရက်နေ့ဟာ လီနင်ရဲ့အနှစ် ၁၅၀ ပြည့် မွေးနေ့ ဖြစ်ပါတယ်။ လီနင် ထူထောင်ခဲ့တဲ့ ပြည်သူ့ကျန်းမာရေးစနစ် ပိုမိုကောင်းမွန်အောင် လုပ်ကြရဦးမှာပါ။


ကိုးကား။

Pandemics, Politics and the Spanish Flu

https://thetyee.ca/…/…/09/15/Pandemics-Politics-Spanish-Flu/

Pandemics show how the free market fails u

https://jacobinmag.com/…/coronavirus-covid-19-capitalism-fr…

How COVID-19 will reshape global politics

https://ipolitics.ca/…/how-covid-19-will-reshape-global-po…/

How a pandemic struck a British PM and changed the world. No, not this one

https://www.cbc.ca/news/world/spanish-flu-politics-1.5527145

Lessons from the Spanish Flu of 1919: internationalism and people before profit

https://www.counterfire.org/…/20976-lessons-from-the-spanis…

How the 1918 flu pandemic revolutionized public health

How the 1918 Flu Pandemic Revolutionized Public Health

# သွေးစုပ်မှု နဲ့ သိမ်းပိုက်မှု

## လှသောင်း

### (နိုင်ငံတကာ အလုပ်သမားများနေ့ အထိမ်းအမှတ် ဆောင်းပါး)

စီးပွားရေး စိုက်ပျိုး မွေးမြူရေး ပညာရေး ကျန်းမာရေး စသော ထုတ်လုပ်မှု ဝန်ဆောင်မှုလုပ်ငန်း ကဏ္ဍအသီးသီးက စက်ရုံအလုပ်ရုံ လုပ်ငန်းခွင်များမှာ မိမိတို့ဘဝ ရှင်သန်တိုးတက်ရေးအတွက် အမှီပြုစရာအဖြစ် လုပ်ခ လစာ နှင့် ဝင်ငွေကလေးများ ရရှိနိုင်ဖို့ ကာယ ဉာဏ လုပ်အားများ စိုက်ထုတ် အသက်မွေးရသူ များ၊ တချိန်တည်းမှာ အိမ်ထောင်စု အသီးသီးအတွင်း ချက်ပြုတ် လျှော်ဖွပ် သန့်ရှင်းမွမ်းမံခြင်း၊ ကလေးလူမမယ်များကို ပြုစုပျိုးထောင်ခြင်း၊ လူကြီးသူမများကို ပြုစု စောင့်ရှောက်ခြင်း စတဲ့လူ့အဖွဲ့ အစည်းအတွင်း မရှိမဖြစ် အလုပ်များကို လုပ်ကိုင်နေကြတဲ့ အိမ်ရှင်မနဲ့"မှီခိုသူ" အိမ်သားများဟာ အရင်းရှင်စနစ် ထုတ်လုပ်ရေး ဆက်ဆံမှုအရ ကြည့်ရင် လူ့အဖွဲ့အစည်း ဥစ္စာဓနမှန်သမျှကို ဖန်တီးသူများ၊ စုပေါင်းပိုင်ဆိုင်သင့်သူများ ဖြစ်ပါတယ်။

အရင်းရှင်စနစ် သွေးစုပ်မှုသဏ္ဍာန် ထွေပြားသထက်ထွေပြားလာတဲ့ မျက်မှောက်ခေတ်မှာ စက်ရုံ အလုပ်ရုံ လုပ်သားများဟာ ယာယီ ကျပန်းလက္ခဏာ ဆန်သထက် ဆန်လာတယ်၊ စက်ရုံ အလုပ်ရုံ ပြင်ပ လုပ်သားများ၊ အရန်လုပ်သားတပ် ဖြစ်တဲ့ မြို့ပြ ကျေးလက် အလုပ်လက်မဲ့များ၊ "ကိုယ်ပိုင်လုပ်ငန်း" လုပ်ကိုင်သူများ (ဥပမာ အိမ်တိုင်ရာရောက် ပစ္စည်း ပို့ပေးသူများ၊ သယ်ယူပို့ဆောင်ရေး လုပ်သားများနဲ့ တခြား ယာယီ ကျပန်းလုပ်သား "တနေ့လုပ်တနေ့စားများ")၊ အိမ်ထောင်တွင်း အလုပ်လုပ်ကိုင်သူများဟာ ခေတ်ရှင်လူတန်းစား တရပ်လုံးရဲ့ သွေးစုပ်မှုယန္တရားအတွင်း တနည်းတဖုံနဲ့ သွေးစုပ်ခံတွေ ဖြစ်လာတယ်။ ဒါကြောင့် အဲဒီလူ့အလွှာဝင်များကို အလုပ်သမား လူတန်းစားအဖြစ် သတ်မှတ်ဖို့ ကြိုးကြောင်းဆီလျော်မှု ရှိသထက်ရှိလာပါတယ်။ တဆက်တည်းမှာ ဒီအင်အားဟာ "ပြည်သူ" "အဖိနှိပ်ခံပြည်သူ" ဆိုတာနဲ့ ထပ်တူ ကျလုနီးပါး ဖြစ်သထက် ဖြစ်လာပါတယ်။

ခေတ်ရှင်လူတန်းစား တရပ်လုံးလက်ထဲ ဥစ္စာဓနများ စုပုံ သွားတာမှာ သွေးစုပ်မှုနည်းနဲ့သာမက သိမ်းပိုက်မှုနည်းလည်း ပါဝင် ပါတယ်၊ ဒီနှစ်ခုဟာ တခုနဲ့တခု ဆက်စပ် အမှီပြုနေပြီး သဏ္ဍာန်လည်း များပြားပါတယ်။

သိမ်းပိုက်မှု သဏ္ဍာန်တွေထဲမှာ နယ်ချဲ့စနစ်အရ ကိုလိုနီနယ်မြေ သိမ်းပိုက်တယ်၊ ကျူးကျော်စစ်ဆင် သိမ်းပိုက်တယ်၊ ဈေးကွက်သိမ်းပိုက်တယ်၊ လက်ဝါးကြီးအုပ် အရင်းရှင်စနစ်အရ လယ်ယာမြေ သိမ်းပိုက်တယ်၊ အများဆိုင်ရာဘဏ္ဍာငွေကို လျှော့ပေါ့ သုံးစွဲကာ ကိုယ်ထူကိုယ်ထ ကိုယ့်ငွေကိုယ်ထုတ်စနစ် ကျင့်သုံးစေပြီး ပြည်သူ့လုပ်အားရလဒ်နဲ့ အရင်းအမြစ်များကို သိမ်းပိုက်တယ်၊ အိမ်ထောင်တွင်း အလုပ်ကိစ္စ အလုပ်သွား အလုပ်ပြန် သွားလာရေးကိစ္စ လုပ်ငန်းလိုအပ်ချက်အရ အလုပ်ကိရိယာ ပြင်ဆင်ရေး လေ့လာရေးကိစ္စ စတာတွေကို ကိုယ့်ဘာသာ ဖြေရှင်းစေခြင်းဖြင့် သက်ဆိုင်ရာ လုပ်အားရလဒ်များကို သိမ်းပိုက်တယ်၊ အလုပ်သမားရပိုင်ခွင့်အမျိုးမျိုး (ဥပမာ အလုပ်ချိန်ရှစ်နာရီ ကန့်သတ်ခွင့်၊ လုပ်ငန်းခွင်ဝန်းကျင် လုံခြုံခွင့်၊ လုပ်ခမပျက် ဆေးခွင့်၊ လူမှုရေးကိစ္စ ဖြေရှင်းခွင့်၊ နားနေခွင့်၊ ကိုယ် လက်သန့်စင်ခွင့် အပေ့ါအပါးသွားခွင့်၊ အရေးပေါ်ကာလ ဘဝလုံခြုံစွာ ရပ်တည်ရေး လုပ်ကိုင်ရေးအတွက် အထောက်အပံ့ရရှိခွင့် စတဲ့ လုပ်သားနဲ့ဝန်ထမ်း အခွင့်အရေးအမျိုးမျိုး ) ကို မပေးဘဲထားခြင်း ရုပ်သိမ်းခြင်းဖြင့် သိမ်းပိုက်တယ်၊ ပြည်တွင်းစစ်ကို ဖန်တီးကာ လူအများအပြားကို ပြောင်းရွှေ့စေခြင်း သတ်ဖြတ်ခြင်း လုယက်ခြင်း အဘက်ဘက်က ကန့်သတ်ခြင်းနည်းဖြင့် ပြည်သူတွေရဲ့အသက်အိုးအိမ် သယံဇာတနဲ့ ဒီမိုကရေစီ တန်းတူခွင့်များကို သိမ်းပိုက်တယ်၊ စတာစတာ တွေပါဝင်ပါတယ်။

လုပ်သားပြည်သူများအနေနဲ့လက်ရှိစနစ်အောက်မှာ သွေးစုပ်ခြင်း သိမ်းပိုက်ခြင်းခံထားရတဲ့ လယ်ယာမြေ ဥစ္စာဓန လုပ်အားရလဒ်နဲ့ အခွင့်အရေးများကို ပြန်လည်ရရှိဖို့ အချိန်အခါ အခြေအနေအလိုက် တောင်းဆိုတာဟာ လတ်တလောတောင်းဆိုချက် အရေးပေါ်တောင်းဆိုချက်သဘော တိုက်ပွဲဝင်တောင်းဆိုချက်သဘော ဖြစ်တယ်။ လက်ရှိစနစ်ကို ဖာထေး ပြုပြင် အလှဆင်ပေးတဲ့ မေတ္တာရပ်ခံချက်သဘောမဟုတ်ပါ။

ဥပမာ ကိုဗစ် ကပ် ရောဂါ အန္တရာယ် ကြီးထွားနေစဉ်မှာ အလုပ်သမားများ ဝန်ထမ်းများနဲ့ လုပ်သားပြည်သူများအဖို့ "ရွေးချယ်စရာ" အဖြစ် အိမ်မှာနေရင်း အငတ်ဘေးနဲ့ သေဘေးကို ရင်ဆိုင်မလား၊ လုပ်ခွင်တွေအတွင်း ရောဂါအန္တရာယ် လုံခြုံရေးချို့တဲ့ တဲ့အခြေအနေမှာ အလုပ်လုပ်ရင်း ရောဂါကူးစက်မှုဘေးနဲ့ သေဘေးကို ရင်ဆိုင်မလား ဆိုတာကို လက်ရှိစနစ်က ရွေးချယ်ခိုင်းထားပါတယ်၊ ဒါဟာ (ကြိမ်တုတ်နဲ့ အရိုက်ခံမလား၊ ဝါးရင်းတုတ်နဲ့ အရိုက်ခံမလား ဆိုတာမျိုးလို) အဓိပ္ပာယ်မရှိတဲ့ "ရွေးချယ်စရာ" မျှသာဖြစ်ပါတယ်။ အုပ်စိုးသူ

နဲ့ ခနရှင်လူတန်းစားလက်ထဲ စားစရာ နေစရာ ကုန်ပစ္စည်းများ အပိုအလျှံ စုပုံနေပါလျက် ဥစ္စာခနဖန်တီးသူ လုပ်သားများထဲမှ ဘဝရပ်တည်ရေး အကျပ်အတည်း တွေ့နေသူများအတွက် အခမဲ့ဖြေရှင်းမပေးနိုင်ဘူးဆိုတာ သဘာဝမကျပါ။ ဒါကြောင့် အလုပ်သမားများအနေနဲ့ အရေးပေါ်ကာလမှာ ဒါအတွက် လတ်တလော တောင်းဆိုတိုက်ပွဲဝင်ကြရပါမယ်။ ဒီတိုက်ပွဲများကို ကပ် ရောဂါအန္တရာယ် အကြောင်းပြဖြို့ခွင်းတာဟာ အဖိနှိပ်ခံပြည်သူအပေါင်းကို အရေခွံနှစ်ထပ်ခွာဖို့ အလုပ်သမားလူတန်းစားကို နှိပ်ကွပ်တာဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူလူထုတရပ်လုံးက အလုပ်သမားတိုက်ပွဲများကို အားပေးဝန်းရံဖို့ လိုပါတယ်။ ဗမာပြည် ကာယဉာဏ အလုပ်သမားလူတန်းစား အနေနဲ့ ပြည်တွင်းရှိ ကမ္ဘာ့ ကုန်စည်ထောက်ပံ့မှုကွင်းစက်သံကြိုးစနစ်စက်ရုံများမှာ အထွေထွေ ဘဝအတွေ့အကြုံ ပြည်ပရှိ စက်ရုံ လုပ်ငန်းခွင်များမှာ အထွေထွေ ဘဝအတွေ့အကြုံ စတာတွေ ရရှိတာအပြင် သတင်းအချက်အလက် နည်းပညာများနဲ့လည်း တစုံတရာ ထိတွေ့နိုင်တာကြောင့် မိမိတို့ရဲ့ လတ်တလောတောင်းဆိုချက်ဆိုင်ရာ တိုက်ပွဲများမှာ နှိုင်းယှဉ်ကိုးကား စဉ်းစား အသုံးချစရာ နိုင်ငံတကာ အချက်အလက်များ ပိုမိုကြွယ်ဝလာပြီလို့ ယူဆရပါတယ်။ မျက်မှောက်ခေတ်မှာ ရှေ့တန်းရောက် တိုင်းပြည်များရှိ အလုပ်သမားများရဲ့ဘဝတွေ တောင် နိမ့်ကျလာကာ "တတိယကမ္ဘာ" ဆန်သထက် ဆန်လာတာကြောင့် ကမ္ဘာ့အလုပ်သမားများ အပြန်အလှန် နားလည်စာနာမှု၊ တိုက်ပွဲဝင် သွေးစည်းမှုဟာ တိုးတက်လာနေပါပြီ။ ဒါကို ဟန့်တားဖို့ အဓိကဦးတည်တဲ့ အဖုံဖုံသော ခနရှင် အမျိုးသားရေးရော်ဗင်ဝါဒ လှုံ့ဆော်ချက်တွေကို ဆန့်ကျင်ရပါမယ်။

အလုပ်သမားလူတန်းစားက သွေးစုပ်သူ သိမ်းပိုက်သူများအပေါ် လတ်တလော တောင်းဆိုတိုက်ပွဲဆင်မှုများဟာ "သိမ်းပိုက်သူများဆီမှ အရာအားလုံးကို ပြန်လည်သိမ်းပိုက်ပြီး လူ့အဖွဲ့အစည်းပိုင်ပြုလုပ်ရေး" တည်းဟူသော အလုပ်သမားလူတန်းစား ကိုယ်တိုင်ကိုယ်ကျဆင်နွှဲမယ့် ဆိုရှယ်လစ်အရေးတော်ပုံနဲ့ တဆက်တစပ်တည်း ဖြစ်ပါတယ်။ ဒီအခြေအနေရောက်မှ လက်ရှိ အနိဋ္ဌာရုံနဲ့ ပြဿနာကြီးများကို အရင်းခံအရ ဖြေရှင်းနိုင်မှာပါ။

ဒီအခြေအနေအပေါ် မျှော်မှန်း အားထုတ်ချက်များဟာ "သာယာဝပြောသော လောကသစ် တည်ဆောက်လိုတဲ့ မွန်မြတ်တဲ့ စိတ်ထား" သက်သက်ကို အခြေခံထားတာ မဟုတ်ပါ။ လက်ရှိ လူ့အဖွဲ့အစည်းအတွင်းမှာ လက်ရှိ အနိဋ္ဌာရုံ နဲ့ ပြဿနာကြီးများကို ဖြေရှင်းဖို့ အသုံးချနိုင်တဲ့ သိပ္ပံနဲ့နည်းပညာဆိုင်ရာအချက်အလက်များ၊ ဒီမိုကရေစီနည်းကျ ချုပ်ကိုင်စီမံခန့်ခွဲမှုဆိုင်ရာအချက်အလက်များ အတော်အတန် ပြည့်စုံစွာရှိနေပြီဖြစ်တဲ့အပြင် တော်လှန်ရေးသဘောတရား၊ အတွေ့အကြုံ ရှိနေကြတဲ့ အင်အားစုများလည်း ရှိနေပါတယ်။ ခေတ်မီ အလိုအလျောက်စနစ် စက်များ အမာထည် အပျော့ထည်များဟာ လူ့အဖွဲ့အစည်းရဲ့ဦးနှောက်များ ဖြစ်တယ်။ ဒါတွေကို သွေးစုပ် ဖိနှိပ်သူလူတန်းစားက အမြတ်အစွန်းရရေး၊ အာဏာစိုးမိုးရေးအတွက် အဓိကထားကာ ချုပ်ကိုင်ထားတာကြောင့်သာ သမိုင်းတိုးတက်မှုမှာ အတားအဆီး ဖြစ်နေတာပါ။ ဒါကြောင့် "သိမ်းပိုက်သူများဆီမှ ပြန်လည်သိမ်းပိုက်ခြင်း" ဆိုတာ အာဏာပြဿနာဖြစ်ပြီး ခက်ခဲပေမယ့် လက်တွေ့ကျပါတယ်။ လက်ရှိစနစ်ကို ပြုပြင် အလှဆင်ဖို့ ကြိုးစားမှုတွေကတော့ လက်တွေ့ကျသယောင်သာရှိပြီး အဟောင်းသံသရာထဲ တဝဲလည်လည် ဖြစ်စေမယ့် စိတ်ကူးယဉ်မှုမျှသာ ဖြစ်ပါတယ်။

ဗမာပြည် စစ်အာဏာရှင်စနစ်အပါအဝင် ကမ္ဘာပေါ်ရှိ ခနရှင်အာဏာရှင်စနစ်များဟာ အရင်းရှင်စနစ် ရေခံမြေခံပေါ် အမှီပြုပေါက်ဖွား ရှင်သန်နေတာ ဖြစ်ပါတယ်။ ဗမာပြည်က စစ်အာဏာရှင်စနစ်နဲ့ စစ်အုပ်စုတို့ ဆိုတာကလည်း စစ်ဗျူရိုကရက် ခနရှင်လူတန်းစားကို ကိုယ်စားပြုရပ်တည်ပြီး ၎င်းလူတန်းစားရဲ့အကျိုးစီးပွားအတွက် အာဏာရယူထားတာ ဖြစ်ပါတယ်။ ဒါကြောင့် စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေးဟာ အရင်းရှင်စနစ် ဖျက်သိမ်းရေးနဲ့ ခွဲလို့မရပါ၊ ခွဲဖို့ စဉ်းစားလုပ်ဆောင်ရင် စစ်အာဏာရှင်စနစ် ပင်ကိုယ်ကိုတောင် အပြီးအပိုင် ဖျက်သိမ်းလို့ ရမှာမဟုတ်၊ တနည်းတဖုံနဲ့ ဆက်လက် တည်ရှိနေစေပါလိမ့်မယ်။ အလုပ်သမားလူတန်းစားကို အာဏာရှင်စနစ် ဖျက်သိမ်းရေးမှာ ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်လာအောင် လှုံ့ဆော်စည်းရုံးကြရပါမယ်။ ဒီလိုလုပ်ဆောင်ရာမှာ တော်လှန်ရေးရဲ့ ရှေ့ဆောင်လူတန်းစား(ပစ္စည်းမဲ့လူတန်းစား)ကို တော်လှန်ရေးအသိ၊ တော်လှန်ရေးစိတ်ဓာတ်နဲ့ တော်လှန်ရေးကို ရှေ့ဆောင်နိုင်မယ့် စည်းလုံးရေးအင်အားတရပ် ထူတောင်သွားရေးကို မုချလုပ်ဆောင်သွားဖို့ လိုပါတယ်။ အလုပ်သမားလူတန်းစားခေါင်းဆောင်တဲ့၊ အလုပ်သမား လယ်သမား မဟာမိတ်ဖွဲ့မှုအပေါ် အခြေခံပြီး ကျန်လူတန်းစားအသီးသီးပါဝင်တဲ့ တော်လှန်ရေးကို အောင်အောင်မြင်မြင် ဆင်နွှဲနိုင်မှသာ ဗမာပြည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ပြည်သူလူထုတရပ်လုံး ဆင်းရဲမွဲပြာကျအောင်၊ တိုင်းပြည်ကို အဆင်းရဲဆုံးနိုင်ငံဘဝကျရောက်အောင် ဖိနှိပ် သွေးစုပ် အုပ်ချုပ်လာခဲ့တဲ့ စစ်အာဏာရှင်စနစ်ကို အပြီးတိုင်ဖြိုချဖျက်ဆီးပစ်နိုင်ကြမှာပါ။

လူတန်းစားများ တစတစ ကွယ်ပျောက်သွားတဲ့အခါ နိုင်ငံတော်အစိုးရ သို့မဟုတ် လူတန်းစားအာဏာဆိုတာလည်း သမိုင်းဇာတ်ခုံပေါ်မှ အလိုအလျောက် ကွယ်ပျောက်သွားပါလိမ့်မယ်။"

လှသောင်း

၂၀၂၀ မေ ၂၉

# ICJ/ICC နှင့် တိုင်းပြည်ကံကြမ္မာ၊

## ဂုဏ်သိက္ခာ

သုတေသီ



၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးသည်မှ နှစ်ပေါင်း(၇၀) ကျော်အတွင်း မြန်မာနိုင်ငံသည် ကမ္ဘာ့တရားရုံး(World Court ) သို့ တရားစွဲဆို တင်ပို့ခြင်း ခံနေရပေသည်။ လူမျိုးတုံးသတ်ဖြတ်မှု(Genocide )စွပ်စွဲချက်ဖြင့် ဂမ်ဘီယာနိုင်ငံက တရားလို ပြုလုပ်စွဲဆိုခြင်း ဖြစ်သည်။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် သွားရောက်၍ ရင်ဆိုင်ထုချေ ဖြေရှင်းခဲ့ရသည်။ ဤအခြေအနေတွင် အမှု၏သဘောသဘာဝ၊ သရုပ်သကန်အမှန်နှင့် နိုင်ငံတကာတရားရုံး၊ နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး၊ လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု စသည်တို့၏ အတိမ်အနက်ကိုလည်း သိရှိရန် လိုအပ်လာပြီဖြစ်သည်။

ICJ (International Court of Justice ) ဆိုတာဘာလဲ။

အပြည်ပြည်ဆိုင်ရာ တရားရုံး ICJ သည် ကုလသမဂ္ဂ၏ ပင်မတရားစီရင်ရေးအဖွဲ့အစည်း ဖြစ်သည်။ နယ်သာလန်နိုင်ငံ-ဟိဂ်မြို့ရှိ ငြိမ်းချမ်းရေးနန်းတော်တွင် တည်ရှိသည်။ (၂၆-၆-၁၉၄၅ ) တွင် အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့တွင် တည်ထောင်ခဲ့သည်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းအရ တည်ထောင်ထားသော တရားရုံးဖြစ်သည်။ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ICJ ၏ အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည်။ အဖွဲ့ဝင် (၁၉၃) နိုင်ငံ ရှိသည်။ လက်ရှိ တရားရုံးဥက္ကဋ္ဌမှာ အဗ္ဗဒူကာဝီယူဆွပ် ဖြစ်သည်။ ICJ ကို ကုလသမဂ္ဂ အထွေထွေညီလာခံနှင့် လုံခြုံရေးကောင်စီတို့မှ ရွေးချယ်ပေးသော နိုင်ငံပေါင်း(၁၅) နိုင်ငံမှ တရားသူကြီး (၁၅) ဦးဖြင့် ဖွဲ့စည်းထားသည်။ တရားသူကြီးများ၏ သက်တမ်းမှာ (၉) နှစ် ဖြစ်သည်။ ထပ်မံရွေးချယ်ခံနိုင်ခွင့် ရှိသည်။ (၃) နှစ်တွင် တကြိမ် (၅) ဦးစီ ရွေးချယ်သည်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ICC (International Criminal Court) အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသည် နိုင်ငံတကာ အစိုးရများ ပါဝင်ဖွဲ့စည်းထားသည့် တရားရုံးဖြစ်သည်။ ICJ နည်းတူ နယ်သာလန်နိုင်ငံ ဟိဂ်မြို့တွင် ရုံးထိုင်သည်။ ICC သည် လည်း ICJ နည်းတူ လူမျိုးတုံးသတ်ဖြတ်မှု( Genocide ) လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှု (Crime against Humanity ) နှင့် စစ်ရာဇဝတ်မှု (War crime ) များကို စစ်ဆေးစီရင်သည်။ ICC ကို ရောမသဘောတူစာချုပ် (Rome Statute) အရ တည်ထောင်ပြီး (၁-၇-၂၀၀၂ ) တွင် စတင်အသက်ဝင်သည်။ ရောမသဘောတူစာချုပ်ဆိုသည်မှာ နိုင်ငံစုံသဘောတူစာချုပ်(Multinational treaty) ဖြစ်ပြီး ICC ၏ အခြေခံအုတ်မြစ်အဖြစ် ထိန်းကျောင်းပဲ့ကိုင်သည့် အုပ်ချုပ်မှုပုံစံစာတမ်း ဖြစ်သည်။ ရောမ သဘောတူစာချုပ်တွင် ပါဝင်လက်မှတ် ရေးထိုးရုံမျှမက အတည်ပြုပြီးသည့်နိုင်ငံများသည် ICC အဖွဲ့ဝင်နိုင်ငံများ ဖြစ်သည်။ ICC တွင် အဖွဲ့ဝင်နိုင်ငံ(၁၂၃) နိုင်ငံ ပါဝင်သည်။

မြန်မာနိုင်ငံသည် ICC အဖွဲ့ဝင်နိုင်ငံမဟုတ်ပေ။ICJ နှင့် ICC ကွဲပြားခြားနားချက်။ ICJ သည် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီး၏ ပဋိညာဉ်စာတမ်း( U N Charter ) အရ တည်ထောင်ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ICC က ရောမသဘောတူစာချုပ် (Rome Statute) အရ တည်ထောင်ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ICC သည် ရာဇဝတ်ကောင်တဦးချင်းအလိုက် တရားစီရင်သည်။ ICJ က အဖွဲ့ဝင် နိုင်ငံ အချင်းချင်းအကြား ဖြစ်ပွားသော အမှုများကို အရေးယူဆောင်ရွက်သည်။ (၂) ရုံးစလုံးက ကမ္ဘာစစ်ကြီးအတွင်း (သို့) ပြည်တွင်းစစ်အတွင်း (သို့) စစ်မက်ဖြစ်ပွားခြင်းမရှိသည့်အချိန်များတွင် ကျူးလွန်သည့် လူသားမျိုးနွယ်တခုလုံးကို ထိခိုက်ပျက်စီးစေသည့် ရာဇဝတ်မှုကြီးများကို ကိုင်တွယ်စီရင်ခြင်း ဖြစ်သည်။

ရောမသဘောတူစာချုပ်အရ ICC နှင့် ICJ တို့က ရည်ရွယ်ချက်ရှိရှိ ကိုင်တွယ်စီရင်သည့် ရာဇဝတ်မှုကြီးများ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

လူမျိုးတုံးသတ်ဖြတ်မှု (Geonocide ) ။ ယင်းကို လူမျိုးတမျိုး တိုင်းရင်းသားအနွယ်တခု၊ လူမျိုးတစု(သို့မဟုတ်) ဘာသာရေးအစု အဖွဲ့တခုကို တခုလုံးဖြစ်စေ၊ တစိတ်တပိုင်းဖြစ်စေ ဖျက်ဆီးချေမှုန်းရန် ရည်ရွယ်ချက်ဖြင့် ကျူးလွန်သော ပြစ်မှုဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ အပိုဒ် (၆) ၏ ဖော်ပြချက်အရ အောက်ပါအချက်များသည် လူမျိုးတုံးသတ်ဖြတ်မှုမြောက်သည်။

(၁) အစုအဖွဲ့တခု၏ အဖွဲ့ဝင်များကို သတ်ခြင်း။

(၂) အစုအဖွဲ့တခု၏ အဖွဲ့ဝင်များကို စိတ်ပိုင်းရုပ်ပိုင်းအရ ပြင်းထန်စွာ နာကျင်ခံစားရစေရန် ပြုမူဆောင်ရွက်ခြင်း။

(၃) အစုအဖွဲ့တခု၏ ရုပ်ပိုင်းဆိုင်ရာ ယိုယွင်းမှုကို ရည်ရွယ်ကြံဆောင်၍ အဖွဲ့၏ အခြေအနေကို ထိခိုက်စေရန် စနစ်တကျဆောင်ရွက်ခြင်း။

(၄) အစုအဖွဲ့အတွင်း မွေးဖွားခြင်းကို တားမြစ်ရန် ရည်ရွယ်၍ အမိန့်ချမှတ်ခြင်း။

(၅) အစုအဖွဲ့တခုမှ ကလေးသူငယ်များကို အခြားအစုအဖွဲ့သို့ အဓမ္မ ရွှေ့ပြောင်းခြင်း။

ဤအပိုဒ်(၆) ပါ ပြဋ္ဌာန်းချက်များသည် ၁၉၄၈ ခုနှစ်၊ လူမျိုးတုံး သတ်ဖြတ်မှု ကာကွယ်ရေးနှင့် ပြစ်ဒဏ်ချမှတ်ရေး ညီလာခံကြီး၏ ဆုံးဖြတ်ချက်များအတိုင်းသာ ဖြစ်သည်။

လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု(Crime against Humanity) အပိုဒ်(၇) တွင် မည်သည့်အရပ်သား အစုအဝေး(Civilian Population) ကိုမဆို ရည်ရွယ်ချက်ရှိရှိဖြင့် ကျယ်ကျယ်ပြန့်ပြန့်( သို့မဟုတ်) ချိန်ရွယ်တိုက်ခိုက်မှုများ၏ အစိတ်အပိုင်းကို ဆိုလိုသည်။ ယင်းတွင် သီးခြားပြစ်မှု (၁၆) မျိုး ပါဝင်သည်။

(၁) လူသတ်မှု(murder)
(၂) လူ(သို့မဟုတ်) တိရစ္ဆာန်ကို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု(Extermination)
(၃) ကျွန်ပြုခြင်း (Enslavement)
(၄) နေရာဒေသတခုရှိ လူဦးရေအစုအဝေးကို အခြားတနေရာသို့ အဓမ္မပြောင်းရွှေ့ခြင်း၊နယ်နှင်ခြင်း၊(Deportation or Forcible

Transfer of Population)

(၅) ဖမ်းဆီးချုပ်နှောင်ခြင်း (သို့မဟုတ်) ပုဂ္ဂိုလ်ကိုးကွယ်မှုကို ပြင်းထန်စွာ ဖယ်ရှားခြင်း၊ (Imprisonment or other severe deprivation of physical liberty)

(၆) ညှဉ်းပန်းနှိပ်စက်ခြင်း(Torture)

(၇) အဓမ္မပြုကျင့်ခြင်း(Rape)

(၈) လိင်ကျွန်ပြုခြင်း(Sexual slavery )

(၉) ပြည့်တန်ဆာအဖြစ် အတင်းအကျပ် စေခိုင်းခြင်း(Enforced Prostitution)

(၁၀) အတင်းအကျပ် ကိုယ်ဝန်ရစေခြင်း(Forced Pregnancy)

(၁၁) အတင်းအကျပ် သင်းကွပ်ခြင်း(Enforced Sterilization)

(၁၂) လိင်အကြမ်းဖက်မှု(sexual violence )

(၁၃) လူမျိုး၊ ကိုးကွယ်သည့်ဘာသာအရ မတော်မတရားပြုခြင်း ဖိနှိပ်ချုပ်ချယ်ခြင်း(Persecution )

(၁၄) လူများကို အတင်းအကျပ် ဖျောက်ဖျက်ခြင်း(Enforced disappearance of Person)

(၁၅) လူမျိုး ခွဲခြား ဖိနှိပ်ခြင်း(Apartheid)

(၁၆) အခြား လူမဆန်သည့် ပြုမူဆောင်ရွက်ချက်များ(Other inhumane acts)

စစ်ရာဇဝတ်မှုများ

အပိုဒ်(၈)တွင် စစ်ရာဇဝတ်မှုများကို သတ်မှတ်ပြဋ္ဌာန်းထားရာ လက်နက်ကိုင်ပဋိပက္ခသည် နိုင်ငံအချင်းချင်းကြား (သို့မဟုတ်) နိုင်ငံတခုရှိ လက်နက်ကိုင်အုပ်စုအချင်းချင်းကြား ဖြစ်ပွားသော ပဋိပက္ခဟု အမျိုးအစားလိုက်၍ သတ်မှတ်ပြဋ္ဌာန်းထားသည်။ အပိုဒ်(၈)တွင် စစ်ရာဇဝတ်မှု(၇၄) မျိုး ပြဋ္ဌာန်းထားသည်။ ကြီးလေးသော ပြစ်မှုများမှာ ၁၉၄၉ ခုနှစ်၊ ဂျီနီဗာညီလာခံ သဘောတူညီချက်များကို ချိုးဖောက်မှုပင် ဖြစ်သည်။ ဤစည်းမျဉ်းကို နိုင်ငံချင်းဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခများတွင်သာ ကျင့်သုံးသည်။ ဤအပိုဒ်(၃) တွင် ဂျီနီဗာ သဘောတူညီချက်နှင့် အလားသဏ္ဍာန်တူသည့် အပြည်ပြည်ဆိုင်ရာ မဟုတ်သော လက်နက်ကိုင်ပဋိပက္ခများတွင် သတ်မှတ်သည့် ပြစ်မှုကျူးလွန်မှုများကို ဖော်ပြထားသည်။ ဂျီနီဗာ သဘောတူညီချက်တွင် သတ်မှတ် ပြဋ္ဌာန်းသည့် အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင် ပဋိပက္ခ (International armed conflict ) တွင် စစ်ရာဇဝတ်မှု မြောက်စေသည့် ပြစ်မှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ရည်ရွယ်ချက်ဖြင့် သတ်ဖြတ်ခြင်း(Willful Killing)

(၂) ညှဉ်းပန်းနှိပ်စက်ခြင်း(Torture)

(၃) လူမဆန်သော ဆက်ဆံမှု(Inhumane treatment)

(၄) ဇီဝဗေဒ စမ်းသပ်မှုတွင် အသုံးပြုခြင်း(Biological experiments)

(၅) အကြီးအကျယ် နာကျင်ခံစားရစေရန် ရည်ရွယ်ဆောင်ရွက်ခြင်း(Willfully causing great suffering)

(၆) ပစ္စည်းကို မတော်မတရားသိမ်းပိုက်ခြင်း၊ ဖျက်ဆီးခြင်း (Destruction and appropriation of property)

(၇) ရန်ဘက်အင်အားစုများတွင် အဓမ္မစေခိုင်းခြင်း(Compelling service in hostile forces)

(၈) တရားမျှတသော တရားခွင်ဖြင့် မစစ်ဆေးခြင်း(Denying a fair trial)

(၉) တရားမဝင်နယ်နှင်ခြင်း၊ အတင်းအကျပ် ရွှေ့ပြောင်းခြင်း(Unlawful Deportation and transfer)

(၁၀) တရားမဝင် ဖမ်းဆီးချုပ်နှောင်ထိန်းသိမ်းခြင်း(Unlawful confinements) ဓားစာခံပြုခြင်း(Taking hostages)

ရောမသဘောတူစာချုပ် အပိုဒ်(၃) နှင့် (၁၉၄၉) ဂျီနီဗာ ညီလာခံ သဘောတူညီချက်အရ အပြည်ပြည်ဆိုင်ရာမဟုတ်သော နိုင်ငံတွင်း လက်နက်ကိုင် ပဋိပက္ခ(Non-international armed conflicts) တွင် စစ်ရာဇဝတ်မှု မြောက်စေသော ပြုမူဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) လူသတ်မှု(Murder)

(၂) ကိုယ်အင်္ဂါ အစိတ်အပိုင်းဖြတ်တောက်ခြင်း(Mutilation)

(၃) ရက်စက်ကြမ်းကြုတ်စွာ ဆက်ဆံခြင်း(Cruel treatment )

(၄) ညှဉ်းပန်းနှိပ်စက်ခြင်း (Torture)

(၅) လူပုဂ္ဂိုလ်ဆိုင်ရာ အရည်အသွေးအပေါ် နှိမ့်ချစော်ကားခြင်း(Outrage upon personal dignity)

(၆) ဓားစာခံပြုခြင်း(Taking hostages)

(၇) တရားမဝင် သတ်ဖြတ် ထောင်ချခြင်း(Sentencing or execution without due process )

ထို့အပြင် အပိုဒ်(၈) တွင် အခြားပြစ်မှု ၅၆ မျိုးကို အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ ၃၅ မျိုးမှာ အပြည်ပြည်ဆိုင်ရာ ပဋိပက္ခကို ညွှန်းဆိုပြီး (၂၁) ခုမှာ ပြည်တွင်းဖြစ်ပွားသော ပဋိပက္ခအတွက် သတ်မှတ်ချက်ဖြစ်သည်။ ယင်းပြစ်မှုများတွင် အရပ်သားပစ်မှတ်များကို တိုက်ခိုက်ခြင်း၊ ငြိမ်းချမ်းရေး ထိန်းသိမ်းစောင့်ရှောက်သူများကို တိုက်ခိုက်ခြင်း၊ အကြီးအကျယ် မတော်တဆ သေကျေပျက်စီးစေခြင်း(သို့) ထိခိုက်ဆုံးရှုံးစေရန် ဆောင်ရွက်ခြင်း၊ လူအများကို မိမိပိုင်နက်များသို့ အတင်းအကျပ်သွတ်သွင်းခြင်း၊ သစ္စာဖောက်ဖျက်သတ်ဖြတ်ခြင်း (သို့) ဒဏ်ရာရစေခြင်း၊ ခိုလှုံနေထိုင်ခွင့် ငြင်းပယ်ခြင်း၊ အတင်းအကျပ်မြေလုခြင်း၊ အဆိပ်ခတ်ခြင်း၊ အသားပုပ်ဆွေးစေသည့် ကျည်ဆန်များ သုံးစွဲခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ အခြားသဏ္ဍာန်မျိုးစုံ လိင်အကြမ်းဖက်ခြင်းနှင့် ကလေးစစ်သား အသုံးပြုခြင်းတို့ဖြစ်သည်။ ပဉ္စမ အမျိုးအစားဖြစ်သည့် ကျူးကျော်မှုဆိုင်ရာ ရာဇဝတ်မှုများ(Crime of aggression) ကို အပိုဒ် (၈) တွင် ဖော်ပြထားသော်လည်း ICC တွင် ဤပြစ်မှုများအတွက် အရေးယူဆောင်ရွက်ရန် အခွင့်အာဏာမရှိသေးသောကြောင့် မဖော်ပြတော့ပါ။

တရားမျှတမှုဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများကို ဆန့်ကျင်သည့် ပြစ်မှုများ(Offerences against the adminstration of Justice )

အပိုဒ်(၇) တွင် ICC တရားရုံးရှေ့ ရောက်ရှိနေသည့်အမှုများ စုံစမ်းစစ်ဆေးမှုများကို ရည်ရွယ်ချက်ရှိရှိ တားဆီးနှောင့်ယှက်ခြင်းဆိုင်ရာ ပြစ်မှုများ ဖြစ်သည်။ ဤပြစ်မှုများတွင် မမှန် သက်သေခံမှု၊ တရားရုံးအရာရှိ (သို့) သက်သေကို ဩဇာလွှမ်းမိုး အကျင့်ပျက်စေမှု၊ တရားရုံးအရာရှိကို စော်ကားမှု၊ တရားရုံးအရာရှိအဖြစ် တံစိုးလက်ဆောင် လက်ခံမှုတို့ ပါဝင်သည်။

သနစ်ပုံအဖြစ်စုံဇာတ်လမ်း(သို့မဟုတ်) သမိုင်းနောက်ခံ

အမှန်စင်စစ် ဤဇာတ်လမ်း၏ လက်သည်တရားခံမှာ မြန်မာနိုင်ငံအစိုးရအဆက်ဆက်၏ စစ်တပ်ဖြစ်သည်။ စကတည်းက ယဉ်သကိုဟု ပြောရမလိုပင်....။ ၁၉၄၈၊ မတ်လ (၂၈) ရက် ပြည်တွင်းစစ်ကြီး စတင်သည့်အချိန်ကတည်းက အစိုးရစစ်တပ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှု မျိုးစုံတို့မှာ ရေမသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် တိုက်ဆိုင်စိစစ်လျှင် ဖဆပလ စစ်တပ်၊ မဆလ စစ်တပ်၊ နဝတ-နအဖ စစ်တပ်အသီးသီးသည် ယခုလက်ရှိ တပ်မတော်နည်းတူ ICJ သို့ ပို့ဆောင်ခံရမည်မှာ မြေကြီးလက်ခတ်မလွဲပင်....။ ၁၉၄၈ ပြည်တွင်းစစ် စကတည်းက အစိုးရစစ်တပ် ကျင့်သုံးကိုင်စွဲခဲ့သည့်ပေါ်လစီမှာ "အကုန်လု၊ အကုန်ရှို့၊ အကုန်သတ်" ပေါ်လစီ ဖြစ်သည်။ ယခု ရိုဟင်ဂျာများ ခံစားနေရပါသည်ဆိုသော ဒုက္ခမျိုးစုံမှာ လွန်ခဲ့သော နှစ်ပေါင်း (၇၀) ကျော်ကတည်းက ဗမာပြည်တိုင်းရင်းသားမျိုးစုံ၊ အမျိုးသားပြည်သူမျိုးစုံ ရင်စည်းခံခဲ့ရသည့် ငရဲခန်းဇာတ်လမ်းများအနက်မှ ဇာတ်ဝင်ခန်းအချို့သာ ဖြစ်သည်။ ပြည်တွင်းနှင့်နိုင်ငံတကာ အခြေအနေများအရနှင့် ဥစ္စာခနကြွယ်ဝမှု၊ နိုင်ငံတကာအသိုင်းအဝိုင်းအပေါ် ဩဇာတိက္ကမ ရှိမှုများအပေါ် အခြေခံ၍ ပြည်တွင်းစစ် ရာဇဝတ်မှုကြီးများ ကမ္ဘာ့တရားရုံးသို့ မရောက်ရှိခဲ့ခြင်း ဖြစ်သည်။

မျက်မှောက် အခြေအနေတွင် ရိုဟင်ဂျာ (၇) သိန်းကျော်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေရသည်မှာ မငြင်းကွယ်သာ။ ၂၀၁၂ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံတဝန်းလုံးတွင် ဖက်ဆစ်လက်သစ်အဖွဲ့အစည်းများက အစွန်းလမ်းဘာသာဝင်များကို ပစ်မှတ်ထား၍ တိုင်းပြည်မငြိမ်မသက် ဖြစ်စေရန် လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်းများ လှုံ့ဆော်ဖန်တီးခဲ့ကြပြီး ဖြစ်သည်။ ၂၀၁၃ ခုနှစ် မတ်လ၊ ဗမာနိုင်ငံအလယ်ပိုင်း မိတ္ထီလာမြို့တွင် ဖြစ်ပွားခဲ့သည့် ဘာသာရေး၊ လူမျိုးရေး လူသတ်ပွဲကြီးမှာ အစိုးရဩဇာခံ ဖက်ဆစ်လက်သစ်များ၏ ဖန်တီးလှုံ့ဆော်မှုဖြစ်ပြီး အာဏာရဦးသိန်းစိန်အစိုးရ၏ မသိကျိုးကျွန်ပြုမှုဖြင့် နိုင်ငံအနှံ့ ပြန့်ပွားခဲ့ရခြင်း ဖြစ်သည်။ ရိုဟင်ဂျာတို့မှာ တိုင်းရင်းသား ဖြစ်သည်...နိုင်ငံသားဖြစ်သည်...စသည့် အခွင့်အရေးများ အပထား၊ " ရိုဟင်ဂျာဟူသည့် အမည်ကိုပင် သုံးစွဲနိုင်ခွင့်မရှိ၊ ဘင်္ဂလီဟုသာ ခေါ်ဝေါ်သုံးစွဲခွင့်ရှိသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် စစ်တပ် ကျူးလွန်ခဲ့သည့် မုဒိမ်းမှု၊ လူသတ်မှု၊ မီးရှို့လုယက်မှု စသည့် ရာဇဝတ်မှုကြီးများ ကျူးလွန်နေကြောင်း စွပ်စွဲသံများ၊ နိုင်ငံတကာ အသိုင်းအဝိုင်းတွင် မြည်ဟည်းပေါက်ကွဲနေချိန်၌ ရိုဟင်ဂျာ တ

သန်းနီးပါး ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးခဲ့ရခြင်းမှာ မြန်မာအစိုးရအဖို့ မဖုံးနိုင်မဖိနိုင်၊ မထွေးနိုင်မမျိုနိုင်သည့် နိုင်ငံတကာ ပြဿနာကြီးတခု ဖြစ်လာပါတော့သည်။ စစ်တပ်က စွပ်စွဲချက်များ အားလုံးကို ငြင်းဆိုသည်။ ဘင်္ဂါလီများမှာ အသားမည်း အရုပ်ဆိုးလှသဖြင့် မုဒိမ်းကျင့်ရန်မဆိုထားနှင့် လက်ဖျားနှင့်ပင် မတို့ချင်၊ ကောက်ရိုးတမျှင်ပင် မပျက်စီးဟု ဘူးခံငြင်းဆိုသည်။ မြန်မာနိုင်ငံအစိုးရက ကုလသမဂ္ဂနှင့် နိုင်ငံတကာ လွတ်လပ်သော စုံစမ်းရေးမစ်ရှင်များကို အဝင်မခံ၊ သက်သေအထောက်အထားမရှိ ပြည်တွင်းရေး ဖြစ်သည်ဟူသော မန္တန်ကို ဦးခံ၍ တွင်တွင်စုတ်ပြီး ငြင်းသည်။ ကုလသမဂ္ဂကိုပင် အဝင်မခံတော့။ စအဖ ဗိုလ်ချုပ်ကြီးဟောင်း၊ ဒုသမ္မတကို စုံစမ်းရေးကော်မရှင် ဦးဆောင် ဖွဲ့စည်းစေသည်။

အမှန်စင်စစ်အားဖြင့် မြန်မာနိုင်ငံအစိုးရသည် ကုလသမဂ္ဂနှင့် ပူးပေါင်းကာ လွတ်လပ်သော စုံစမ်းရေးအဖွဲ့များ၊ လွတ်လပ်သော သတင်းမီဒီယာများကို အခြေခံဖြစ်ပွားရာသို့ စေလွှတ်၍ အဖြစ်မှန်ကို ဖော်ထုတ်သင့်ခဲ့သည်။ ကျောသားရင်သားမဟူ...အပြစ်ရှိသူကို အရေးယူခဲ့လျှင် ပြဿနာ ဤမျှ ကြီးထွားမလာနိုင်။ ဘူးတလုံးဆောင် အိုတောင်မဆင်းရဲ-ဟူသည့်မူကို အစိုးရနှင့် စစ်တပ်တို့က ခေါင်းမာမာ ကျင့်သုံးခဲ့ကြသည်။ စင်စစ် အင်းဒင်လူသတ်ပွဲနှင့် ကလေး(၂) ယောက် ပေါ်လစီတို့မှာ ရောမသဘောတူ စာချုပ် အပိုဒ်(၆) ပါ လူမျိုးတုံး သတ်ဖြတ်မှု ပြဋ္ဌာန်းချက်နှင့် အံဝင်ခွင်ကျ ငြင်းမရသည့် အချက်များပင် ဖြစ်ပါတော့သည်။ ဤအခြေအနေတွင် "မောင်မောင် ခေါ်တုန်းက ဗျာမထူးခဲ့သဖြင့်...အောင်ကျော်ခေါ်ခံရကာ"နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဝင်ရောက်ရင်ဆိုင်ရသည်အထိ ပြဿနာကြီးမားလာခြင်း ဖြစ်သည်။

ICJ ကြားနာမှုကာလ၊ ထုချေချက်များနှင့် ကနဦးအရေးယူဆောင်ရွက်မှု ICJ တ ရား ခွင်တွင် တရားလို ဂမ်ဘီယာအစိုးရဘက်မှ ကျွမ်းကျင် Foley Hoag Law Firm အဖွဲ့ကြီးက တာဝန်ခံဆောင်ရွက်သည်။ ယင်းရှေ့နေ အဖွဲ့ကြီးမှာ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံ အကြား ဖြစ်ပွားခဲ့သော အုန်းကျွန်းရေပြင်ပိုင်နက် အငြင်းပွားမှုတွင် ဘင်္ဂလားဒေ့ရှ် အနိုင်ရအောင် ဆောင်ရွက်ခဲ့သည့်အဖွဲ့အစည်း ဖြစ်သည်။ မြန်မာနိုင်ငံဘက်မှ ပါမောက္ခ(William Schabas) ခေါင်းဆောင်သော ရှေ့နေအဖွဲ့က ဦးဆောင်ချေပသည်။ ဒေါ်အောင်ဆန်းစုကြည်ကမူ စွပ်စွဲချက်များကို ဘူးခံငြင်းကွယ်သည့် ဗျူဟာကို စွန့်လွှတ်လိုက်ပြီး မလိမ့်တပတ် ထုချေသည်။ ဂျီနိုဆိုက်၏ အဓိကအင်္ဂါရပ်မှာ "ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ချေမှုန်းခြင်း" Intend to destroy ဖြစ်သည်။ သတ်ဖြတ်ခံရသူ အရေအတွက်မှာ ပဓာနမဟုတ်။ ၁၉၆၅ အင်ဒိုနီးရှားလူသတ်ပွဲကြီးတွင် ကွန်မြူနစ်များအပါအဝင် ပြည်သူ (၁.၂)သန်းကျော် သတ်ဖြတ်ချေမှုန်းခံရသည်။ မလက္ကာရေလက်ကြားအတွင်း အလောင်းများ ပိတ်ဆို့နေသဖြင့် သင်္ဘောပင် ခုတ်မောင်းမရ။ ကမ္ဘောဒီးယားတွင် ခမာပြည်သူ တသန်းကျော်အသတ်ခံရသည်။ လူမျိုးတူချင်း နိုင်ငံရေးအရ သတ်ဖြတ်ခြင်းဖြစ်သဖြင့် ဂျီနိုဆိုက်မဟုတ်၊ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုသာ ဖြစ်သည်။ ရဝမ်ဒါလူသတ်ပွဲကြီးမှာ ဟူတူနှင့် တွတ်ဆီတို့အကြား မျိုးဖြုတ်ရန် ရည်ရွယ်ချက်ဖြင့် သတ်ဖြတ်ခြင်း ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်က မြန်မာလက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် အာဆာသောင်းကျန်းသူများကို နှိမ်နင်းရာတွင် အရပ်သားများကို မခွဲခြားနိုင်ဘဲ သတ်ဖြတ်ခြင်း ဖြစ်နိုင်သည်ဟု ချေပသည်။ သို့ရာတွင် အင်းဒင် လူသတ်ပွဲကြီးမှာ ရိုဟင်ဂျာများကို ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခြင်း ဖြစ်ကြောင်း မငြင်းကွယ်သာ ပေါ်ပေါက်နေသည်။ သို့ဖြင့် (၂၃-၁-၂၀၂၀) တွင် ICJ တရားရုံးက မြန်မာနိုင်ငံအပေါ် ကနဦးဆောင်ရွက်ချက်များ (Provisional Measure ) ချမှတ်လိုက်သည်။ နိုင်ငံတခုအနေဖြင့် စဉ်းစားလျှင် အရှက်ကွဲရခြင်း ဖြစ်သော်လည်း အမှန်တရားနှင့် လူသားမျိုးနွယ်စုဘက်ကကြည့်လျှင် ရာစုနှစ်ဝက်ကျော်မျှ လက်နက်အားကိုးဖြင့် ခိုးဆိုးလုယက်သောင်းကျန်းနေသူများ ကမ္ဘာ့တရားခွင် တင်ခံရသည့်အတွက် ဝမ်းမြောက်ရပါပေသည်။

နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်က ICJ ကို ထုချေရာတွင် မိမိတို့နိုင်ငံ၌ စစ်ဘက်ဆိုင်ရာ တရားစီရင်ရေး ရှိကြောင်း၊ စစ်တရားရုံးများဖြင့် ပြစ်မှုကျူးလွန်သူတို့ကို ဖော်ထုတ်အရေးယူမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ သူမပြောသလို စစ်ခုံရုံးများက တရားမျှတမှုဆောင်ကြဉ်းနိုင်ပါ့မလား။

မြန်မာနိုင်ငံတွင် စစ်အစိုးရအဆက်ဆက် ဖွဲ့စည်းတည်ထောင်ခဲ့သော စစ်ခုံရုံးများဖြင့် အကျဉ်းနည်းစစ်ဆေးကာ ခုခံချေပခွင့်မရှိသော ပြည်သူများကို ပြစ်ဒဏ်အမျိုးမျိုး ချမှတ်ခဲ့သည်မှာ စစ်အာဏာရှင်တို့၏ အစဉ်အလာ ဓလေ့ထုံးတမ်းတခု ဖြစ်သည်။ စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးတွင် ယခင်က ၁၉၅၉ ခုနှစ် တပ်မတော် အက်ဥပဒေနှင့် နည်းဥပဒေများကို လိုက်နာခဲ့သည်။

အမှန်တကယ်အားဖြင့် ၁၉၅၉ တပ်မတော် အက်ဥပဒေသည် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ၁၉၅၉ ခုနှစ် ပြည်သူ့လွှတ်တော် အက်ဥပဒေအမှတ် ၄၃ အဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်သည်။ ယင်းဥပဒေသည် နိုင်ငံတကာ တပ်မတော်ဥပဒေများနှင့် နှိုင်းယှဉ်ခံနိုင်သည့် တင်းပြည့်ကျပ်ပြည့် ဥပဒေတရပ်ဖြစ်သည်။ အဓိကအားဖြင့် အိန္ဒိယ တပ်မတော်ဥပဒေကို မှီငြမ်းခဲ့သည်ဟု ယူဆဖွယ် ရှိပါသည်။ အခန်းပေါင်း (၁၈) ခန်း ပါရှိပြီး အခန်း(၁၀) တွင် စစ်ခုံရုံးများ ဖွဲ့စည်းမှုနှင့် ပတ်သက်၍ အသေးစိတ် ပြဋ္ဌာန်းထားသည်။ (၂၂-၆-၁၉၆၀ ) တွင် ကာကွယ်ရေးဝန်ကြီးဌာနက တပ်မတော် နည်းဥပဒေများကို အမှတ်-(၆၃/၆၀ ) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ဤ ၁၉၅၉ တပ်မတော်ဥပဒေအရ ဤအက်ဥပဒေကို လိုက်နာသူများနှင့် ပတ်သက်၍ စစ်ဘက်နယ်ဘက်ဆိုင်ရာ ပြစ်မှုများတွင် စစ်ဆေးစီရင်ပုံများကိုလည်းကောင်း၊ စစ်တရားရုံးများလိုက်နာရမည့် ကျင့်ထုံးများနှင့် နည်းဥပဒေများတွင် စွဲချက်များကို စုံ

စမ်းစစ်ဆေးခြင်း၊ စစ်တရားရုံးဖြင့် အမှုများ စစ်ဆေးစီရင်ခြင်းတို့ကို အသေးစိတ် ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ၁၉၅၉ တပ်မတော် ဥပဒေဖြင့် တရားမျှတမှု ဖော်ဆောင်နိုင်ဖွယ်ရာ ရှိပေသည်။

သို့ရာတွင် ဤစံချိန်မီ တပ်မတော် အက်ဥပဒေကြီးကို ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအမှတ် (၂၅/၂၀၁၀ ) ဖြင့် ပြင်ဆင်ခဲ့သည့်အတွက် တရားမျှတမှု ကာကွယ်စောင့်ရှောက်သည့် သဘောသဘာဝများ ပျက်စီးခဲ့ရပြီ ဖြစ်သည်။ မူလ ၁၉၅၉ တပ်မတော်ဥပဒေပုဒ်မ - ၁၃၀ ကို စစ်အာဏာရှင်တို့က (၄-၁၁- ၂၀၁၀) တွင် ပယ်ဖျက်ခဲ့သည်။ အဆိုပါ ပုဒ်မ-၁၃၀ မှာ အောက်ပါအတိုင်းဖြစ်သည်။

၁၃၀။ ။ (၁) တည်ဆဲအခြားတရားဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်ခြင်း၊ သို့တည်းမဟုတ် တရားသေလွှတ်ခြင်း ခံရသူတဦးအား၊ ထပ်တူဖြစ်သည့် ပြစ်မှု၊ သို့တည်းမဟုတ် ထပ်တူဖြစ်သည့် အကြောင်းခြင်းရာများအတွက်၊ ရာဇဝတ် တရားရုံးက နိုင်ငံတော်သမ္မတ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ထပ်မံ စစ်ဆေးစီရင်နိုင်သည်။

(၂) ဤအက်ဥပဒေအရ စစ်တရားရုံးက ပြစ်ဒဏ်စီရင်ချက် ချမှတ်ခြင်း ခံရသူတဦးကို ဖြစ်စေ၊ ပုဒ်မ ၈၂၊ ၈၅၊ ၈၆ သို့တည်းမဟုတ် ပုဒ်မ ၈၇ တို့အနက် ပုဒ်မ တခုခုအရ ပြစ်ဒဏ်ချမှတ်ခြင်း ခံရသူတဦးကို ဖြစ်စေ၊ ထပ်တူဖြစ်သည့် ပြစ်မှုအတွက်သော်လည်းကောင်း၊ ထပ်တူဖြစ်သည့် အကြောင်းခြင်းရာများအတွက်သော်လည်းကောင်း ရာဇဝတ်တရားရုံးက စစ်ဆေး၍ ပြစ်မှုထင်ရှားစီရင်လျှင် ထိုတရားရုံးသည် ပြစ်ဒဏ်ချမှတ်ရာတွင် အဆိုပါ ပြစ်မှုအတွက် ထိုသူခံရပြီးဖြစ်သည့် ပြစ်ဒဏ်ကို ထောက်ရှု၍ ချမှတ်ရမည်။

ဤပုဒ်မအရ စစ်ဘက်တရားရုံး တခုခု၏ စီရင်ဆုံးဖြတ်ချက်ကို မကျေနပ်သော အရပ်ဖက် ရာဇဝတ်တရားရုံးက သမ္မတ၏ ခွင့်ပြုချက်ဖြင့် ပြန်လည်စစ်ဆေးစီရင်ပိုင်ခွင့် အပ်နှံထားခြင်း ဖြစ်သည်။ ယခုအခါ ဤပုဒ်မကို စစ်အာဏာရှင်တို့က ပယ်ဖျက်ပြီးသည့်အပြင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၁၉၄ အရ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည်ပင်လျှင် စစ်ဘက်ဆိုင်ရာ တရားရုံးများအပေါ်တွင် စီရင်ပိုင်ခွင့်မရှိပေ။

မူလ ၁၉၅၉ တပ်မတော်အက်ဥပဒေပုဒ်မ- ၂၁၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

၂၁၁။ ။ (၁) စစ်ဘက် အယူခံတရားရုံး ရှိရမည်။ ထိုစစ်ဘက် အယူခံ တရားရုံး၏ တရားသူကြီးများသည် အောက်ပါအတိုင်း ဖြစ်ရမည်။

(က) နိုင်ငံတော် တရားဝန်ကြီးချုပ်က ဤကိစ္စအလို့ငှာ တရားလွှတ်တော် တရားဝန်ကြီးများထဲမှ အခါအားလျော်စွာ ရွေးချယ်သော တရားလွှတ်တော် ဝန်ကြီးများ၊

(ခ) နိုင်ငံတော် တရားဝန်ကြီးက ဤကိစ္စအလို့ငှာ တပ်မတော်ရှိ ဒုတိယဗိုလ်မှူးကြီး အဆင့်အောက် မနိမ့်သော အရာရှိများထဲမှ အခါအားလျော်စွာ ရွေးချယ်သော အရာရှိများ။ ထို့ပြင်-

(ဂ) အစိုးရအမှုထမ်းမဟုတ်သည့် ဥပဒေကျွမ်းကျင်သူများထဲမှ နိုင်ငံတော် တရားဝန်ကြီးချုပ်က ခန့်အပ်သူများ၊ ယင်းပုဒ်မကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးဥပဒေအဖွဲ့ ဥပဒေအမှတ် (၂၅/၂၀၁၀) တွင် အောက်ပါအတိုင်း အစားထိုးခဲ့သည်။

၂၁၁။ ။ (၁) တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကဖြစ်စေ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဤကိစ္စအလို့ငှာ အမိန့်စာဖြင့် အာဏာအပ်နှင်းထားသော အရာရှိတဦးဦးကဖြစ်စေ စစ်ဘက်အယူခံတရားရုံးကို ဗိုလ်မှူးကြီးအဆင့်အောက်မနိမ့်သည့် အရာရှိကြီး သုံးဦးဖြင့် အခါအားလျော်စွာ ဖွဲ့စည်းရမည်။

(၂) စစ်ဘက်အယူခံတရားရုံး၏ ကိစ္စအဝဝကို ဆောင်ရွက်နိုင်ရန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဖြစ်စေ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဤကိစ္စအလို့ငှာ အမိန့်စာဖြင့် အာဏာအပ်နှင်းထားသော အရာရှိတဦးဦးကဖြစ်စေ စစ်ဘက်အယူခံဌာနကို ဖွဲ့စည်းပေးရပေမည်။

သို့ဖြစ်ရာ ဤကဲ့သို့ ၁၉၅၉ တပ်မတော်အက်ဥပဒေကို ပြင်ဆင်ထားသည့် အခြေအနေတွင် လုံခြုံရေးတပ်ဖွဲ့များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို စစ်ဘက်ဆိုင်ရာ တရားရုံးများဖြင့် စစ်ဆေးစီရင်မည်ဆိုပါက နိုင်ငံတကာ စံနှုန်းများနှင့်ဝေးစွ…ပြည်တွင်း တရားစီရင်ရေးစနစ်၏ စံချိန်စံညွှန်းများဖြင့်ပင် တရားမျှတမှု ဖော်ဆောင်နိုင်ရန်မှာ အလှမ်းကွာဝေးလှပါကြောင်း တင်ပြအပ်ပါသည်။ ။

**သုတေသီ**

# ဗမာပြည် လစ်ဘရယ်လက်သစ် မေဒေးသဝဏ်လွှာ

ညီဌေးကျော်

------

၂၀၂၀ မေ ၁ (မေဒေး ကမ္ဘာ့အလုပ်သမားနေ့) သဝဏ်လွှာမှာ သမ္မတဦးဝင်းမြင့်က COVID 19 ကာလ ဗမာပြည် အလုပ်သမားအရေးနဲ့ပတ်သက်လို့ ယခုလို ဖော်ပြထားတယ်။

"(အလုပ်သမား အဖွဲ့အစည်းများသည်) ပုဂ္ဂိုလ်ရေး နိုင်ငံရေး အမြတ်ထုတ်ရန် ဥပဒေနှင့်မညီသည့် ဆူပူဆန္ဒပြမှုများ ဖြစ်ပွားစေရန် ဘေးက သွေးထိုးလှုံ့ဆော်မှုများ ဝင်ရောက်လာတတ်သည်ကိုလည်း အထူးသတိပြုကြရန် လိုမည်ဖြစ်ပါသည်"။



"ဈေးကွက်စီးပွားရေးစနစ်မှာ ---- အလုပ်အကိုင်ဖန်တီးပေးတဲ့ အလုပ်ရှင်တွေကလည်း အလုပ်သမားတွေအတွက် မရှိမဖြစ်မိတ်ဖက်ဖြစ်လို့---ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိအကျိုးစီးပွားနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေတယ်"။

လိုရင်းကို ရှင်းအောင်ပြောရရင် - အလုပ်ရှင်တွေဟာ အလုပ်သမားကို အလုပ်အကိုင်ဖန်တီးပေးတဲ့ မရှိမဖြစ်မိတ်ဖက်ဖြစ်တယ် (ကျေးဇူးရှင်ပေါ့)။ (အလုပ်သမား အဖွဲ့အစည်းများထဲမှာ ပုဂ္ဂိုလ်ရေး နိုင်ငံရေး အမြတ်ထုတ်ရန် ဥပဒေနဲ့မညီသည့် ဆန္ဒပြမှုများ ဖြစ်ပွားစေရန် ဘေးက သွေးထိုးလှုံ့ဆော်နေတာတွေ ရှိတယ်လို့ ပြောတာဖြစ်ပါတယ်။

ဒါလား မေဒေးသဝဏ်လွှာ။ ဓားဓားချင်း လုံလုံချင်းတို့၊ ဆူဆူပူပူလုပ်ရင် မသက်သာဘူးမှတ်တို့ဆိုတဲ့ အသေထွက်သွားတဲ့ အာဏာရှင်ဗိုလ်နေဝင်း လေအတိုင်းပဲ။ အလုပ်သမားသမဂ္ဂတွေ အလုပ်သမားခေါင်းဆောင်တွေကို နိုင်ငံရေး သွေးထိုးလှုံ့ဆော်နေသူတွေလို့ တံဆိပ်ကပ်ပြီး (နောက်ဆိုအကြမ်းဖက်သမား ဆိုပြီးလာဦးမယ်) ခြိမ်းခြောက်နေပါရောလား။

ဒ့ါထက်အရင် ၂၁ ဧပြီ ၂၀၂၀ ဒေါ်စု လက်မှတ်ထိုး ထုတ်ပြန်တဲ့ အတိုင်ပင်ခံရုံးထုတ်ပြန်ချက်မှာ ယခုလို ဖော်ပြထားတယ်။ "ULA/AA အကြမ်းဖက်အုပ်စုက ရခိုင်ပြည်နယ် ချင်းပြည်နယ်အတွင်း အဖျက်အမှောင့်လုပ်ရပ် လုပ်ဆောင်နေသဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ရန်အတွက် အသက်စွန့်၍ ရှပ်ရှပ်ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သား အရာရှိစစ်သည်အားလုံးကို အသိအမှတ်ပြု ဂုဏ်ပြုချီးကျူးပါသည်" တဲ့။

အန်ကယ်တို့ စစ်အုပ်စုမင်းဆက် နှလုံးစိတ်ဝမ်းအေးချမ်းရလေအောင် ရခိုင်ပြည်သူတွေရဲ့အသက်အိုးအိမ်စည်းစိမ်ကို မီးလောင်တိုက်သွင်းနေတဲ့ ကြေးစားတပ် အရာရှိစစ်သည်အားလုံးကို လစ်ဘရယ်ငြိမ်းချမ်းရေးဆုရှင်က ချီးကျူးဂုဏ်ပြုနေပါတယ်။ ကြေးစားတပ်ကို စိတ်နဲ့ကော ရုပ်နဲ့ပါ (ပြစ်မှားဖို့ဝေးစွ) ပူဇော်ပသနေတာပါ။ ယခုဆောင်းပါးမှာ အလုပ်သမားအရေး အဓိကထားပြောမှာဖြစ်လို့ ဒီကိစ္စကို ဒါလောက်ပဲ ထားလိုက်ပါဦးမယ်။

COVID 19 ဒဏ်ကို တကမ္ဘာလုံးခံနေရတာပါ။ ယခုအထိ ကူးစက်ပျံ့နှံ့မှု အရှိန်ကောင်းတုန်းပါ။ အခံရဆုံးကတော့ အခြေခံလူတန်းစားတွေဖြစ်တဲ့ အလုပ်သမား လယ်သမား လက်လုပ်လက်စားတွေပါပဲ။ စက်ရုံအလုပ်ရုံပိတ်သိမ်းမှုနဲ့ အလုပ်လက်မဲ့တွေ တိုးပွားမှုဟာ ဒီကာလအတွင်း ကမ္ဘာတဝန်း လူဦးရေ ၂၅ သန်းလောက်ရှိမယ်လို့ ILO က ခန့်မှန်းပါတယ်။ ဗမာပြည်တခုတည်း ကွက်ဖြစ်နေတာ မဟုတ်ပါဘူး။

ပြဿနာက အလုပ်သမားတွေရဲ့ လုပ်ခွင်တည်မြဲရေးနဲ့ လုပ်ခွင်အန္တရာယ်ကင်းရေးအတွက် ရပိုင်ခွင့်တောင်းဆိုတာကို အာဏာတပိုင်းရ အုပ်စိုးသူတွေက အပြစ်တင်နေတာ ဖြစ်တယ်။ လုပ်ငန်းရှင်တွေက ရှုံးမယ့်စက်ရုံတွေကျ ပြီးစလွယ်ပိတ်ပစ်တယ်။ မြတ်မယ့်စက်ရုံတွေကျ ဖွင့်ပြန်ဖွင့်နေတယ်။ ဆူပူလှုံ့ဆော်မှုများဖြစ်အောင် ဘေးက သွေးထိုးလှုံ့ဆော်နေသူများအဖြစ် အလုပ်သမားသမဂ္ဂများနဲ့ ဝန်းရံသူများကို စွပ်စွဲနေတယ်။ အလုပ်သမားတွေမှာ အငတ်ဘေးကော ကပ်ဘေးကောအပြင် မင်းဘေးစိုးဘေးပါ ရင်ဆိုင်နေရတာပါ။
ILO သတ်မှတ်ချက်အရ ဝင်ငွေတနေ့လုပ်ခ ဒေါ်လာ ၁.၉ အောက်ဆိုရင် အလွန်ဆင်းရဲ၊ ဒေါ်လာ ၃.၁ အောက်ဆိုရင် အတော်အတန်ဆင်းရဲလို့ သတ်မှတ်ပါတယ်။ ဗမာပြည်အလုပ်သမားတယောက် အနိမ့်ဆုံးလုပ်ခ တနေ့ ကျပ် ၄၈၀၀ (၃.၃ ဒေါ်လာခန့်ပါ - ၁၅၀၀ ကျပ်နှုန်းနဲ့တွက်တယ်) အတော်အတန်ဆင်းရဲစာရင်းက လွတ်ရုံရှိပါတယ်။ ဒါဟာလည်း အလုပ်သမားတိုက်ပွဲတွေရဲ့ အောင်သီးအောင်နှံအဖြစ် ရရှိလာတဲ့ လုပ်ခလစာပါ။

၂၀၂၀ ဇန်နဝါရီ အာဆီယံနိုင်ငံအချို့ရဲ့ တလစာအနိမ့်ဆုံးလုပ်ခ (အမေရိကန်ဒေါ်လာဖြင့်) နှိုင်းယှဉ်ကြည့်ပါ။ မြန်မာ - ၉၈.၈၈ ဒေါ်လာ၊ လာအို - ၁၃၀ ဒေါ်လာ၊ ဗီယက်နမ် - ၁၄၅၊ ကမ္ဘောဒီးယား - ၁၇၀၊ မလေးရှား - ၂၄၈ ၊ ထိုင်း - ၂၉၅ ဒေါ်လာ။ WB ကဖော်ပြတဲ့ စီးပွားရေးလုပ်ရန် (ရင်းနှီးမြှုပ်နှံရန်) လွယ်ကူသောနိုင်ငံများစာရင်း (၂၀၁၉)မှာ ဗမာပြည်က အဆင့် ၁၇၁ ဖြင့် အောက်ဆုံးတန်းမှာ ဖြစ်ပါတယ်။ အခြေခံအဆောက်အအုံ (လမ်း တံတား ရေ မီး) ညံ့ဖျင်း၊ မြေဈေးကြီး (အစ်ဂျစ်တယ် မြေယာဘဏ် မရှိ)၊ ဥပဒေလုပ်ထုံးလုပ်နည်းမရှင်း၊ ကြိုးနီစနစ်ကြောင့် ခွင့်ပြုချက် နှောင့်နှေးတာအပြင်၊ ငွေကြေးတည်ငြိမ်မှုမရှိ၊ လက်နက်ကိုင်ပဋိပက္ခ၊ လူ့အခွင့်အရေး ချိုးဖောက်မှုကြောင့် ဒဏ်ခတ်အရေးယူ ခံနေရခြင်း စတာတွေကြောင့်ဖြစ်ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု FDI ဆိုတာ ဘဏ္ဍာအရင်း တင်ပို့တာပါ။ မြတ်လို့တင်ပို့တာပါ၊ မရှိမဖြစ်မိတ်ဖက်မို့လို့ တင်ပို့တာမဟုတ်ဘူး။ မမြတ်ရင် (အရင်းအနှီးမတိုးပွားရင်) မမြှုပ်နှံဘူး။ ရှုံးမယ်ထင်ရင် (ငွေထုပ်မှအပ) ဘယ်သူ့မျက်နှာမှ ထောက်မှာ မဟုတ်ဘူး။ အမြတ်

ရဖို့ဆိုရင် ဗမာပြည်လိုနိုင်ငံအဖို့ တခြားအချက်အလက်တွေ မပြည့်စုံတဲ့အတွက် လုပ်အားခကို ဈေးနှိမ်ရပါတယ်။ ဒါဟာ အရင်းရှင်ဘောဂဗေဒရဲ့ အရှုံးအမြတ်တွက်ချက်မှုပါ။ မရှိမဖြစ်မိတ်ဖွဲ့နေတာ မဟုတ်ပါဘူး။ အရင်းနဲ့လုပ်အား အလုပ်ဆိုတာ မပြေငြိမ်းနိုင်သော မရှိမဖြစ်ရန်ဘက်များသာ ဖြစ်ပါတယ်။

ဒါ့ကြောင့် မလောက်မငလုပ်ခနဲ့ အလုပ်သမားက အခွင့်အရေးတောင်းဆိုလာရင် အုပ်စိုးသူ (လစ်ဘရယ်+စစ်အုပ်စု) အစိုးရမင်းများက လုပ်ငန်းရှင်တွေရဲ့ ပိုက်ဆံအိတ်ဖောင်းပွရေးအတွက် နှိပ်ကွပ်ပါတယ်။ ဗမာပြည်အလုပ်သမား လူတန်းစားဟာ ပြည်တွင်းက လက်ဝေခံ ဗျူရိုကရက်ခနရှင်များနဲ့ နိုင်ငံစုံကော်ပိုရိတ် ဘဏ္ဍာအရင်းရှင်ကြီးများရဲ့ ပူးပေါင်းသွေးစုပ်မှုကို ခံနေရတာပါ။

အရင်းတင်ပို့တာ(FDI)မှာ - အတတ်ပညာနှင့်စီမံခန့်ခွဲမှု၊ စက်ကိရိယာ၊ တန်ဖိုးဖြည့် စက်မှုကုန်ကြမ်း၊ ဈေးကွက်ဝေစု (ကုန် အမှတ်တံဆိပ်နဲ့ အမှာစာ) စတဲ့ စွမ်းအားစုတွေအပေါ် ဒေါ်လာနဲ့တန်ဖိုးသင့်ပြီး တင်ပို့တာပါ။ တနည်းအားဖြင့် ရောင်းပေးတာပါ။ လုပ်ငန်းရှင်က အဆင်ပြေတဲ့နိုင်ငံမှာ (ဥပမာ - စင်ကာပူ) လုပ်ငန်းမှတ်ပုံတင် ဘဏ်ကြီးများထံမှငွေချေးပြီး ထုတ်လုပ်ရေးကွင်းဆက်များ (လက်ခွဲကန်ထရိုက်များ) မှတဆင့် ပစ္စည်းမှာယူ တပ်ဆင်ထုတ်လုပ်တာ ဖြစ်ပါတယ်။ (ဥပမာ - စင်ကာပူမှာမှတ်ပုံတင်၊ အမေရိကန်ထံမှငွေချေး၊ ဗမာပြည်မှာစက်ရုံထောင်၊ ဂျပန်ကစက်မှာ၊ တရုတ်ကအထည်တင်သွင်း၊ ဥရောပသမဂ္ဂကိုတင်ပို့) ကိုယ်က စက်ရုံနေရာထိုင်ခင်းနဲ့ လုပ်အားပဲ စိုက်ရတာပါ။ လုပ်အားကရတဲ့ ဝေစုက ဗမာပြည်လို ဈေးအပေါဆုံး အလုပ်ကြမ်းသမား နိုင်ငံဘဝမှာ အနည်းဆုံးဖြစ်နေပါတယ်။ ဗမာပြည်ရဲ့ ပြည်ပပို့ကုန် ၂၀၁၈-၁၉ (၁၁ လခွဲအတွင်း) ဒေါ်လာ ၁၅.၇၉၅ ဘီလီယံဖြစ်ပြီး၊ လယ်ယာ သားငါး သစ်တော သတ္တု တွင်းထွက်ဓာတ်ငွေ့နဲ့ အထည်ချုပ်လုပ်ငန်းတို့ ပါဝင်တယ်။ ဒီအထဲမှာ EU သို့ တင်ပို့တဲ့ အထည်ချုပ်လုပ်ငန်းက ပို့ကုန်တန်ဖိုး ဒေါ်လာ ၄ ဘီလျံကျော် ပါဝင်တယ်။ အထူးအခွင့်အရေး GSP ပေးထားတဲ့အတွက် ကုန်သွယ်ခွန် ပုံမှန် ၁၇.၂၄% အစား ၅% အောက်ပဲ ဆောင်ခွင့်ရထားတယ်။ လွတ်လပ်ဈေးကွက်လို့ဆိုပေမယ့် အခွန်အတုတ်ရယ်၊ ကန့်သတ်ချက်အမျိုးမျိုးတို့ရယ်နဲ့ ကုန်သွယ်ရေးအသာစီး ယူထားတာပါ။

ရန်ကုန်တိုင်းမှာပင် CMP လက်ခစားစက်ရုံ ၅၀၀ ခန့်ရှိပြီ (တရုတ် ၂၆၃ ၊ ကိုရီးယား ၆၄ ၊ မြန်မာ ၉၂ နှင့် အခြား) အလုပ်သမား ၅ သိန်းကျော်ရှိကြောင်း အထည်ချုပ်လုပ်ငန်းအသင်း သတင်းစာရှင်းပွဲမှာ (၂၁ ဖေဖော်ဝါရီ) ပြောပါတယ်။ WB ကမ္ဘာ့ဘဏ်စာတမ်းအရ - ဗမာပြည်မှာ အလုပ်သမားအင်အား ၃၄ သန်း အနက် နိုင်ငံပိုင်စက်ရုံအလုပ်ရုံတွေမှာ ၁ သန်း၊ ပုဂ္ဂလိကပိုင်းမှာ ၃၃ သန်း ဖြစ်တယ်။ ဒီအထဲမှာ လယ်သမား ၈.၅ သန်း၊ လယ်ယာလုပ်သား ၄ သန်း၊ အသေးစားနဲ့အလတ်စား လုပ်ငန်းများမှာ ၂.၅ သန်း၊ မိသားစုလုပ်ငန်းမှာ ၆ သန်း၊ အလုပ်ရုံစက်ရုံများမှာ ၂ သန်း၊ ကျန်တာက ပြည်ပထွက် ရွှေ့ပြောင်း နဲ့ပုံကျ ဖြစ်တယ်။ (VOA သတင်း) ဗမာပြည် အခြေခံ လူတန်းစားတွေရဲ့ စားဝတ်နေရေးဘဝ ငြိမ်းချမ်းလုံခြုံတည်ငြိမ်ရေးနဲ့ ဆင်းရဲတွင်းမှလွတ်မြောက်ရေးကို မလုပ်ဆောင်နိုင်ရင် တိုင်းပြည်ဟာ ကသောင်း ကနင်း ဖြစ်နေဦးမှာပါပဲ။

ဗမာပြည် အုပ်စိုးသူအဆက်ဆက်ဟာ အမှီအခိုကင်းတဲ့ အမျိုးသားစီးပွားရေးကို တည်ဆောက်နိုင်စွမ်း မရှိပါဘူး။ စစ်အစိုးရ အဆက်ဆက် စစ်ဗျူရိုကရက်အာဏာ တည်မြဲရေးအတွက် ကိုလိုနီသခင်ဟောင်းနိုင်ငံများကို မှီခိုနေရတဲ့ တိုင်းပြည်ရောင်းစားတဲ့ လက်ဝေခံ စစ်ဗျူရိုကရက်အရင်းရှင်တွေ ဖြစ်လာပါတယ်။

တိုင်းပြည်ရဲ့ လယ်ယာ စက်မှု အခြေခံအဆောက်အအုံ ဝန်ဆောင်မှု နဲ့ သယံဇာတအရင်းအမြစ် မှန်သမျှ မောင်ပိုင်စီး လက်ဝါးကြီးအုပ်ကာ၊ နိုင်ငံခြားအရင်းအနှီးကို ဒူးထောက်ဖိတ်ခေါ်တယ်။ လျှို့ဝှက်ထားတဲ့ မမျှမတ စာချုပ်စာတမ်းများနဲ့ ဥပဒေအမျိုးမျိုး ပြဋ္ဌာန်းကာ စစ်ဗျူရိုကရက် အကျိုးစီးပွားကို အကာအကွယ်ပြုထားတယ်။ ၂၀၀၈ နာဂစ်ဖွဲ့စည်းပုံနဲ့ တရားဝင်အောင်ပြုထားတယ်။ ယခု အချိန်မှာ တိုင်းပြည်ဟာ ကပ်ဘေး အင်တော်ဘေး စစ်ဘေး ဘေးသုံးဘေးနဲ့ ရင်ဆိုင်နေရတယ်။ စစ်အုပ်စုမင်းဆက်က ပြည်တွင်းစစ်ကို တိုးချဲ့နေချိန်မှာ လစ်ဘရယ်အုပ်စိုးသူက အလုပ်သမား - လယ်သမား အခြေခံလူတန်းစားတွေကို ကြိမ်းမောင်းနေပါတယ်။ မတရားတဲ့ ဥပဒေ အမိန့်အာဏာမှန်သမျှ ဖျက်သိမ်းပြီး၊ အခြေခံလူတန်းစားများနဲ့ အဖိနှိပ်ခံ လူမျိုးပေါင်းစုံပြည်သူများရဲ့တရားတဲ့အခွင့်အရေးကို (ပြည်တွင်းပြည်ပ) အကာအကွယ်ပေးတဲ့ ဥပဒေ အမိန့် ညွှန်ကြားချက် စာချုပ်များနဲ့ အစားထိုးဖို့လိုပါတယ်။ အဲဒီလိုဖြစ်မှ (သမ္မတကြီးပြောသလို) ဟန်ချက်ညီ ဖြစ်ပါလိမ့်မယ်။ ဒီတာဝန်ကို ကျေးရူးရှင်အတွေးအခေါ်နဲ့လုပ်လို့မရပါ။ လုပ်ရင် မြောင်းထဲက တက်နိုင်တော့မှာ မဟုတ်ပါ။

**ညီဌေးကျော်**

**(၄ မေ ၂၀၂၀)**

# သူခိုးဓားရိုးကမ်းမိလျက်သားဖြစ်သွားပြီ

## တာမလာထူး

ပြည်တွင်းစစ်ဖြစ်တာဟာ နိုင်ငံရေးပြဿနာဖြစ်တယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့မဖြေရှင်းဘဲ အကြမ်းဖက် စစ်ရေးနည်းနဲ့ ဖြေရှင်းခဲ့ရာက- ကနေ့အထိ ပြည်တွင်းစစ်ဖြစ်နေတာပါပဲ။

ဒီမိုကရေစီအခွင့်အရေးတွေရရှိဖို့၊ တန်းတူရေးတွေအကောင်အထည်ဖော်ဖို့၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေးကို အကောင်အထည်ဖော်ဖို့...အချက်အလက်နဲ့ စနစ်တကျတင်ပြတောင်းဆိုတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေကို ဖဆပလအစိုးရက နိုင်ငံရေးအရ အကျေအလည်ဆွေးနွေးမှုမလုပ်ဘဲ အလစ်အငိုက်ယူ အကြမ်းဖက် ဖမ်းဆီးနှိပ်ကွပ်ရာက ပြည်တွင်းစစ်စတင်တာပဲ။ အစိုးရရဲ့အကြမ်းဖက် ဖမ်းဆီးနှိပ်ကွပ်မှုကို စနစ်တကျပြန်လည် အင်အားစုစည်းပြီး ရရာလက်နက်နဲ့ ပြန်လည်ခုခံတဲ့ အင်အားစုတွေဟာ တော်လှန်ရေးတပ်ဖွဲ့ တွေဖြစ်လာကြတာပါပဲ။ ဒီလိုတော်လှန်ရေးတပ်ဖွဲ့တွေကို ဖဆပလအစိုးရက တော်လှန်ရေး နိုင်ငံရေးအင်အားစုအဖြစ် သဘောမထားဘဲ ဆူပူသောင်းကျန်းသူလို့ သတ်မှတ်ပါတယ်။ ဒါကြောင့် ဖဆပလအစိုးရဟာဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ သူမနာ၊ ကိုယ်မနာ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေလုပ်ဖို့တောင်းဆိုတာကိုအပြတ်ပဲငြင်းပယ်ပြီး အပြုတ်တိုက်ချေမှုန်းရေးကိုပဲ စိုက်လိုက်မတ်တတ် လုပ်ပါတယ်။

ဖဆပလအစိုးရဟာ တော်လှန်ရေးအင်အားစုတွေ၊ အဖွဲ့အစည်းတွေကို မတရားအသင်းအဖြစ်ကြေညာပါတယ်။ မတရားအသင်းဥပဒေပုဒ်မတွေ ပြဋ္ဌာန်းပါတယ်။ ဒီဥပဒေတွေကြောင့် မတရားအသင်းကြေညာခံရတဲ့ အဖွဲ့အစည်းတွေဟာ ဥပဒေပအဖွဲ့အစည်းတွေ ဖြစ်သွားပါတယ်။ အဲဒီဥပဒေပအဖွဲ့အစည်းတွေကို ထောက်ခံဆက်သွယ်သူ မည်သူတဦးတယောက်ကိုဖြစ်စေ၊ အဖွဲ့အစည်းတရပ်ရပ်ကိုဖြစ်စေ အစိုးရက ဖမ်းဆီးနှိပ်ကွပ် ထောင်ချနိုင်တာဖြစ်သွားပါတယ်။ ဒီဥပဒေတွေဟာ တဖက်စောင်းနင်းနိုင်ပြီး တရားမျှတမှုမရှိတဲ့ မတရားတဲ့ဥပဒေတွေ ဖြစ်တယ်။ ဒီဥပဒေတွေကို တည်ဆဲဥပဒေအဖြစ် ဖဆပလအစိုးရ၊ တော်လှန်ရေးကောင်စီအစိုးရ၊ နဝတ၊ နအဖအစိုးရ၊ ကြံ့ဖွံ့အစိုးရ၊ ဒီချုပ်အစိုးရစတဲ့စတဲ့ အစိုးရအဆက်ဆက်က ကျင့်သုံးနေပါတယ်။

ရည်ရွယ်ချက်က လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေကို လက်နက်မကိုင်တဲ့ တော်လှန်ရေးအင်အားစုတွေ၊ ပြည်သူ လူထုတွေ၊ သတင်းသမားတွေ၊ အရပ်ဘက်လူမှုအသင်းအဖွဲ့တွေက ဆက်သွယ်ထောက်ခံမှုမလုပ်အောင် ကန့်သတ်ပိတ်ပင်တာ ဖြစ်တယ်။ ဥပဒေတွင်းအင်အားစုက ဥပဒေပအင်အားစုကို မထောက်ခံရ ဆိုတာပါပဲ။ အုပ်စိုးသူ အစိုးရအဆက်ဆက်ရဲ့ အကြီးဆုံးရည်ရွယ်ချက်က တော်လှန်ရေးအင်အားစုတွေနဲ့ လူမျိုးစုံပြည်သူလူထုကြီး အဆက်အသွယ် ပြတ်တောက်သွားရေးပါပဲ။ အကြောင်းကတော့ ပြည်တွင်းစစ်စတင်ကတည်းက-ကနေ့အထိ တော်လှန်ရေးအင်အားစုတွေကို လူမျိုးပေါင်းစုံပြည်သူလူထုကြီးက ထောက်ခံအားပေးနေလို့ပါပဲ။ ထောက်ခံမှု တိုးတက်လာမှာကိုလည်း အုပ်စိုးသူအစိုးရများက ကြောက်လို့ပါပဲ။

တည်ဆဲဥပဒေတွေအရ တရားဥပဒေစိုးမိုးရေးလုပ်ဆောင်တဲ့ ဒီချုပ်အစိုးရဟာ တရားဥပဒေရေးရာ၊ အုပ်ချုပ်ရေးရာ၊ နိုင်ငံရေးရာကိစ္စအားလုံးမှာ မတရားမှုတွေတိုးပွားအောင် လုပ်မိလျက်သား ဖြစ်နေပါတယ်။ ဖဆပလအစိုးရကအစ စစ်အစိုးရအဆက်ဆက်တို့ဟာ ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးကိစ္စမှာ နိုင်ငံရေးအရ ဖြေရှင်းရေးသဘောထား လုံးဝ မရှိကြပါ။ ဒီချုပ်ထဲက အစိတ်အပိုင်းတချို့ဟာ နိုင်ငံရေးအရဖြေရှင်းဖို့ သဘောထားရှိကောင်းရှိခဲ့နိုင်ပေမယ့် ဒီချုပ်အစိုးရဟာ ယခင်အစိုးရတွေ ခင်းတဲ့လမ်းကို ဆက်လျှောက်မိတာရယ်၊ ကာချုပ်မှူ (၆) ချက်ရယ်တို့ကြောင့် အပစ်အခတ်ရပ်စဲရေးကိစ္စမှာပဲ ချာလည်ရိုက်နေပါတယ်။ နိုင်ငံရေးအရ ဆွေးနွေးဖို့နေနေသာသာ ပြည်တွင်းစစ်ကို ပိုပြီး ရက်စက်၊ ပိုပြီး ပြင်းထန်စေတာတောင် ဖြစ်နေပါတယ်။ နဝတစစ်အစိုးရ လက်ထက်က စခဲ့တဲ့ "အပစ်အခတ်ရပ်စဲရေးနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ပါ၊ နိုင်ငံရေးဆွေးနွေးတာကို နောက်တက်တဲ့ အစိုးရနဲ့မှ လုပ်ပါ" ဆိုပြီး မလိမ့်တပတ်နဲ့ အဖွဲ့အစည်းအချို့ကို အပစ်အခတ်ရပ်တယ်ဆိုပြီး ခြေချုပ်ချထားလိုက်တယ်။ ဒီလို အပစ်ရပ်တဲ့ အဖွဲ့တွေကို စည်းရုံးရေးမလုပ်ရ၊ ဘဏ္ဍာငွေကြေးမကောက်ခံရ၊ လူသစ် ထပ်မံမစည်းရုံးရဆိုတဲ့ ကန့်သတ်ချက်တွေနဲ့ ချုပ်ထားလိုက်တယ်။ အပစ်အခတ်ရပ်ထားတဲ့ အဖွဲ့တွေကို စီးပွါးရေးလုပ်ခွင့် ပေးလိုက်တယ်။ မူးယစ်ဆေးဝါးရောင်းဝယ်ရေးနွံထဲ နစ်အောင် လုပ်လိုက်တယ်။ ဒီနည်းနဲ့ ဒီအဖွဲ့အစည်းတွေဟာ မိမိစည်းရုံးရေးနယ်မြေထဲရှိတဲ့ လူမျိုးစုံပြည်သူလူထုနဲ့ကင်းကွာသွားအောင် စစ်အစိုးရက လုပ်လိုက်တယ်။ လောင်းကစား ကာစီနို၊

အပြာရောင် နိုက်ကလပ် စတာတွေကို တရားဝင် ဖွင့်လှစ်ခွင့်ပေးထားတဲ့ အထူးဇုန်နယ်တွေ တည်ထောင်ခွင့်ပြုလိုက်တယ်။ အပစ်အခတ်မရပ်တဲ့ အဖွဲ့တွေကိုတော့ ဖြတ်လေးဖြတ်စနစ်နဲ့ ရက်ရက်စက်စက်စစ်ဆင်တယ်။ ဒေသလိုက် ဝိုင်းပတ်ပိတ်ဆို့ပြီး ချေမှုန်းတာ လုပ်တယ်။ စစ်ဆင်ရေးသတ်မှတ်လိုက်တဲ့ ဒေသတွင်းမှာ နေထိုင်တဲ့ လူမျိုးစုံပြည်သူလူထုကို စစ်တပ်က တရားမဲ့ဖမ်းဆီးစစ်ဆေး၊ ရိုက်နှက်၊ သတ်ဖြတ်တာတွေ လုပ်ခွင့်ရှိတယ်။ ကနေ့ ရခိုင်ဒေသမှာ ဖမ်းဆီးစစ်ဆေးသတ်ဖြတ်တဲ့ကိစ္စမျိုးဟာ ဗမာပြည်နေရာအနှံ့အပြားမှာ စစ်အစိုးရအဆက်ဆက် လုပ်ခဲ့တဲ့ကိစ္စဖြစ်ပြီး လုပ်နေဆဲကိစ္စ နောက်လည်းဆက်လုပ်မယ့်ကိစ္စ ဖြစ်ပါတယ်။ အကြောင်းက လူမျိုးစုံပြည်သူလူထုကြီးက တော်လှန်ရေးအင်အားစုတွေကို မထောက်ခံ၊မကူညီရဲအောင် လုပ်လိုတဲ့သဘောထား သူတို့မှာ အမြဲရှိနေလို့ပါပဲ။ ဒါပေမဲ့ အကျိုးဆက်ကတော့ စစ်အစိုးရအဆက်ဆက်ကို လူမျိုးစုံပြည်သူလူထုက အယုံအကြည်ကင်းမဲ့ပြီး ပိုပြီး ရွံရှာမုန်းတီးတာဖြစ်စေတာပါပဲ။ ဗမာပြည် တခြားဒေသတွေမှာ အပစ်အခတ်ရပ်စဲရေး လုပ်ထားပြီး ရခိုင်ဒေသကို ကွက်ပြီး စစ်ဆင်ရေးလုပ်နေပါတယ်။ ရခိုင် ဒေသမှာ အပစ်အခတ်ရပ်စဲထားတဲ့ ဥပဒေပအဖွဲ့အစည်းတွေ၊ ဥပဒေတွင်းအဖွဲ့အစည်းတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ ရှိပါတယ်။ ဒီ အဖွဲ့အစည်းတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ လူမျိုးစုံပြည်သူလူထုတွေက AA ကို မထောက်ခံ၊ မကူညီနိုင်အောင် မတရားအသင်း ဥပဒေနဲ့ ကန့်သတ်ထားလိုက်ပါတယ်။ တဖက်မှာ မတရားအသင်း ကြေညာထားခံရတဲ့ AA နဲ့ ဆက်သွယ်ပတ်သက်တယ်ဆိုပြီး စွပ်စွဲလိုက်ရုံနဲ့ မည်သူ့ကိုမဆို ဖမ်းဆီး၊ရိုက်နှက်၊ ညှဉ်းဆဲသတ်ဖြတ်နိုင်တယ်။ ဖမ်းဆီး တရားစွဲ ထောင်ချနိုင်တယ်။

ရခိုင်ဒေသမှာ AA မပေါ်ခင်ကတည်းက တပ်မတော်က တရားလက်လွှတ် ရက်ရက်စက်စက် လုပ်ခဲ့တာပါ။ ဒီလို ရိုင်းစိုင်းယုတ်မာတဲ့တပ်ကို ဒီချုပ်အစိုးရကချီးကျူး ထောက်ခံ အားပေးတာဟာ ဒီချုပ်အစိုးရကြမ္မာငင်ဖို့ဖြစ်လာပါလိမ့်မယ်။ ဗမာပြည်တပြည်လုံးရှိ လူမျိုးစုံပြည်သူလူထုတရပ်လုံး ဥပဒေတွင်း၊ ဥပဒေပ နိုင်ငံရေးအင်အားစုများ၊ လက်နက်ကိုင်အင်အားစုများ၊ အပစ်အခတ်ရပ်အင်အားစုများ၊ အပစ်အခတ်မရပ်တဲ့အင်အားစုများ၊ လူမှုရေးအသင်းအဖွဲ့များ စတဲ့အင်အားစုအားလုံး..လိုလားတောင့်တနေတာက တပြည်လုံး ခြွင်းချက်မရှိ အပစ်အခတ်ရပ်စဲပြီး နိုင်ငံရေးအရ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဖြစ်မြောက်အောင်မြင်ဖို့ ဖြစ်တယ်။ ဒီကိစ္စအတွက် ဒီချုပ်အပေါ် မျှော်လင့်ခဲ့ကြတယ်။

နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ထုတ်ပြန်ချက်သဘောထားဟာ သူခိုးဓားရိုးကမ်းတာ ဖြစ်တယ်။ နိုင်ငံခြားရေးဝန်ကြီး သဘောထားသာ ဖြစ်တယ်လို့ပြောရင် ကလေးကလား ဆန်ပါလိမ့်မယ်။ ဒါဟာ ဒီချုပ်ရဲ့ကံကြမ္မာနဲ့ တိုက်ရိုက်ပတ်သက်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စနဲ့ တိုက်ရိုက်သက်ဆိုင်ပါတယ်။ ဒီကိစ္စမှာ စစ်အုပ်စုဘက်ကလိုက်တဲ့ နိုင်ငံရေးပါတီနဲ့ အင်အားစုများရဲ့ ကံကြမ္မာက အဆိုးဘက်သို့ တိမ်းညွှတ်သွားဖို့သာ ရှိပါတယ်။



**တာမလာထူး**

**၄၊ ၅၊ ၂၀၂၀။**

# ဘာသာတူများရဲ့ကွင်းဆက်ကြိုး ကွန်ရက်

## ဝင်းအောင်

ကမ္ဘာ့ အရင်းရှင်ခေတ်မှာ အဖိနှိပ်ခံ ဘာသာတူ ပြည်သူများအကြား အပြန်အလှန် စာနာမှု ကူညီမှု ဝန်းရံမှုများ သဏ္ဍာန်အမျိုးမျိုးနဲ့ ရှိနေပါတယ်။ မျက်မှောက်ကာလ လက်ဝါးကြီးအုပ် ဘဏ္ဍာအရင်းခေတ်-- ကမ္ဘာ့ ကုန်စည် ကွင်းဆက်ကြိုးကွန်ရက်အတွင်းမှာ အဖိနှိပ်ခံ ဘာသာတူ ပြည်သူများအကြား ဆက်စပ်မှုက ပိုမို နီးကပ်လာတယ်။ သွေးစည်းနိုင်ဖို့ အချက်အလက်များ ပိုမို များပြားလာပါတယ်။

မျက်မှောက်ခေတ်ဟာ ခနရှင်လူတန်းစားက ကြီးစိုးတဲ့ခေတ်ဖြစ်လို့ လူမှုဘဝနဲ့ သမိုင်းအဖြစ်အပျက်များအပေါ် ခနရှင်အမြင် ရပ်တည်ချက်နဲ့ ပုံဖော်နားလည်မှုတွေကလည်း လွှမ်းမိုးနေတာ သဘာဝကျပါတယ်။ ဒါပေမဲ့ သမိုင်းဖြစ်ပေါ်တိုးပွားမှုနဲ့အတူ အလုပ်သမား လူတန်းစားရဲ့ အရည်အသွေးဟာလည်း ခနရှင်တော်လှန်ရေးခေတ်တုန်းက အခြေအနေထက် အများကြီး ရင့်ကျက်တိုးတက်လာတယ်၊ လွှမ်းမိုးနေတဲ့ ခနရှင်အမြင်များဟာ လူမှုလက်တွေ့ဘဝများနဲ့ မကိုက်တော့တဲ့အပြင် ဗီလာဆန့်ကျင် အဟန့်အတား ဖြစ်လာတယ်၊ ဒါကြောင့် အလုပ်သမားလူတန်းစားအမြင်များဟာလည်း လူတန်းစားတိုက်ပွဲအတွင်း တိုးတက်လာတယ်။ ဒါဟာလည်း အလားတူ သဘာဝကျပါတယ်။ တကယ်ကတော့ အလုပ်သမားလူတန်းစားအမြင်များ သိပ္ပံနည်းကျဖော်ထုတ်ခြင်း ဖြန့်ချိခြင်းဆိုတာကိုယ်၌က လူတန်းစားတိုက်ပွဲသဏ္ဍာန်တမျိုးမျှသာ ဖြစ်ပါတယ်။



လက်ရှိစနစ်အတွင်းမှာကိုပဲ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာအရင်းအမြစ်များကို အများစုပေါင်းပိုင်ဆိုင်မှုအား အခြေခံတဲ့အခြင်းအရာများ ( ဥပမာ ရပ်ရွာ ဘုံအရေးကိစ္စ ဆောင်ရွက်မှုများ၊ တော်လှန်ရေးလက္ခဏာ၊ လှုပ်ရှားမှုများအတွင်း ကျရာနေရာမှ တာဝန်ထမ်းဆောင်မှု၊ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ အခက်အခဲကို စုပေါင်းကျော်လွှားမှုများ)၊ ဘာသာတူများလွတ်မြောက်ရေး တိုးတက်ရေးကို အခြေခံတဲ့ အခြင်းအရာများ (ဥပမာ လူမှုဘဝအတွင်း အဖိနှိပ်ခံ ဘာသာတူ ကံကြမ္မာတူများ အချင်းချင်း စာနာမှု ကူညီမှု ဝန်းရံမှု၊ လွတ်မြောက်ရေး အရေးတော်ပုံများအတွင်း တိုက်ပွဲဝင်သွေးစည်းမှု၊ ဂျပန်ကျူးကျော်မှုအောက်က ဗမာပြည်သူများနဲ့ စစ်အုပ်ချုပ်ရေးအောက်က ဂျပန်ပြည်သူများအကြား အပြန်အလှန်စာနာမှု၊ အမေရိကန်ကျူးကျော်စစ် ဆန့်ကျင်ရေးကာလက ဗီယက်နမ်ပြည်သူများနဲ့ အမေရိကန်ပြည်သူများအကြား အပြန်အလှန် စာနာမှု တိုက်ပွဲဝင် သွေးစည်းမှု) ရှိနေပါတယ်။ ဒီအခြင်းအရာများဟာ လက်ရှိစနစ် အပေါ် တော်လှန်တဲ့နည်းနာအဖြစ်၊ သို့မဟုတ် အနာဂတ် လူတန်းစားမဲ့ကာလအတွက် အစို့အညှောက်အဖြစ်၊ တည်ရှိနေပါတယ်။ ဒီတည်ရှိမှုဟာ လက်ရှိစနစ်ရဲ့လေထုအောက်မှာ အကန့်အသတ် ခံနေရတယ်။ ဒါပေမဲ့ တဦးချင်းပုဂ္ဂလိကပိုင်ဆိုင်မှု၊ တစုချင်း ပိုင်ဆိုင်မှု၊ ယှဉ်ပြိုင်မှုကို

အခြေခံတဲ့ကိစ္စများကတော့ လက်ရှိစနစ်အတွင်း လွှမ်းမိုးနေပါတယ်။ ဒါတွေကလည်း လက်ရှိစနစ်အတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်တဲ့ "မိမိ" နဲ့ "သူများ" အကြား တစိမ်းတရံဆန်မှု (alienation) ဆိုတဲ့ သဘာဝကြောင့်ဖြစ်ပါတယ်။

လက်ရှိ ကမ္ဘာ့အရင်းရှင်စနစ် အဝန်းအဝိုင်းအတွင်းမှာ လူအတော်များများရဲ့ မိမိနိုင်ငံ မဆင်းရဲမှ ချမ်းသာလာမှ ကမ္ဘာ့အဆင့်မီဖြစ်လာမှ "သူများ"အနိုင်ကျင့်မခံရမှာ ဆိုတဲ့စိတ်ဟာ လက်ရှိအရင်းရှင်လူမှုစနစ်အတွင်း မိမိအိမ်ထောင် မဆင်းရဲမှ ချမ်းသာလာမှ "သူများ" အနိုင်ကျင့်မခံရမှာ ဆိုတဲ့ စိတ်လိုပါပဲ။ လွှမ်းမိုးနေတဲ့ ခေတ်ရှင်အတွေးအခေါ်တမျိုး ဖြစ်ပါတယ်။ ဘယ်နိုင်ငံက ဘယ်လို အနိုင်ကျင့်တာပဲဖြစ်ဖြစ် ဒီအနိုင်ကျင့်မှုကို ဆန့်ကျင်ရမှာပါပဲ။ အနိုင်ကျင့်မှုတွေမှာ နယ်ချဲ့နိုင်ငံများရဲ့ အနိုင်ကျင့်မှုကြီးများကို အဓိကထား ဆန့်ကျင်သွားဖို့ လိုပါတယ်။ တချိန်တည်းမှာ ကြီးနိုင်ငယ်ညှဉ်းဖြစ်စေတဲ့ အရင်းရှင်စနစ်ကို တိုက်ဖျက်သင့်ကြောင်း၊ ကိုယ်လွတ်ရုန်းတဲ့နည်းနဲ့ မလွတ်မြောက်နိုင်ကြောင်းကိုလည်း ညွှန်ပြသင့်ပါတယ်။ ညွှန်ပြပေးရမှာပါ။ ခေတ်ရှင်ပေါက်စနဲ့အလယ်အလတ်အလွှာထဲမှ တိုးတက်တဲ့အစိတ်အပိုင်းကို ကိုယ်စားပြုတဲ့၊ တိုင်းပြည် မဆင်းရဲစေလိုသူများကိုတော့ တော်လှန်ရေးထဲမှာ ဝန်းရံသူ သို့မဟုတ် ကူညီသူ သို့မဟုတ် မဟာမိတ်အင်အားအဖြစ် ပါဝင်လာအောင် သိမ်းသွင်းရပါမယ်။ ခေတ်ရှင်ပေါက်စပညာတတ်များကို သိမ်းသွင်းတဲ့သဘောလိုပါပဲ။ လူတွေဘဝရပ်တည်ရေး အမြင့်တက်လှမ်းရေး ကြိုးစားမှု ယှဉ်ပြိုင်မှုတွေမှာ တဦးချင်းတိုးတက်လိုမှုတွေ၊ ဆန္ဒပိုင်းအရ ပါဝင်နေမှာ ဖြစ်ပေမယ့် "ဝမရှိဘဲ ဝိလုပ်လို့မရ " ဆိုတဲ့ ပကတိဘာဝတရားကသာ လက်တွေ့ဖြစ်စဉ်တွေရဲ့ သဘာဝနဲ့ အကျိုးဆက်ကို ပြဋ္ဌာန်းတာပါ။ အထူးသဖြင့် မျက်မှောက် အရင်းရှင်စနစ်အောက်မှာ တဦးချင်းယှဉ်ပြိုင်မှုတွေရဲ့ရလဒ် ဘယ်လိုပဲရှိပါစေ၊ တခုလုံး အထွေထွေ ရလဒ်ကတော့ ချမ်းသာသူ လူဦးရေက နည်းသထက်နည်းပြီး ဆင်းရဲသူလူဦးရေက များသထက်များလာမှာ သေချာပါတယ်။ နိုင်ငံတွေအသီးသီးရှိ လူတွေအကြားမှာလည်း ဒီအတိုင်းပါပဲ။ ကမ္ဘာ့ နိုင်ငံတွေအကြားမှာလည်း ဒီသဘောပါပဲ။

ကမ္ဘာ့အရင်းရှင်စနစ်ခေတ်မှာ နိုင်ငံချမ်းသာလာတယ်ဆိုတာ ပြည်သူအများစု အထူးသဖြင့် လုပ်သားလူတန်းစားရဲ့ ဘဝအဆင့် (သဏ္ဍာန်အရသာမဟုတ်) အနှစ်သာရအရ မြင့်မားလာဖို့ထက် ရေပေါ်ဆီလူတန်းစား ကြီးပွားလာဖို့ ကမ္ဘာ့အဆင့်မီ စူပါသူဌေးကြီးများ များပြားလာဖို့ သာဖြစ်ပါတယ်။ ဒါဟာ စူပါ ဆင်းရဲသားများ ၊ လမ်းဘေးနဲ့ ချောင်ကြိုချောင်ကြားတွေမှာ နေထိုင်အိပ်စက်ကာ ဖြစ်သလို အသက်မွေးရသူများ များပြားလာဖို့သာ ဖြစ်ပါတယ်။ နောက်ပြီး မိမိနိုင်ငံထက် နှိုင်းယှဉ်ချက်အရ ပိုဆင်းရဲတဲ့နိုင်ငံများရဲ့ အားနည်းချက်အပေါ် ပုံစံအမျိုးမျိုးနဲ့ အမြတ်ထုတ်စေဖို့လည်း ဖြစ်တယ်။ စီးပွားရေး နိုင်ငံရေး စတဲ့ လူမှုပါဝါ သာလွန်ချက်တွေဟာ အမြတ်ရရှိရေး အတွက် အသုံးချဖို့ အခြေခံ အရင်းအနှီးတွေပါ။ အမြတ်မထုတ်ချင်လည်း ထုတ်နေမှ အရင်းရှင်စနစ်အတွင်းမှာ ရပ်တည်နိုင်ပါတယ်။

ဗြိတိသျှအင်ပါယာ ထွန်းတောက်စဉ်ကာလမှာ ခေတ်ရှင်ကြီးလူတန်းစားဟာ မိမိရရှိတဲ့ လက်ဝါးကြီးအုပ် အမြတ်ထဲမှ တစိတ်တပိုင်းကို ဗြိတိသျှ အလုပ်သမားလူတန်းစားထဲမှ လက်တဆုပ်စာ အပေါ်လွှာကို ဝေမျှပေးကာ သိမ်းသွင်းဝယ်ယူတာမျိုး ရှိတယ်။ ဒီလို အခြင်းအရာမျိုးဟာ တခြားအင်အားကြီးနိုင်ငံတွေဆီ ကူးစက်သွားတာလည်း ရှိပါတယ်။ ဒုတိယကမ္ဘာစစ်အပြီး အမေရိကန်ပါဝါ ထွန်းတောက်စဉ်ကာလမှာလည်း လက်တဆုပ်စာ အလုပ်သမားမင်းညီမင်းသားအလွှာကို ဖြစ်ပေါ်စေခဲ့တယ်။ ဆော်ဒီအာရေးဘီးယားလို ရေနံသူဌေးနိုင်ငံတွေမှာလည်း ဒီလို ဝေမျှမှုမျိုးနဲ့ အလတ်တန်းစားအလွှာတရပ်ကို ထိန်းထားပေးတာ ရှိတယ်။ ဒါပေမဲ့ ဒီသေးငယ်တဲ့ အခြင်းအရာပင် လျှင် စီးပွား ကပ်တွေအတွင်းမှာ ပျက်ပြယ်သွားလေ့ရှိပါတယ်။

အရင်းရှင်စနစ်အရ ထုတ်လုပ်မှု ဝန်ဆောင်မှု ဆိုတာ စျေးအပေါဆုံး၊ အခွင့်အရေးပေးစရာမလိုဆုံး၊ ကိုယ်ပြုသမျှ နုရမယ့် ပုံစံအကျဆုံး ဖြစ်တဲ့ အခြေအနေအောက်ရှိ လုပ်အားကို ဝယ်ယူအသုံးချမှာပါပဲ။ အမျိုးသားနိုင်ငံစနစ်အရဆိုရင် (နိုင်ငံသားဖြစ်မှု ဥပဒေများအောက်မှာ၊ နိုင်ငံခြားသားကို တင်းကျပ်တဲ့ ဥပဒေများအောက်မှာဆိုရင်) အဲဒီ လုပ်အားစံမျိုးက မိမိ(အိမ်ရှင်နိုင်ငံ) ထက် ပိုမိုဆင်းရဲတဲ့ နိုင်ငံတွေက လာတဲ့ ရွှေ့ပြောင်းလုပ်သားတွေရဲ့လုပ်အားနဲ့ အကိုက်ညီဆုံးဖြစ်ပါတယ်။ (ရွှေ့ပြောင်းလုပ်သားအဖြစ် တရားဝင် လက်မှတ်ကိုင်ဆောင်ထားသူ အတွက်တောင်မှ အကိုက်ညီဆုံးဖြစ်ပါတယ်။) မိမိနိုင်ငံ(အိမ်ရှင်နိုင်ငံ) အတွင်းက ဆင်းရဲသား ရွှေ့ပြောင်းလုပ်သားတွေရဲ့ လုပ်အားနဲ့လည်း အတော်အတန် ကိုက်ညီပါတယ်။ မိမိနိုင်ငံအတွင်းမှာ သို့မဟုတ် မိမိဒေသအတွင်းမှာ နိုင်ငံခြားသားများ သို့မဟုတ် ရပ်ဝေးမှလာသူများဟာ "တပါးသူ" တစိမ်း ဖြစ်နေတယ်ဆိုတဲ့အချက်ကိုယ်တိုင်က စီးပွားရေး နိုင်ငံရေး အချက်အလက်၊ (အရင်းအမြစ်ကျကျ စစ်လိုက်ရင်) လူတန်းစားအချက်အလက် ဖြစ်ပါတယ်။ ကိုယ်ကဖိတ်ခေါ်မှလာမယ့် အဆင့်မြင့်လုပ်အားဆိုရင် အိမ်နဲ့ ဝေးကွာလေ နယ်စပ်ဖြတ်လာရလေ စျေးကြီးပေးရလေ အခွင့်အရေးပေးရလေပါ။ ချမ်းသာတဲ့ နိုင်ငံကလာတဲ့သူဖြစ်စေ၊ ဆင်းရဲတဲ့နိုင်ငံက လာသူဖြစ်စေ အဲဒီလူဟာ ချမ်းသာသူ၊ ဝိတ်ရှိသူဆိုရင် ယေဘုယျအားဖြင့် တစုံတရာ အရေးပေးခံရပါတယ်။( ဒါပေမဲ့ အထူးအခြေအနေ လုံခြုံရေး တင်းကျပ်တဲ့အခြေအနေဆိုရင်တော့ သူတို့လည်း မျက်နှာသာပေး မခံရတာမျိုးတော့ ရှိတတ်တယ်။) လေးပင်ညစ်ပတ် အန္တရာယ်များတဲ့ အလုပ်တွေကို ဌာနေအလုပ်သမားများက မလုပ်ချင်တော့လို့ နိုင်ငံခြားသား ရွှေ့ပြောင်းလုပ်သားတွေကို ခိုင်းရတယ်ဆိုတာ ထုံးစံဖြစ်နေသယောင် ပြောနေတာ မှားပါတယ်။ အလုပ်ရှင်များကိုယ်တိုင်က လုပ်ခပိုစျေးပေါ၊ ပိုခိုင်းကောင်း၊ စွန့်ပစ်ဖို့ ပိုလွယ်တဲ့ ရွှေ့ပြောင်းလုပ်သားတွေ အလွယ်တကူ ရနိုင်နေတာကြောင့် ဌာနေအလုပ်သမားများကို ဦးစားမပေးတော့တာ၊ ပထုတ်တာ၊ လက်မခံတော့တာ ဖြစ်တယ်၊ ကြာလာတော့ ထုံးစံလိုဖြစ်သွားတာပေါ့။ သာမန်ထက် အဆင့်မြင့်တဲ့ စာရင်းကိုင်၊ ဆရာဝန်၊ သူနာပြု၊ အင်ဂျင်နီယာစတဲ့ အလုပ်တွေ အတွက်တောင် စျေးသက်သာပြီး ခိုင်းကောင်းလို့ကတော့ နိုင်ငံခြားသားကို သုံးဖို့ ဝန်မလေးပါ။

တိုင်းပြည်အများအပြားမှာ မိမိနိုင်ငံသား/ နိုင်ငံခြားသား၊ အမျိုးသမီး/အမျိုးသား၊ ကလေး/လူအို၊ ဒုက္ခသည်၊ ဒုက္ခိတ စတဲ့ အနေအထားအမျိုးမျိုးရှိနေတဲ့ ဆင်းရဲသားများကို လုပ်အားကျွန် လိင်ကျွန်အဖြစ် ခိုင်းစေနေတဲ့ "မြေအောက်စက်ရုံ" ပုံစံ၊ "လျှို့ဝှက် အကျဉ်းထောင်စက်ရုံ" ပုံစံ လုပ်ခွင်တွေ ဘဝတွေ ရှိပါတယ်။ ရေလုပ်သားများ ပင်လယ်ပြင်မှာ နှိပ်စက်သတ်ဖြတ်ခံရတာမျိုးက ဗမာပြည် ငါး လုပ်ငန်းခွင်မှာလည်း ရှိတယ်။ ကိုယ့်လူမျိုးအချင်းချင်းမို့ ညှာတာတယ်ဆိုတာ လုပ်ငန်းသေး အနည်းစုမှာကလွဲလို့ မရှိပါဘူး။ ညှာတာတဲ့ထုံးစံအဖြစ် မခံနိုင်ပါဘူး။ အလုပ်သမား အချင်းချင်း အစေးမကပ်စေဖို့ တချို့ကို တမင် မျက်နှာသာပေးတာမျိုးတော့ ရှိနိုင်ပါတယ်။ လုပ်အားရှားပါးတဲ့အခါမျိုးမှာတောင် လုပ်ခတိုးပေးရင် ထုံးစံဖြစ်သွားမှာစိုးလို့ ဆုချငွေ သို့မဟုတ် လက်ဆောင်ပစ္စည်း အဖြစ် အခါအားလျော်စွာပေးပြီး ဆွဲဆောင်ပါတယ်။

နိုင်ငံ လူမျိုး ဘာသာ ဓလေ့ သဘာဝ မတူတဲ့ အလုပ်သမားအလွှာတွေအကြား တူညီချက်ကို ဘေးဖယ်၊ ကွဲပြားချက်ကို ပုံကြီးချဲ့ကာ အလုပ်သမားအချင်းချင်း သွေးစည်းမှုကို ဟန့်တားဖို့ အုပ်စိုးသူ၊ သွေးစုပ်သူများက အမြဲ ကြိုးစားပါတယ်။ ဥပမာတခုကို သတိပြုစရာ အနေနဲ့ပြောရရင်၊ ထိုင်းအစိုးက ဗမာပြည်ကလာတဲ့ ရွှေ့ပြောင်းလုပ်သားရပ်ကွက်တွေမှာ ဒုစရိုက်များတယ်၊ ညစ်ပတ်တယ် ပြောတာမျိုးရဲ့ရည်ရွယ်ချက်က ထိုင်းအလုပ်သမားနဲ့ ထိုင်းပြည်သူတွေအတွင်းမှာ ဗမာပြည် အလုပ်သမားတွေအပေါ် အထင်သေးစိတ်ပေါ်လာအောင်၊ ဒီကတဆင့် ထိုင်းနိုင်ငံ အလုပ်သမားနဲ့ ဗမာပြည်အလုပ်သမားကြား သွေးစည်းမှုကို ဟန့်တားနိုင်အောင်၊ အချင်းချင်း စာနာ ဝန်းရံ လက်တွဲ သပိတ်မှောက်တာမျိုး မဖြစ်အောင်ပါပဲ။ ဆန္ဒပြပွဲတွေမှာ ဝန်းရံလက်တွဲတာမျိုးဟာ ရှားပါးပေမယ့် ရှိတော့ ရှိပါတယ်။ သပိတ်၊ ဆန္ဒပြပွဲ၊ ကန့်ကွက်ပွဲ၊ အုံကြွမှု စတာမဖြစ်ရေး၊ ဖြစ်လာရင် အနနည်း အကြမ်းနည်းနဲ့ ဖြိုခွဲရေးဟာ ဖိနှိပ်သွေးစုပ်သူတွေအတွက် အလွန်အရေးကြီးပါတယ်။ (မဖြစ်အောင် တို့ပြောသလို တို့မေတ္တာရပ်ခံသလို လုပ်ပါလားဆိုတဲ့ အတိုက်အခံဘက်တော်သား ဆိုသူများရဲ့ အပြောကလည်း လူထုအုံကြွမှုကို ဝရုန်းသုန်းကားကိစ္စအဖြစ်၊ အမြတ်ထုတ် အကျပ်ကိုင်စရာ ကိရိယာအဖြစ် သဘောထားတာဖြစ်လို့ တိုးတက်တဲ့ လက္ခဏာ မဆောင်ပါ။) ရန်ကုန်လိုမြို့ကြီးတွေက ကျူးကျော်ရပ်ကွက်တွေကို ညစ်ပတ်ပေရေနေတဲ့ ဒုစရိုက်အိုးများအဖြစ် ပုံဖော်လေ့ရှိတဲ့ ဗမာပြည် အုပ်စိုးသူတွေကလည်း ဖော်ပြပါ ထိုင်းကိစ္စမျိုးမှာ "ထိုင်းတွေက ဗမာတွေကို နှိမ်တယ်" ဆိုတာမျိုး အခြေအနေအရ တိုက်ရိုက်မပြောပေမယ့် လူအများအပြားကြားမှာ ပြောသူကိုလွှတ်ထားပေးတာ ဘေးတီးပေးတာ ရှိပါတယ်။ တရုတ်ကို ကြောက်နေရတယ်၊ တရုတ်က ကိုယ့်နယ်ထဲ အလုံးလာစိုက်တယ်လို့ ပြောသူတွေကို လွှတ်ပေးတာမျိုးပါပဲ။ အမျိုးသားရေး မခံချင်စိတ်တွေကို အုပ်စိုးသူများက သဏ္ဌာန်အမျိုးမျိုးနဲ့ ဦးဆောင်ဆွပေးတာဟာ တကယ်ကတော့ တို့တိုင်းပြည် တို့လူမျိုးကို အထင်သေးသူ နှိမ်သူ အနိုင်ကျင့်သူ တိုင်းတပါး နိုင်ငံတွေရဲ့ရန်ကို ကာကွယ်ရင်ဆိုင်ဖို့ တမျိုးသားလုံး သွေးစည်းညီညွတ်စွာ တို့ရဲ့ ဦးဆောင်မှုအောက်မှာ တို့ကို နာခံကြလို့ ပြောချင်တာပါ။ ဒါကြောင့် ဒီလိုဆွပေးတာမျိုးဟာ နှစ်နိုင်ငံပြည်သူများရဲ့ အပြန်အလှန် စာနာမှု ဝန်းရံအားပေးမှုကို အကျိုးယုတ်စေပါတယ်။ ဒီကတဆင့် တိုင်းပြည်အားလုံးမှ အဖိနှိပ်ခံပြည်သူများ သွေးစည်းမှုဖြင့် ကမ္ဘာ့အရင်းရှင်စနစ်၊ နယ်ချဲ့စနစ် တိုက်ဖျက်ရေးကို အဟန့်အတား ဖြစ်စေပါတယ်။

နယ်ချဲ့စနစ်အတွင်းမှာ အမျိုးသားနိုင်ငံအသီးသီးဟာ ကမ္ဘာ့ပထဝီနိုင်ငံရေး စစ်ရေးပါဝါ အထက်အောက် တန်းစီမှုအတွင်း မိမိ အဆင့်နေရာတက်အောင် ရုန်းကန်နေရတယ်၊ အသေးစားထုတ်လုပ်သူလေးများဟာ ဖယ်ရှားခံနေရတယ်၊ အရင်းရှင်ထုတ်လုပ်မှု အခြေခံပေါ်မှာ လုပ်ခစားအလုပ်အပေါ် သွေးစုပ်မှုနဲ့ (တန်ရာတန်ကြေးမပေးတဲ့) သိမ်းပိုက်မှုတွေကို တကမ္ဘာလုံးအတိုင်းအတာအရ လုပ်နေတယ်။

မျက်မှောက် ကမ္ဘာ့အရင်းရှင်စနစ်ရဲ့ ထုတ်လုပ်ရေးဟာ အဓိကအားဖြင့် ကမ္ဘာ့ကုန်စည်ကွင်းဆက်ကြိုး (သို့မဟုတ် ထုတ်လုပ်ရေးကွင်းဆက်ကြိုး သို့မဟုတ် ထောက်ပံ့ရေးကွင်းဆက်ကြိုး) စနစ်အရ လည်ပတ်နေတယ်။ ဒီစနစ်ရဲ့အနှစ်သာရက ချမ်းသာတဲ့ နိုင်ငံများနဲ့ သူတို့ပိုင်ကုမ္ပဏီကြီးများအနေနဲ့ ဆင်းရဲတဲ့နိုင်ငံများရှိ လုပ်သားပြည်သူများဆီက အစွန်းထွက်ခ (တန်ဖိုးကွင်းဆက်အလိုက်) ကို ထုတ်ယူဖို့ပါပဲ။ ဒီစနစ်ကို နိုင်ငံစုံကော်ပိုရိတ် လက်ဝါးကြီးအုပ်ကုမ္ပဏီကြီးများက နေရာတကာမှာ လက်အောက်ခံကုမ္ပဏီများ ရုံးခွဲများ ဖွင့်ကာ ကိုယ်တိုင်ကိုယ်ကျ အစစအရာရာ စီမံနေတယ်။ အမြတ်အစွန်း မြက်မြက်သာရလို့ကတော့ လမ်းမပေါက် လျှပ်စစ်မီးမရှိတဲ့ အစွန်အဖျား ဒေသ တောင်ထိပ်တွေ လျှိုမြောင်ကြားတွေအရောက် ရောမစက်ကြီးများ စက်ရုံကြီးများကို ရွှေ့ပြောင်းတပ်ဆင်ပေးနိုင်ပါတယ်။ ဒီ ကုမ္ပဏီကြီးများဟာ နောက်ခံ နိုင်ငံရေး စစ်ရေးပါဝါနဲ့ ဘဏ္ဍာအရင်းပါဝါ အကြီးအကျယ် တောင့်တင်းတာကြောင့် ဆင်းရဲနိုင်ငံတွေက အုပ်စိုးသူရေပေါ်ဆီလူတန်းစားဟာ သူတို့ ရှေ့မှောက်မှာ ဒူးတုပ်သူအဆင့် လုပ်ပိုင်ခွင့် တံဆိပ်တုံးရိုက်ပေးသူအဆင့် လုံခြုံရေး စီစဉ်ပေးရသူအဆင့် သာသာပဲ ရှိပါတော့တယ်။ "နိုင်ငံတော်(လက်ဝါးကြီးအုပ်) အရင်းရှင်စနစ်" ထူထောင်ရေးအိပ်မက် မမက်နိုင်တော့ပါဘူး။ ကုမ္ပဏီကြီးများ အလိုကျ ဘာပေါ်လစီ ဘာဥပဒေ တွေ ချမှတ်ပေးရမလဲဆိုတာပဲ စဉ်းစားချင့်ချိန်နေကြရတယ်။ တဖက်မှာတော့ အချုပ်အခြာ အာဏာပိုင်မှုစကားကလည်း ပြည်သူလူထု ကြားအောင် အော်ပြောပေးနေပါတယ်။

ကမ္ဘာ့ ကုန်စည်ကွင်းဆက်ကြိုးစနစ်အရ လက်ဝါးကြီးအုပ်ဘဏ္ဍာအရင်းဟာ ကမ္ဘာမှုပြုနေတဲ့ခေတ်မှာ ကွင်းဆက် ကြိုးပေါ် မှုတည်ပြီး အလွယ်တကူ စီးဆင်းနေပါတယ်။ ကွင်းဆက်ကွန်ရက်ကလည်း ထုတ်လုပ်ရေး ဝန်ဆောင်မှု ကဏ္ဍစုံတယ်၊ လုပ်ငန်းအရွယ် စုံတယ်၊ အိမ်တွင်းမှုလုပ်ငန်း စိုက်ပျိုးမွေးမြူလုပ်ငန်းလေးများအထိ လက်အောက်ခံ ကန်ထရိုက်တွေကတဆင့် ဖြန့်ကြက်ထားပါတယ်၊ နာ

မည်အမျိုးမျိုးသော လုပ်ငန်းရှင်များအသင်းတွေလည်း ပေါ်လာပါတယ်။ ဗမာပြည် လယ်ယာ စိုက်/မွေး လုပ်ငန်းတွေလည်း အမှာစာကြည့်လုပ်ရတဲ့ ကမ္ဘာ့ကုန်စည်ကွင်းဆက်ဘောင်ထဲ ရောက်သထက်ရောက်လာနေပြီ။ ဘယ်ဈေးကွက်က ဘာသီးနှံ ဘာအရည်အသွေးနဲ့ တန်ချိန် ဘယ်လောက်ဝယ်မတဲ့ ဆိုတဲ့သတင်း နားစွင့်နေရပြီ။ ကုန်စည်စီးဆင်းမှု အဆင်မပြေရင်၊ ပိတ်ဆို့ခံရရင် သီးနှံများ နွားကျွေးပစ်ရတဲ့ အခြေအနေရာမျိုးဟာ ဆင်းရဲနိုင်ငံတွေမှာ ဖြစ်လေ့ရှိတယ်၊ ကိုဗစ်ကပ်ရောဂါကာလမှာဆိုရင် ချမ်းသာနိုင်ငံတွေမှာတောင် ဖြစ်ပေါ်ပါတယ်။

အရင်းနဲ့ ကုန်စည်ဟာ ကွင်းဆက်ကြိုးစနစ်ကွန်ရက်အရ စီးဆင်းနေတယ်ဆိုလို့ စီးပွားရေးဟာ တန်းတူရည်တူလက္ခဏာ ဒီမိုကရေစီလက္ခဏာ ရှိနေတာမဟုတ်ပါ၊ ကွင်းဆက်ကြိုးစနစ်ကွန်ရက် ဘယ်လောက် ရှုပ်ထွေးပါစေ၊ ကွင်းစက်ကြိုးအတွင်း အရင်းနဲ့လုပ်ခစား အလုပ် ဆက်ဆံမှုက နယ်ချဲ့စနစ်ဆက်ဆံမှု ဖြစ်ပါတယ်၊ ဆိုလိုတာက ဒီဆက်ဆံမှုဟာ ကမ္ဘာ့ပထဝီနိုင်ငံရေး စစ်ရေးပါဝါကို ထင်ဟပ်ပါတယ်။ ကြီးနိုင်ငယ်ညှဉ်း သဘာဝ ရှိပါတယ်။

အရင်းဟာ အိုင်တီခေတ်မှာ ကမ္ဘာတလွှား လွတ်လွတ်လပ်လပ် အလျင်အမြန်စီးဆင်းနိုင်တယ်။ လုပ်အား (ရွှေ့ပြောင်းလုပ်သား) စီးဆင်းမှုကတော့ အကန့်အသတ် ခံထားရတယ်။ (အဲဒီလိုဖြစ်အောင် နယ်ချဲ့နိုင်ငံကြီးများက ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့အချုပ်အခြာအာဏာကို ဒဏ်ခတ်ပိတ်ဆို့မှုတွေ ကိုယ်စားပြုစစ်ပွဲတွေ မင်းပြောင်းမင်းလွဲပေါ်လစီတွေ ကျင့်သုံးတာပါပဲ) ဒီကွာဟချက်က ဆင်းရဲနိုင်ငံများရဲ့ လုပ်အားဈေးပေါမှုကို ထိန်းထားတယ်။ ဒါပေမဲ့ အရင်းစီးဆင်းမှုနဲ့အတူ၊ ကုမ္ပဏီကြီးများရောက်လာမှုနဲ့အတူ စက်ရုံနဲ့နည်းပညာ (အလကားပေးတာမဟုတ်ဘူး၊ ဝယ်ရတာ) တစုံလုံးလည်း ရွှေ့ပြောင်းလာတာကြောင့် ဆင်းရဲနိုင်ငံများက အလုပ်သမားရဲ့ထုတ်လုပ်နှုန်းဟာ ချမ်းသာနိုင်ငံများက အလုပ်သမားရဲ့ ထုတ်လုပ်နှုန်းနဲ့ သိပ်အများကြီးကွာလှတာမဟုတ်ဘူး။ အဲဒီအချက်တွေကိုင်ပြီး အမြတ် မတန်တဆ ထုတ်ယူသွားတာပါ။ ဒါကြောင့် ရွှေ့ပြောင်းလုပ်သားများအပေါ် ဖိနှိပ်မှုဆန့်ကျင်ရေးကအစ အလုပ်သမားများ လွတ်လပ်စွာ နယ်စပ်ဖြတ်ကျော် အလုပ်လုပ်ခွင့်ပြုရေးအဆုံး တောင်းဆိုချက်တွေ ထွက်လာတာပါ။ လုပ်သားရွှေ့ပြောင်းမှုဟာ ဆင်းရဲနိုင်ငံမှ နှိုင်းယှဉ်ချက်အရ ချမ်းသာတဲ့ နိုင်ငံသို့ ရွှေ့ပြောင်းတာ များပါတယ်။

လက်ဝါးကြီးအုပ် ကုမ္ပဏီကြီးများ စက်ရုံပိတ်တယ်၊ အလုပ်သမားလျှော့တယ် ဆိုတာ အနိုင်နဲ့ပိုင်းတာ ကုန်ကျစရိတ်လျှော့တာ၊ နောက်ခြေလှမ်းပြင်တာပါ။ ဒီလိုလုပ်တာကြောင့်ပဲ ကုမ္ပဏီ အစုရှယ်ယာဈေးတွေ တက်သွားလေ့ရှိပါတယ်။ ကိုယ့်ငွေစိုက်ထုတ်၊ စွန့်စွန့်စားစား လုပ်ငန်းလည်ပတ်၊ မြတ်ရင်စံ ရှုံးရင်ခံဆိုတဲ့ အစဉ်အလာ အရင်းရှင်လောက လောဂျစ်ဟာ ပြီးခဲ့တဲ့ အနှစ်လေးဆယ်အတွင်း ထင်ရှားလာတဲ့ လက်ဝါးကြီးအုပ် ဘဏ္ဍာအရင်းခေတ် (ဘဏ္ဍာမှုပြုခြင်း financialization ခေတ်) မှာ လက်ဝါးကြီးအုပ် ကုမ္ပဏီကြီးများအတွက် မမှန်တော့ပါ။ သူတို့ကို လူ့အဖွဲ့အစည်းက ဘဏ္ဍာအရင်းအမြစ် ထောက်ပံ့မယ်၊ အကျပ်အတည်းဖြစ်ရင် ဗဟိုဘဏ်က ကယ်တင်မယ် ဆိုတဲ့ လောဂျစ် ဖြစ်လာတယ်။ ဘဏ္ဍာဈေးကွက် (အလောင်းအစား စီးပွားရေး၊ အတုအယောင် စီးပွားရေး) အတက်အကျနဲ့ ကုန်စည်/ ဝန်ဆောင်မှု ထုတ်လုပ်ရေး (တကယ့်စီးပွားရေး) အတက်အကျအကြား ကွာခြားချက်တွေ ရှိတာ၊ အကျပ်အတည်းကပ်ဖြစ်ရင် ဗဟိုဘဏ်က ကုမ္ပဏီကြီးများကို ကယ်တင်တာ၊ အတိုးနှုန်းတွေ လျှော့ပြီး ဘဏ္ဍာဈေးကွက်ထဲ ဈေးပေါတဲ့ ငွေကြေးတွေ ထိုးသွင်းပေးတာတွေဟာ နောက်ထပ် အကျပ်အတည်းကပ်ကို ဦးတည်စေသလိုဖြစ်နေပါတယ်။ စီးပွားရေး အကျပ်အတည်းက ကယ်တင်ရေးအစီအစဉ်ဆိုတာ လုပ်ငန်းသေးကလေးများအတွက် သို့မဟုတ် အလုပ်သမားများအတွက် လျာထားချက်က နည်းရတဲ့အထဲ သတ်မှတ်ချက်တွေက မရှုပ်ရှုပ်အောင် မခက်ခက်အောင် လုပ်ထားတာဖြစ်လို့ သူတို့အတွက် အထောက်အကူ မဖြစ်ပါ။ အလုပ်သမားလူတန်းစားအား ပိုမိုပြင်းထန်စွာ သွေးစုပ်ခြင်း၊ ကျန်းမာရေး ပညာရေး သွားလာရေး စတဲ့ အများဆိုင်ရာ ဘဝအခက်အခဲများကို ကိုယ့်ဘာသာ ဖြေရှင်းစေခြင်းအားဖြင့် ဒီအကျပ်အတည်းတွေရဲ့ ဝန်ထုပ်ဝန်ပိုးကို အဖိနှိပ်ခံ ပြည်သူတွေအပေါ် ပုံချမှာဖြစ်တယ်။

နယ်ချဲ့စနစ်ဟာ ပိုမိုသည်းသန် ပြင်းထန်လာနေတဲ့ သူ့အကျပ်အတည်းတွေကို ကုန်သွယ်ရေးစစ်၊ ဩဇာခံနယ်မြေ ပြန်လည်ခွဲဝေရေး ကမ္ဘာစစ် စတာတွေနဲ့ ဖြေရှင်းဖို့ တွန့်ဆုတ်နေမှာ မဟုတ်ပါ။ ကမ္ဘာ ပျက်သုဉ်းမယ့်အန္တရာယ်ကို တားဆီးနိုင်ဖို့ ကမ္ဘာ့အလုပ်သမားနဲ့ အဖိနှိပ်ခံပြည်သူများဟာ နိုင်ငံရေးဇာတ်ခုံပေါ် အဓိကဇာတ်ကောင်အဖြစ် တက်ရောက်ပြီး ကမ္ဘာ့အရင်းရှင်စနစ် ဖြိုဖျက်ရေး တိုက်ပွဲ ဇာတ်လမ်းများ လှုပ်ရှားပြသဖို့ လိုပါတယ်။ အခုအခါ ကမ္ဘာပေါ် ရှိ လုပ်အားစိုက်သူအပေါင်းရဲ့ဘဝဟာ လူ့အဖွဲ့အစည်း ထုတ်လုပ်မှုစနစ်အရ ကွင်းဆက်ကြိုးကွန်ရက်လို တနေ့တခြား ပိုမို ချိတ်ဆက်မိလာနေတာကြောင့် ကမ္ဘာ့အလုပ်သမားနဲ့ အဖိနှိပ်ခံပြည်သူများ သွေးစည်းရေးဟာ ပိုမိုဖြစ်လာနိုင်ပြီး အရေးပေါ်လိုအပ်ချက် ပိုမို ဆန်လာပါတယ်။

ဝင်းအောင်

၂၀၂၀-မေ-၁၃။

**A ငြိမ်း**

## ကိုဗစ် ၁၉ ကြောင့် ယာယီအသက်ရှူချောင်သွားရတဲ့ဗမာနိုင်ငံအစိုးရ

ICJ ကိစ္စ ၂၀၂၀ မေလ ၂၃ ရက်မှာ ဗမာဘက်က အစီရင်ခံစာတင်သွင်းလိုက်တာကို ဂမ်ဘီယာဘက်က ကြိုဆိုတာ တွေ့လိုက်ရတယ်။ ဒါပေမဲ့ ခုတပတ် ဗမာဘက်က တင်တဲ့အထဲ ဘာတွေပါတယ်ဆိုတာ ဂမ်ဘီယာဘက်က ဘာမှမပြောဘဲ သဘောထားပဲ ထုတ်ပြောပါတယ်။ သူတို့မျှော်လင့်တာက ခုလိုလျှောက်ထားဖော်ပြနေတာထက် တကယ်ပဲ လူမျိုးတုံးသတ်ဖြတ်မှု မဖြစ်အောင် ခိုင်မာတဲ့အရေးယူဆောင်ရွက်မှုကို မြင်ချင်တယ်။ စကားတွေထက် လက်တွေ့လုပ်ပြပါဆိုတဲ့သဘော ဖော်ပြခဲ့တယ်။ နောက် covid 19 ကြောင့် တရားရုံးလုပ်ငန်းတွေ ထိခိုက်ကြောင်း၊ ရှေ့နေတွေ အလုပ်လုပ်ဖို့ အခက်အခဲ အတားအဆီးတွေ ဖြစ်နေကြောင်း၊ ဒါကြောင့် အဆိုလွှာတင်သွင်းတာ ၃ လ နောက်ရွှေ့ရမယ့်အကြောင်းတွေ ပြောပါတယ်။ ဗမာဘက်ကလည်း အလားတူ ရွှေ့ရတော့မှာဖြစ်လို့ ဗမာအစိုးရအဖို့ အသက်ရှူချောင်သွားခဲ့ပါတယ်။ ကြံချိန်ဖန်ချိန်တွေ ရလာပါတယ်။ ဒီအမှုကြီးဟာ နှစ်ချီကြာပါလိမ့်မယ်လို့လည်း ဂမ်ဘီယာဘက်က ပြောထားတယ် မဟုတ်ပါလား။

ဒီတပတ် ဗမာနိုင်ငံအစိုးရဘက်က ဘာတွေဘယ်လိုရေးတင်လိုက်သလဲ။ အားလုံးသိချင်ကြမှာပါ။ ကျွန်တော်တို့လည်း သိချင်ပါတယ်။ ခန့်မှန်းလို့ရတာတော့ ရှိပါတယ်။ ဒါကလည်း ကြိုသိထားတဲ့ အချက်အလက်တချို့ကြောင့်ပါ။ ခု အဲဒီအချက်အလက်တွေထဲက တချို့ကို ဝေမျှလိုက်ပါတယ်။

၂၈ - ၁ - ၂၀၂၀ နေ့က ဒေါ်စုညွှန်ကြားချက်နဲ့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီး ဦးကျော်တင့်ဆွေ ဦးစီးပြီး ရန်ကုန်မှာ ICJ ကိစ္စ ကြိတ်ဝိုင်းရှင်းလင်းပွဲတခု လုပ်ခဲ့ပါတယ်။ DVB, VOA, RFA ပြည်တွင်း သတင်းဌာနတွေက အယ်ဒီတာချုပ်တွေနဲ့ ဆောင်းပါးရှင် ၂၅ ဦးခန့်ကို ဖိတ်ကြားတက်ရောက်စေခဲ့တယ်။ သူတို့တွေ ပြင်ဆင်ထားတာတွေ ပြောပြပြီး အကြံဉာဏ်တောင်းဆိုတာ လုပ်ခဲ့တယ်။ 'ကြိတ်ဝိုင်း'

လို့ နာမည်တပ်လိုက်ရတာက ဆွေးနွေးပြောဆိုတာတွေကို လုံးဝ သတင်းဖြန့်ခွင့် မပြုရလို့ တားမြစ်လိုက်တာကြောင့်ပါ။ သူ တင်ပြသွားတဲ့ အထဲမှာ

- မြန်မာအစိုးရအနေနဲ့ ICJ ကြားဖြတ်အစီအမံများအတိုင်း လိုက်နာမယ့်နည်းလမ်းရှိသလို ပြန်လည်ကန့်ကွက်မယ့်နည်းလမ်းလည်း ရှိပါတယ်။ ဘယ်နည်းလမ်းသုံးမလဲဆိုတာ ရှေ့နေအဖွဲ့နဲ့ တိုင်ပင်ပါဦးမယ်။

- အစိုးရက ဖွဲ့ထားတဲ့ လွတ်လပ်သော ရခိုင်စုံစမ်းရေးကော်မရှင် (ICOE) အစီရင်ခံစာကို ထောက်ခံမှုရဖို့ ဆောင်ရွက်သွားမယ်။

- genocide လူမျိုးတုံးသတ်ဖြတ်မှုမမြောက်ဘူးဆိုတာ ကြိုးစားခုခံချေပမယ်။

- UN ရဲ့ FFM အချက်အလက် ရှာဖွေရေးအဖွဲ့အစီရင်ခံစာဟာ အခြေအမြစ်လုံးဝမရှိ၊ ဒါပေမဲ့ မိမိတို့အစိုးရကို အန္တရာယ် အပေးနိုင်ဆုံး ဖြစ်နေကြောင်း။

- စစ်တပ်ကို အကာအကွယ်ပေးနေတဲ့အတွက် DASSK လည်း အန္တရာယ်ရှိနေကြောင်း။

- ဒါကြောင့် ကျွန်တော်တို့ဝိဝါဒမကွဲပြားဘဲ ဘုံသဘောတူညီချက်နဲ့ အားလုံးညီညီညွတ်ညွတ် ကြိုးစားဖို့လိုကြောင်း စတာတွေ ပါပါတယ်။

အထက်ပါအချက်တွေကြည့်ရုံနဲ့ သူတို့အခက်အခဲ ဘယ်လောက်ကြီးကြောင်း အသက်ရှူကျပ်နေကြောင်း မြင်သာပါတယ်။ ဒါကလည်း အမှန်တရားနဲ့တရားမျှတမှုအပေါ် အခြေခံဖြေရှင်းဖို့မလုပ်ဘဲ စစ်တပ်ကို ကယ်တင်ရေးအပေါ် အခြေခံထားလို့ ဖြစ်ပါတယ်။ ဒါကြောင့်လည်း စစ်တပ်က ဒေါ်စုတက်ရောက် လိုက်ပါဆောင်ရွက်ခဲ့တာတွေကို လက်ခံပြီး ပူးပေါင်းဆောင်ရွက်မယ့်သဘော ဖော်ပြခဲ့တယ်။ ICJ မှာ ဒေါ်စု ရပ်ခံခဲ့တာဟာ တည်မြဲသန့်ရှင်း အကွဲကိစ္စကို သတိရချင်စရာပါ။ ထိုစဉ်က ဗိုလ်နေဝင်းစစ်တပ်က တည်မြဲဘက် ရပ်ကာ လူထုအပေါ် ဗိုလ်ကျရမ်းကားခဲ့တယ်။ ၆ဝ ရွေးကောက်ပွဲမှာ ရန်ကုန်ဘဆွေက ငါ့လူတွေ မကောင်းတာ ငါသိတယ်။ ဒါပေမဲ့ သူတို့က ငါ့ရဲဘော်တွေ ဖြစ်တယ်ဆိုပြီး 'မီးဒုတ်' သတင်းစာထုတ်ကာ တည်မြဲကို ထောက်ခံ၊ သန့်ရှင်းကို ဆဲရေးအပုပ်ချခဲ့တယ်။ ခုလည်း ဒေါ်စုအနေနဲ့ စစ်တပ်လုပ်ခဲ့တာတွေ မသိမဟုတ်၊ ဒါပေမဲ့ ဖြောင့်ပဲ စစ်တပ်ကို အကာအကွယ်ပေးခဲ့တယ်။ ဒါပေမဲ့ နောက်ပိုင်းဖော်ပြချက်တွေအရ စစ်တပ်လုပ်လာနေတာတွေနဲ့ NLD ဒီချုပ်လုပ်နေတာတွေက ပြဒါးတလမ်းသံတလမ်း ဖြစ်နေတယ်။ ရင်ကြားစေ့လိုဖေနဲ့ စစ်တပ်ကို အကာအကွယ်ပေးရင်း ဒေါ်စုနဲ့ဒီချုပ်ဟာ အဖိနှိပ်ခံလူမျိုးပေါင်းစုံပြည်သူလူထုကြီးနဲ့ ကင်းကွာလာတယ်။ လူထုဆန့်ကျင်ရေးတွေ စလုပ်လာပြီ။ ဒါ့ကြောင့် တပြည်လုံးအနေအထားအရ ထောက်ခံမှုကျဆင်းလာနေတဲ့ဒီချုပ်အဖို့ ICJ ကိစ္စဆောင်ရွက်ခဲ့တာဟာ ရွေးကောက်ပွဲမှာ ဗမာမဲဆန္ဒရှင် အစိတ်အပိုင်းအချို့ကို ဆွဲဆောင်ထားချင်ထားနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ ဒေါ်စုအနေနဲ့ ဒီနည်းကိုသုံးပြီး စစ်အုပ်စုကို သူ့သြဇာအောက် ဆွဲမသွင်းနိုင်တာကတော့ သေချာကြောင်းပါ။

## ကိုဗစ်၊ အပစ်ရပ်နဲ့စစ်တပ်

ကိုဗစ်ကာလမှာ ဘယ်သူတွေ ဘယ်လိုဖော်ပြခဲ့ကြသလဲ။

ကိုရိုနာဗိုင်းရပ်စ် ထပေါက်ကွဲလိုက်တာ တကမ္ဘာလုံး ရှော့ခ်ရကုန်ပါတယ်။ ကမ္ဘာမှာ ဘယ်ဘာသာရေး နိမိတ်ဖတ်ချက်၊ အဆိုအမိန့်ကမှ ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ ဖော်ပြခဲ့ခြင်းမရှိပါ။ ယုတ်စွအဆုံး ကျွန်တော်တို့အစဉ်အလာ သင်္ကြန်စာထဲမှာတောင် မတွေ့ရ၊ ပြည်တွင်း ဗေဒင်လက္ခဏာ ဆရာသမားတွေကလည်း ဘာမှ သတိမပေးလို့များလားမသိ၊ နိုင်ငံတော်အစိုးရကလည်း ခပ်ပေါ့ပေါ့ပဲနေလိုက်ဟန်တူပါတယ်။ ဒါပေမဲ့ မတ်လ ၂၃ ရက် ပြည်တွင်းမှာ လူနာစတွေ့ပြီဆိုတာတောင် အေးအေးဆေးဆေးဖြစ်နေတာကိုတော့ နားမလည်နိုင်အောင် ဖြစ်ခဲ့တယ်။ ကိုရိုနာထက် ခြေဥပြင်တမ်းကစားရင်း ရွေးကောက်ပွဲအတွက်မဲဆွယ်ဖို့က ပိုအရေးကြီးနေပုံရတယ်။ NLD ဘက်မှာ "ကမ္ဘသကာ၊ ကံထားရာဟု၊ များစွာညှိုးမှိန်၊ မစိုးရိမ်နဲ့" ဆိုသလိုများ သဘောထားနေသလားမသိ၊ ဘာမှမတတ်နိုင်တဲ့ ကိစ္စမို့ ခေါင်းဆောင်ဘာပြောမလဲ စောင့်ကြတယ်။ ပါတီအနေနဲ့ ဘာမှ ကြိုတင်ပြင်ဆင်မှုမရှိ၊ လှုံ့ဆော်တာ လှုပ်ရှားတာ မတွေ့ရ၊ ဒီတော့ ပါတီရဲ့အခန်းကဏ္ဍမရှိ၊ တကယ်လုပ်ရင် အရင်းအမြစ်တွေကို တကယ်ထုတ်သုံးရတော့မယ့်အခြေအနေမှာ ဒေါ်အောင်ဆန်းစုကြည် တယောက်သာ ဂ ထွေမင်းသမီးလို ကနေတာ မြင်ရတယ်။ ဒါပေမဲ့ သူကလည်း သူတတ်သလို အသက်သာဆုံး အလွယ်ကူဆုံး ဖော်နည်းကားတွေနဲ့ ကပ်ကြီးကို ဖြတ်သန်းနိုင်းတာပဲ တွေ့ရတယ်။

အစိုးရအနေနဲ့ တိုင်းပြည်ဘဏ္ဍာကို ဖြည့်ပေးနေတဲ့ ပြည်ပရောက် ရွှေ့ပြောင်းလုပ်သားတွေကို ရောဂါရှိသူရော မရှိသူပါ တံခါးဖွင့်လက်ခံတာ၊ တတ်နိုင်သမျှ မျက်နှာအောက်ချပြီး ခေါ်သွင်းနေတာကိုတော့ အသိအမှတ်ပြုရမှာပါ။

ဒီကာလမှာ ပြည်သူတွေရဲ့ ဘေးအန္တရာယ်ကို ရဲဝံ့စွာရင်ဆိုင်ရဲတဲ့စိတ်ဓာတ်တွေ အားရစရာကောင်းလောက်အောင် နိုးထလာပါတယ်။ တာဝန်သိစိတ်နဲ့ ရောဂါကူးမှာမကြောက် သေမှာမကြောက်ဘဲ သေမင်းကို ရင်ဆိုင်ခဲ့ကြတယ်။ အထူးသဖြင့် ရှေ့တန်းစစ်မျက်နှာက ဆေးဝန်ထမ်းတွေ၊ ဖော်လံဒီယာစိတ်နဲ့တိုက်ပွဲခွင်ထဲဝင်လာကြတဲ့(လူတန်းစားမရွေး အသက်အရွယ်မရွေး) ပြည်သူတွေကို ဂုဏ်ပြုကြရပါမယ်။

စစ်တပ်ဘက်ကကော။ -

ဒီကာလ နိုင်ငံတိုင်းမှာ စစ်တပ်တွေရဲ့အခန်းဝင်မှုတွေ တွေ့ရတယ်။ ဒါပေမဲ့ မီးနဲ့ကစားတာအကျင့်ပါနေပြီဖြစ်တဲ့ စစ်အုပ်စုလက်ကိုင်တုတ်စစ်တပ်ကတော့ သူဖြေရှင်းနေကျနည်း သုံးပြီး လုပ်လာတယ်။ နာမည်ကောင်းလည်းယူ၊ မျက်စိလည်း လည်ကုန်ကြရော့ ဆိုပြီး စစ်တပ်က AAနဲ့ ARSA ကို အကြမ်းဖက်သမားလို့သတ်မှတ်လိုက်ပြီး ၄င်းနှစ်ဖွဲ့မှအပ တပြည်လုံး အပစ်ရပ်မယ်လို့ ကြေညာလိုက်ပါတယ်။ ဒါမှလည်း ဒီကိုဗစ်ကာလမှာ စစ်ငြိမ်းငွေ့နေတဲ့သူ့တပ်လည်း အလုပ်ကျနားနိုင်၊ စစ်ရေးအရ သူတို့ကို ဒုက္ခအပေးဆုံး ဖြစ်နေတဲ့ AA ကိုလည်း ဖိတိုက်နိုင်မှာပါ။

AA ကိုတိုက်တဲ့အခါ ကြည်းရေလေ အိတ်သွန်ဖာမှောက် မီးကုန်ယမ်းကုန် တိုက်ခဲ့တယ်။ ၂ ဖက်စလုံးမှာ အမျိုးသားရေးတွေ ပါနေတယ်။ ဒါကို သူတို့ ပြောတာဆိုတာ ကြေညာတာတွေမှာ တွေ့ကြပါလိမ့်မယ်။ ဗိုလ်မင်းအောင်လှိုင်တို့က ရခိုင်တပ်ကို ရခိုင်ပြည်သူတွေ မထောက်ခံရဲအောင် ဖြတ် ၄ ဖြတ်စနစ် ကျင့်သုံးပါတော့တယ်။ ဒါကြောင့် တိုက်ပွဲကာလ ၅ နှစ်အတွင်း အရပ်သားသေဆုံးမှု ၁၄၈ ယောက်၊ ထိခိုက်ဒဏ်ရာရ ၃၅၀၊ စစ်ပြေးဒုက္ခသည် ၁၆၀,၀၀၀ ခန့် စာရင်းထွက်လာပါတယ်။ AA နဲ့ဆက်ဆံမိလို့ အနှိပ်စက်ခံရ၊ အကြမ်းဖက်ဥပဒေနဲ့တရားစွဲခံရတဲ့ အရပ်သားတွေလည်း မနည်းဘူး။

ကိုဗစ်ကာလမှာပဲ ကြေညာပြီးတိုက်တဲ့ ရခိုင်ဘက်မှာတင်မက ၂ ဖက်သဘောတူ အပစ်ရပ်လက်မှတ်ထိုးထားတဲ့ ကရင် (KNU)၊ ရှမ်း (RCSS)၊ မွန် (NMSP) ပြည်နယ်ဘက်တွေမှာလည်း သေနတ်သံတွေ ထွက်နေဆဲ ဖြစ်တယ်။ လက်မှတ်မထိုးနိုင်ကြသေးပေမယ့် ၂ ဖက်စလုံးက အပစ်ရပ်မယ်ကြေညာထားတဲ့ တအာင်း (TNLA) နဲ့တောင် မနေ့က (မေ ၂၉) ကွတ်ခိုင်ဘက်မှာ အပြင်းအထန် တိုက်ခဲ့ကြပါသေးတယ်။

ဘာ့ကြောင့် ဒီလိုတိုက်နေရတာလဲ

- တိုက်ပွဲတွေရှိနေမှ စစ်အုပ်စုရဲ့ အခန်းဝင်မှု ရှိနေနိုင်တာမို့ပဲ။ သူတို့အခန်းဝင်နေမှ နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး စတာတွေကို ချုပ်ကိုင်ပြီး ရေရှည် အခွင့်ထူးခံဖြစ်နေနိုင်လို့ပဲ။ ဒါ့ကြောင့်လည်း တတိုင်းပြည်လုံး ကိုဗစ်ကြောင့် ဒုက္ခတွေရောက် အကျပ်အတည်းတွေ တွေ့နေသည့်တိုင် ကုလတွင်း/ချုပ်က စစ်ပွဲတွေရပ်ထားကြပါလို့ ပန်ကြားနေတဲ့ကြားက စစ်ပွဲတွေ ရပ်မပေးတာပဲ။

ဒါ့ကြောင့် ICJ က၊ UN က၊ HRW က EU, US က ရာဇသံတွေပေးနေ - ဒဏ်တွေခတ်နေလည်း အလိုကြီးတဲ့ စစ်အုပ်စုကတော့ မျက်စိကန်းတစ္ဆေမကြောက် ဆက်တိုက်နေခြင်းဖြစ်တယ်လို့ မြင်မိကြောင်းပါ။

## ကိုဗစ် ၁၉ နဲ့ဗမာပြည်

-

(၁)

လက်ရှိအစိုးရဟာ လက် ၁၀ ချောင်းနဲ့ ခွေးသန်း ၁၀ ကောင်ကို ဖိထားရတဲ့ အနေအထား ရောက်နေတယ်။ ဟစ်ကြွေးထားတဲ့ လုပ်ငန်းတွေက အများကြီး - ဒီအထဲမှာ တတိုင်းပြည်လုံးနဲ့ဆိုင်တဲ့ NCA (၂၁ ရာစု ပင်လုံ) ဆိုတာကြီးက ထိပ်ဆုံးမှာ ပါနေခဲ့တယ်။ အကြိမ်ကြိမ်လည်း ထိုင်ခဲ့ကြပြီ၊ ငွေကုန်လူပန်းဖြစ်ပြီး ရေရေရာရာ ဘာရလဒ်ကောင်းမှ မထွက်ခဲ့ဘူး။ နောက်တခါထိုင်ဖို့ ရက်ချိန်းကလည်း ပေးပြီးရင်း ပေးလာခဲ့တာ ခုအချိန် ရောက်လာခဲ့ပြန်ပါပြီ။ ဒီတခါ ထိုင်ဖြစ်ရင်လည်း ရလဒ်ကောင်း ထွက်စရာမမြင်၊ တိုင်းရင်းသားတွေဘက်မှာ ပြောစရာဆိုစရာ တောင်းဆိုစရာတွေက များများလာခဲ့ပြီ။ ဒါပေမဲ့ အစိုးရဘက်မှာ ပြောစရာသာရှိပြီး ပေးစရာ ဘာမှမရှိ။ ခု ကိုဗစ် ၁၉ ကြီး ပေါ်လာတော့ အစိုးရအတွက် အတော်ဟန်ကျသွားပါတော့တယ်။ ဒါ့ကြောင့် ကိုဗစ်က အစိုးရကို ကယ်တင်လိုက်ပြန်ပြီလို့ ပြောနိုင်ပါတယ်။

(၂)

ဗမာပြည်အဖို့ ကိုဗစ်ကိစ္စဟာ စာရင်းဇယားတွေပေါ်မှာတော့ နှိုင်းယှဉ်ချက်အရ အသက်ရှူပေါက်ချောင်နေသေးတယ်။ ဒီနေရာမှာ ၂ ချက်တော့ စောင့်ကြည့်ဖို့ လိုတယ်လို့ ထင်ပါတယ်။

(၁) ရောဂါရှိမရှိ စစ်ဆေးနိုင်မှု

(၂) ပြည်ပရွှေ့ပြောင်းလုပ်သားတွေ ပြန်ရောက်ပြီး နောက်ဆက်တွဲဖော်ပြချက်

(၁) လူဦးရေသန်း ၅၀ ကျော်ရှိတဲ့ ဗမာပြည်မှာ ရောဂါရှိမရှိ ၃ သောင်းပဲ စစ်နိုင်သေးတယ်။ စစ်ဆေးပြီးသမျှ လူတသန်းမှာ ၄၆ ယောက်နှုန်း စစ်နိုင်ခဲ့တယ်။ လူဦးရေ သန်း ၂၇၀ ရှိတဲ့ အင်ဒိုနီးရှားက လူတသန်းမှာ ၁၅၄ ဦး စစ်ဆေးနိုင်ပြီး စင်ကာပူက လူတသန်းမှာ ၁၆၂၀၃ ယောက်နှုန်း စစ်ဆေးနိုင်ခဲ့တယ်။ ကမ္ဘောဒီးယားက ဗမာပြည်ထက် ၃ဆ၊ လာအိုက ၂ ဆ ပိုစစ်ဆေးနိုင်တယ်။ ဘာပဲဖြစ်ဖြစ် ပြောနိုင်တာက အာဆီယံနိုင်ငံတွေထဲမှာ စစ်ဆေးနိုင်စွမ်း အောက်ဆုံးတန်းမှာ ရှိနေခဲ့တယ်။

အသေအပျောက်စာရင်းမှာတော့ ၆ ဦးက မတက်ဘူး။ သိပ်ကောင်းတယ်လို့ဆိုနိုင်တဲ့ရလဒ်ပါ။ ဒါပေမဲ့ မန္တလေးဆေးရုံကြီးရှိ စောင့်ကြည့်လူနာတွေထဲက ၃၉ ဦးသေဆုံးသွားတာမှာ ကိုဗစ်ကြောင့်သေတာမဟုတ်၊ တခြားရောဂါတွေနဲ့သေတာလို့ ထုတ်ပြန်လိုက်ခြင်း အပေါ်မှာတော့ တယ်ဘဝင်မကျလှပါဘူး။ ဟိုနေရာ ဒီနေရာ လမ်းဘေးလဲကျ သေဆုံးနေတာတွေလည်း ကိုဗစ်ကြောင့်ဟုတ်မဟုတ် စစ်နိုင်တာမဟုတ်ဘူး။

မစစ်သေးလို့ မတွေ့သေးတဲ့ နေရာတွေ တော်တော်များများ ရှိနေတယ်လို့ ယူဆရပါတယ်။ အန္တရာယ်အရှိဆုံး နေရာတွေကတော့ စစ်ဘေးရှောင်စခန်းတွေ၊ တိုက်ပွဲဖြစ်နေတဲ့ နေရာတွေနဲ့ စက်ရုံအလုပ်ရုံတွေနဲ့ ဆင်းရဲသားရပ်ကွက်တွေ ဖြစ်ပါတယ်။

(၂) ပြည်ပပြန်များဘက်ကြည့်တော့ တရုတ်ပြည်ဘက်ရောက်နေသူတွေထဲက အများစုဟာ နယ်စပ်ဂိတ်အသီးသီးက ချောချောမောမော ပြန်လာနိုင်ခဲ့ကြပြီး ထိုင်းဂိတ်တွေဘက်မှာတော့ ထစ်ထစ်ငေါ့ငေါ့တွေ များတယ်။ သိန်းဂဏန်းပြန်မယ် မှန်းထားပေမယ့် ခုထောင်အချို့ပဲ ပြန်ရောက်ကြသေးတယ်။နိုင်ငံတကာရွှေ့ပြောင်းလုပ်သားများရဲ့ကံကြမ္မာလို ဗမာပြည်ရွှေ့ပြောင်းလုပ်သားများလည်း ပြေးမလွတ်ပါ။

ဗမာပြည်ဟာ ပြည်တွင်းမှာ ကိုဗစ်နဲ့ပတ်သက်ပြီး အခြေခံတည်ရှိနေမှုက ကောင်းပါတယ်။ ဖြစ်လာသမျှ ကူးစက်မှုတွေက ပြည်ပပြန်နဲ့ နိုင်ငံခြားသားတွေဆီက မြစ်ဖျားခံလာတာ တွေ့ရတယ်။ လူထုကလည်း နိုးကြားမှုရှိတယ်။ ခုတခါ အုံနဲ့ကျင်းနဲ့ ပြန်ဝင်လာကြပြီး တိုင်းအသီးသီး ပြည်နယ်အသီးသီးကို ပြန်ကြမှာမို့ တစက်တမျက်နှာ တနိုင်ငံလုံး ပြန့်သွားနိုင်တဲ့ အနေအထားပါ။ ခုပဲ အိန္ဒိယက ပြန်လာတဲ့ ပိုးကူးစက်ခံထားရသူ ၁၇ ဦး သတင်းတွေ့လိုက်ရတော့ ရင်မနေမိတယ်။

(၃) နိုင်ငံတကာရောက် ဗမာပြည်သားတွေရဲ့ ကိုရိုနာကူးစက်ခံရမှုတွေကို စာရင်းဇယားပြုစုကြဖို့ အရေးကြီးတယ်။ အင်ဒီရားနား (ဖို့ဝိန်း) မှာ ဗမာအလုပ်သမား ၁၀၀ ကျော် ပိုးတွေ့ထားပါလျက် အလုပ်ဆင်းနေကြရတာ ရင်နာစရာပါ။ မေလ ၅ ရက် RFA သတင်းအရ နယူးယော့ခ်မှာသေတဲ့ ဗမာပြည်သားက ၂၀ လောက်ရှိပြီတဲ့။ အင်္ဂလန်၊ ဂျပန်၊ တောင်ကိုးရီးယား၊ စင်ကာပူ၊ ထိုင်းစတဲ့ နိုင်ငံတွေမှာ သေဆုံးသွားတဲ့ ကူးစက်ခံနေရပြီဖြစ်တဲ့ ဗမာနိုင်ငံသားတွေရဲ့ သတင်းတွေ အဆက်မပြတ် ကြားနေဖတ်နေရပါတယ်။

ဗမာပြည်ဟာ သဘာဝဘေး (နာဂစ်) လူလုပ်ဘေး (၇ ရက် ဇူလိုင်၊ စစ်တွေဆန်လုပ်ပွဲ၊ ၇၄-၇၅-၇၆၊ ရှစ်လေးလုံး၊ ပြည်တွင်းစစ်) တွေမှာ အစုလိုက်အပြုံလိုက် သေခဲ့ကြေခဲ့ရပြီး ခုတခါ သဘာဝတပိုင်း - ပေါ့ဆမှုတပိုင်း ရောဂါကပ်ဘေးမှာ ဘယ်လောက်ဆုံးရှုံးကြရဦးမလဲ မပြောနိုင်သေး။

ရောဂါကာကွယ်ရေး၊ ကုသရေးဘက်တွေမှာ အစိုးရလုပ်တတ်သလောက် လုပ်နိုင်သမျှလုပ်နေတာ ဘာမျှမပြော၊ ပြောရမယ့်အချိန်မဟုတ်။ အကျိုးရှိတယ်၊ ရလဒ်ကောင်းထွက်တယ်ဆိုရင် အသိအမှတ်ပြုပါမယ်။ ဒါပေမဲ့ ကိုဗစ်ကို ခုတုံးလုပ်ပြီး ဒီကာလမှာ အခြေခံလူတန်းစားတွေကို ဖိနင်းတာ တရားခံလုပ်တာတွေ၊ နိုင်ငံရေးအမြတ်ထုတ်တာတွေကိုတော့ တုံ့ပြန်သွားရပါမယ်။

A ငြိမ်း

(၁၀ - ၅ -၂၀၂၀)